
# ဦးသော်ဇင်

# ဓမ္မသတ်ပုံပြင်များ



DESIGN - THAN MYINT AUNG

စန္ဒာဝင်း စာစဉ် [၄]

# စမ္မသတ်မုံပြင်များ

ဦးသော်ဇင်

စန္ဒာဝင်းစာပေ
၃၀၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင်
ရန်ကုန် (☎ ၂၉၆၁၅၄)

စာမူခွင့်ပြုချက်အမှတ် - ၂၄၃/၉၆(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၆၃/၉၆(၄)
အကြိမ် ...... ဒုတိယအကြိမ် ၁၉၉၆ ခု၊ ဧပြီလ
ထုတ်ဝေသည့်အုပ်ရေ...... ၇၀၀
တန်ဖိုး ၆၅ -ကျပ်

စီစဉ်သူ ဟက္ကသိလ်သွယ်ပန်းသန် (တာရားရိပ်မြိုင်)
မျက်နှာဖုံးပန်းချီ သန်းမြင့်အောင်
မျက်နှာဖုံးပုံနှိပ် မအေးသိန်း (၀၂၄၀၁)
အေးပုံနှိပ်တိုက်
အမှတ် ၁၆၄၊ ၃၅ လမ်း
ရန်ကုန်မြို့.
အတွင်းပုံနှိပ် ဦးဆန်နီ (မြ- ၀၁၀၂၁)
ဟင်ဝင်းပုံနှိပ်တိုက်
၄၈၇၊ ပြည်လမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ဒေါ်သန်းသန်းငို (မြ- ၀၁၆၃၀)
စန္ဒာဝင်းစာပေ
၃၀၊ ဘိုကလေးဈေးလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး စန္ဒာဝင်းစာပေ
၂၇/၂၉ (ပထမထပ်)
ဘိုကလေးဈေးလမ်း၊
ဗိုလ်တထောင်မြို့နယ်
ရန်ကုန် (ဖုန်း - ၂၉၆၁၅၄)

# ဓမ္မသတ်ပုံပြင်များ

## သရုပ်ပြမာတိကာ




**ဖြတ်ထုံးအစီအရင်** စာ- (၁)

ဓမ္မသတ်တို့၏ဘိုးအေ မနု၏ အကြောင်းအရာမျိုးစုံတို့ဖြင့် ပါဠိနှင့် သက္ကတဘာသာတို့မှ မနုဓမ္မသတ် မူရင်းအစစ်အမှန်ကို တွေ့ရမည်။



ဇမ္ဗုဝိလာသပြတ်ထုံး                    စာ- (၄၉)

ရှေးအကျဆုံး မြန်မာအသုံးအနှုံး စကားလုံးတို့နှင့်ဖြစ်ပါ၍ ရှေးမြန်မာကြီးတို့နှင့် ရင်းနှီးစွာ တွေ့ဆုံ ဆွေးနွေးရသကဲ့သို့ ဖြစ်ပါသည်။



သုဝဏ္ဏစာရိပြတ်ထုံး                    စာ- (၇၀)

အင်္ဂလိပ်, ပြင်သစ် စသော ဘာသာအရပ်ရပ်သို့ ပြန်ဆိုပြီးဖြစ်သော မြန်မာ့ဓမ္မသတ် ဖြစ်ပါ၍ မျက်ခြေပြတ်ရန် မသင့်ပါ။



**အမတ်ဒိန်ဖြတ်ထုံး** စာ- (၉၄)

မုံ့အိုးကင်းကပ်သယ် တစ်ယောက် ရွှေလက်ကောက် ပျောက်သော အမှုက ဓမ္မသတ်သာမဟုတ်၊ ရှေးလူနေမှု သမိုင်းကိုပါ ပြောပြနေ၏။



**မဟာပညာကျော်ဖြတ်ထုံး** စာ- (၁၀၆)

စုံထောက်ဝတ္ထု ပြုစုရန် အကြံဉာဏ် အချက်အလက်များကိုလည်း ရနိုင်၍ ရခိုင်တိုင်းသမိုင်း အနှစ်သာရကိုလည်း လေ့လာရပါမည်။



ခုံတော်မောင်ကျဘမ်းဖြတ်ထုံး စာ- (၁၂၃)

မသိသူကျော်သွား- သိသူများ ဖော်စားသည်မှာ အတော်များလှပြီ၊ မိမိသည်လည်း ဟာစ်ပွဲဟာစ်လမ်း အကဲစမ်း‌လိုက စမ်းနိုင်ပါသေးသည်။




ဇာတကဖြတ်ထုံး စာ- (၁၄၀)

ဖြတ်ထုံးစာရင်းတို့မှာ မပါဝင်သော်လည်း ဖြတ်ထုံးတို့ကို ဘယ်မျှလေးလေးနက်နက် ကျေးဇူးပြုခဲ့ကြောင်း ကောင်းစွာတွေ့မြင်ရမည်။



ကြမ္မာဒိုက်မင်းကြီးဖြတ်ထုံး စာ- (၂၀၉)

ကမ္ဘာပေါ်ရှိ တိုင်းပြည်အရပ်ရပ်တွင် လှည့်ပတ်နေသော ဓမ္မသတ်တို့ဖြစ်ရာ ဤဖြတ်ထုံးနှင့်ပတ်သက်၍ အထူးပြောစရာ မလိုတော့ပါ။



လက်ဝဲသုန္ဒရဖြတ်ထုံး စာ- (၂၇၉)

ဓမ္မသတ်ဖြတ်ထုံး ပုံစံတပုဒ် သတ်စပ်ညီ ကာရန်တို့ဖြင့် ကဗျာလင်္ကာ စပ်ဆိုထားသဖြင့် ကဗျာအတွက် နှစ်သက်ဖွယ် ကောင်းလှပါ၏။

# ရွှေစာကျမ်းမြတ် ဓမ္မသတ်

မျိုးနွယ်လေးဖြင့်...
ဗိုလ်လှေးအထု၊ လူရေးမှုကြောင့်
မနု မနော၊ ရှင်စော မုနိ
ဣသိ မိုးယံ၊ တန်ခိုးပျံတို့
နန်းစံကမ္ဘာ၊ တည်ဦးစွာက
မဟာသမတ်၊ နေနတ်နွယ်မျုး
ဘေးတော်ဦးအား၊ ကျေးဇူးများစေ
ဆက်သွင်းပေသည့်၊ ရွှေစာကျမ်းမြတ်
ဓမ္မသတ်တည့်၊ ဆုံးဖြတ် ခွဲခြမ်း
နန်းစဉ်ကျမ်းနှင့်၊ နကြမ်းနှိုင်းဆ
ဖြတ်ထုံးစသား၊ ကမ္ဘာ့လက်သုံး
ကျမ်းအားလုံးကို၊ သိမ်းကျုံးညက်စေ
လေ့ကျက်ချေ၍၊ ဗိုလ်ခြေနောင်လာ
များစွာတို့အား၊ မှတ်သားလွယ်မှု
ကြည့်ရှုလွယ်ကြောင်း၊ ရုံးပေါင်းစုလတ်
နဝရတ်ကိုးလီ၊ မျက်စုံစီသို့
လောကီပညာ၊ ကြီးကျယ်စွာသား...

မယာဒေဝ

# ဖြတ်ထုံး အစီအရင်

[၁]

သက္ကတ ဘာသာကျမ်းတို့တွင် အဋ္ဌာရသ ဝိဇ္ဇာ ဟုခေါ်သောအတတ်ကြီး ၁၈ပါးရှိ၏။ ယင်းကို မြန်မာသဘင်သည်တို့က မင်းညီမင်းသားတို့ တတ်အပ်သော တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာဟု ခေါ်ဆိုကြသည်။ ယင်း ၁၈-ပါး သရုပ် အကျဉ်းချုပ်ကား အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ကပ္ပကျမ်း, (၂) ဗျာကရဏ်းကျမ်း, (၃) ဇောတိသတ္တကျမ်း, (၄) သိက္ခာကျမ်း, (၅) နိရုတ္တိကျမ်း, (၆) ဆန္ဒောဝိစိတိကျမ်း, (၇) သာမဝေဒကျမ်း, (၈) ယဇုဝေဒကျမ်း, (၉) ဣရုဝေဒကျမ်း, (၁၀) အာတဗ္ဗဏဝေဒကျမ်း, (၁၁) မီမံသာကျမ်း, (၁၂) ဉာယကျမ်း, (၃) ဓမ္မသတ္ထကျမ်း, (၁၄) ပုရာဏ်ကျမ်း, (၁၅) အာယုဗ္ဗေဒကျမ်း, (၁၆) ဓနုဗ္ဗေဒကျမ်း, (၁၇) ဂန္ဓဗ္ဗဗေဒကျမ်း, (၁၈) အတ္ထသတ္ထကျမ်း။

ဤအတတ်ကြီး ၁၈ ပါးတို့တွင် တစ်ဆယ့်သုံးခု မြောက်ဖြစ်သော ဓမ္မသတ္ထကျမ်းကို မြန်မာတို့က ဓမ္မသတ်ကျမ်းဟု ခေါ်ကြ၏။ ဓမ္မသတ္ထ ဟူသည် အမျိုးလေးပါးတို့၏ အကျင့် တရားစသည်တို့ကို ပြဆိုသော မနု စသော ရာဇဝိသိ (မင်းရသေ့)တို့ စီရင်အပ်သောကျမ်းမျိုးဖြစ်၏။ မိလိန္ဒပဉှာမှာမူ အတတ်ကြီးတစ်ဆယ့်ကိုးပါးကို ဖော်ပြထားလေသည်။

(၁) သုတိကျမ်း, (၂) သမ္မုတိကျမ်း, (၃) သင်္ချာကျမ်း, (၄) ယောဂကျမ်း, (၅) နီတိကျမ်း, (၆) ဝိသေသိက ကျမ်း, (၇) ဂဏိတကျမ်း, (၈) ဂန္ဓဗ္ဗကျမ်း, (၉) တိကိစ္ဆာ ကျမ်း, (၁၀) ဓနုဗ္ဗေဒကျမ်း, (၁၁) ပုရာဏကျမ်း, (၁၂) ဣတိဟာသကျမ်း, (၁၃) ဇောတိသကျမ်း (၁၄) မာယာ ကျမ်း, (၁၅) ဟေတုကျမ်း, (၁၆) မန္တကျမ်း, (၁၇) ယုဒ္ဓကျမ်း, (၁၈) ဆန္ဒကျမ်း, (၁၉) ဗုဒ္ဓဝစန (မြတ်စွာ ဘုရား ပါဠိတော်)

သက္ကတဘာသာမှ အတတ်ကြီး ၁၈ ပါးကို အမှီပြုပြီး ပါဠိဘာသာက မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကိုပါ ထည့်သွင်းပြီး အတတ်ကြီး ၁၉ ပါးဟုညွှန်း ကြားလိုက်ခြင်းဖြစ်၏။ ဗုဒ္ဓဝစန အတတ်မှ တစ်ပါးကြွင်းကျန် သော အတတ်တို့မှာ သဒ္ဒါကွဲသော်လည်း အနက်အဓိပ္ပာယ် တို့မှာ အတူတူပင် ဖြစ်ကုန်၏။ အတတ်ကြီး ၁၉ ပါး၌ ပါဝင် သော ဒုတိယမြောက် သမ္မုတိကျမ်းမှာ ဓမ္မသတ္ထ ကျမ်းပင် ဖြစ်၏။

သက္ကတ ဘာသာ၌ ဓမ္မသတ်ကို မာနဝ ဓမ္မသတ္တ ဟုခေါ်ပေရာ မြန်မာလို လူမှုရေးကျမ်းဟု ဆိုနိုင်၏၊ ပြည်သူပြည်သားလူအများတို့ ကရားမျှတစွာ နေရေးအတွက် ပညာရှိတို့ စီရင်သောကျမ်းတို့ပင် ဖြစ်၏။ သက္ကတ စာပေအရ ဆိုရပါလျှင် မာနဝ ဓမ္မသတ်တို့မှာ ၂၀ ကျမ်းမှ ၃၆ ကျမ်းအထိ ရှိ၏။ သို့ရာတွင် ထင်ရှားသော ဓမ္မသတ်တို့မှာ၊ မနု, ယညဝလကျ, အတြိ, ဝိသဏု, ဟာရိတ, ဥသနသ, အင်္ဂိရာ, ယမ, ကစ္စာယန, ဗြိဟပ္ပတိ, ဝါရာသရ, ဗျာသ, ဒက္ခ, ဂေါတမ, ဝသိဋ္ဌ, နာရဒ, ဘဂု, သခ်, နှင့် လိခိတတို့ ဖြစ်ကုန်၏။

မနုဓမ္မသတ်ကို မနု သမိတိ, ယညဝလကျ ဓမ္မသတ်ကို ယညဝလကျ သမိတိ အစရှိသည်ဖြင့် ခေါ်ကြ၍ ထိုသမိတိကျမ်း အလုံးစုံကိုမူ ခြုံ၍ ဓမ္မသတ္တဟု ခေါ်ကြ၏။ ဆိုလိုသည်မှာ မနုစသော အမည်နာမ ဝိသေသနှင့်တွဲဖက်လေက သမိတိဟု ခေါ်၍ မနုစသော အမည်နာမ မပါဘဲ သာမန်အားဖြင့်ကား ဓမ္မသတ္တ ဟုခေါ်သည်။ ဓမ္မသတ်နှင့် ပတ်သက်၍အိန္ဒိယနိုင်ငံသားတို့၏ ရာဇဝင် အကျဉ်းချုပ်၌ မစ္စတာဟန်တာ (HUNTER) က ဤသို့ဆို၏။

> ဗြာဟ္မဏတို့သည် ဓမ္မသတ်ကို မိမိတို့ သာသနာသို့ အဝင်ပြု၏၊ လူတို့ မှတ်သားအပ်သော ဂြိတျသုတ္တ (Grihya Suras) သည် တရားနှင့်ဆိုင်သောဥပဒေစာ အဟောင်းဆုံး ဖြစ်လေသည်။ ၎င်းကျမ်းသည် ခရစ်ယာန် မပေါ်မီ နှစ်ပေါင်း ၇၀၀ လောက်ကပင် ရှိနိုင်လေသည်။

ခရစ်ယာန် မပေါ်မီ နှစ်ပေါင်း ၄၀၀ခန့်ကာလက အိန္ဒိယ မြောက်ပိုင်းရှိ ဗြာဟ္မဏတို့ ဓလေ့ထုံးစံကို ပေါင်းစု၍ မနုဓမ္မသတ် စီရင် ပြုလုပ်၏။

ထို့နောက် ကျော်စော ကိတ္တိရှိသော ယာဇနဝါလ ကျ (Yajna valkya) ဓမ္မသတ်ကျမ်း တစ်စောင်ကို ထုတ်နုတ်စီရင် ပြုလုပ်သည်မှာ ခရစ်ယာန် မပေါ်မီ အနှစ် ၂၀၀ လောက်ကဟု **အထင်ရောက်၏**။

ဤဓမ္မသတ်များနှင့် ၎င်းတို့၏ အနက် အဓိပ္ပာယ်ကို ဖွင့်ပြသော အဋ္ဌကထာ ဋီကာဟုဆိုသည် ဟိန္ဒူတို့ အိမ်ထောင်ရက်သားပြု၍ အသက်မွေးမှုကို ယခုတိုင် စီရင် အုပ်ချုပ်၏။ ထိုကျမ်းတို့သည် ဥပဒေကိုသုံးခန်း ယား၍ ခွဲပြ၏။

ထိုသုံးခန်းတို့သည်ကား (၁) အိမ်တွင်းမှု တရားမှုနှင့်ဆိုင်သော ပိုင်ခွင့်များ, ဝတ္တရားများ၊ (၂) တရားဥပဒေနှင့်အညီ ပြည်သူတို့ အမှုကို ဆောင်ရွက်ခြင်း၊ (၃) သာသနာရေး၌ သန့်ရှင်းစင်ကြယ်အောင် ပြုရသော အမှုများနှင့် သာသနာရေး၌ အပြစ်ပြေအောင် ခံရသော ဒဏ်များဖြစ်လေသည်။

၎င်းကျမ်းတို့တွင် ထိမ်းမြားမင်္ဂလာပြုခြင်း, အမွေဝေခြင်း, အစား အစာ ဤသုံးဦးနှင့် ဆိုင်သောနည်းနာ ဥပဒေသတို့ များစွာပါရှိလေသည်။ ဇာတ်တစ်ဦးနှင့်ဇာတ်တစ်ဦးတို့ ထိမ်းမြား မင်္ဂလာပြုခြင်း, အတူ စားသောက်ခြင်းတို့ကို မပြုရ ဟူ၍ ၎င်းကျမ်းတို့က

ပညတ်သောကြောင့် ဇာတ် ၄ ဦး တို့သည် အသီး အခြားစီ နေကြ၏။ ဤကျမ်းတို့ကို ဘုရားဟော ဥပဒေလောက်ပင် ဟိန္ဒူလူမျိုးတို့ ရိုသေနာယူကြ၏။

ဗြာဟ္မဏတို့သည် ရှေးဟောင်း အိန္ဒိယ၏ယဉ်ကျေးခြင်းကိုဆောင်ရွက်သူများ ဖြစ်ကြသည့်အတိုင်း ဤဓမ္မသတ်တို့ ပေါ်နှံ့ခြင်းသည်လည်း ၎င်းဗြာဟ္မဏတို့၏ အပြုအမူပင်ဖြစ်လေသည်။ သို့ရာတွင် စင်စစ်မှာမူ ဤဓမ္မသတ်တို့သည် အိန္ဒိယမြောက်ပိုင်း၌ ရှိသော ရှေးဟောင်းဗြာဟ္မဏနိုင်ငံတော်များ၏ ထုံးစံဓလေ့ကိုသာ သုတ်ဖော်သော စာများ ဖြစ်လေသည်။ အိန္ဒိယ အမျိုးသား အပေါင်းတို့နှင့် ဆိုင်သော ကျမ်းများ မဟုတ်ကုန်။

အိန္ဒိယရှိ လူမျိုး သီးခြားသော ပြည်အသီးသီးတို့၏ ဓလေ့ထုံးစံကို ရိုသေအပ်သည်ဟု အကြီးဆုံးသော ဟိန္ဒူဥပဒေဆရာတို့ ညီညွတ်ကြကုန်၏။ ဤနည်းဖြင့် အနရိယ အမျိုးသားတို့ထုံးနည်း ဥပဒေများအတွက် ထိုက်သက်ရာသောအခွင့်ကို ပေးလွှတ်၏။ ပမာဆိုသော် ဗြာဟ္မဏတို့တွင် မိန်းမတစ်ယောက်၌ လင်နှစ်ယောက် ထားခြင်းသည် ရက်ဖွယ်သော အကြောင်းဖြစ်အံ့၊ တောင်ဘက် အိန္ဒိယရှိ နဲရ (nairs) အမျိုးနှင့် အခြားအနရိယအမျိုးသားတို့မှာမူ မိန်းမတစ်ယောက်၌ လင်အများထားသော ထုံးနည်း ရှိသောကြောင့် ၎င်းအမျိုးသားတို့၌ အပြစ်မရှိ၊ ဤလူမျိုး တို့တွင်

အဓမ္မခံ တရားကိုလည်း ထိုသို့ အဖြစ် မရှိသော အလျောက် စီရင်ရေးသားထား၏။

မနုဟူသည်မှာလည်း လူပင်ဖြစ်၏။ လူကို မနု, မနုဿ, မာနဝစသော သဒ္ဒါတို့ဖြင့် အမျိုးမျိုးခေါ်ဆိုကြ၏။ မနုဓမ္မသတ္တ, မနုသာရိတ္ထိသည် စင်စစ် လူမှုရေး လူ့ကျင့်ဝတ်, လူ့ကျင့်စဉ် ဥပဒေကျမ်းပင် ဖြစ်၏။ ယင်းကျမ်းကို လူတို့အလွန် လေးစားမြတ်နိုးကြလေရာ ကာလကြာမြင့်သော် မနုသည် လူ ရိုးရိုးမဟုတ်တော့ချေ။ အထူးအဆန်း အံ့ဘနန်း မိုးယံသို့ပျံနိုင်သော ရသေ့တစ်ပါး ဖြစ်သွားပေလိမ့်မည်။ ဝါဂရုမင်း၏ လက်ထက်တော်တွင် စီရင်ရေးသားသော မနုဓမ္မသတ္တခေါ် မနုဓမ္မသတ်ကျမ်းမှ ကောက်နုတ်ချက်ကို ဆက်လက် တင်ပြပါဦးမည်။

[ ၂ ]

ရတနတ္တယံ အဟံ ဝန္ဒာမိ

ငါသည် ခပ်သိမ်းကုန်သောလူနတ်တို့၏ စီးပွားကို ဆောင်တော်မူတတ်ကုန်သော, လူနတ်တို့၏ ကိုးကွယ်ရာလည်း ဖြစ်ထသော, ခပ်သိမ်းသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့တော်မူတတ်ထသော-မြတ်စွာဘုရားကိုလည်းကောင်း, တရားတော်မြတ်ကိုလည်းကောင်း, သံဃာတော်မြတ်ကိုလည်းကောင်း ရှိခိုး၏။ ရှိခိုးပြီး၍ လူတို့၏အကျိုးစီးပွားအလို့ငှာ ပြုသည်ဖြစ်၍ ဤ

မွေသတ်ကျမ်းကို ခပ်သိမ်းသောလူနတ်တို့သည် စောင့်ရှောက်မစသည် ဖြစ်စေကုန်သတည်း။ အကြင်ပညာရှိသူတော်ကောင်းတို့သည် နာလင့်ကုန်။

ကမ္ဘာဦးသူတို့ကို အစိုးရသော မဟာသမတမင်းကြီးကို ခပ်သိမ်းသော ကမ္ဘာဦးသူတို့သည် မင်းအဖြစ်ကို တောင်းပန်သည်ဖြစ်၍ ရေသဖန်းပင်၌ အဘိသိက်သွန်းခြင်းကို ပြု၍ ထိုမဟာသမတမင်းကြီးသည် တရားနှင့်ညီသဖြင့် မင်းပြု၏။ ထိုမဟာသမတမင်းကြီး၌ တရား၌လိမ္မာကုန်ထသော မနုအမည်ရှိသော အမတ်သည် ရှိ၏။ ထိုမနုအမတ်သည် ခပ်သိမ်းကုန်သော သူတို့၏ အကျိုးစီးပွားအလို့ငှာ အလိုရှိသည်ဖြစ်၍ မဟာသမတမင်းကြီးသည် တောင်းပန်သောကြောင့်စကြဝဠာ တံတိုင်း၌ နွားမတန်းမျှလောက် ရှိသော အက္ခရာတို့ကို နှုတ်ဖြင့်ဆောင်ခဲ့၍ မဟာသမတမင်းကြီးအား ပေး၏။

ထိုမွေသတ်ကျမ်းသည်ကား– မြီချေးသော တရားလည်းတစ်ပါး, ယူခြင်းပေးခြင်းတရားလည်းတစ်ပါး, ရောင်းခြင်း ဝယ်ခြင်းလည်းတစ်ပါး, ကျွန်အမှုတရားလည်းတစ်ပါး, အမွေတရားလည်းတစ်ပါး, လောင်းတန်းတရားလည်းတစ်ပါး, ပုတ်ခတ်ဆဲသတရားလည်းတစ်ပါး, သူ့ဥစ္စာကို ခိုးသော တရားလည်းတစ်ပါး, သူရင်းငှားသောတရားလည်းတစ်ပါး, သူ့မယားကိုပြစ်မှားသော တရားလည်းတစ်ပါး, လယ်ယာမိုးမြေအပိုင်းအခြားတရားလည်းတစ်ပါး, ဥစ္စာကို ဝေရာ

သော တရားလည်းတစ်ပါး, သူ့ကို စွပ်စွဲသောတရား လည်းတစ်ပါး, နှံသော တရားလည်းတစ်ပါး, လင် မယား ကွာသော တရားလည်း တစ်ပါး, အခြေနှစ် ချောင်း၊ လေးချောင်း အစရှိသောတရားလည်းတစ် ပါး- ဤသို့ တစ်ဆယ့်ရှစ်ပါးသော တရားတို့ကိုမဟာ သမတမင်းကြီးသည် မြဲစွာ နာလော့။

ဤကား မနုဓမ္မသတ်ကျမ်း၏ ကျမ်းဦး အစ ဖြစ်၏။ ကျမ်း ရင်းစာကိုယ်တွင် ပါဠိနှင့်အနက်ရောယှက်နေရာ ပါဠိပုဒ်တို့ကို ခြွင်းချန်ပြီး မြန်မာပြန် သက်သက်ကိုသာ ဖော်ပြခြင်းဖြစ်၏။ ထို့နောက် မနုရှင်ရသေ့သည် မဟာသမတမင်းကြီးအား ထို တစ်ဆယ့်ရှစ်ပိုင်းသော တရားတို့တွင် မြီချေးသော တရားမှစ၍ ဟောကြားသွားလေသည်။ ယင်း မနုဓမ္မသတ်နှင့် ပတ်သက်၍ မန်လည်ဆရာတော်က မဃဒေဝလင်္ကာ၌ ဤသို့ စပ်ဆိုခဲ့၏။

မျိုးနွယ် လေးဖြင့်၊ ဗိုလ်လှေုးအထု
လူရေးမှုကြောင့်၊ မနု မနော
ရှင်စော မုနိ၊ ဣသိ မိုးယံ
တန်ခိုး ပျံတို့၊ နန်းစံ ကမ္ဘာ
တည်ဦး စွာက၊ မဟာ သမတ်
နေနတ် နွယ်မှူး၊ ဘေးတော် ဦးအား
ကျေးဇူး များစေ၊ ဆက်သွင်းပေသည့်
ရွှေစာ ကျမ်းမြတ်၊ ဓမ္မ သတ်တိ။

ထို့နောက် ဆရာတော်သည် ဓမ္မသတ်ကျမ်းတွင် ပါဝင်သောအခန်းကဏ္ဍတို့ကို အစဉ်အတိုင်း စပ်ဆိုသွားပြီးနောက်- "ဧင်း ၁-ပုဒ် အရကျက်မှတ်၍ အဂ္ဂမဟာ သေနာပတိ သေနတ်ဝန် ကင်းဝန်မင်းကြီး စီရင်သော အိမ်မှုခန်းဓမ္မသတ်ကြီး, အမွေခန်းဓမ္မသတ်ကြီးတို့၌ ကြည့်ရှုကြကုန်မူ အလွန်သိလွယ်ကုန်လိမ့်မည်" ဟု မှာကြားခဲ့လေသည်။ အဆိုပါ မနုဓမ္မသတ်ကျမ်းကို ၁၉၃၄ ခုနှစ်က မြန်မာနိုင်ငံ အစိုးရပုံနှိပ်တိုက်မှ အင်္ဂလိပ်ဘာသာပြန်နှင့် တွဲဖက်ပုံနှိပ်ခဲ့ဖူးသော်လည်း အုပ်ရေမများလှချေ။အုပ်ရေ ၂၀၀ သာဖြစ်၏။ ယခုတော်လှန်ရေးအစိုးရ စာအုပ်ဌာနမှလည်း တစ်ဖန် ပြန်လည် ပုံနှိပ်သည်ဟုကြားရ၏။ ဓမ္မသတ် စာဖတ်ပရိသတ်မှာ များလှသည်မဟုတ်၍ အုပ်ရေ များလှမည်မထင်ပါ။ ထို့ကြောင့် ယင်း ဓမ္မသတ်စာအုပ်နှင့် ပတ်သက်၍ အတော်အသင့် အကဲခတ်နိုင်စေရန် မိမိလက်တွင်အသင့်ရှိသော စာအုပ်ဟောင်းမှ နိဂုံးချုပ်ကို ကောက်နုတ် ဖော်ပြပါဦးမည်။

ကျက်သရေ မင်္ဂလာရှိသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော, မုတ္တမမြို့ကိုလည်း အစိုးရထသော, ပညာလည်းရှိထသော, ဘုန်းတန်ခိုးအာနုဘော်လည်း ရှိထသော,ဆင်ဖြူရှင်ဖြစ်သော ဝါရူမင်းသည် တောင်းပန် အပ်သော ကြောင့် ပညာရှိကုန်သော သူတော်ကောင်းတို့သည် မနုဓမ္မသတ် ကျမ်းမှလာသော နည်းကို အမှီပြု၍ သာသနာတော်၏ အကျိုးစီးပွား အလို

ငှာ ပြုအပ်သော ဤကောင်းမှုအားဖြင့် ဘဝ ဆက်တိုင်း ဆက်တိုင်း သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံခြင်းသည် ဖြစ်ပါလို၏။

ဝါ ဗုဒ္ဓဃောသ အမည်ရှိသော ထေရ်သည် သာသနာတော်၏ စီးပွားအလို့ငှာ အလိုရှိသည် ဖြစ်၍ ရာမည ဘာသာဖြင့် ဝါရှမင်း ဓမ္မသတ်ကို အက္ခရာရှိသည့်အတိုင်း ဗြဟ္မဏဘာသာဖြင့် ပြုပေအံ့။ အကြင်ပညာရှိသော တရားသူကြီးတို့သည် အမှီပြု၍ ဆုံးဖြတ်ကြကုန်လော့။ ဤသို့ ပြုစုရသော ကုသိုလ်ကံ အကျိုးအားဖြင့် ဘဝ ဆက်တိုင်းဆက်တိုင်း ကြီးကျယ်သော ပညာ မဟောသဓာကဲ့သို့လည်းကောင်း ဖြစ်ရပါလို၏။

သက္ကရာဇ် ၁၀၆၉-ခု သီတင်းကျွတ်လဆန်း ၆-ရက် နေမဝင်မီ အင်္ဂါနေ့တွင် ဝါရှုမင်း ဓမ္မသတ်ကျမ်းကို ရေးကူး၍ ပြီးသည်။

ရေးရသော ကောင်းမှုကြောင့် ဘေးဆယ်ပါး, ဒဏ်ဆယ်ပါး, ရန်သူမျိုးငါးပါး, အပါယ်လေးပါး, ကပ်သုံးပါးတို့မှ ကင်းလွတ်ပါလို၏။

မနုဓမ္မသတ် စာကိုယ်နှင့် ပတ်သက်၍ မနုရှင်ရသေ့နှင့် မဟာသမ္မတမင်းမှာ အရေးကြီးသကဲ့သို့ ဤဝါရှမင်း ဓမ္မသတ်အတွက်ကား ဝါရှမင်းနှင့် ကျမ်းပြုသူ ပညာရှိတို့မှာ အရေးကြီးသည်။ သူတို့အကြောင်းကို အသင့်အတင့်ဖြစ်စေ သိထားသင့်၏။ ထိုမင်း၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို

မြန်မာရာဇဝင်တို့နှင့် ရာဇာဓိရာဇ် အရေးတော်ပုံတွင် အကျယ်ဖော်ပြထား၏။ အကျဉ်းချုပ်ကိုကား ဟာဗေး၏ မြန်မာပြည်ရာဇဝင် အကျဉ်းချုပ်ဖြင့် သိအပ်၏။ ထိုမင်း၏ အမည်ကို ဝါဂရူ, ဝါရူ, ဝါရီရူဟု အမျိုးမျိုးတွေ့ရ၏။ ဘယ်အမည်သာ အမှန်ဖြစ်သည်ဟု မဆုံးဖြတ်နိုင်သဖြင့် ဆိုင်ရာစာအုပ်တွင် ပါသော အမည်အတိုင်းသာ ဖော်ပြလိုက်ပါသည်။

ဝါရီရူသည် ထမ်းပိုးထမ်း၍ တစ်ရွာမှ တစ်ရွာသို့ လှည့်လည်လျက် ရောင်းစားရသော ရှမ်းတစ်ယောက် ဖြစ်ပေ၏။ ထိုရှမ်းသည် သထုံနယ် ဒုန်ဝန်းရွာ၌ မွေးဖွားလေသည်။ အရွယ်သို့ရောက်သောအခါ သောက္ကတဲမြို့ဝန်၏ ဆင်ထိန်းထံတွင် ဝင်၍ ခစားရာ မကြာမီ မြို့ဝန်၏ သက်တော်စောင့် ဖြစ်လျက် အမှုကို ထမ်းဆောင်ရ၏။ ထိုသူလည်း မြို့ဝန်၏ သမီးနှင့် ချစ်ကြိုက်၍ မိမိမွေးဖွားရာ အရပ်သို့ ခိုးဆောင်ယူပြီးလျှင် မင်းလုပ်လေ၏။

ဝါရီရူတွင် လှပသော နှမတစ်ယောက်ရှိလေသည်။ ထိုမိန်းမကို မုတ္တမမြို့ဝန် အလိမ္မာ မြင်လေလျှင် ထိမ်းမြားလိုသည် ဖြစ်၍ အကြောင်းကို ဝါရီရူအားကြားစေသော် လက်ထပ်ရန် အခမ်းအနားကို စီမံလေ၏။

လက်ထပ်ရန် မြို့ဝန်အလိမ္မာ လာသောအခါ ထိုသူကို ဝါရီရူလုပ်ကြံ၍ မုတ္တမမြို့ကို စီးနင်းတိုက်ခိုက်လျက် အောင်မြင်ခြင်းသို့ရောက်လေသော် သက္ကရာဇ် ၁၂၈၁-နှစ်တွင် မုတ္တမမြို့၌ မင်းလုပ်လေ၏။

ထိုသို့သောအခါတွင် ပုဂံပြည် ပျက်စီးလျက်ရှိ၍ ပဲခူးမြို့စား တရဖျားလည်း မင်းသီးခြားလုပ်သည့် အခိုက်တွင် တစ်ယောက်၏ သမီးကို တစ်ယောက်အား ထိမ်းမြားလျက် ဝါရီရူနှင့်မဟာမိတ်ဖွဲ့ကြ၏။

သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် ပြည်မြို့နှင့် တောင်ငူမြို့ဝန်တို့ကို အသီးအသီး အောင်မြင်၍ ထွက်ပြေးစေပြီးနောက် ပြည်နှင့်တောင်ငူ တောင်ဘက်တွင်ရှိသော နယ်များကို သိမ်းယူလေ၏။

တရဖျားလည်း ဝါရီရူကို ပရိယာယ်နှင့် ဖမ်းမည်ပြုသော်လည်းအထမမြောက်ချေ။ ထိုရောအခါ ဝါရီရူသည် ရှေ့ကရာမှ ရေသွန်းလောင်း၍ အာကာသစိုး ဘုမ္မစိုး နတ်တို့ကို တိုင်ကြားလျက် သစ္စာပြုပြီးမှ တရဖျားနှင့် ဆင်စီး၍ အချင်းချင်း တိုက်ကြလေသော် တရဖျားကို လက်ရမိလေ၏။ ရဟန်း သံဃာတော်တို့ တောင်းပန်ကြသဖြင့် အသက်ချမ်းသာပေးသော်လည်း ငြိမ်သက်စွာမနေ၊ တစ်ဖန် အကောက်ကြံလေ၏။ ထိုအကြောင်းကို တရဖျား ဝန်ကတော်က သိ၍ မိမိဖခင် ဝါရီရူအား သတင်းစကားကို ပို့လေ၏။ ယင်းသို့ ဖြစ်သောကြောင့် တရဖျားကို သတ်ရလေ၏။ တရဖျား၏ ဝန်ကတော်သည် သူ၏ ခင်ပွန်း၏ ဆံပင်နှင့် အထွေးထွေးရောယှက်၍ လိမ်ထားပြီးလျှင် သူသတ် ယောက်ျားတို့အား သတ်စံ့လျှင် သတ်တော့

ဟု ဆိုသော်လည်း မင်း၏ အာဏာအတိုင်း တရဖျား ကို သတ်ရလေ၏။

ယင်းသို့သော အခါတွင် ဝါရီရူသည် အနှောင့် အယှက် မရှိဘဲလျက် မြန်မာပြည်အောက်ပိုင်း အလုံး တွင် မင်းမူရလေ၏။ ထိုအခါမှစ၍ ၁၅၃၉ ခုနှစ် တိုင်အောင် အောက်မြန်မာပြည်သည် အထက်နယ် များမှ ခွဲခွာလျက် သီးခြားသော မင်းအုပ်စိုးသော ပြည်နယ် ဖြစ်လေသည်။ မုတ္တမတွင် မင်းနေမြို့တော် လုပ်ပြီးနောက် ၁၃၆၃ ခုနှစ်တွင် မြို့တော်သည် ပဲခူး သို့ ရွှေ့ပြောင်းလေ၏။

သောက္ကတဲ မြို့ဝန်တွင်ရှိသော ဆင်ဖြူတစ်စီးမှာ မုတ္တမ မြက်ကိုသာ စားလေသည်ဟူ၍ ထိုဆင်ဖြူကို သမက် ဝါရီရူအား ပို့လေ၏။

မြန်မာပြည်တွင် ယခုတိုင်အောင် သုံးစွဲ၍ နေကြ သော ဓမ္မသတ် ကျမ်းများသည် ရှေဦးစွာဝါရီရူမင်း ကို အမှီပြုသဖြင့် ရလေသည်။ နှစ်ပေါင်းတစ်ထောင် ကျော်ကပင် ထိုင်းနိုင်ငံကို ချဲ့ထွင်ရန် လာကြသော ဟိန္ဒူ လူမျိုးတို့မှာ အစဉ်အလာ အသုံးပြုသော ဓမ္မ သတ် ကျမ်းဟောင်းများကို ရှေဦးစွာ မင်းဖြစ်သော သမတမင်း မနုစီရင်သည်ဟူ၍ ယုံကြည်ကြသည့်အတိုင်း ၎င်းဓမ္မသတ် ကျမ်းများကို တလိုင်းဘုန်းကြီးကျောင်း များ၌ထားကြသည်အလျောက် ဝါရီရူမင်းလည်း ထို

ဓမ္မသတ် ကျမ်းများကို ဘုန်းကြီးကျောင်းများ၌ စု ဆောင်း၍ အပြည့်အစုံ ကူးစေသည်။ ထိုကူးသော စာ များကို ဝါရီရူ ဓမ္မသတ်ဟူ၍ခေါ်ကြသဖြင့် မြန်မာတို့ တရား ဥပဒေ များတွင်လည်း ထို ဝါရီရူ ဓမ္မသတ်ကို အခြေပြုကြရလေသည်။

ရာဇာဓိရာဇ် အရေးတော်ပုံ ကျမ်း၌ကား- ''သက္ကရာဇ် ၆၄၃ ခုနှစ်တွင် မဂဒူး မုတ္တမကိုရ၍ မုတ္တမမြို့လယ်တွင် တန် ဆောင်းကြီးဆောက်၍ ဗေဒင်တတ်ပညာရှိ ဟေန်း ပုဏ္ဏားတို့ နှင့် တိုင်၍ ဓမ္မသတ်ပြု၏။ ထိုဓမ္မသတ်ကို နောင် ဝါရူဟူသော အမည်ကို ခံသောကြောင့် ဝါရူဓမ္မသတ်ဟု တွင်၏'' ဟု ဆိုလေ သည်။

ဤမျှဖြင့် ဝါရူမင်းအကြောင်း ဟော်သောက်ပေပြီ။ ဤ စာအုပ်နှင့်ပတ်သက်၍ အခြားသိမှတ်ဖွယ်ရာမှာ မူရင်း မနု ဓမ္မသတ်အကြောင်းဖြစ်၏။ ယင်းအကြောင်းကို မနုဝဏ္ဏနာ ကျမ်းမှ ထုတ်နုတ်ဖော်ပြပါမည်။ မိမိကံကျွင်ရှိသော မနု ဝဏ္ဏနာ ဓမ္မသတ်မှာ ပါဠိဘာသာ ပေမူဖြစ်၏။ ထိုကျမ်းကို ရှေးက ပညာရှိများ နိဿယ ပြန်ဆိုခဲ့ကြပါသည်။ ရှေး နိဿယအတိုင်း ဖော်ပြပါမူ ယခုခေတ် လူများ ကြည့်ရှုရန် ခက်နေမည်စိုး၍ ပါဠိလျော့ကာ လွယ်ကူသောစကားပြေဖြင့် ပြန်ဆိုပါမည်။ မနုဝဏ္ဏနာမှာ ဓမ္မသတ်၏အဖွင့်ဋီကာဖြစ်၍ ထိုနှစ်ခုကို တွဲဘက်လေ့လာသင့်လေသည်။

[ ၃ ]

ဝဏ္ဏမွေကျော်ထင်မည်သော ငါသည် ဆယ်ပါးသော တရားအမွေ ခွဲဝေပေးတော်မူသော အားတော် ဆယ်ပါးတို့ဖြင့် ကြီးမြင့်လွန်ကဲတော်မူသော မြတ်စွာဘုရား, ထိုမြတ်စွာဘုရား နေ့ညမလပ် မှီဝဲအပ်သော ဆယ်ပါးသော တရားတော်မြတ်နှင့် ထိုမြတ်စွာဘုရား၏ သားတော်ဖြစ်သော သံဃာတော်မြတ်အပေါင်းကို ရှိခိုးပါ၏။ ရှိခိုးပြီး၍-

နေခြင်း၏အနွယ်ဖြစ်သော, ခပ်သိမ်းသောပြည်သူလူအပေါင်းတို့၏ အကျိုးစီးပွားကို ရှာမှီးတော်မူလေ့ရှိသော မဟာသမ္မတမင်းသည် လောကဋ္ဌသားတော်မူအပ်သော အဆုံးအဖြတ် ရှေ့သာကိစသော အပိုင်းအခြားကို လွန်ကျူးရန် လူတို့မစွမ်းကြကုန်။ ထိုဓမ္မသတ်ကိုအမှီပြု၍သည်း နောက်လာနောက်သားပညာရှိများ ဖွင့်ပြကြကုန်၏။ ထိုကျမ်းအလုံးစုံကို အကုန်စုပေါင်း၍မနုဝဏ္ဏနာကျမ်းကို မဂဓဘာသာ ဂါထာ သက်သက်အားဖြင့် စီကုံးရေးပြုပေအံ့။

ရှေးဆရာတို့ ပြုပြင်စီရင်သော ဓမ္မသတ်များစွာရှိသော်လည်း ယင်းတို့ဖြင့် အနက်အဓိပ္ပာယ် အလုံးစုံကိုသိရန်မစွမ်းနိုင်သောကြောင့် နက်နဲသောအနက်, ခဲခက်သော အဆုံးအဖြတ်ရှိသော, အထူးထူးသောကျမ်းတို့မှ ထုတ်ဆောင်အပ်

သော မနုဝဏ္ဏနာမည်သောကျမ်းကို ငါသည် စီရင်ရုံးစုအံ့၊ ရှင်လူအပေါင်း သူတော်ကောင်းတို့ ကောင်းစွာ နာယူကြကုန်လော့။

လောက၏မျက်စိသဖွယ်ဖြစ်တော်မူသော ဂုဏ်ရောင်တို့ဖြင့် ထွန်းတောက်ပသော အကြင်မဟာသမတမင်းသည် အမိုက်မှောင်ကို ဖျောက်ပယ်သော ဒုတိယမြောက် နေမင်းကဲ့သို့ ထွန်းတောက်တင့်တယ်၏၊ များသော အခြံအရံရှိသော မင်းနှင့်တကွသော လောကကို အစဉ်စောင့်ရှောက်သူတို့တွင် အစဖြစ်သော ကြီးသောလုံ့လရှိသော ထိုမဟာသမတမင်းကို မနုဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။

သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဤလေးပါးသော အသင်္ချေယျကပ်တို့တွင် ဝိဝဋ္ဋ ဋ္ဌာယီကပ်၏ အစ၌ ဘုရားအလောင်းဖြစ်သော၊ ခတ္တိယဖြစ်သော၊ တမင်းစောင့်သော မဟာသမတမင်း ဖြစ်၏။ ထိုမင်းမျိုးကောင်းစွာတည်ပြီးသော် ဗြာဟ္မဏစသော အမျိုးသုံးပါးတို့ များ အစဉ်အတိုင်း တည်ကုန်၏။

ယင်းအခါ ဗြာဟ္မဏဒေဝ အမည်ရှိသော ဗြဟ္မာသည် ဗြဟ္မာဘုံမှ စုတေ၍ မဟာသမတအနွယ် မှူးမတ်မျိုး၌ ဖြစ်လာ၏။ ဝိပဿနာ အရွယ်သို့ရောက်သော် မြော်မြင်ပညာအလိမ္မာနှင့်ပြည့်စုံသည်ဖြစ်၍ မနုဟု တွင်၏။ အဆုံးအဖြတ်အလုံးစုံကို ဆုံးဖြတ်စီရင်တတ်သူဟုလည်း ဇမ္ဗူတစ်ခွင်၌ ကျော်စော ထင်ရှား၏။

တစ်ရံရောအခါ ထိုမနုသူမြတ်သည်ပုဏ္ဏားလေးယောက်တို့၏ငြင်းခုံသောတရားကို ဆုံးဖြတ်၏။ ထိုအဆုံးအဖြတ်၌ ကောင်း

စွာ စီရင်ကြောင်း မင်းကြီးကြားတော်မူ၍ ဝမ်းမြောက်တော်မူရကား ထိုသူမြတ်ကို တရားသူကြီးအရာ၌ တင်ထားတော်မူပေ၏။ မနုအမတ်လည်းမင်းကြီးထားတော်မူရာ၌သာလျှင်နေ၍ ကောင်းစွာ ဆုံးဖြတ်စီရင်၏။

ဤသို့လျှင် နူးညံ့သိမ်မွေ့စွာသော,လိမ္မာမြော်မြင်အဆင်အခြင်နှင့် ပြည့်စုံသော မနုအမည်ရှိသောပညာရှိအမတ်သည် အရာဌာန ရောက်ကလည်း ကြိမ်ဖန်များစွာ ဆုံးဖြတ်တော်မူ၏။

ခုနစ်ရက်အတွင်း၌ ဆုံးဖြတ်စီရင်သော တရားသည်ကား- မျိုးတရား, နွားတရား, ကြက်တရား, သားတရား,သစ်ပင်တရား, မြေတရား, သခွားတရား-ဤသို့ ခုနစ်ပါး အပြားရှိ၏။

ထိုတွင် ယောကျ်ားနှစ်ယောက်တို့သည် မျိုးသစ်နှင့် မျိုးဟောင်းကို ထမ်းဆောင်ကြသော် တံတားအလယ်၌ ထိခိုက်၍ ကျလေကုန်၏။ မျိုးစပါးအလုံးစုံ မကြွင်းမကျန် မြစ်၌မြောလေကုန်၏။ ထိုစပါးရှင်နှစ်ဦးတို့ ငြင်းဆန်ကြကုန်လျက် မနုသူမြတ်အထံသို့ သွားကြကုန်၍ ထိုထိုဆိုရန် အတန်တန်သောစကားကို လျှောက်လဲကုန်၏။

အမတ် မနု သုခမိန်သည် လဲဆိုသမျှသောစကားအပေါင်းထိုအကြောင်းကို ကောင်းစွာနာခံပြီးသော်- "မျိုးဟောင်းထက် မျိုးသစ်သည် မြတ်၏။ မျိုးသစ်ရှင်အား လျော်စေ"ဟူ၍ ဆုံးဖြတ်၏။ ဤသို့ ဆုံးဖြတ်သည်ရှိသော် ခပ်သိမ်းသော နတ်

လူ ပြည်သူ့အပေါင်းတို့သည် ကောင်းချီးကြွေးကြော်ခြင်း ပေးကုန်၏။

ဒုတိယမြောက်သောနေ့၌ နွားသားသည့် နွားမကို မိမိတို့၏ဇာတ်ဘာဝအားဖြင့် များစွာသောနွားတို့သည် ပွား များလေကုန်၏။ နောက်၌ နွားပိုက်သခင်သည် မိမိ၏အစုကို ခွဲဝေပေးစေလို၍-“ပေးလော့” ဟူ၍ နွားမတို့၏သခင်ကို တောင်းဖလေ၏။

ထိုနွားမသခင်သည်လည်း မပေးဝေလိုရကား-“သင့်အား နွား မဝေသာ”ဟူ၍ ဆိုလေ၏။ ထိုနွားရှင် နှစ်ဦးတို့သည် ထိုမနုအမဟ်၏သာလျှင် အထံသို့သွားလေကုန်၍ ထိုထိုဂိုဏ် အတင်တန်သော စကားကို လျှောက်လဲကုန်၏။

ထိုအမဟ်ကြီးသည်လည်း “နွားပိုက် နွားမတို့၏ စုန်ဆန် ယက်တင်ခြင်းသည် မွေတာအားဖြင့် ပြီး၏။ ကျေးကျွန်ကဲ့သို့ ဖြစ်ခြင်းကိုမရသင့်။ အလုံးစုံကို နွားမသခင်အား အလျှင်ရစေ နွားပိုက်သခင်သည် မဆိုင်” ဤသို့ ဆုံးဖြတ်ကောက်ယူသည်ရှိသော် ခသိမ်း နတ်လူ ပြည်သူ့အပေါင်းတို့သည် ကောင်းချီးကို ပေးကုန်၏။

သုံးရက်မြောက်နေ့၌ ကြက်ငယ် ကြက်ကြီး ကြက်နှစ်ဖတို့ အချင်းချင်း အလိုအလျောက် ခုပ်ကြကုန်၏။ ကြက်ကြီး မျက်စိကန်း၏။ ကြက်ကြီးရှင်သည် ကြက်ငယ်ရှင်ကို မနု အထံသို့ ခေါ်၍ ထိုထို စကား အလုံးစုံကို မကြွင်းမကျန် လျှောက်လဲ ကုန်၏။

ထိုမနုအမတ်သည်လည်း ထိုကြက်နှစ်ကောင်ကို တစ်ဖန်ယူစေ၍ ခုပ်စေ၏။ ကြက်ကြီး၏မျက်စိကို မိမိအတက်ဖြင့်စူးသည့်အဖြစ်နှင့် ကြက်ငယ်အား အတက်မရှိသည်၏ အဖြစ်ကိုသိရသောကြောင့် ကြက်ကြီးရှင်လျှင် ရှုံးစေဟု ဆုံးဖြတ်သော် နတ်လူအပေါင်းတို့သည် ကောင်းချီးပေးကုန်၏။

လေးရက်မြောက်သောနေ့၌ သတို့ သမီးတစ်ယောက်ကို ယောကျ်ား နှစ်ယောက်တို့သည် မိမိတို့၏ အလိုဆန္ဒကို အလှည့် အလှည့် ဆောင်ရွက်ကြ၏။ အလှည့်အလှည့်ဆောင်ရွက်စပ်ယှက်ခြင်းကြောင့် သူငယ်တစ်ယောက် ဖွားမြင်၏။

ထိုသူငယ်ကိုလည်း ငါ၏သား, ထိုမိန်းမကိုလည်း ငါ၏မယားဟု ငြင်းဆန်ကုန်လျက် မနု သုခမိန်၏အထံသို့ သွားရောက်လေ၏။ ထိုဆိုမှု အစုစုကို လျှောက်လဲကုန်၏။

ထိုအမတ်သည်လည်း ထိုသူနှစ်ဦးတို့၏ စကားကို နာခံပြီးသည့် ရှိသော် သူငယ်ကိုခေါ်စေ၍ အရုပ်အဆင်း အသွင်အပြင် အခြင်းအရာကိုကြည့်သော် ချင်းအဘနှင့်တူ၏။ အမိကိုလည်း "သင်၏ စိတ်သည် အဘယ် ယောကျ်ား၌ တပ်ကြိုက်သနည်း" ဟုမေးလတ်သော် ထိုသတို့သမီးလည်း စိတ်သွားရှိသည့်အတိုင်း "ထိုသူ ကို ငါကြိုက်ချစ်၏" ဟု ပြောဆိုသော်၏။

"သူငယ်သည် အဘနှင့်တူ၏၊ အမိသည်လည်း ထိုသူကောင်းသားကိုလျှင် နှစ်သက်၏၊ သူငယ်သည် ထိုသူကောင်းသား၏ သားလျှင် သားတည်း၊ ထိုသူသည်လျှင် အမိနှင့်တကွ ရစေ၊ လင်မယားဟို၏ အဖြစ်မည်သည်လည်း ချစ်ခြင်းမေတ္တာသည် အကြောင်းရင်းတည်း" ဟု ဆုံးဖြတ်သည်ရှိသော် ခပ်သိမ်း

သော နတ်လူပြည်သူ အပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။

ငါးရက်မြောက်၌ တောင်သူတစ်ယောက်၏ ယာခင်းတစ်နေရာ၌ သင်ပင် တစ်ပင်ပေါက်၏။ ထိုသစ်ပင်ကိုယာလုပ်တောင်သူသည် ခုတ်ဖြတ်မိလေ၏။

ထိုသစ်ပင်ကို အရွက် သုံးဆင့်ရှိသည်မှ စ၍ ကုဝေရနတ်မင်းသည် နတ်သား တစ်ယောက်အား ပေး၏။ ထိုနတ်သားလည်း အမြဲသစ်ပင်၌နေ၏၊ သစ်ပင်စောင့်နတ်သည် တောင်သူကို "အဘယ်ကြောင့် ငါ၏ သစ်ပင်ကို ခုတ်သနည်း" ဟု မြည်တွန် တောက်တီးလျက် မနုအထံသို့ခေါ်၍ထိုအကြောင်းအရာကို အရင်းမှစ၍ပြန်ကြား၏။

ထို မနု အမတ်သည်လည်း ကောင်းစွာ စစ်မေးပြီးသည်ရှိသော် "သုံးဆင့်အရွက် ထွက်ပေါ်သည်မှစ၍ ကုဝေရနတ်မင်းပေး၏၊ ပေးရင်းတိုင်းသာလျှင် ပိုင်စေ၊ သင်သည် ခုတ်ဖြတ်အံ့သောငှာ မသိုက်" ဟု ဆုံးဖြတ်လေသော် ရုက္ခစိုးနတ်သည် သစ်ပင်ကို ခုတ်ဖြတ်သည့်အတိုင်း ယာလုပ်တောင်သူကို ဖြတ်အံ့ဟု သန်လျက်စွဲလျက် ထသော်...

မနုအမတ်သည် "အချင်းနတ်သား ဤသို့ မပြုလင့်" ဟု ဟန့်တား၍ တောင်သူ၏အိမ်ဦး၌ ခိုင်ခံ့သော တိုင်ကိုစိုက်၍ နေရာအိမ်ကို ပေးစေ၊ အမြဲစားဦး ထမင်းကိုလည်းပေးစေ" ဟု ဆုံးဖြတ်၏။ ဤ မနု လုလင် ဆုံးဖြတ်သည်ရှိသော် ခပ်သိမ်း နတ်လူပြည်သူ အပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။

ခြောက်ရက်မြောက်နေ့၌ အမျိုးသားလေးဦးတို့သည် မြွေကို ဖမ်းအံ့ဟု အတူသွားကြ၏။ မြွေသည် အမျိုးသား တစ်ယောက်ကို ကိုက်၏။ ကိုက်ခြင်းကြောင့် သေဆုံး၏။ ကြွင်းသော လူသုံးယောက်သည် မြွေရေကို ဆုတ်ကုန်၏။ အရေစုတ်သော မြွေ၏ဝမ်းတွင်း၌ ဥစ္စာရကုန်၏။

ထိုသူ သုံးယောက်သည် ဝမ်းမြောက်ဝမ်းသာ အညီအမျှ ဝေယူကုန်၏။ သေသူ၏မယားသည် ထိုအကြောင်းကို ကြားသိ၍ မနုအမတ်၏ အထံ၌ "အရှင်အမတ်ကြီး ငါ့အားလည်း ပေးသင့်လျက် ထိုသူတို့သည် ငါ့အား မပေးဝေပါကုန်၊ တရားရှိရာ ဖြစ်ပါစေ" ဟု လျှောက်၏။

မနု အမတ်သည် ထိုစကားကို နာခံပြီးသော်လေးဖို့ ဝေစုပြုသောအားဖြင့် ဝေပေ၏။ ဤသို့ ဆုံးဖြတ်သည်ရှိသော် နတ်လူတို့ကောင်းချီးပေးကြကုန်၏။

ခုနစ်ရက်မြောက်သောနေ့၌ ဆုံးဖြတ်အပ်သောတရားသည် ကားယာတစ်ခင်းမှ သခွါးနွယ်သည် ယာတစ်ခင်း၌ သီးလေ၏။ သခွါးရှင်နှင့် ယာရှင်သည် "ငါနှင့်သာဆိုင် သင်မပိုင်" ဟု ငြင်းခုံကြလျက် သူတို့နှစ်ဦးသည် ငြင်းဆန်ခြင်း ကွန်ရက်ကို ဖြတ်ရန်မတတ်နိုင်၍ မနုအမတ်အထံသို့ သွားလေ၍ ထိုထိုအကြောင်းကို လျှောက်လဲကုန်၏။

ထိုမနုအမတ်သည်လည်း မှန်သောသဘောကို သတိလစ်လပ်သောအားဖြင့် မဆင်ခြင်မိသည်ဖြစ်၍ သခွါးသီး ယာရှင်အား ထိုသခွါးသီးကို ရစေဟု ဆုံးဖြတ်မိ၏။

နတ်လူတို့ ရှေးကကဲ့သို့ ကောင်းချီးမပေးကြရာ မှားသည့်အဖြစ်ကို သိ၍ သခွားပင်ရှင်အား ထိုသခွားသီးကို ယူစေဟု ထိုအမတ်သည် ထိုတရားကို တစ်ဖန် ပြန်၍ စီရင်၏။ ဤသို့ ဆုံးဖြတ်မှ နတ်လူတို့ ကောင်းချီးပေးကုန်၏။

ဤသို့လျှင် ခုနစ်ရက်အတွင်း၌ ဆုံးဖြတ်စီရင်သော မနုအမတ်သည် မှားယွင်းသော အဆုံးအဖြတ်ကြောင့် ငြိုငွေ့သည်ဖြစ်၍ အထူးကြံမှိုင်လျက် ဓမ္မသံဝေဂရလတ်ရကား မိမိသခင် ရေနေမြို့ရှင်ကို လျှောက်တင်၏။

"လူများသခင် ဤသို့ ဆုံးဖြတ်စီရင်ခြင်းသည် အလွန်ခဲခက်၏။ ဟုတ်မှန်သောသဘောကို မြင်နိုင်ခဲ၏။ မင်းကြီး ထို့ကြောင့် ငါသည် ဤထက် အလွန်ဆုံးဖြတ်ခြင်း၌ မဝံ့ပါပြီ၊ ရှင်မင်းကြီး ခွင့်ပြုတော်မူပါသော် ငြိတွယ်ခြင်းမရှိ၊ တောသို့ ထွက်လိုပါ၏။ မင်းမြတ်- ရှင်မင်းကြီး ခွင့်ပေးပါသည်ရှိသော် ခပ်သိမ်းသော အခြေအရံ၊ အဆွေအမျိုး၊ နွားကျွဲ ဆင်မြင်း သင်းပင်း ကျေးကျွန် အတန်တန်သောဥစ္စာရတနာ အိမ်ထောင် ခမ်းနားရှိသည်များကို စွန့်ပစ်၍ ရသေ့ရဟန်းပြုလိုပါ၏"

ဤသို့ တောင်းပန်သည်ရှိသော် မဟာသမတ မင်းကြီးသည် တရားသူကြီး၏ကြိမ်ဖန်များစွာ ပန်ထွာ ခွင့်တောင်းသော အကြောင်းကို ကြား၍ "ကောင်းပြီ.... ကောင်းစွာ ရဟန်းပြုလော့" ဟု ထိုအမတ်ကို ခွင့်ပေးတော်မူလေ၏။

ဤသို့ ရပြီးသော အခွင့်ရှိသောအမတ်သည် ရဟန်းရသေ့ ပျော်မွေ့လျောက်ပတ်သော၊ ခပ်သိမ်းသော တော၏အင်္ဂါတို့

နှင့် ပြည့်စုံသော တောသို့ ကပ်လျှင်းလေ၏။ ထိုတောကြီး၌ ကျောင်းနေရာ, အမျိုး, လာဘ်လာဘ, ဂိုဏ်းဂဏ, အမှုကိစ္စ, ခရီးသွားခြင်း, အဆွေ, အနာရောဂါ, စာပေသင်ကြားခြင်း, တန်ခိုးဖန်ဆင်းဟူသော ကြောင့်ကြခြင်း ဆယ်ပါးတို့ကို ပယ်ဖျောက်လျက် ညောင်စောင်း၌သာလျှင် ထိုင်လျက် လေးသစ်တစ်ထွာပမာဏ အပိုင်းအခြားရှိသော လောကီဖြစ်သော ကသိုဏ်း ကွက်ကို မှတ်လျက် ပထဝီ ပထဝီ ယူ၍ အကြိမ်များစွာ စီးဖြန်းသော် ထိုကသိုဏ်း ဘာဝနာ၏ အစွမ်းဖြင့် မနုရသေ့သည် မဟဂ္ဂုတ်ဈာန်ကို ရလေသတည်း။

ဤသို့ ထိုရသေ့သည် ကြာရှည်စွာ ဖြစ်ပွားစေအပ်သော ဈာန်ချမ်းသာကို တော၌ ခံစားလျက် တစ်ရံရောအခါ စကြဝဠာတံတိုင်းသို့ ပျံသွား၍ တစ်ကမ္ဘာလုံးတည်သောဓမ္မတာ အက္ခရာဖြင့် ပြီးသော ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်းဖြစ်သော ဓမ္မသတ်ကျမ်းကို ရေးကူးဆောင်ယူလျက် မဟာသမတမင်းကြီးအား ကောင်းစွာ ပို့ဆက်လာ၏။

ဤကား မနုဝဏ္ဏနာ ဓမ္မသတ်မှ ဗာဟိရ နိဒါန်း ဘာသာပြန်ဖြစ်၏။ မနုဓမ္မသတ်မှ “ကမ္ဘာဦးသူတို့ကို အစိုးရသော မဟာသမတမင်းကြီးကို” အစချီသော စာပိုဒ်ကို ဖွင့်ဆိုခြင်းဖြစ်၏။ ထိုစာပိုဒ်ကိုပြန်၍ ကြည့်ပါတိ၊ ဤအဖွင့်တွင် မနု ရှင်ရသေ့၏ အကြောင်းအရာမှာ အတော်ပြည့်စုံနေပြီဖြစ်၍ ထပ်ပြီး ဖွင့်ဆိုရန် မလိုတော့သည်း ဟိန္ဒူတို့၏ မနုကိုကား အတော်အသင့် သိထားသင့်ပေသည်။

ဗြဟ္မာကြီးသည် ဖန်ဆင်းခြင်း၏အစ၌ သူ၏စိတ်ကဖန်ဆင်းခြင်း တိုးတက်မှုမရှိသည်ကို တွေ့မြင်ရသောအခါ မိမိ ကိုယ်မှ သူသည် လင်မယားနှစ်ယောက်ကို ပေါ်ပေါက်စေခဲ့၏။ ဗြဟ္မာကြီး၏ လကျာ်အင်္ဂါမှ မနု ထို့ပြင် ယက်ဝဲအင်္ဂါမှ သူ၏မယား သတရူပါကို ဖြစ်စေ၏။

ဗြဟ္မာကြီးသည် မနုကို ဖန်ဆင်းခြင်း ပြုရန် အမိန့်ပေး၏၊ ထိုအခါ မြေကြီးသည် ရေ၌မြုပ်နေ၏။ မနုသည်သတ္တဝါများ အတွက် ကုန်းမြေကို တောင်းဆို၏။ ဗြဟ္မာကြီး၏ တောင်းပန်မှုကြောင့် မြတ်စွာဘုရားသည် ဝက်အသွင်ဆောင်၍ မြေကြီးကို ထုတ်ဖော်ပေး၏။

မြေကြီးဖြစ်ပေါ်လာသောအခါ မနုသည် မိမိမယားနှင့်အတူ တရားကျင့်နေ၏။ အကျင့်အားဖြင့် သူတို့သည် မြတ်စွာဘုရားကို နှစ်သက်စေ၏။ ဘုရားသခင်ကို ဖူးတွေ့ပြီး၍ ဘုရားသခင်၏ အမိန့်ဖြင့် မဟာရာဇ မနုသည် သတ္တဝါ ဖြစ်ပေါ်စေရန် တာဝန်ခံလိုက်၏။ ထို့နောက် မနုသည် သတရူပါအားဖြင့် သားနှစ်ယောက်နှင့် သမီးသုံးယောက် ပေါ်ပေါက်စေလေသည်။

မဟာရာဇ မနု၏သားနှစ်ယောက်မှာ ပိယဝြတ္တနှင့်ဥတ္တာနပါဒဖြစ်၍ သမီးတို့မှာ အာကူတိ, ဒေဝဟူဘိနှင့် ပသူတိတို့ဖြစ်ကုန်၏။

ဖန်ဆင်းခြင်း၏ ပထမကမ္ဘာတွင် မနု မဟာရာဇ၏အဆက်အနွယ်တို့ဖြင့်သာလျှင် ကမ္ဘာပေါ်မှာ အလုံးစုံသော လူမျိုးများ တိုးပွားနေလေသည်။

မဟာရာဇ မနု၏ပထမသား ပိယဝတ္တသည် လွန်စွာ ဘုရားသခင်ကို ဆည်းကပ်၏။ သူသည်ပင်လျှင် ဤမြေကြီးကို ကျွန်းကြီးခုနစ်ခု ခွဲဝေသူ ဖြစ်၏။ ဒုတိယ သား ဥတ္တာနပါဒကား ဒြုဝကဲ့သို့ပင် မွန်မြတ်သော ဘုရားသခင်၏ တပည့်ဖြစ်သည်။

မနု၏သမီး အာကူတိသည် ဘုရားသခင် ယဇ်အသွင်ဆောင်ယူသော ရသေ့ကြီး ရုစိနှင့် ထိမ်းမြား၏၊ ဒုတိယသမီး ဒေဝဟူတိသည် မြတ်စွာဘုရားသခင် ကပိလအသွင်ဆောင်ယူသော ရသေ့ကြီး ကဒ္ဒမနှင့်ထိမ်းမြား၏။ တတိယ သမီး ပသူတိသည် ဗြဟ္မာကြီး၏ မာနသ(စိတ်)သား ဒက္ခနှင့် ထိမ်းမြား၏။

ဤသူတို့၏ အဆက်အနွယ်ဖြင့်သာလျှင် လောက၌ မနုသာလူသားများအဆက်ဆက် တိုးတက်ပွားများခြင်းဖြစ်၏။မဟာရာဇ မနုသည် မိမိအမျိုးအနွယ်တို့ လမ်းကောင်းပေါ်၌ သွားစေရန်အတွက် မာနဝ ဓမ္မသတ္တ၏ ဥပဒေသကို ပြုတော်မူ၏၊ ယင်း မနုဓမ္မသတ်သည် ယခုတိုင် လူ့လောကတွင် ထင်ရှားလျက် ဓမ္မသတ်တို့တွင် ပဓာန ဖြစ်နေလေသည်။

မဟာရာဇာ မနုသည် မနုသာ လူသားတို့အတွက် ဘယ်ကဲ့သို့သော ဓမ္မသတ်ကျမ်း ပြုစုခဲ့သနည်း။ သက္ကတဘာသာ၌ရှိသော မနုဓမ္မသတ် အစစ်အမှန်ကို အတော်အတန် သိရန်လိုပေသည်၊ မြန်မာလူမျိုးတို့အတွက် မနုဓမ္မသတ်ကျမ်းကို မြန်မာဘာသာပြန်ဆိုရန် မြန်မာနိုင်ငံ သနန္တန ဓမ္မပါလက အဖွဲ့က စာရေးသူအား တိုက်တွန်းဖူးသည်။ သက္ကတဘာသာ မနုဓမ္မသတ် စာအုပ်ပါပို့ပေးလာ၏။ မြန်မာတို့အတွက် လိုအပ်သောကျမ်းမြတ်တစ်ခုပင်ဖြစ်ပေသည်။ ဗြာဟ္မဏဝါဒ ဝေဒကျမ်းမှ

ယှက်ပေါ်လာသော ကျမ်းဖြစ်သော်လည်း အခြားသူတို့အတွက် အဖိုးထိုက်တန်သော မနုသာနီတိများ အများအပြားပင် ပါဝင်၏။ ကျမ်းစာမှာ ကောင်းလွန်းလှ၍ ပုံနှိပ်ထုတ်ဝေသူများ နှစ်သက်လှမည် ဟုတ်သဖြင့် မတို့ရဲ့အောင် ဖြစ်နေသည်။ ဤပွင့်မူကား စကားအလျဉ်းသင့်သဖြင့် အတော်အသင့် ကောက်နုတ်ပြန်ဆို ဖော်ပြလိုက်ပါသည်။ မနုဓမ္မသတ်၏ အစီအစဉ်အတိုင်းတော့ မဟုတ်ပါ။ သူတို့၏ ဗြာဟ္မဏဝါဒအားလျော်စွာ မနုဿ လူသားတို့၏ ယဉ်ကျေးမှု ကျင့်စဉ်ပေါ်လွင်စေရန် ဖျောက်ခြား ကောက်နုတ် ဖော်ပြလိုက်ပါသည်။ ယင်းဖြင့် မူရင်း မနုဓမ္မသတ်ကို အကဲခတ်ကြပါကုန်။

အောက်ကိုကြည့်ကာ မြေအနိမ့်အမြင့်ကို ကြည့်ပြီးသွားရာ၏။ ရေကို အဝတ်နှင့် စစ်၍ သောက်ရာ၏။ သစ္စာဖြင့် ဖြူစင်အောင်ပြု၍ စကားဆိုရာ၏။ စိတ်ဖြင့် စဉ်းစား ဆင်ခြင်လျက် ကျင့်ကြံ နေထိုင်ရာ၏။

ကလေး ငါးနှစ် သို့မဟုတ် ရှစ်နှစ် ပြည့်ပြီးသည့်နောက် မည်သူမျှ မိမိ သားသမီးတို့ကို အိမ်၌ မထားနိုင်အောင် လူမျိုးဇာတ် ဥပဒေ လုပ်ထားရာသည်။ စာသင်ကျောင်း မပို့သူတို့အား အပြစ်ဒဏ် ပေးရာ၏။

ရေဖြင့် ခန္ဓာကိုယ်၏ အပြင် ဗဟိဒ္ဓ အစိတ်အပိုင်းများ ဖြူစင်သန့်ရှင်းကုန်၏။ မှန်သော သစ္စာဖြင့် စိတ်ဖြူစင်၏။ အတတ်ပညာဖြင့် ခြိုးခြံစွာ ကျင့်ခြင်း

ကြောင့် အတ္တဝိညာဉ် ဖြစ်၏၊ အလုံးစုံကို တက်သိ နားလည်ခြင်းကြောင့် ဉာဏ်ပညာ ဖြစ်၏။

မီးတွင် ဖုတ်လျှင် ရွှေစသော ဓာတ်သတ္တုတို့၏ အညစ်အကြေး စင်ကြယ်သကဲ့သို့ အာနာပါန ဆောက်တည်လျှင် စိတ်စသော ဣန္ဒြေတို့၏ အညစ်အကြေးတို့ စင်ကြယ်ကုန်၏။

တောသို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့သွား၍ သတိ ဝီရိယနှင့် ရေအနီး၌ ထိုင်လျက် ကိုယ်လက် သုတ်သင် ခြင်းကိုပြုလျက် သာဝိတြီ သို့မဟုတ် ဂါယတြီ မန္တန်ကို ရွတ်ခြင်း, အနက်အဓိပ္ပာယ်ကို နားလည်ခြင်း, ထိုမြင် မန္တန်နှင့် အညီ မိမိအကျင့်အာစာရကို ပြုပြင်ရ၏။ (သာဝိတြီအကြောင်း ဇာဥယျာဉ်၌ ကြည့်ပါ)

ရှစ်နှစ်အရွယ်မှ နောက် ၃၆ နှစ် မြောက်သည့် တိုင်အောင် ဝေဒတစ်ကျမ်းစီ အင်္ဂါနှင့်တကွ သင်ယူ ရာ၌ ၁၂ နှစ်စီပေါင်း၍ ၃၆ နှစ်နှင့် ရှစ်နှစ်ပေါင်း ၍ ၄၈ နှစ်တစ်နည်း ၁၈ နှစ် ဗြဟ္မစရိယနှင့် ပထမ ရှစ်နှစ်ပေါင်း၍ ၂၆ နှစ်,တစ်နည်း ကိုးနှစ်နှင့် ပညာ မပျက်မချင်း ဗြဟ္မစရိယ ကျင့်နေရမည်။

ညှဉ်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း, မှန် သော သစ္စာစကားကို ပြောဆို ကျင့်ကြံခြင်း, ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ခိုးဝှက်ခြင်းမှ ရှောင်ကြဉ် ခြင်း, မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း, အလှန်

လောဘ မာနကြီးခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော အကျင့်ငါးပါးကို ကျင့်ဆောင်အပ်၏။

အလှန်အလိုကြီးခြင်း, အလိုဆန္ဒ လုံးဝကင်းခြင်း-နှစ်ပါးလုံးပင် မည်သူ့အတွက်မျှ မကောင်းမြတ်၊ အကြောင်းကား အလိုဆန္ဒ ကင်းသည်ဖြစ်မူ ဝေဒကျမ်းလာ ဉာဏ်ပညာနှင့် ကုသိုလ်မှုတို့ကို မည်သူမျှ ပြုစွမ်းနိုင်တော့မည် မဟုတ်ချေ။

အလုံးစုံသော သင်ယူပို့ချခြင်း, ဗြဟ္မစရိယ အကျင့်တို့ကို ကျင့်ဆောင်ခြင်း, ဟုံးပူဇော်ခြင်း, အမှန်ကို ယူ၍ အမှားကိုပယ်ခြင်း, မှန်ကန်သော ပညာကိုပေးခြင်း, ဝေဒကျမ်းလာ ဘုရားကို ပူဇော်ခြင်း, အသိဉာဏ် ပညာကို ရယူခြင်း, လဝက်ဆောက်တည် ကျင့်ဆောင်ခြင်း, သားသမီးကောင်း မွေးဖွားအောင် ပြုခြင်း, မဟာယဇ်ကြီး ငါးပါးနှင့် ယဇ်မီး ပူဇော်ခြင်းတို့ဖြင့် မိမိ ကိုယ်ခန္ဓာကို ဗြာဟ္မဏ ဖြစ်စေအပ်၏။

ကျွမ်းကျင်သော ရထားထိန်းသည် မြင်းတို့ကို နိုင်နင်းစွာ ထိန်းကျောင်း မောင်းနှင်သကဲ့သို့ စိတ်နှင့် အတ္တကို မကောင်းမှုတို့သို့ ဆွဲဆောင်တတ်သော အာရုံတို့၌ ကျင်လည် ကျက်စားနေသော ဣန္ဒြေတို့ကို ချုပ်တီး ထိန်းသိမ်းရန် အစွမ်းကုန် ကြိုးစားအပ်၏။

အသက်ဇီဝသည် ဣန္ဒြေတို့အလိုသို့ လိုက်၍ စင်စစ်အားဖြင့် ကြီးလေးသောအပြစ်ဒေါသတို့ကို ကျရောက်

၏၊ ဣန္ဒြေတို့ကို မိမိအလိုသို့လိုက်အောင် ထိန်းသိမ်းနိုင်အောင် ပြုမှသာ ပြီးစီးအောင်မြင်၏။

အကျင့်အာစာရ ယုတ်မာသူအား ဝေဒ, စာဂ, ယဇ်, နိယမ, တပနှင့် အခြားကောင်းမှုတို့သည် ဘယ်အခါမျှ မပြီးမြောက် မအောင်မြင်နိုင်ချေ။

ဝေဒကို သင်ယူ ပို့ချခြင်း, ဘုရား ဝတ်ပြုခြင်းစသော မဟာယဇ်ကြီး ငါးပါးကို ပူဇော်ခြင်း, မီးပူဇော်သော မန္တန်တို့၌ ပြတ်လပ်ခြင်း မရှိအပ်ပေ၊ အကြောင်းကား နေ့စဉ်ပြုအပ်သော ဝတ္တရားတို့၌ ပြတ်လပ်ခြင်း မရှိအပ်၊ ထွက်သက်ဝင်သက်သည် အမြဲမပြတ် ရှုနေဘိသကဲ့သို့ နေ့စဉ်ဝတ်ကိုလည်း အမြဲမပြတ်ပြုအပ်၏၊ တစ်နေ့မှ ဖြတ်မထားအပ်ပေ၊ မပြတ် ပြုအပ်သော မီးပူဇော်ခြင်းစသော မြင့်မြတ်သော အမှုတို့သည် ကုသိုလ်ဖြစ်၏၊ မုသားပြောခြင်းသည် အမြဲအပြစ်ဖြစ်၍ မှန်စွာပြောခြင်းမှာ အမြဲ ကုသိုလ်ဖြစ်သကဲ့သို့ မကောင်းမှုပြုရာ၌ အခါခပ်သိမ်း အပြစ်ဖြစ်၏၊ ကောင်းမှုပြုရာ၌ အခါခပ်သိမ်း အကျိုးတရားဖြစ်၏။

ယဉ်ကျေးသိမ်မွေ့၍ အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံသောလူကြီးတို့ကို အမြဲဆည်းကပ်တတ်သော သူတို့အား အသက်ရှည်ခြင်း၊ ဉာဏ်ပညာကြီးခြင်း, အကျော်အစောနှင့်ခွန်အားဗလပြည့်စုံ တိုးတက်ခြင်း အကျိုးကို ရရှိခံစားရ၏။

ပညာရှိနှင့် ကျောင်းသားတို့သည် ရန်ငြိုးမထား မူ၍ အားလုံးသောလူတို့အား ကောင်းကျိုးပေးမည့် လမ်းကိုညွှန်ကြားရာ၏၊ ညွှန်ကြားသင့်သင်သော သူ သည် အစဉ်ချိုမြိန်ကောင်းမြတ်သောစကားကို ဆိုရာ ၏။ ဓမ္မတရားတိုးတက်ကြီးပွားခြင်းကို လိုလားသူသည် ဖြောင့်မှန်သောနည်းလမ်းကို လိုက်နာကျင့်ကြံ၍ မှန် ကန်သောတရားကိုသာ ဟောပြောပြသရာ၏၊ နှုတ်နှင့် နှလုံးဖြူစင် တည်ကြည်သော သူသာလျှင် အားလုံး သော ဝေဒနှင့်ဝေဒကျမ်းလာ အကျိုးတရားအားလုံး ကို ရယူအပ်၏။

အကျော်အစောကို အဆိပ်သဖွယ် ကြောက်ရွံ့၍ ကဲ့ရဲ့ရှုတ်ချခြင်းကို အမြိတ် သုခဘုတ်သဖွယ် လို လားတောင့်တသော ဗြာဟ္မဏသာလျှင် အလုံးစုံသော ဝေဒကျမ်းစာနှင့် ဘုရားသခင်ကို သိမြင်နိုင်၏။

အနည်းဖြင့် စလွယ်တင်အပ်ပြီးသော ဗြာဟ္မဏ ဗြဟ္မစာရီလုလင်နှင့် လုံမသည် အဖြည်းဖြည်း ဝေဒ ကျမ်းလာ ဉာဏ်ပညာ တည်းဟူသောအကျင့်ကို တိုး တက်အောင် ပြုရာ၏။

ဝေဒကျမ်းစာတို့ မသင်ဘဲ အခြား စာပေပညာ ကို အားထုတ်ကြိုးစားသင်ကြားသူသည်မိမိသားမြေး နှင့်တကွ ယုတ်ညံ့သော အမျိုးဇာတ်သို့ အမြန်ရောက် ရ၏။

ဗြဟ္မစာရီဖြစ်သော စာသင်သား အမျိုးသား အမျိုးသမီးများသည် သေရည်သေရက်, အသား, အမွှေး, နံ့သာ, ပန်းမာလာ, အရသာ, မေထုန်မှီဝဲခြင်း, အချဉ်အားလုံး, အသက်သတ်ခြင်း, ကိုယ်လက်အင်္ဂါဆုပ်နယ်ခြင်း, အကြောင်းမရှိဘဲ အင်္ဂါဇာတ်တို့ကို ထိကိုင်ခြင်း, မျက်စိတို့၌ မျက်စဉ်းဆေး လိမ်းကျံခြင်း, ထီး, ဖိနပ်ဆောင်းခြင်း, ကာမ, ကောဓ, လောဘ, မောဟ, ဘယ, သောက, ဣဿာ, ဒေါသ, ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, လောင်းတန်းကစားခြင်း, အကျိုးမရှိသော ပုံဝတ္ထုတို့ကို ပြောဆိုနားထောင်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, မုသားပြောခြင်း, မိန်းမတို့ကိုကြည့်ရှုခြင်း, အဘုအညီပေးခြင်း, သူတစ်ပါးအကျိုးယုတ်အောင်ပြုခြင်း စသော အကုသိုလ်မှုတို့ကို အမြဲရှောင်လွှတ်အပ်၏။ တစ်ယောက်တည်းအိပ်ရမည်၊ သုက်ကို ဘယ်တော့မှ မလွှတ်စေရ၊ ကာမဆန္ဒအရ သုက်သွေးကို လွှတ်စေခဲ့လျှင် ဗြဟ္မစရိယ အကျင့်ပျက်၏။

အလိုနည်းသူတို့ မျက်စိအမြင်၌ အနည်းငယ်သော ထွန်းကားခြင်း ဖြစ်လာဖို့ရန် အလွန် ခဲယဉ်း၏။ ထို့ကြောင့် ပြုပြုသမျှအမှုတို့သည် အလိုဆန္ဒစေ့ဆော် အားထုတ်ခြင်းမှကင်း၍ မဖြစ်နိုင်။

ပြောဆိုနားထောင် သင်ယူပို့ချခြင်းတို့၏ အကျိုး ဘာရး သည်ကား ဝေဒနှင့် လျော်ညီသော သုတ်,

သမိတိကျမ်းဆို တရားတို့ကို အမြဲကျင့်ဆောင် နေရာ သည်၊ အကြောင်းကား အကျင့်တရားမှကင်းသူသည် ဝေဒကျမ်းလာ အကျင့်တရားမှ ဖြစ်ပေါ်လာသော သုခကို မခံစားနိုင်ချေ။ အတတ်ပညာသင်ကြားလျက် တရားကျင့်သူသာလျှင် အလုံးစုံသောသုခကို ရရှိခံစား နိုင်သည်။

ဝေဒနှင့်ဝေဒ အစိတ်အင်္ဂါကျမ်းဂန်တို့ကို မရှိ မသေပြုခြင်း, ကဲ့ရဲ့ပြစ်တင်ခြင်းပြုသော နတ္ထိက အယူ ရှိသူအား အမျိုးဇာတ်မှလည်းကောင်း၊ လူ့အစဉ်မှ လည်းကောင်း, တိုင်းပြည်မှလည်းကောင်း, နှင်ထုတ်ပစ် အပ်၏။ အကြောင်းကား ဝေဒ, သမိတိ, ကောင်း မြတ်မှန်ကန်သောသီလနှင့်အကျင့် အာစာရ- ဤလေး ပါးတို့သည်ပင် ဓမ္မ၏လက္ခဏာအင်္ဂါ ဖြစ်သည်။

ရွှေငွေစသော အတ္တ, မိန်းမဟူသော ကာမနှင့် ဆက်ဆံပေါင်းဖော်ခြင်းတို့၌ မကပ်ငြိ သူအားသာ လျှင် တရားဉာဏ်အမြင်ကို ရနိုင်သည်။ တရားဉာဏ် ကို လိုလားတောင့်တသူသည် ဝေဒကျမ်းဖြင့် တရား ကို ဆုံးဖြတ်ဝေဖန်အပ်၏။ အကြောင်းကား တရား သည် မတရားသည်ကို ဝေဒမှကင်း၍ ကောင်းစွာ မဆုံးဖြတ်နိုင်ချေ။

တိုင်းပြည်ရှင် မင်းတို့ဝတ္တရားမှာ အလုံးစုံသော မိန်းကလေး, ယောကျ်ားကလေးတို့ကို ပြဆိုခဲ့သော အချိန်ကာလတိုင်အောင် ဗြဟ္မစရိယ အကျင့်ကို ကျင့်

ဆောင်စေလျက် ပညာရှိ ဖြစ်စေရာ၏။ဤဥပဒေသကို မလိုက်နာသော မိဘတို့ကို အပြစ်ဒဏ် ပေးရာ၏။

လောကရှိ ဒါနအားလုံးတို့တွင် ပညာဒါနသည် အမြတ်ဆုံးဖြစ်၏၊ ထို့ကြောင့် အစွမ်းရှိသလောက် ကိုယ် စိတ်ဥစ္စာဖြင့် အတတ်ပညာတိုးပွားအောင် အားထုတ်ရာ၏၊ သင့်လျော်လျောက်ပတ်သော ဗြဟ္မစရိ ပညာနှင့် ဝေဒကျမ်းလာ သဘောတရား ပြန့်နှံ့၍ တည်သောတိုင်းပြည်သည်သာလျှင် ကံကောင်းသော တိုင်းပြည် ဖြစ်၏။

ဆရာ၏ ဆုံးမဩဝါဒအတိုင်း ဗြဟ္မစရိယ အကျင့်ကို ကျင့်သည်ဖြစ်၍ တရားနည်းလမ်းအတိုင်း အနည်းဆုံး ဝေဒတစ်ပုံကို အဖွင့်နှင့်တကွသင်ကြားပြီး ဗြဟ္မစရိယအကျင့် မကျိုးမပေါက်သော လုလင် လုံမတို့သာလျှင် အိမ်ရာထောင်သော လူ့ဘောင်သို့ဝင်ရာ၏။

တပည့်က ဆရာအားပူဇော်သော ဝတ္တရားအတိုင်း မိဘသဖွယ်ဖြစ်သော ဆရာ့ထံမှ အတတ်ပညာ အဓိပ္ပာယ် အနှစ်တို့ကို ရယူသည်ဖြစ်၍ ပန်းကုံး ဆင်ထားပြီးလျှင် တိုင်ခံပေါ်ကွင်ထိုင်နေသော ဆရာအား ပထမ နွားအလှူဖြင့် ပေးလှူပူဇော်ရာ၏။ ဤသို့ လက္ခဏာနှင့်ပြည့်စုံသော ကျောင်းတော်ပြန် လုလင်ပျို၊ လုံမပျို၏ ဖခင်က နွားအလှူဖြင့် ဧည့်ခံ ဝတ်ပြုရာ၏။

ဆရာ့ထံ ခွင့်ပန် ရေချိုးပြီးနောက် ကျောင်းမှ အစဉ်အတိုင်းလာ၍ ဗြာဟ္မဏ, ခတ္တိယ, ဝေဿသတို့ သားတို့သည် အမျိုးဇာတ်တူ ကောင်းမြတ်သော ကြွန်အင်လက္ခဏာနှင့် ပြည့်စုံသော သတို့သမီးကညာနှင့် ထိမ်းမြားရာ၏။

သတို့သမီးကညာသည် အမိမျိုးဘက်မှ ခြောက်ဆက်အတွင်း မဖြစ်စေရ၊ အဖ၏အနွယ် မဟုတ်စေရ၊ ထိုကဲ့သို့သော အမျိုးသမီးနှင့်သာ ထိမ်းမြားလက်ထပ်ရမည်။

ရွှေ ငွေ ဥစ္စာ, ဆန်ရေ စပါး, နွား ဆိတ် ဆင်မြင်း, လယ်ယာ နယ်မြေနှင့် ပြည့်စုံကုံလုံသော အမျိုးအနွယ် ဖြစ်စေကာမူ အောက်ပါ အမျိုးအနွယ် ဆယ်ပါး ရှောင်ကြဉ်အပ်၏–

ကောင်းမြတ်သော အမှုကိစ္စမှ ကင်းသော, သူတော်ကောင်းမှ ကင်းသော, ဝေဒကျမ်းဂန်ကိုမသင်ကြားသော, ကိုယ်၌ ရှည်လျားကြမ်းကြုတ်သော အမွေးရှိသော, ဒူလာရောဂါ, အဆုတ်ရောဂါ, ချောင်းဆိုးရောဂါ, အစာမကြေရောဂါ, ဝက်ရူး ကြက်ရူး ရောဂါ, သမင်ဖြူ နူနာ, အရေပျော်ကျသော နူနာရှိသော အမျိုး၏ သတို့သား, သတို့သမီးတို့နှင့် လက်မထပ်အပ်ပေ၊ ထိုပြင် ပါသောအဆင်းရှိသူ, အလွန်ရှည်သူ, အလွန်ဝ၍အားကြီးသူ, ရောဂါရှိသူ, အမွေးမရှိသူ, အမွေးများလွန်းသူ,စကားများလွန်းသူ,မျက်

လုံး ပြာသူတို့နှင့် လက်မထပ်အပ်ပေ။ ထို့ပြင်နက္ခတ် အမည်မှည့်ခေါ်ထားသူ, သစ်ပင် အမည် မှည့်ထား သူ,မြစ် အမည် မှည့်ထားသူ, ယုတ်ညံ့သော အမျိုး အမည် မှည့်ထားသူ, တောင် အမည် မှည့်ထားသူ, ငှက်အမည် မှည့်ထားသူ, မြွေအမည် မှည့်ထားသူ, ကျေးကျွန် အမည် မှည့်ထားသူတို့နှင့်လက်မထပ်အပ် ပေ။

ဖြောင့်တန်း ကြော့ရှင်းသော ကိုယ်, လှပသော အမည်နာမ, ဟင်္သာနှင့် ဆင်မကဲ့သို့ သွားတတ်သော, နူးညံ့သောအမွေး အမှင်, လှပစေ့စုံသော သွား, နူးညံ့ပျော့ပျောင်းသော ကိုယ်ခန္ဓာရှိသူ သတို့သမီးတို့ နှင့် ထိမ်းမြားအပ်၏။

သမီး ကညာသည် ဥတုရာသီ ရောက်ပြီးနောက် သုံးနှစ်တိုင် လင်ရှာပြီးလျှင် မိမိနှင့်တူသော လင်ကို ရယူရာ၏။ တစ်လ တစ်ကြိမ် ရာသီလာခဲ့လျှင် သုံးနှစ် တွင် ၃၆-ကြိမ်လာပြီးမှ အိမ်ထောင်ပြုရာသည်။

မိန်းကလေး-ယောကျ်ား ကလေးတို့သည် တစ် သက်လုံးအပျို-လူပျို အဖြစ်ဖြင့် နေလိုက နေပါစေ၊ သို့ရာတွင် မိမိနှင့် ဂုဏ်, သဘာဝမတူသူနှင့်ဘယ်အခါ မျှ အိမ်ထောင်မပြုရာ။

လင်နှင့်မယားအခါခပ်သိမ်း ကြည်သာ ရွှင်ပျနေ ကြသော အမျိုး၌ ရွှင်ပျော် ဝမ်းမြောက်ခြင်း,ပစ္စည်း ဥစ္စာနှင့် အကျော်အစော တည်နေ၏။ တစ်ဦးနှင့်တစ်

ဦး ဆန့်ကျင်ခြင်း, ခိုက်ရန်များခြင်း ဖြစ်နေသော အမျိုး၌ ဒုက္ခများခြင်း, ဥစ္စာမဲ့ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း များ တည်နေ၏။

အဖ, အဖိုးတို့ သွားသော လမ်းဖြင့် သားသမီး တို့လည်း သွားရာ၏။ သို့ရာတွင် သူတော်ကောင်းအဖ, အဖိုးဖြစ်မှသာ သူတို့လမ်းကို လိုက်ရာ၏၊ အဖ,အဖိုး တို့ သူမိုက်ဖြစ်ခဲ့သော် သူတို့လမ်းအတိုင်းဘယ်အခါမျှ မလိုက်ရာ။

အမျိုးညံ့၌ မွေးဖွားလာသော်လည်း ဗြာဟ္မဏ, ခတ္တိယ, ဝေဿ ကဲ့သို့သော ဂုဏ်, အမူ, သဘော တရားနှင့် ပြည့်စုံပ လျှင် သူသည် ဗြာဟ္မဏ, ခတ္တိယ, ဝေဿပင် ဖြစ်ရာသည်။ အမျိုးမြတ်၌ မွေးဖွားသော် လည်း ထိုကဲ့သို့သော ဂုဏ်စသည်နှင့် မပြည့်စုံပါလျှင် ထိုဗြာဟ္မဏ စသည်တို့သည် အမျိုးညံ့ ဖြစ်သွားရာ သည်။

မိမိ၏ အိမ်သူ ဇနီးနှင့်သာ နှစ်သက်မြတ်နိုး၍ ဥတု ရောက်သော အခါ၌သာ ကာမစပ်ယှက်သော အိမ်ရာ ထောင်သူသည်လည်း ဗြဟ္မစာရီ (လူပျို) သဖွယ်ပင် ဖြစ်၏။

ယောကျ်ားသည် မိန်းမ, မိန်းမသည် ယောကျ်ား နှင့် အချင်းချင်း နှစ်သက်မြတ်နိုးသော အမျိုး၌ အလုံးစုံသော ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် အစိုး ရခြင်းသည် တည်နေ၏။ လင်မယားချင်း မသင့်မတင့်

ခိုက်ရန်ဖြစ်ပွားသော အမျိုး၌ ဆင်းရဲဒုက္ခ ဖြစ်ပွားနေတတ်၏။ မိန်းမသည် ယောက်ျားအား မမြတ်နိုးဘဲ ယောက်ျား၏ စိတ်ရွှင်လန်းအောင် မပြုလျှင် ကာမဂုဏ်လည်း မဖြစ်နိုင်။ မိန်းမ၏ စိတ်နှလုံး ရွှင်ပြုံးရာ၌ တစ်အိမ်လုံး ရွှင်ပြုံးကြ၏။ စိတ်ညစ်ညူးရာ၌ တစ်အိမ်လုံး စိတ်ညစ်ညူးကြရ၏။

ဖခင်, အစ်ကို, လင်နှင့်မတ်တို့အား ရိုသေ လေးစားခြင်းနှင့်တကွ အဝတ်တန်ဆာတို့ဖြင့် ရွှင်လန်းဝမ်းမြောက်စေရာ၏။ ကောင်းကျိုးချမ်းသာ မင်္ဂလာကို လိုလားသူတို့ ဤသို့ပြုရာသည်။

အိမ်သူ ဇနီးအား လေးစား ရိုသေသော အိမ်၌ ဉာဏ်ပညာနှင့် ပြည့်စုံသော ယောက်ျားဖြစ်၍ နတ်သား အမည်ကို ခံယူကာ ရွှင်ပျော်စွာ ချမ်းသာသုခ ခံစားရ၏။ ဇနီးကိုမရိုသေသော အိမ်၌ အလုံးစုံသော အမှုကိစ္စတို့ အကျိုးမဲ့ ဖြစ်ကုန်၏။

မိန်းမတို့ သောကဗျာပါဒရှိခြင့် ဆင်းရဲဒုက္ခ ခံစားနေကြရသော အိမ်၌ အမျိုးအနွယ် မကြာမီ ပျက်စီးရ၏။ မိန်းမများ ရွှင်လန်းဝမ်းမြောက်စွာ နေရသော အိမ်၌ အမြဲစည်ပင် တိုးတက်၏။ ထိုကြောင့် စည်းစိမ်ချမ်းသာ အစိုးရခြင်းကို လိုလားသော ယောက်ျားတို့သည် အခွင့်အခါ သင့်တိုင်း မိန်းမတို့အား အဝတ်တန်ဆာတို့ဖြင့် ချီးမြှောက်လေးစားခြင်းကို ပြုရာ၏။

မိန်းမသည် ဝမ်းမြောက် ရွှင်လန်းစွာဖြင့် အိမ်မှုကိစ္စတို့တွင် ကျွမ်းကျင်လိမ္မာသည်ဖြစ်၍ ပစ္စည်းဥစ္စာတို့ကို သိုမှီး သိမ်းဆည်းရာ၏၊ သင့်တော်သလို သုံးစွဲရာ၏၊ အစားအသောက်တို့ကို ဆေးသဖွယ်ဖြစ်အောင် စီရင်ရာ၏၊ အသုံးစရိတ်ကို လင်ယောကျ်ား စသူတို့အား ပြရာ၏။

မြတ်သော မိန်းမ, အထူးထူး အပြားပြားသော ရတနာ, အတတ်ပညာ, သစ္စာ, သန့်ရှင်းခြင်း, ကောင်းစွာ ပြောဆိုခြင်း, အထူးထူးသော လက်မှုစက်မှု ပညာတို့ကို ရရာဒေသ, ရရာပုဂ္ဂိုလ်တို့ ထံမှ ယူရာ၏။

အခါခပ်သိမ်း ချိုသာမှန်ကန်သော စကားကို ပြောဆိုရာသည်၊ မနှစ်လိုဖွယ်သော မှန်ကန်သော စကားကို မဆိုရာ၊ သူတစ်ပါး အကြိုက်ကို လိုက်ပြီး မုသားမဆိုရာ၊ အခါခပ်သိမ်း ယဉ်ကျေးသော လူအားလုံး ကျေးဇူးများသော စကားကို ဆိုရာသည်၊ အပြစ်မရှိဘဲလျက် တစ်စုံတစ်ယောက်သော သူနှင့်မျှ ငြင်းခုံခြင်း မပြုရာ၊ သူတစ်ပါး ကျေးဇူးများ မည်ဖြစ်ပါက မနှစ်လိုစကားမှ မပြောဘဲမနေရာ။

ညဉ့် ၄ ဗဟိုရ်တွင် အိပ်ရာမှထ၍ ကိုယ်သက် သုတ်သင်မှုကို ပြုပြီးနောက် တရားနှင့် စီးပွားချမ်းသာ, အနာရောဂါ၏ လက္ခဏာနှင့် ဘုရားကို အာရုံပြုရာ၏၊ ဘယ်အခါမျှ မတရားမှုကို မပြုရာ။

ပြုအပ်ပြီးသော မကောင်းမှုသည် အကျိုးမပေးဘဲ
မနေချေ၊ မကောင်းမှုပြုဆဲ၌ အကျိုးမပေးသေး၍
သူမိုက်တို့သည် မကောင်းမှုပြုခြင်းမှ ကြောက်ရွံ့ခြင်း
မရှိကြချေ၊ သို့ရာတွင် ထိုမကောင်းမှုသည် တဖြည်း
ဖြည်း သင်၏ကောင်းကျိုးချမ်းသာ အရင်းအမြစ်ကို
ဖြတ်တောက်နေပြီဟု မှတ်ရာ၏။

မသူတော်သည် သူတော်ကောင်းတရား၏ဥပဒေသ
ကို ဖောက်ဖျက်လျက် တိုးပွားလာကာ အကောင်း
တို့ကို တွေ့မြင်၏၊ ထိုနောက် မကြာမီပင် အမြစ်ပြတ်
ပြီးသော သစ်ပင်သည် ပျက်စီးရလေ၏။

ဤကား သက္ကတဘာသာ မနုဓမ္မသတ်မှ ကောက်နုတ်ချက်ဖြစ်၏၊ ဗြာဟ္မဏ ဝါဒတွင် ဝေဒမှတစ်ပါး အလွန်ကြီးကျယ်ခမ်းနားသော ကျမ်းမြတ်တစ်ဆူဖြစ်၏။ အချုပ်မှာ အမျိုးလေးပါးရှိသော မနုဿတို့၏ ကျင့်စဉ် နီတိဖြစ်၏၊ လူတို့၏လူ့ကျင့်ဝတ်ပင်တည်း၊ ဥပဒေ ဆိုသည်မှာလည်း လူ့ကျင့်စဉ်ပင် မဟုတ်လော၊ မနုဆိုသည်မှာ လူ့ဓမ္မကား ကျင့်စဉ်တရား, သတ်=သတ္တက ကျမ်းဂန်ဖြစ်သည်၊ လူ့ကျင့်စဉ် ကျမ်းဂန် စာအုပ်ပင်တည်း။

ဟိန္ဒီဘာသာဖြင့် အတန်ကျယ်ပြန့်စွာရှိသော မဟာရာဇမနုအကြောင်းကို ဤတွင် လိုအပ်သမျှ ကောက်နုတ်ပြန်ဆိုလိုက်ခြင်း ဖြစ်၏၊ မနုနှင့်ပတ်သက်၍ မြန်မာတို့၏ ရှေးအစဉ်အလာ အယူအဆနှင့် ဟိန္ဒူတို့၏ အယူအဆကို နှိုင်းယှဉ်လေ့လာရန်အတွက် ဖြစ်၏၊ ရှေးလူတို့သည် မည်သည့် အကြောင်း

အရာမဆို စိတ်ဝင်စားဖွယ်ကောင်းအောင် ဥပမာ ပုံဆောင်ပြီး ညွှန်ပြလေ့ရှိ၏၊ ကာလကြာမြင့်သောအခါ ထိုတင်စားချက်တို့မှာ တစ်ရံသောအခါက အဟုတ်တကယ် ဖြစ်ပျက်ခဲ့သည့်အသွင် ဖြစ်သွားကုန်၏၊ အကယ်၍ တင်စားချက်ကို သိပါမူကား ထိုအတွက် ပြဿနာမဖြစ်ချေ၊ အသားကိုရွေးပြီး အေးအေး သုံးဆောင်နိုင်လေသည်။

မနုဆိုသည်မှာ မနုဿ လူသားဖြစ်ကြောင်း ရှေ့ပိုင်းက ပြောပြခဲ့၏၊ ဤဟိန္ဒူဝါဒတွင် ဗြဟ္မာကြီးက သူ့သား မနုအား လူကိုဖန်ဆင်းရန် တာဝန်ပေး၏၊ သူသည် ဗြဟ္မာကြီး၏ အမိန့်အရ လူတွေကို ဖန်ဆင်း၏၊ သို့မဟုတ် လူဖြစ်အောင် လုပ်၏၊ မနုက မနုဿတွေကို ဖြစ်စေ၏၊ စင်စစ် မနုမှာ မနုဿပင် ဖြစ်၏၊ မနုဿဖြစ်သော မနုက လူ့ကျင့်ဝတ်ဖြစ်သော မာနဝ ဓမ္မသတ္ထခေါ် ဓမ္မသတ်ကို ချမှတ်ပေး၏၊ လူက လူ့ကျင့်ဝတ် ဥပဒေ ပြုလုပ်ခြင်းပင်တည်း။

လူပြုသော လူ့ကျင့်စဉ်ကို လူတို့ လေးစားမြတ်နိုးစွာ လိုက်နာကြစေရန် မနုကို အဆန်းတကြယ် အံ့ဩဖွယ် ဖန်ဆင်းလိုက်ခြင်း ဖြစ်၏၊ မနုကို မနုဿတွေ လေးစားမြတ်နိုးလေမှလည်း သူပြုသော မာနဝ ဓမ္မကျမ်းစာ ညွှန်ပြသည့်အတိုင်း လိုက်နာ ကျင့်သုံးပေမည်၊ ပုဂ္ဂိုလ်ကိုခင်မှ တရားကို မင်သည် ဟူသော စကားအတိုင်းပင် ဖြစ်၏၊ ထို့ကြောင့် လူဖြစ်သော မနုကို ဟိန္ဒူကလည်း သူတို့အယူဝါဒနှင့်၊ မြန်မာတို့ကလည်း မိမိတို့ အယူဝါဒနှင့် ဖက်စပ်ပြီး ထူးထူးထွေထွေ တန်ဆာ

ဆင်ကြခြင်း ဖြစ်လေသည်။ ထို့နောက်တွင်မူ မနု၏ ဓမ္မသတ် ဥပဒေ အချက်တို့ကိုပင် ဥပမာ ပုံသက်သေများ ထုတ်ဆောင်ပေးလာကြသည်။

ဤစာအုပ်မှာ ဓမ္မသတ်မှ ဖြတ်ထုံးဖြစ်သော ပုံသက်သေအချို့ကို စုပေါင်းဖော်ပြထား၏၊ မနုဓမ္မသတ်တွင်–“ဘဏ္ဍာဂါရိက ဖြစ်သော ဥစ္စာနှင့် အိမ်ရှင်သည် နှံသောသူ လာယူမှ တည်း ပေးရာသည်၊ နှံသောဥစ္စာကို ယူတုံသော်လည်း နှံသောသူလည်းကောင်း ယူရာ၏–”ဟု ဥပဒေသ လာရှိ၏၊ ယင်းဓမ္မသတ် ဥပဒေသကို ပုဏ္ဏားခုနစ်ယောက်တို့ ဥယျာဉ်သည် လင်မယားထံ ငွေခြောက်ရာ နှံသောအမှု၏ ဖြတ်ထုံးဖြင့် ပုံသက်သေပြ၏။ ဤ ပုံသက်သေတို့ကိုလည်း တရံသောအခါက တကယ်အမှန် ဖြစ်ခဲ့သည်ဟု တစ်ထစ်ချပြောမပြနိုင်ချေ၊ ထို့ပြင် ယုတ္တိမရှိဟုလည်း ပြဿနာမလုပ်သင့်ချေ။ ဤပုံသက်သေ၏ ရည်ရွယ်ချက်မှာ ဥစ္စာနှံသော ဓမ္မသတ်ဥပဒေသကို ကောင်းစွာ သဘောပေါက်ရန်အတွက် ဖြစ်၏။

မနုဓမ္မသတ်တွင်လာသော ဤဥစ္စာနှံသော ဥပဒေသမှာ စာလုံးများလှပါ၏၊ ထိုရာတွင် မည်သူမျှ အလွတ်ကျက်မှတ်ထားချင်မည်မဟုတ်ချေ။ ထို့ထက် စာလုံးပေါင်း အဆများစွာသာလွန်သောဖြတ်ထုံး ပုံသက်သေကိုကား တစ်ခါကြားနာဖူးရုံဖြင့် တစ်သက်လုံးမှတ်မိသွားနိုင်သည်၊ အကြောင်းကား ပုံသက်သေမှာ ဓမ္မသတ်ဥပဒေသကို အလင်္ကာဖြင့် တန်ဆာဆင်ကာ ရသဖော်ထားခြင်းကြောင့် ဖြစ်၏။ ထပ်၍ ဆိုရသော် ဓမ္မသတ်၏ဥပဒေသတို့မှာ ယုတ္တိ၏သာဓကတို့ ဖြစ်

၏၊ ယင်းတို့သည် ယုတ္တိရှိ၏၊ သဘာဝယုတ္တိရှိလျှင် ကိုးစားရာ၏၊ဖြတ်ထုံးပုံသက်သေတို့ကား ယုတ္တိမရှိသည်က များ၏။ ယင်းတို့ကို ယုတ္တိဖြင့် မစဉ်းစားသင့်ချေ၊ အကယ်၍ ယုတ္တိကို ဦးစားပေးပါကလည်း ဤမျှ စိတ်ဝင်စားဖွယ် ဖြစ်လိမ့်မည် မဟုတ်ချေ။

ကမ္ဘာအရပ်ရပ် လူမျိုးအသီးသီးတွင် ဤသို့သော ပုံသက်သေများ ရှိကြ၏၊ သို့ရာတွင် သူတို့သည် ပုံသက်သေကို ပုံသက်သေအဖြစ် သိကြသည်၊ သဘာဝ ယုတ္တိ စသည်တို့ဖြင့် ဟုတ္တိ ပတ္တိမလုပ်ကြချေ၊ မြန်မာတို့ကား လွန်စွာ ခေတ်မီသူများဖြစ်၍ ဤကဲ့သို့ ယုတ္တိမရှိသော ပုံသက်သေမျိုးကိုအရမ်း လက်မခံလိုကြချေ၊ မျက်စိမှိတ်ပြီး မယုံချင်ကြပေ၊ထို့ကြောင့် ပုံသက်သေဆိုသည်မှာ တကယ်မဟုတ်ပါ၊ ဥပမာ ပုံဆောင်ခြင်းသာ ဖြစ်ပါသည်ဟု အထပ်ထပ်အခါခါ မှာနေရခြင်း ဖြစ်၏၊ သို့ရာတွင် ယုတ္တိရှိသော ဓမ္မသတ်ကိုကား ငြီးငွေ့စရာဖြစ်၍ မဖတ်မရှုကြချေ။

စင်စစ်မှာလည်း သာမန် ရိုးရိုးလူတစ်ယောက်သည် ဓမ္မသတ်ကိုမဖတ်ချင်ပေ၊ ယင်းကို ဖတ်ရသည်မှာ ဆေးအညွှန်းစာကိုဖတ်ရသို့ ငြီးငွေ့စရာ ကောင်းလှပါ၏။ ဆေးခါးကြီးကို နှစ်၍ မျိုရသကဲ့သို့ ဝန်လေးလှ၏၊ သို့ရာတွင် သက်ဆိုင်သူတို့ကား အချက်ကောင်းတစ်ကွက်ကိုလက်ခနဲတွေ့လိုက်ရလျှင် ရုတ်တရက်မှုံကျင်းကိုတွေ့ရသော နွားကျောင်းသားကဲ့သို့ ရွှင်မြူးသွားပေမည်၊ သို့ရာတွင် သက်ဆိုင်သူကား အဘယ်မျှရှိလေသနည်း၊ သက်ဆိုင်သူအရေအတွက်ကို ဓမ္မ

သတ်စာအုပ် ပုံနှိပ်ထုတ်ဝေသော စောင်ရေဖြင့် အကဲဖြတ်နိုင်၏၊ ဤတွင် ကင်းဝန်မင်းကြီး၏ သမ္မုဟာနုဝိစ္ဆေဒနီ ဓမ္မသတ်ချုပ်မှ မြန်မာတရားလမ်း ဓမ္မသတ် အချီးနိဒါန်းကို ဖော်ပြလိုက်ပါသည်၊ စမ်းကြည့်ပါတိ-

ဤမြန်မာ တရားလမ်းဖြစ်သော ဓမ္မသတ်ကျမ်းသည်ကား ဗုဒ္ဓဘာသာ သာသနာ၏တည်ရာ တိုင်းပြည် အရပ်ရပ်တို့၌ ထီးနန်းမင်းအဆက်ဆက်မပျက် သုံးဆောင်စီရင်ရာဖြစ်သော ဓမ္မသတ် အရပ်ရပ် ထွက်ဆိုကုန်သော တရားအပေါင်းတို့တွင် ထုတ်ပြန်တော်မူသော အမိန့်တော် ပြန်တမ်း အက်ဥပဒေ တရားလမ်းတို့နှင့် မဆန့်ကျင်သော တရားမျိုးအပေါင်းတို့ကို ကောင်းစွာထုတ်နုတ်၍ စီမံရန် ဓမ္မသတ် အစောင်စောင်တို့၏ နိဒါန်းသည် အမည်အားဖြင့် ကွဲပြားထွက်ဆိုကြကုန်၏၊ ထိုသို့ ကွဲပြားခြင်းရှိသောကြောင့် အရပ်ရပ် နိဒါန်းထွက် ဓမ္မသတ်ကျမ်း၏အမည်ကို ကုန်စင်အောင်စုပေါင်း၍ စာရင်းအားဖြင့် ပြပေအံ့။

၁။ မနုဓမ္မသတ်၊ ၂။ မနောသာရဓမ္မသတ်၊ ၃။ မာနုဘာဝက ဓမ္မသတ်၊ ၄။ အတိတြာမင်း ဓမ္မသတ်။ ၅။ ဒွတ္တဘေါင်မင်းဓမ္မသတ်၊ ၆။ ဇာလီမင်း ဓမ္မသတ်၊ ၇။ ဓမ္မဝိလာသ ဓမ္မသတ်၊ ကိတ္တိ ဓမ္မသတ်၊ ၉။ ဖြူမင်း ဓမ္မသတ်၊ ၁၀။ ဝါရီရူမင်းဓမ္မသတ်၊ ၁၁။ ဟံသာဝတီတရားသူကြီးတို့ စီမံသော အနန္တညာဏ၏ ဓမ္မသတ်၊ ၁၂။ ရာဇမာနိ စူဠာမင်းလက်ထက် တိပိဋကာလင်္ကာရ ဆရာတော် စီရင်သော ဓမ္မသတ်၊ ၁၃။ မနောဓမ္မသတ်၊ ၁၄။ နိစ္ဆယတ္ထဝိဘာဝနီ အမည်ရှိသော ဓမ္မ

သတ်၊ ၁၅။ ပါသာဒ ဓမ္မသတ်၊ ၁၆။ အာဒါသ ဓမ္မသတ်၊ ၁၇။ ဝေတာလ ဓမ္မသတ်၊ ၁၈။ ဆင်ဖြူရှင် ဓမ္မသတ်၊ ၁၉။ နန်းတောင်းမင်းဓမ္မသတ်၊ ၂၀။ သီဟိုဠ် ဓမ္မသတ်၊ ၂၁။ ဗာလပေါဓနု ဓမ္မသတ်၊ ၂၂။ သတ္တဗျာပါဒ ဓမ္မသတ် ၂၃။ အနုပေဘ ဓမ္မသတ်၊ ၂၄။ ဓမ္မသတ်ကျန်များအမည်ရှိသော ၄-စောင်ချုပ် ဓမ္မသတ်၊ ၂၅။ ဆင်ဖြူများရှင် မင်းတရား တောင်းပန်၍ ဓမ္မသတ် ၉-စောင်မှအညီဆိုသောတရားကို တပေါင်းတည်း စီမံသော ၉-စောင်ချုပ် ဓမ္မသတ် ၂၆။ မောဟဝိစ္ဆေဒနီ ဓမ္မသတ်၊ ၂၇။ ရာဇမဏိ စူဠာစေတီ ဒါယကာ လက်ထက် အမေးတော် ပုစ္ဆာကို မနုရာဇာအမတ် ဖြေဆိုသော ကိုင်းစား မနုရာဇာလျှောက်ထုံး၊ (မဟာရာဇသတ်ခေါ်သည်)၊ ၂၈။ နံပါတ် ၂၇ လျှောက်ထုံးကိုပါဠိ အနက် အားဖြင့် တရားသူကြီးမင်း ဝဏ္ဏဓမ္မမင်းလက်ဝဲသုန္ဒရတို့ စီမံသော ဝိနိစ္ဆယ ပကာသနီ မိတ်လင်စုံ၊ ၂၉။ ရဟန်းသာမဏေတို့နှင့် လူတို့ ရှုပ်ထွေးသော တရား ဘုရားစေတီ, ကျောင်းကန်, ဝတ်မိုး မြေတရားကို ဆုံးဖြတ်ရာ ဖြစ်သော အတုလဆရာတော် ဖြတ်ထုံး၊ ၃၀။ ဓမ္မဝိလာသ မနုရင်းကို တွင်းသင်း ဝန်ကြီးစီမံသော မနုရင်း ဓမ္မသတ်လင်္ကာ၊ ၃၁။ ဓမ္မသတ် အစောင်စောင်တို့မှ ထုတ်ဆောင်အပ်သော အရပ်ရပ်နည်းနာဖြင့် တန်ဆာဆင်အပ်သော ပညာရှိတို့ အကြိမ်ကြိမ်စီရင် ပြင်ဆင်ပြီးဖြစ်သော ဖြစ်သောမနုသာရ ရွှေမျဉ်း ဓမ္မသတ်ဆယ်တွဲ၊ ၃၂။ နံပါတ် ၃၁ ဓမ္မသတ်ကို မင်းဆက်ဆက် နှစ်သက် သုံးဆောင်ရာ ဖြစ်သောကြောင့် အကျယ်မျှ

ထုတ်၍ တရားသူကြီးမင်း ဝဏ္ဏမွေ စီမံသော မနုဝဏ္ဏနာ ဓမ္မသတ် ဆယ်တွဲ၊ ၃၃။ ယခု မြန်မာ ရှေးနန်းရှင်ဘုရားလက်ထက်တော် အရပ်ရပ် ဓမ္မသတ်ထွက်ကို ညှိ၍ အကျဉ်းအားဖြင့် စီမံသော အဋ္ဌသံခိပ် ဓမ္မသတ် လင်္ကာ။

အထက် ရေးပြအပ်သော ဓမ္မသတ် အပေါင်းတို့တွင် ဓမ္မသတ် နံပါတ် ၂၅ ဖြင့်ပြအပ်သော ၉ ဆောင်ချုပ် ဓမ္မသတ်အားဖြင့် စီရင်ရာသည်။ ထိုဓမ္မသတ်မှ ကြွင်းသော တရားအပေါင်းကို နံပါတ် ၃၁ ထီးနန်းမင်း အဆက်ဆက်နှစ်သက်၍အတည်ပြုသော မနုသာရ ရွှေမျဉ်းဓမ္မသတ် အတိုင်းစီရင်ရာသည်။ မနုဝဏ္ဏနာဓမ္မသတ်မှ ကြွင်းသော တရားမည်သည် မရှိရာ၊ အကယ်၍ ကြွင်းကျန်ရှိခဲ့လျှင် ပါဠိ ပါဠိနှင့် ညီငြာ လုံလောက်သော ဝိနိစ္ဆယ ပကာသနီ, မောဟဝိစ္ဆေဒနီ ဓမ္မသတ်တို့ဖြင့် စီရင်ရာသည်။ ထိုမှကြွင်းသော တရားအပေါင်းတို့ကို များသော ဓမ္မသတ်အားဖြင့် စီရင်ကုန်ရာသည်။

ဤကောက်နုတ်ချက်တွင် ဓမ္မသတ် ၃၃ စောင် တွေ့ရသည်။ ထို ၃၃ စောင်တွင် ဘယ်နှစ်စောင် ပုံနှိပ်ပြီးရှိခဲ့သနည်း။ စာရှုသူသည် ဤစာရင်းမျှကိုပင် အဘယ်မျှ စိတ်ဝင်စားစွာ ဖတ်ခဲ့သနည်း။ ဆေးစာကိုအကြောင်း မရှိဘဲ ဖတ်ချင်သလိုပင် ဓမ္မသတ်ကို အကြောင်းမရှိဘဲ မဖတ်ချင်ကြပေ။ သို့ရာတွင် မဖတ်ဘဲနေ၍ကား မဖြစ်ချေ။ ဓမ္မသတ်ဆိုသည်မှာ လူ့စည်းကမ်းဖြစ်သည်။ လူသည်လူ့စည်းကမ်းကို သိရမည်။ လိုက်နာကျင့်သုံးရမည်။ လူနှင့် တိရစ္ဆာန် ခြားနားချက်မှာ

စည်းကမ်းပင် ဖြစ်၏။လူသည်စည်းကမ်းနှင့်နေသော သတ္တဝါ အမြတ်စားဖြစ်၏။ စည်းကမ်းရှိ၍လည်း အမြတ်စားဖြစ်၏။ သို့မဟုတ်က တိရစ္ဆာန်နှင့် ဘာမျှခြားနားလှမည် မဟုတ်ချေ။

ထက်မြက်သော ပညာရှိကြီးတို့သည် လူ့စည်းမျဉ်း ဖြစ်သောတရားဥပဒေ ဓမ္မသတ်ကို လူတို့ဖတ်ချင်အောင်ကြံဆောင်ခဲ့ကြ၏။ယင်းသည်ကား ဓမ္မသတ် ဖြတ်ထုံး ပုံဝတ္ထုတို့ဖြစ်၏။ ယင်းတို့ကား ချစ်စရာ ကောင်းလှပါသည်။ အပြင်သွယ်နှဲ့ ကြောစိမ်းလဲ့နှင့် ဆဲ့သုံးနှစ်ဝင် အပျိုစင်နှယ် ချစ်ဖွယ် ကောင်းလှပါသည်။ လူတို့လူ့ကျင့်ဝတ် ဓမ္မသတ်နှင့်ပတ်သက်၍ ဗဟုသုတ ရကြစေရန် ရှေးပညာရှိများ စီရင်ထား၍ လူတိုင်းလေ့လာထိုက်၏။

ရဟန်းတော်တို့၏ အသက်မှာ ဝိနည်းဖြစ်၏။ ဝိနည်းအတိုင်းကျင့်သောသူကို ရဟန်းဟု ခေါ်၏။ ထို့ကြောင့်ရဟန်းအဖြစ်ကိုဝိနည်းဖြင့် သိရ၏။ လူတို့၏ အသက်ကား ဓမ္မသတ်ဖြစ်၏။ တရားဥပဒေ ဓမ္မသတ်နှင့် ညီညွတ်သော သူသာ လူဖြစ်သော လူဖြစ်၏။ သို့မဟုတ်က သူသည် တိရစ္ဆာန်နှင့်ဘာမျှခြားနားတော့မည်မဟုတ်ချေ။ ထို့ကြောင့် ပညာရှိတို့သည် လူတို့အတွက် လူ့(မနု) ဓမ္မသတ်ကို စီရင်ကြရခြင်း ဖြစ်၏။ လူတို့လေ့လာလိုက်နာ ကျင့်သုံးရန်ပင်ဖြစ်၏။ သို့ရာတွင် ဓမ္မသတ်တို့မှာ စိတ်ဝင်စားဖွယ် မကောင်းချေ။

အကြုပ်သူတို့သည် နှံ့အပ်သော ဥစ္စာကို အရေအတွက်အချိန် အမှတ်အသားထား၍ နှံ့အပ်ခြင်းကို ပြုကုန်ရာ၏။ အပ်နှံခံသော သူသည် အတွင်းထားသင့်

သည်ကို အပဌ်ထားခြင်းကြောင့် အပ်နှံသော ဥစ္စာ ပျောက်ဆုံးချေသော် ဥစ္စာရှင်သို့ အစားလျော်ပေးရ ချေ၏။

သူတစ်ထူးတို့ ယုံကြည်အပ်နှံသော ဥစ္စာကိုအပ်နှံရင်း သူ၏လက်သို့ ပေးသွင်းလျက် အခြားသူသို့ တစ်ဆင့် ပေး၍ ဥစ္စာရှင် မရမူ အပ်နှံရင်း ပစ္စည်းကို လက်ခံသူ ပေးလျော်ရချေ၏။

ဤကား မွေသတ် စကားဖြစ်၏။ ဤစကားကို ဓမ္မဝိလာသ ဖြတ်ထုံးတွင် ဥယျာဉ်သည် လင်မယားထံ ပုဏ္ဏားတို့ဥစ္စာနှံ သောဖြတ်ထုံး ပုံဝတ္ထုဖြင့် ဘာရုပ်ဖော်သား၏။ ပုံဝတ္ထုမှာထို့ ထက်ဆယ်ဆမက များပြားကျယ်ဝန်းသော်လည်း တစ်ခါ ကြားရုံဖြင့် တစ်သက်လုံးမှတ်သားမိလေသည်။ အကြောင်း ကား စိတ်ဝင်စားဖွယ်ကောင်း၍ဖြစ်၏။ မွေသတ်ကို စိတ်ဝင် စားဖွယ် ကောင်းအောင် ပုံဆောင်နိုင်သည်မှာ အဘယ်မျှ ထွန်းပြောင်သော ဉာဏ်ရောင်တို့ပေနည်း။ ဤကဲ့သို့သော ပုံ ဝတ္ထုကို အနှစ်တစ်ရာတွင် တစ်ခုရဖို့ မလွယ်ချေ။ ဤတွင် ပုံ ဝတ္ထု အတော်များများ ပေါင်းစု၍ထားရာ အဘယ်ကာလ က နှစ်ပေါင်းဘယ်မျှ ကြာမြင့်ခဲ့လေသနည်း။ ကမ္ဘာပေါ်စကို မှန်းဆရမည့်အထိ ဖြစ်၏။ ထို့ကြောင့် ယင်းပုံဝတ္ထုတို့မှာ ပိုပြီး မြတ်နိုးဖွယ်ကောင်းသည်။ နှစ်ပေါင်းတစ်ထောင် ကြာမှ တစ်ကြိမ်သာ ပွင့်သောအာသာဝတီနွယ်နီနတ်ပန်းကို နတ်တို့ မြတ်နိုးသည်ထက် ဤပုံဝတ္ထုမွေသတ်အနှစ်စုတို့ကို လူတို့မြတ် နိုးသင့်၏။ မြတ်နိုးသလောက်လည်း အကျိုးရောက်နိုင်၏။

ဖျော်ဖြေမှုလည်းဖြစ်, ပညာလည်းရစေနိုင်သော ပုံဝတ္ထု မျိုးမှာ ရှာမှာရှားသည်။ ဤပုံဝတ္ထုတို့ကို ဖျော်ဖြေမှု အဖြစ် လည်း ဖတ်ရှုနိုင်၏။ အပျင်းပြေမည်၊ အပန်းပြေမည်၊ အကြံ ဉာဏ်ရမှုအတွက်လည်း အလိုအလျောက်ပင် ဖြစ်လာမည်။ ထို့ ပြင်စာပေသမားကလည်း စာပေသမိုင်းအမြင်နှင့် ဖတ်နိုင်၏။ တရားဥပဒေနှင့် သက်ဆိုင်သူကလည်း ဥပဒေအချက်အလက် လျှို့ဝှက်ချက်ကို ထုတ်ဆောင်နိုင်သည်။ ဘာသာရေး သမား ကလည်း ဘာသာရေးအခြေအနေကို သုံးသပ်နိုင်သည်။ ထို့မှ တစ်ပါးနိုင်ငံရေး, စီးပွားရေး, လူမှုရေး, ယဉ်ကျေးမှု, စိတ် ပညာအစရှိသောရှုထောင့်အထွေထွေဖြင့် လေ့လာနိုင်သည်။

တစ်ရံသောအခါ အိန္ဒိယနိုင်ငံမှ ကမ္ဘာကျော်စာဆိုတော် ကြီး ဒေါက်တာတဂိုးက စာပေရေးသားမှုအတွက်ဝေတာလ ပုံဝတ္ထုနှင့်သီဟာသန ပုံဝတ္ထုတို့ကိုကြည့်ရှုရန် တိုက်တွန်းဖူး ၏။ဝေတာလ ပုံဝတ္ထုဟူသည်မှာ ကင်းဝန်မင်းကြီး၏ မွေ့ သတ်စာရင်းအမှတ် ၁၇တွင် ပါသောဝေတာလ မွေ့သတ်ပင် ဖြစ်၏။ ယင်းမွေ့သတ်ဟူသည်မှာလည်း ဤစာအုပ်တွင်အပြည့် အစုံ ဖော်ပြထားသောကြမ္မာဒိုက်ခင်းကြီးဖြတ်ထုံးဖြစ်၏။ ဤ တွင် ထိုမှတစ်ပါး ပုံဝတ္ထု အများအပြား ပါဝင် နေပေရာ အကျယ်မျှ အားရဖွယ် ကောင်းသနည်း။ မိမိလိုရာရာကို အသာ အယာထုတ်ယူ သုံးဆောင်ကြပါကုန်။

* * *



## ၁။ ဓမ္မဝိလာသဖြတ်ထုံး

ဓမ္မဝိလာသ’ ဓမ္မသတ်ကို စီရင်သူမှာ ဒလ အရှင်သရိပုတြာဖြစ်၏။ သက္ကရာဇ် ၅၃၆-ခုနှစ် နန်းတက်သော ပုဂံပြည် နရပတိစည်သူ မင်းကြီးက ထိုအရှင်အား ဓမ္မဝိလာသတံဆိပ် ခပ်နှိပ်ပူဇော်၏။ တံဆိပ်အမည်ကို အစွဲပြု၍ ထိုအရှင်ပြုသော ဓမ္မသတ်ကို ဓမ္မဝိလာသ ဓမ္မသတ်ဟု ခေါ်တွင် ကြောင်းနှင့် မိုင်းခိုင်းမြို့စားမင်းကြီး ဇေယျသူက ပိဋကတ်သုံးပုံစာတမ်း၌ မိန့်ဆို၏။ ထိုအရှင်၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ရတနာပုရစတုတ္ထ မြို့တည်နန်းတည် မင်းတရားကြီးလက်ထက် အမတ်ကြီးမဟာဓမ္မသင်္ကြံ စီရင်သော သာသနာလင်္ကာရ စာတန်းဖြင့် သိအပ်ပေသည်။

ထိုအခါ ဒလမြို့ကျေး ပဒိပ္ပဇေယျ (ပတိပ္ပတေယျ) ရွာသားသာရိပုတြာ မည်သော သာမဏေကြီးတစ်ဦး သည် ပုဂံပြည်သို့သွား၍ အာနန္ဒာမထေရ်ထံ ပဉ္စင်းခံ ပြီးလျှင် စာပေကျမ်းဂန် သင်ကြား၏။ အမြင်များ သည်, လိမ္မာသည်, စွမ်းရည်ရှိသည်ဟုထင်ရှားကျော် စော၏။ ထိုအကြောင်းကို နရပတိစည်သူမင်းကြီး ကြား၍ ဆည်းကပ်မည်ဟု စုံစမ်းစေသော် ခြေမဖျား ပြတ်ကြောင်းကို ကြားသဖြင့် အင်္ဂါကြီးငယ် မပြည့် စုံ၍ ဆရာရင်းမပြုလေ။ ပူဇော်သက္ကာရမျှသာ ပြုပြီး လျှင် ဓမ္မဝိလာသဟူသော အမည်ကိုလှူ၍ ရာမည တိုင်းမှာ သာသနာကို ထွန်းလင်းအောင် ပြုပါဆို၍ ရာမညတိုင်းသို့ စေလွှတ်လိုက်၏။ ဓမ္မဝိလာသ မထေရ် လည်း ရာမညတိုင်းသို့သွား၍ ဒလမြို့၌ များစွာသော ရဟန်းတို့ကို ဓမ္မဝိနယ ကျမ်းဂန်စာပေ သင်ကြားပေ ၏။ ထိုဓမ္မဝိလာသ မထေရ်၏ အဝင်အပါသံဃာကို သီဟိုဠ် အသင်းအပင်း သံဃာဟူ၍ မွန်တို့ခေါ်ဝေါ် ကုန်၏။

ဓမ္မဝိလာသတံဆိပ်ရရှင်သာရိပုတ္တကား သီဟိုဠ်ပြန်ရှင်အာနန္ဒာ၏ တပည့်ဖြစ်သည်။ ထို့ကြောင့် ထိုအရှင်၏ ဂိုဏ်းဂဏ အဖွဲ့ဝင်တို့ကို သီဟိုဠ် အသင်းအပင်း သံဃာဟု ခေါ်ကြခြင်း ဖြစ်၏။ ဤကား စကားချပ်ဖြစ်၏။ ဓမ္မသတ်ပေါင်းချုပ်ကျမ်း ပြု ကင်းဝန်မင်းကြီးကမူ-ဓမ္မဝိလာသ ဓမ္မသတ်ကို သက္ကရာဇ် ၄၅၅-ခုနှစ် နန်းတက်သော ပုဂံပြည်၌ အလောင်းစည်သူ

မင်းကြီးလက်ထက်က စီရင်သည်ဖြစ်၍ မြန်မာ စကားပြေ ကျမ်းတို့တွင် ရှေးအကျဆုံး ကျမ်းစာဖြစ်သည်ဟု မိန့်ဆိုလေသည်။ ဤစကားကို ယခုခေတ်သစ် ဆရာကြီး ဦးဖေမောင်တင်က ဤသို့ မှတ်ချက် ချလေသည်။

ဓမ္မဝိလာသမထေရ်သည် ဓမ္မသတ်ကျမ်းကို ပြုရာ ပါဠိဘာသာဖြင့်ရေးသား၍ ယခုပုံနှိပ်သော ဓမ္မသတ်ကျမ်းကား ၎င်းကိုမြန်မာဘာသာဖြင့် ရေးသားခြင်း ဖြစ်သည်ဟူ၍ အချို့သောဆရာတို့ အယူရှိကြသည်။ ဓမ္မဝိလာသသည် တလိုင်းဘုန်းတော်ကြီးဖြစ်သည်ကိုလည်းကောင်း၊ တလိုင်းဘာသာဖြင့် ဓမ္မဝိလာသ ဓမ္မသတ်ကျမ်း ရှိသေးသည်ကိုလည်းကောင်း ထောက်သော် ထိုအယူကား ယုတ္တိရှိတန်ရာ၏။ ထို့ပြင် မြန်မာ ဓမ္မဝိလာသ ဓမ္မသတ်ကျမ်းသည် စကား အသုံးအနှုန်းဝေါဟာရ ရွေ့ပြောင်းခြင်းကိုထောက်သော် ပုဂံခေတ်ကိုမမီ၊ အနည်းငယ်နောက်ကျမှရေးသားသော ကျမ်း ဖြစ်သည် ဟုလည်း ယူဆရန် အကြောင်းရှိ၏။

ကင်းဝန်မင်းကြီးကမြွက်ကြားသည် "ဓမ္မဝိလာသဓမ္မသတ်သည် မြန်မာစကားပြေကျမ်းတို့တွင် ရှေးအကျဆုံး ကျမ်းစာ ဖြစ်သည်"ဟူ၏။

ဆရာကြီး ဦးဖေမောင်တင်က စဉ်းစားသည်-"ဓမ္မဝိလာသ ဓမ္မသတ်ကျမ်းသည် ပုဂံခေတ်ကိုမမီ, အနည်းငယ် နောက်ကျမှ ရေးသားသော ကျမ်းဖြစ်သည်" ဟူသတည်း။

ဓမ္မဝိလာသ ဓမ္မသတ် ကျမ်းတွင် သုံးနှုန်းသောစကားလုံးတို့မှာ ပုဂံခေတ်စကားလုံးတို့နှင့် လုံးဝတူညီခြင်း မရှိချေ။ အနည်းငယ် ပြောင်းရွေ့လာသည်ကို တွေ့ရ၍ ပုဂံခေတ်အောက် အတန်ငယ် နောက်ကျသော အခါမှ ရေးသော ကျမ်းဖြစ်ဟန် ရှိသည်ဟု ဦးဖေမောင်တင် မှန်းဆခြင်း ဖြစ်၏။

ဦးဖေမောင်တင်၏ မှန်းဆချက်တွင် ဆက်လက် မှန်းဆရန် အချက်အလက် အတန်ပါဝင်နေသည်ကို တွေ့ရသည်။ အသုံးအနှုန်း စကားလုံး သာမညဖြင့် ခေတ်ကို သုံးသပ်ဆုံးဖြတ်၍မဖြစ်ခြင်းပင် ဖြစ်၏။ ဥပမာ ယနေ့ လွတ်လပ်ရေးကျောက်တိုင်တွင် ထုထွင်းထားသော စကားလုံး အသုံးအနှုန်းတို့သည် ယေဘုယျအားဖြင့် ခေတ်သုံးဝေါဟာရစကားလုံးတို့ချည်း မဟုတ်ချေ။ ယခုခေတ်မှာ မသုံးသော စကားလုံးများ ပါဝင်နေသည်။ ထိုမှ ဝေါဟာရအချို့ကိုကြည့်ပြီး ဤကျောက်တိုင်သည် ပုဂံခေတ်နှင့်နီးစပ်သော ကျောက်တိုင်ဟု ဆုံးဖြတ်လျှင် အတန်ကွာလှမ်းနေပေလိမ့်မည်။ ထို့ပြင် ယနေ့အချို့သူတို့၏ အသုံးအနှုန်းတို့သည် ရှေးသုံးလည်းမဟုတ်၊ ယခုခေတ်သုံးလည်း မဟုတ်ဘဲ အနာဂတ်အတွက် တီထွင်ချက်တို့ကိုလည်း တွေ့ရပေရာ အသုံးအနှုန်းသာမညဖြင့် ခေတ်ကို ဆုံးဖြတ်ရန် လုံလောက်ခြင်း မရှိချေ။

သို့ဖြင့် ကင်းဝန်မင်းကြီး၏ ဓမ္မဝိလာသ ဓမ္မသတ်သည် မြန်မာစကားပြေကျမ်းတို့တွင် ရှေးအကျဆုံးဟုဆိုသော ဆုံးဖြတ်ချက်ကို တစ်ဖက်သတ်ခိုင်မြဲစေခြင်းနှင့် ဆရာကြီး ဦးဖေ

မောင်တင်၏စကားကို ပယ်ဖျက်လိုခြင်းဟု မယူဆစေလိုပါ၊ စဉ်းစားဖွယ်ရှိသည်ကို ဆက်လက်စဉ်းစားခြင်းသာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းစကားပြင်ကျမ်းမှာ အတော်ပင်ရှေးကျ၍ စကားပြေ၏ ပုံသက်သေအဖြစ် အကဲခတ်ကြရန်ဖြစ်၏။ ထိုတွင် ရှေးရိုးစဉ်လာ မြန်မာ ဓမ္မသတ်လည်း ထင်ဟပ်လျက်ရှိရာ ဖတ်ရှုလေ့လာနိုင်ပါလျှင် မြန်မာမှုအတွက် အဖက်ဖက်က အရောင်ထွက်နေသည်ကို တွေ့ရမည်ဖြစ်၏။

ဤတွင် ဓမ္မဝိလာသ ဓမ္မသတ်မှ ပုံသက်သေအချို့ကို ကောက်နုတ်ထားပါသည်။ပုံသက်သေတို့မှာ ပုဂံခေတ် ဝေါဟာရ စကားအသုံးအနှုန်း ဝါကျဖွဲ့ထုံးတို့ကို လည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ, တရားဓမ္မသတ်ဖြတ်ထုံးနှင့် လူမှုရေးသမိုင်းတို့ကိုသည်းကောင်း ဖော်ပြလျက်ရှိကုန်၏။ လူမှုရေးသမိုင်းကို နုတ်မှုပညာနှင့် လက်မှုပညာနှစ်ရပ် တွဲစပ်လေ့လာသင့်သည်။ လွန်လေပြီးသောခေတ်ဟောင်းကို ပြန်ပြောင်းလေ့လာရာတွင် ထိုစဉ်အခါက လူတို့၏အသွင်သဏ္ဌာန် ပုံဟန်ကို ပန်းချီ,ပန်းပု စသော လက်မှုပညာဖြင့်မှန်းဆရ၏။ ကြွင်းကျန်ရစ်သော ပန်းချီ,ပန်းပု စသည်တို့ဖြင့် ထိုစဉ်အခါက ပုဂ္ဂိုလ်သတ္တဝါတို့၏ပုံစံကို ခန့်မှန်းနိုင်၏။ နုတ်မှုပညာဖြစ်သောစာပေအမွေအနှစ်ဖြင့် ထိုအခါက လူတို့၏ စိတ်နေသဘောထားကို မှန်းဆရ၏။ ထိုခေတ်က သုံးနှုန်းသော စကားလုံးတို့ဖြင့် ထိုသူတို့၏လှုပ်ရှားမှုကို စဉ်းစားလျှင် ပိုပြီးသဘာဝကျပေမည်။

ရုပ်ရှင်နှင့် ပြဇာတ်ဆရာတို့သည် ရာဇဝင်ဇာတ်လမ်းကို သရုပ်ဖော်သောအခါ ရှေးသရောအခါက ဆင်ယင်ထုံးဖွဲ့မှု နှင့် ပြောဆိုသုံးနှုန်းမှုကို အထူးဂရုပြုကြလေသည်။ အချို့သောသူတို့သည် ပုဂံ၊ သရေခေတ္တရာ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည်ဖြင့် ခေတ်ကိုပင် အသေးစိတ် သရုပ်ဖော်ကြသည်။ ဤတွင် ဖော်ပြသော ပုံသက်သေတို့မှာမူရင်း အတိုင်းဖြစ်၍ တွေးခေါ်မှန်းဆနေဖွယ်ပင် မရှိချေ။ သဘာဝ အတိုင်းပင် တွေ့မြင်နိုင်လေသည်။ ယင်းတို့သည် ပုဂံခေတ် က ဓလေ့ထုံးစံ ယဉ်ကျေးမှုအစရှိသော လူမှုရေးသမိုင်းတို့ ကို အဘယ်မျှ ပြောပြနေပါသနည်း။ ခဲတံ အနီအပြာ တစ် ချောင်းကိုင်ပြီး လေ့လာ မှတ်သားကြပါကုန်။

ဓမ္မဝိလာသ တံဆိပ်ဖြင့် ပူဇော်ခြင်းခံရသော ရှင်သာရိ ပုတြာသည် မနုဓမ္မသတ်ကို အမှီပြုပြီး ဓမ္မဝိလာသ ဓမ္မသတ် ကို စီရင်ခြင်း ဖြစ်၏။ တစ်နည်းဆိုရသော် ဓမ္မဝိလာသ ဓမ္မ သတ်သည် မနုဓမ္မသတ်၏ အဖွင့်ဖြစ်၏။ မနုဓမ္မသတ်ကို ဓမ္မ ဝိလာသ ဓမ္မသတ် အမည်ဖြင့် ဖွင့်ဆိုခြင်းပင် ဖြစ်လေသည်။ ဤတွင် ယင်းအဖွင့်မှ ပုံသက်သေအချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

## ဥယျာဉ်သည် လင်မယားထံ ဥစ္စာနှံသောအမှု

၁

ရှေးသောအခါ ပုဏ္ဏားခုနစ်ယောက်တို့သည် ဖုန်းတောင်း ယာစကာ ပြုအံ့ဟု တစ်ပါးသောအရပ်သို့ လာ၍ ဗာရာဏသီ

မင်း၏ ဥယျာဉ်စောင့်အိမ်၌ တည်းနေလာ၏။ ဖုန်းတောင်း-ယာစကာ ပြု၍လည်း ငွေခြောက်ရာလျှင် ရသတည်း။ တစ်ယောက်တစ်ရာ မရှိသောကြောင့် ဥယျာဉ်သည်တို့တွင်- "ငွေခြောက်ရာကို နှံခဲ့ပါ၏။ ငါတို့ ခုနစ်ယောက်တွင် ပါသောဥစ္စာကို ငါတို့ ခုနစ်ယောက်စေ့မှ ပေးပါ၊ ငါတို့ ခုနစ်ယောက်မပါဘဲကို မပေးပါနှင့်-" ဟုဆို၍ နှံခဲ့၏။ ဥယျာဉ်သည် လင်မယားလည်း- "ကောင်းစွ" ဟု ဆိုပေ၏။ ပုဏ္ဏားခုနစ်ယောက်သည်း သွားလေကုန်၏။

ပုဏ္ဏားခုနစ်ယောက်တွင် ပုဏ္ဏားတစ်ယောက်မူကား ခရီးသင်း မေ့ကျန်မူ၍ လာခဲ့၏၊ တစ်ခေါ်မကသော အရပ်သို့ရောက်လေမှ- "ခင်ပွန်းတို့ ခရီးသင်း မေ့ရစ်ခဲ့သည်၊ ဤတွင် ရပ်ပါလင့်ဦး-"ဟူ၍ ဆိုခဲ့၍ ပြန်ပြန်လေ၏။ ထိုသို့ပြန်သော ပုဏ္ဏားငယ်ကို ဥယျာဉ်သည်တို့ မေးသင့်၏၊ ပုဏ္ဏားငယ်လည်း ဆိုပေတုံ၏- "အချင်း ဥယျာဉ်စောင့် ငါ့ခင်ပွန်း ပုဏ္ဏားတို့သည်- 'ငါတို့ ပြန်မူလည်းရှိအံ့၊ မပြန်မူလည်းရှိအံ့၊ ငါတို့ဥစ္စာ ပါမိပါစေ ပြန်၍ယူချေ-' စေလေသောကြောင့် ငါယူလာရသည်၊ အလျှင်ပေးလိုက်-"ဟု တောင်း၏။

ဥယျာဉ်စောင့်သည် ရပ်လင့်၍ ကြည့်သော် ပုဏ္ဏားတို့ ရပ်လင့်သည်ကိုမြင်၍ ရပ်နှင့်သော ပုဏ္ဏားတို့သည် ခရီးသင်း မေ့ခဲ့သည်ကို ထင်နိုး၍ ပုဏ္ဏားလျှင်စေဟု လက်ယပ်လင့်၏၊ ပုဏ္ဏားငယ်လည်း- "အချင်း ဥယျာဉ်သည်၊ ထို ငါ့ခင်ပွန်းလျှင်လျှင်ယူခဲ့ လက်ယပ်သည်ကို မမြင်လော၊ လျှင်လျှင်ပေးလိုက်လော-"ဟု ဆို၏။ ဥယျာဉ်သည် လင်မယားတို့လည်း

ပုဏ္ဏားတို့ လက်ယပ်သည်ကို မြင်သောကြောင့် ဟုတ်စွာအမှန် ထင်နိုး၍ နှံသောဥစ္စာကို အလျင်ထုတ်၍ ပေးလိုက်၏။ ပုဏ္ဏား ငယ်လည်း ဥစ္စာထုပ်ကိုယူ၍ သွားလျှင်လေ၏။

ပုဏ္ဏား ခြောက်ယောက်တို့လည်း ပုဏ္ဏားငယ် လိုက်သည် ကို မြင်လျှင် မငံ့ဘဲ သွားနှင့်လေတုံ၏။ ပုဏ္ဏားငယ်လည်း လျင်လျင်လိုက် ကျွန်မူ၍ ခရီးကြောင်းလွဲ၍ သွားလေ၏။ ပုဏ္ဏားခြောက်ယောက်တို့လည်း ပုဏ္ဏားငယ်လိုက်သည်ကို မမြင် လျှင် ဥယျာဉ်သည်တို့ အိမ်သို့ တစ်ဖန် သွားပြန်ချေ၍ မေး မြန်းကုန်၏။

"အချင်း ဥယျာဉ်သည်တို့ ပုဏ္ဏားတစ်ယောက် မလာ တကား-" ဟု မေး၏။

ဥယျာဉ်သည်တို့လည်း ဆိုပေ၏- "ရှင်ပုဏ္ဏားတို့ ပြန်ရ သော်လည်း ရှိအံ့၊ မပြန်ရသည်မူလည်း ရှိအံ့၊ ငါတို့ဥစ္စာ ပါမိပါစေ ပြန်၍ယူချေဟု ငါ့ကိုစေသည်၊ ငါတို့ခင်ပွန်း လည်း ငံ့နှင့်ပေ၏၊ လျင်လျင်ပေးလိုက်ပါ ပုဏ္ဏားငယ်တောင်း ၏၊ ထိုပုဏ္ဏားငယ်တောင်းစဉ်လည်း ရှင်ပုဏ္ဏားတို့ လျင်စေဟု လက်ယပ်သောကြောင့် ဟုတ်မှန်နိုး၍ အကျွန်တို့ ပုဏ္ဏားငယ် ကို ပေးလိုက်၏၊ ပုဏ္ဏားငယ် ဥစ္စာထုပ်ကိုယူ၍ သွားခဲ့ပြီ-" ဟု ဆို၏။

"ငါတို့ ယူချေဟု မစေ၊ ခရုသင်းမှုတ်သည်းဟု ပြန်ယူ လေသတည်း၊ ငါတို့ ခုနစ်ယောက် မညီဘဲကို ပုဏ္ဏားငယ် တစ်ယောက် တောင်းကာကို ပေးလိုက်ကောင်းအံ့-" ဟု ဥယျာဉ်သည်ကို အရေးလိုတုံ၏။တရားဆင်ကြအံ့ဟု ဗာရာဏသီ

မင်းကြီးအိမ်သို့ သွားကြလေကုန်၏၊ ဗာရာဏသီ မင်းကြီးလည်း ဥယျာဉ်သည်နှင့် ပုဏ္ဏားတို့ကို မေးတော်မူ၏။ ပုဏ္ဏားတို့ နားတော်လျှောက်၏-

"မဟာရာဇကြီး အကျွန် ခုနစ်ယောက်တို့သည် အရပ်ဝေးကလာ၍ ဥယျာဉ်အိမ်တွင် တည်းနေမိသည်၊ ဖုန်းတောင်း-ယာစကာပြု၍ ငွေခြောက်ရာရ၏၊ တစ်ယောက်တစ်ရာ မငသောကြောင့် ငွေခြောက်ရာကို ဥယျာဉ်သည်တွင်- 'ငါတို့ခုနစ်ယောက်ညီမှ ပေး- ငါတို့ခုနစ်ယောက် မညီဘဲကို မပေးနှင့်-' ဟု နှံပါခဲ့သည်၊ အကျွန်ခုနစ်ယောက် မညီဘဲကို ပုဏ္ဏားတစ်ယောက် တောင်းကာ ပေးကောင်းမည်လောဟု ငါတို့ဥစ္စာ ရကောင်းစိမ့်ဟု ဥယျာဉ်သည်ကို အကျွန်တို့ အရေးလိုပေသည်-"ဟု နားတော်လျှောက်ပေ၏။

ဥယျာဉ်သည် လဝ်မယားလည်း နားတော်လျှောက်တုံ၏- "အရှင်မင်းကြီး ငါတို့ ခုနစ်ယောက်ညီမှ ပေးဟူ၍ နှံပေခဲ့သည် ဟုတ်တည်း၊ နှံခဲ့လျှင် ရှင်ပုဏ္ဏားတို့ သွား၍ တစ်ခေါ်မကသော အရပ်သို့တိုင်မှ ရှင်ပုဏ္ဏားတို့ ရပ်၍ ငံ့လင့်သည်၊ ပုဏ္ဏားငယ် တစ်ယောက်ကိုမူကား- 'ငါတို့ ပြန်ရမူလည်းရှိအံ့၊ မပြန်ရမူလည်း ရှိအံ့၊ ငါတို့နှံသော ဥစ္စာကို ပြန်၍ယူချေ-' စေလိုက်၍ ပုဏ္ဏားငယ် ယူလာသည်၊ ရှင်ပုဏ္ဏားတို့လည်း ပုဏ္ဏားငယ်ကို လျှင်လျှင်ယူခဲ့ဟု လက်ယပ်သောကြောင့် ပုဏ္ဏားငယ်ကို အကျွန် ပေးလိုက်ပေသည်၊ ထို့သို့ကို ငါတို့ ဥစ္စာကို ရကောင်းစိမ့်ဟု ရှင်ပုဏ္ဏားတို့ အရေးလိုဘိသည်-"ဟု နားတော်လျှောက်၏။

ထိုသို့ နားတော်လျှောက်သည့်ကို ဗာရာဏသီမင်းကြီး မိန့်တော်မူ၏- "ပုဏ္ဏားတို့ ဥစ္စာကို ဥယျာဉ်သည်တို့၌ နှံသောအခါ- 'ငါတို့ခုနစ်ယောက် ညီမှပေး၊ ငါတို့ ခုနစ်ယောက် မညီဘဲကို မပေးနှင့်'ဟု ဆိုလျက် ပုဏ္ဏားငယ် တစ်ယောက်တောင်းသည်ကို ပေးချေသည်လျှင် မတတ်လေ၊ ပုဏ္ဏားခြောက်ယောက် ရပ်လင့်ရာသို့တည်း သွား၍ ပေးကောင်းချေ၏၊ ရှင်ပုဏ္ဏားတို့ ဥစ္စာကို ဆပ်ပေကုန်-"ဟု ဗာရာဏသီမင်းကြီး မိန့်တော်မူ၏။

ဥယျာဉ်သည် လင်မယားတို့လည်း ပုဏ္ဏားတို့၏ ဥစ္စာကို မရတတ်သောကြောင့် ပုဏ္ဏားခြောက်ယောက်တို့ ကျွန်ဖြစ်ကုန်၏၊ ပုဏ္ဏားခြောက်ယောက်တို့ကို အလှည့်လှည့် အလုပ်အကြံ ခံရကုန်၏။

နေ့ရှည်ရက်များ ရှိလတ်သော် ဥယျာဉ်သည်မသည် သမီးငယ် မြင်သတည်း၊ တစ်ဆယ့်ခြောက်နှစ် ရှိလတ်သော် သမီးငယ် ဤသို့ ဆို၏-"သူတစ်ပါးတို့၏ ကျွန်ဖြစ်သည်ကား အရှင်တစ်ယောက်သာတည်း၊ ငါ့ဘ ငါ့မိတို့သည် ပုဏ္ဏားခြောက်ယောက်တို့ ကျွန်ဖြစ်သည်ကား တစ်နေ့တစ်ယောက် အလုပ်အကြံခံရသည်၊ ပန်းစွာဟာကား၊ အဘယ်ကြောင့်ဖြစ်သနည်း-"ဟု မေး၏။

အမိ အဘတို့လည်း အကြောင်းကို ဆိုပေ၏။ ထိုစကားကို ကြားလျှင် ပညာဖြင့် ကြံ၍- "ယနေ့ကစ၍ ပုဏ္ဏားခြောက်ယောက်တို့တွင် အလုပ်အကြံ မခံသင့်တော့"ဟု ဆို၏။ အမိ အဘတို့လည်း သမီးငယ်ဆိုတိုင်း အလုပ်အကြံ မခံဘဲနေ၏။

ပုဏ္ဏားတို့လည်း ငါတို့ကျွန်ဖြစ်ပြီးလျက် အလုပ်အကြံခံမြဲကို မခံသည်ကားဟူ၍ ဥယျာဉ်သည် လင်မယားကိုလက်ကိုင်၍ ဗာရာဏသီမင်းကြီးသို့ သွားလေကုန်၏။ ဥယျာဉ်သည် သမီးလည်းပါလေ၏။

ပုဏ္ဏားခြောက်ယောက်တို့သည်း နားတော်လျှောက်၏။

"မဟာရာဇ မြတ်သည် မင်းကြီးမိန့်တော်မူ၍ အကျွန်တို့ကျွန်ဖြစ်ပြီးလျက် ယခု မလုပ်မကြံနေတိသောကြောင့် မဟာရာဇမြတ်သည် မင်းကြီးအား နားတော် လျှောက်ဝံ့သည် အရှင်မင်းကြီး"

ဤသို့ ပုဏ္ဏားတို့ နားတော်လျှောက်သော် ဗာရာဏသီမင်းကြီး မိန့်တော်မူ၏။

"ဟယ် ဥယျာဉ်သည် လင်မယားတို့အဘယ်ကြောင့်ပုဏ္ဏားတို့တွင် အလုပ်အကြံ မခံသနည်း" မေးတော်မူ၏။

ဥယျာဉ်သည် သမီး နားတော်လျှောက်၏။

"ပညာအရာ လောက်ငံစွာသော မှောက်တော်ရှင်ရှင်း အလောင်းမင်း ရှင်ပုဏ္ဏားတို့ဥစ္စာနှံသောအခါ 'ငါတို့ခုနစ်ယောက်ညီမှသာလျှင် ဤဥစ္စာကိုပေး၊ ငါတို့ ခုနစ်ယောက်မညီဘဲကို မပေးလင့်' ဟူ၍ နှံသောအခါ ဆိုသည်ဖြစ်သောကြောင့် ယခု ခြောက်ယောက်တည်းသာဖြစ်၍ ခုနစ်ယောက်ညီမှသာလျှင် ရှင်ပုဏ္ဏားတို့ဥစ္စာကိုပေးတော့အံ့"ဟု နားတော်လျှောက်၏။

ဗာရာဏသီ မင်းကြီးလည်း တိုစကားကို ကြားပေသော် 'ဥယျာဉ်သည် သမီးငယ်ဆိုသော စကားသည် ဟုတ်ပါပေ

၏။ ပုဏ္ဏားတို့နှံသောအခါ ‘ငါတို့ ခုနစ်ယောက် ညီမှပေး၊ ငါတို့ခုနစ်ယောက် မညီဘဲကို မပေးနှင့်’ ဆိုချေသောကြောင့် ခုနစ်ယောက်စေ့အောင် ရှာပေလော”ဟုဗာရာဏသီမင်းကြီး မိန့်တော်မူ၏။

ပုဏ္ဏားတို့လည်း ခုနစ်ယောက် မစေ့သောကြောင့် ဥစ္စာ မရ၊ တရားရှုံးချေသတည်း။ဥယျာဉ်သည် လင်ယောက်ျားလည်း သမီးကျေးဇူးကြောင့် ပုဏ္ဏားတို့ ကျွန်အဖြစ်မှ လွတ်လေ သတည်း။

ထိုကြောင့် ‘ဘဏ္ဍာဂါရိကဖြစ်သော ဥစ္စာနှံ အိမ်ရှင် သည် နှံသောသူ လာယူမှတည်း ပေးရာသည်။ နှံသော ဥစ္စာကို ယူတုံသော်လည်း နှံသောသူလည်းကောင်း ယူရာ ၏-’ဟု မနု မည်သော ရှင်ရသေ့ ဆိုတော်မူ၏။

## ရွှေကကြေးဖြစ်၍ သားကမျောက်ဖြစ်မှု

## ၂

ရှင်တစ်ယောက်သည် တပည့် ရာဟုလာ မိဘတို့တွင်တံဆိပ် လက်ရာမှတ်သား၍ ဥစ္စာရွှေထုပ် နှံသတည်း။ ထိုသို့ နှံပါ သောရွှေကို ယူလေ၍ ခဲမ ကြေးနီကို အစားထည့်၍ တံဆိပ် လက်ရာ မှတ်သောအတိုင်း ထားပြန်လေ၏။ ထိုအရှင်သည် ကြာမြင့်မှလို၍ တောင်းလတ်သော် တံဆိပ်လက်ရာမှတ်သား သောအတိုင်း ပေးလိုက်သတည်း။ ကျောင်းသို့ရောက်မှဖွင့်၍ ကြည့်လတ်သော် ရွှေကားမမြင်၊ ခဲမ ကြေးနီသာ မြင်၏။ ထိုသို့မြင်လတ်သော် “တကာတို့ကို အတော်အလျား မှတ်၍

ငါနှံ့ထားပါသည်။ ယခုနှံ့ထားသောရွှေသည် ခဲမ ကြေးနီ ဖြစ်၏ တကား''ဟု မသက်မသာ ဆို၏။

''ငါနှံ့ထားသော အခါလည်း သိမြင်ပါသသူ မရှိချေ သောကြောင့် တရားစစ်ဘိမူ တရားမဖြစ်ကောင်းခဲ့၊ တရား ဖြစ်အောင် အဘယ်သို့ ကြံရအံ့နည်း''ဟု အောက်မေ့လတ် သော် 'နှံ့ပါသော ရွှေစင်စစ်ကို ရွှေကိုကား တစ်ပါးသို့ ဝှက်ထား၍ ခဲမ ကြေးနီကို အစားထည့်ဘိ၏။ ရွှေသည် ခဲမ ကြေးနီမဖြစ်ရာဘဲ ဖြစ်သောပုံနှင့်ညီစွာ တရားဖြစ်အောင် ကြံအံ့သည်'ဟု မျောက်တစ်ခုကိုရအောင်ပြု၍ ထားသတည်း။ ထိုမျောက်ကို ရာဟုလာဟုမည်သတည်း။ထိုမျောက်ငယ်လည်း ရာဟုလာ ခေါ်ဝေါ်ခြင်းကို ကျင်လည်သည်ဖြစ်၍ ''ရာဟု လာ''ဟု ခေါ်လျှင် လာသတည်း။

အရှင် အလိုအတိုင်းပါမှ ရှင်ငယ်ရာဟုလာကို တစ်ပါး သို့နေစေ၏။ မျောက်ငယ်ကိုမူကား ရာဟုလာ အစား ဇကျောင်းတွင် ထားမှ ချင်း၏မိဘကိုခေါ်စေ၍ လာလျှင် မျောက်ကို ရာဟုလာဟုခေါ်၏။ ထိုသို့ခေါ်လျှင် မျောက် လည်း ကျင်လည်သောအားဖြင့် ထိုအရှင်သို့လာ၏။ ထိုသို့ မျောက်လာသည်ကိုမြင်လတ်သော် မိဘလည်း''အကျွန်သား ရာဟုလာ မူကား'' ဟု မေး၏။ အရှင်လည်း''ငါ့တကာသား ရာဟုလာသည် မျောက်ဖြစ်ခဲ့၏။ ဒီမျောက်သည် ငါ့တကာ သား မဟုတ်လော''ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် "အရှင်ဘုရား အရှင်ဘုရားတွင် အကျွန်ုပ်သားကို တတ်လိမ္မာစိမ့်မည်ဟု ကျေးဇူးပညာ သင်ပါစိမ့်မည်ဟု အပ်ထားပါသည် တကား၊ အကျွန်ုပ်သား ရဟုလာ လူတကား၊ လူသည် အဘယ်ကြောင့် မျောက်ဖြစ်ကောင်း အံ့နည်း"ဟု ဆို၏။

ထိုအရှင် ဆိုတုံ၏ "တကာတို့တွင် ငါနှံထားသော ဥစ္စာသည် ရွှေစင်စစ်တကား၊ အဘယ်ကြောင့် ခဲမ ကြေးနီ ဖြစ်ကောင်းအံ့နည်း၊ သို့ဖြစ်သည်ကို ထောက်သော် တကာ့သား ရဟုလာသည်လူမျောက်မဖြစ်ကောင်းလော"ဟုငြင်းခုံကြ၏။

ထိုတရားကို ပညာရှိတရားသူကြီးတို့ ဤသို့ဆို၏။ "ထိုအရှင်တွင် အတတ်အလိမ္မာ သင်ပါစိမ့်မည်ဟု အမိအဘတို့အပ်ထားသည်ဖြစ်သောကြောင့် အပ်ရာတွင် လူသည်မျောက်ဖြစ်ခဲ့သည်။ မဖြစ်ကောင်း လူပြန်ဖြစ်ပါစေ၊ တကာ ဥပါဟု တော်တော်လျှားလျှားမှတ်၍ ရွှေစင်စစ်ကို နှံထားပါပေသည်။ နှံထားသောရွှေသည် ခဲမ ကြေးနီဖြစ်ခဲ့သည်၊ မဖြစ်ကောင်း ခဲမ ကြေးနီသည် ရွှေစင်စစ် ဖြစ်ပစေ"ဟု ဆုံးဖြတ်၏။

ထိုသို့ ဆုံးဖြတ်သော အတိုင်း ရွှေရင်းကိုပေးရချေ၏။ ထိုအရှင်လည်း ရွှေရင်းရလျှင် မျောက်ကို တစ်ပါးသို့ထား၍ "ရဟုလာ မျောက်ဖြစ်သည် လူဖြစ်ပြီ"ဟု အမိအဘတို့ကို ပြပေသတည်း။ ဤတရားပရိယာယ်ဖြင့်ပြု၍ လူစင်စစ်ကို ရနိုင်သောကြောင့် နှံပါသောဥစ္စာကို မဆုံးရလေသတည်း။

ထို့ကြောင့်"အကြင် တရားသူကြီးတို့သည် ဥစ္စာနှံ့သော တရားကိုလျှင် နက်နဲစွာ ဆင်ရာ၏"ဟု မနုမည်သော ရှင်ရသေ့ ဆို၏။

## မြွေက အမွေရလိုမှု

၃

ရှေးသောအခါ ဗာရာဏသီပြည်၌ သူဌေးတစ်ယောက်၏ မယားသည်ယောကျ်ားငါးယောက်, သားမိန်းမတစ်ယောက်, ထို့နောက် ပဋိသန္ဓေ ဆယ်လမြောက်လတ်သော် လူကား မမွေး၊ မြွေမွေးဘိ သတည်း၊ အမိအဘတို့သည် ရှက်ကြောက်သည်ဖြစ်၍ သေခဲ့သည်ဟု သူခပ်သိမ်းတို့ကို ပျက်စကားဆို၍ ဝမ်းတွင်ဖြစ်သော သားဟူ၍ မသတ်ရက်ဘဲ အိမ်ခြံရင်းနားတွင် ထူးတွင်းပြု၍ ထားပေသတည်း။

မြင့်မြဲလတ်သော် မြွေလည်း ထွန်တုံးရှိလောက်ယိုသဘည်း။ သူဌေး လင်မယားသည်လည်း သေခဲ့၍ ထိုသား ခြောက်ယောက်တို့သည် အမိအဘ၏ အမွေကို သားကြီး ယူရာသော အတိုင်းယူပြီးသော် ခြောက်စု စု၍ ဝေဝေစကုန်၏။ မြွေလည်း အမွေဝေကြရာသို့ လာလတ်၍ ခြောက်စု စုသည်ကို အမြီးနှင့် သိမ်း၍ ဖျက်တုံတုံ ဖျက်သတည်း။ အကြိမ်များစွာ ပြုလတ်မူကား အစ်ကိုအကြီးသည် ဗာရာဏသီမင်းသို့ သွားလျှင်လေ၏။ မင်းလည်း မေးတော်မူ၏။ အကြောင်းကို လျှောက်ပေသော် မင်းကြီးလည်း "ထိုသို့ ဘပြီးကား မြွေလည်း သားပေ

လည်းကောင်း ဖြစ်သောကြောင့် အမွေလိုပါ၏ ဟူသတည်း၊ မြွေ၏ အဖို့လည်း စုပါပေ” ဟူ၍ မင်းကြီး ဆိုတော်မူ၏။

မြွေ၏အဖို့နှင့် ခုနစ်စု စု၍ မှန်ပေမှ မြွေလည်း ချင်း၏ အဖို့ကို အမြီးနှင့်သိမ်း၍ နှမအထွေးသို့ ပေါင်းသတည်း၊ နှမ အထွေးကို ပေးခဲ့၍ ချင်းနေရာသို့ သွားလေသတည်း။

ဤသို့ တိရစ္ဆာန်ဖြစ်လျက် တမိတဘဖြစ်သောကြောင့် အမိ အဘတို့၏ အမွေဥစ္စာကို ထပ်မျှလျှင် စားရသတည်း။ ထို့ ကြောင့်ရကား သားချင်းတို့သည် ကုသိုလ်ကြမ္မာ, အကုသိုလ် ကြမ္မာ၏ အကျိုးဆက်အားဖြင့် ယုတ်မြတ်ဖြစ်ကြလျက်မူလည်း အမိအဘတို့၏ အမွေဥစ္စာ အတူအမျှလျှင် ဝေစကုန်ရာ၏။ အမိအဘတို့၏ အမွေဥစ္စာကိုကား သားတို့လျှင် ရရာသတည်း၊ အတိုး, အဘေး, ဘကြီး, ဘထွေး, မိကြီး, မိထွေး, အဘွား တို့သည် မစားရကုန်။

## သားပင်ဖြစ်စေ အမွေမရထိုက်မှု

### ၄

အကြင် မိခင် ဖခင်တို့သည် သားနှင့် ချွေးမတို့ကို လည်းကောင်း, သမီးနှင့် သမက်တို့ကိုလည်းကောင်း ချစ်မြတ်နိုး၍ စည်းစိမ်ချမ်းသာကိုစုအံ့၊ အမွေအကျွေး လည်း ခံအံ့၊ ထိုသို့မူကား သားသမီးတို့သည် အသက် ထက်ဆုံး မွေးအပ်၏။ သားသည်လည်း မယားစကား ကို နားထောင်၍ သမီးသည်လည်း လင့်စကားကို နားထောင်၍ မမွေးလိုမူကား ထိုစည်းစိမ် ချမ်းသာ

ရှိမှဲ့ စုနှင့် ရှိသရွေ့ကို ယူပြန်အပ်၏။ ငါ့သားတကား, ငါ့သမီးတကားဟူ၍ အသက်ထက်ဆုံး မလုပ်ကျွေးဘဲ ကို စုနှင့်သောစည်းစိမ် ချမ်းသာဥစ္စာကို မရရာ၊ သူ စိမ်းတပဲ ဖြစ်လင့်ကစား အကြင်သူသည် မိဘကဲ့သို့ မှတ်၍ အသက်ထက်ဆုံး မွေးကျွေးတတ်လေ၏။ ထိုသို့ လုပ်ကျွေးတတ်သော သူလျှင် ထိုသူတို့၏ အမွေဥစ္စာ ကို ခံထိုက်လေ၏။ သက်သေကား–

ဗာရာဏသီပြည်၌ ခနဋ္ဌယ သူဌေးကြီးသည် ကြွယ်ဝစွာ ရှိ သတည်း။ ထိုသူဌေးသည် သားဦးယောကျ်ား ဖွား၏။ ကြီး ပြင်းလတ်သော် သူဌေးလင်မယား ရှိသောခါကလျှင် သူဌေး ချင်း ခမက်ဖမ်းကြ၍ သားယောကျ်ားအား ပေးကောင်း သော ဥစ္စာများစွာသော ကျေးကျွန်ပေသတည်း။

တစ်ခါတစ်ပါး မြင့်မြဲလတ်သော် သူဌေးမလည်း သေခဲ့ သတည်း။ သူဌေးကြီးလည်း အသက်အရွယ် အိုမင်းပြီ ဖြစ် သောကြောင့် ငါကား သားခင်ပွန်း မနေပြီဟူ၍ သားချွေး မတို့အား ရွှေငွေဥစ္စာ, ကျွန်သင်း ကျွဲနွားရှိသရွေ့ သက်ရှိ သက်မဲ့ အလုံးစုံကို နှင်း၍ သားချွေးမတို့၏ အကျွေးအမွေး ကို သူဌေးကြီးခံ၏။

ရှေးဦးစွာသော်ကား သားနှင့်ချွေးမသည် ကောင်းမွန်စွာ နှလုံးအတိုင်း လုပ်ကျွေးပါသတည်း။ နောက် ရှည်လျားလတ် သော် သားကား အဘဖြစ်သောကြောင့် ပတေပတာ လုပ် ကျွေး၏။ ချွေးမကား သူစိမ်းဖြစ်သောကြောင့် အောင့်ကြွပ်

ဘိ၏။ သူဌေးကြီးလည်း အညှိုးအငယ် ရှိသည်ဖြစ်၍ နှလုံးမသာ ရှိခဲ့၏။

ထိုအခါတွင် ဗာရာဏသီမင်းကြီးသည် ဆင်စီး၍ တီးဖြူဆောင်းလျက် လာသတည်း၊ မင်းကြီးလာသည်ကို သူဌေးမြင်သော် လက်တစ်ဖက်က ခွက်စွဲ၍ လက်တစ်ဖက်ကား တောင်ဝှေးစွဲ၍ မင်းကြီးကိုမြင်အောင် သွားလေပြီးမှ မင်းကြီးမြင်သော် သူဌေးကြီးလည်း မြေတွင်လဲ၏။

သူဌေးကြီး လဲသည်ကို မင်းကြီး မြင်တော်မူလတ်သော် "ဤ ခနဥ္စယ သူဌေးကြီးလျှင် ဤသို့ ဖြစ်သတတ်တကား" ဟု အမတ် ဗိုလ်ပါများနှင့် အံ့အားသည် ဖြစ်ကုန်၏။ ဗာရာဏသီမင်းကြီးလည်း "ခနဥ္စယ သူဌေးကြီး ဟုတ်၏လော" ဟု မေးမြန်း၏။ "မြေသြဘုရား" ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း "အဘယ့်ကြောင့် ဤသို့ဖြစ်သနည်း" ဟုမေးတော်မူ၏။ သူဌေးကြီးလည်း အချင်းခပ်သိမ်း ကုန်အောင်ပင် နားတော်လျှောက်၏။

မင်းကြီးလည်း သူဌေးကြီးစကားကို ကြားသော် ထိုသားချွေးမတို့အား ရွှေငွေဥစ္စာ, ကျွန် နွား စသည်တို့ကို ရွေးနောက် ပေးသရွေ့ ကုန်အောင်ယူစေ၍ မင်းကြီး ဝယ်ထားပြီးမှ သူဌေးကြီးကို အိမ်တော်ပါး၌ အိမ်ခြားဆောက်စေ၍, အလုပ်အကျွေးထည့်၍ နေ့ညမပြတ် ကောင်းမွန်စွာ မင်းကြီးက လုပ်ကျွေးစေ၏။

သူဌေးကြီး သေခဲ့သည်ရှိသော် ရွှေငွေဥစ္စာ, ကျွန် နွား စသည် ပရိက္ခရာတို့ကို မင်းကြီးလျှင် ရလေသတည်း။ ဤသည်

လျှင် အသက်သက်ဆုံး လုပ်ကျွေး၍ အမွေခံထိုက်သော သက်သေတည်း။

## သူစိမ်းသော်လည်း အမွေရထိုက်မှု

၅

အကြင်သူသည် မိဘတင်း၍သော်လည်း နေပါအုံ၊ တည်းခိုရ၍သော်သည်း နေပါအုံ၊ ထိုသူသည် သေခဲ့အုံ၊ အခိုအမှီ ဘည်းပြုသင့်သော သူသည် မသေမီက လုပ်ကျွေး၏။ သေတုံသော်လည်း သေခမ်း သေနား လုပ်ကျွေးလေအုံ၊ သင့်ဂိုဟ်သော သူသည်သာလျှင် ထိုသူသေတွင် ရှိသရွေ့ကို ရလေရာ၏။ အကြင် တပည့်လည်းကောင်း, သား လည်းကောင်း, သူစိမ်းလည်းကောင်း, အမျိုးလည်းကောင်း သေခါနီး သင်္ချိုင်းတိုင်အောင် လုပ်ကျွေးပေ၏။ ထို လုပ်ကျွေးပေသော သူသည်လျှင် ထိုသေသူ၏ အမွေဥစ္စာကို ခံထိုက်လေ၏။ ထိုသက်သေကို ဆိုပေကုံအုံ။

ရှေးသောအခါ သာဂတ္တိပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးတစ်ယောက်သည် သားယောကျ်ား ဖွားလတ်သော် ပုခက်တင်၍ အမည်မှည့်လတ်သောအခါလျှင် အဖိုးတစ်သိန်းထိုက်သော ပတ္တမြားလက်စွပ် တစ်ချည်ကို လည်၌ဆွဲပေ၏။ ထိုသူငယ်လည်း ခုနစ်နှစ်မြောက်လတ်သော် ရဟန်းပြုပေ၏။ စာပေတတ်၍ အသက်နှစ်ဆယ် မြောက်လတ်သော်

ပဉ္စင်းခံပေသည်။ ပဉ္စင်းရပြီးသော် ထိုပတ္တမြားလက်စွပ်ကို သင်္ကန်း အပတ်ဒုကုတ်ကြားတွင် ထားသတည်း။

အခါတစ်ပါးလတ်သော် ရဟန်း၏ ပရိက္ခရာကို ယူလျက် အရပ်တစ်ပါးသို့ သွားလေသတည်း။ ခရီးအလပ်သို့ ရောက်လတ်သော် ကိုယ်လက်မအီမသာ ဖျားနာခဲ့၍ သူ့ကျောင်း၌ တည်း အိပ်နေပါလေ၏။ အနာခဲ့၍ ကျောင်းနေအရှင်လည်း လုပ်ကျွေးပေ၏။ သူဌေးသားလည်း သေအံ့သော အဖြစ်ကို သိလတ်၍ သင်္ကန်းဒုပတ်အကြားဝယ်ထားသော ပတ္တမြား လက်စွပ်ကို အရှင်အား ညွှန်ကြားပေ၏။ သူဌေးသားလည်း သေခဲ့၏။ ကျောင်းနေအရှင်လည်း သူဌေးသား၏ အလောင်းကို ဖုတ်ကြည်းပေ၏။ အရိုးအမျက်ကိုလည်း ကောင်းမွန်စွာ ထားသိုပေ၏။

သူဌေးလည်းအစဉ်အတိုင်း မေးမြန်း၍ လိုက်လတ်သော် သားသေသောကျောင်းသို့ ရောက်လေ၏။ ထိုအရှင်ကျောင်းနေသခင်တို့ကို မေး၏။ ကျောင်းနေအရှင်လည်း သား၏အရိုးအမျက်ကို သူဌေးအား ပေးလေ၏။ သူဌေးလည်း "ငါ့ရှင် ငါ့သား၏ အရိုးအမျက်ကိုကား ငါ့ရှင် သိမ်းမြန်းထားနှင့်သောကြောင့် ငါတို့ပိုက်ထုပ်ရပြီ၊ ငါ့သားဝယ် ပါသော ပတ္တမြားလက်စွပ်ကို ငါ့ရှင်အား ရ၏လော"ဟု မေး၏။

ငါ့ရှင်လည်း "ရ၏" ဟူ ပေ၏။

သူဌေးလည်း "ရသော် ပေးလော"ဟု တောင်း၏။

ကျောင်းနေအရှင်လည်း "ဤပစ္စည်းကို ငါ မရကောင်းလော"ဟု ဆို၏။

သူဌေးကလည်း“ငါ့သားကို ငါပေးသည်၊ ငါ့သားသေခဲ့သော် ငါ မရကောင်းလော”ဟု ဆို၏။

ရကောင်း, မရကောင်း ဆိုကြအံ့ဟု ဒီပင်္ကရာဘုရားမြတ်စွာအထံတော်သို့ သွားကြလေ၏။

မြတ်စွာဘုရားလည်း“နာသောအခါ လုပ်ကျွေးမွေးမြူသူ, သေသောအခါ ဖုတ်ကြည်းပေသော သူသည်လျှင် ရထိုက်၏။ အမျိုးမဟုတ်ဘဲ သူစိမ်းဖြစ်လျက် နာလည်းလုပ်ကျွေး, သေလည်း သင်္ဂြိုဟ်ပို့ပေသည်ဖြစ်သောကြောင့် ပါသော ဥစ္စာပရိက္ခရာတို့ကို ရထိုက်လေ၏”ဟု မိန့်တော်မူ၏။

ဤသည်လျှင် ဆွေမျိုးမဟုတ်ဘဲ သူစိမ်းဖြစ်လျက် နာလည်းလုပ်ကျွေး, သေလည်း ဖုတ်ကြည်းသသူလျှင် အမွေဥစ္စာပါသရွေ့ကို ရထိုက်သော သက်သေတည်း။

* * *



## ၂-သုဓမ္မစာရီဖြတ်ထုံး

မြန်မာဖြတ်ထုံးပုံဝတ္ထုတို့တွင် သုဓမ္မစာရီ ဖြတ်ထုံးသည် လွန်စွာထင်ရှား၏။ ဖြတ်ထုံးနှင့်ပတ်သက်၍ စကားစပ်မိလျှင် လူတိုင်းလိုလိုပင် သုဓမ္မစာရီဖြတ်ထုံးကို သတိရလေ့ရှိ၏။ ပိဋကသမိုင်းဖြတ်ထုံးစာရင်းတွင် သုဓမ္မစာရီဖြတ်ထုံးကို တွေ့ရသော်လည်း မန်လည်ဆရာတော်သည် မဃဒေဝ အမစွောဝ ါဒခန်းတွင် ဇလာကဒေဝီနှင့် အဥ္ဇနဒေဝီဖြတ်ထုံးနှစ်ရပ်ကိုသာ စပ်ဆိုသွားလေသည်။

ဖြတ်ထုံးဖြတ်ပုံ၊ အလုံးစုံ၌
အာဂုံအာဂါ၊ ခြင်းရာအသင့်
ဉာဏ်ဖြင့်ရှုမော၊ မှုသဘောတည့်၊

ရေမျောဆယ်ဘိ၊ နှုတ်ကတိတိုင်း
တည်ရှိစေရာ၊ မလွဲသာဟု
ဇလာကနတ်၊ ဒေဝီမြတ်လျှင်
ဆုံးဖြတ်ဤသို့၊ တည်စေမျှ ိ ၏။

ပိဋကသမိုင်းဖြတ်ထုံးစာရင်းတွင် ဇလာကဒေဝီဖြတ်ထုံးဟု ပါ၏။ သို့ရာတွင် ထိုဖြတ်ထုံးကို စာရေးသူ မတွေ့ဖူးပါ၊ မန်လည်ဆရာတော် စာဖွဲ့ခဲ့သဖြင့် ထိုဖြတ်ထုံး ရှိမည်ကိုကား ယုံမှားဖွယ်မရှိလှပေ။ သို့ရာတွင် သူ၏ဖြတ်ထုံးမှာ စိတ်ဝင်စားဖွယ် ပုံဝတ္ထုမဟုတ်၍ ထင်ရှားကျော်ကြား လူသိများသည့်၏ အဖြစ်သို့ မရောက်ဘဲရှိပေလိမ့်မည်။ ပိဋကသမိုင်းစာရင်းတွင် မပါဝင်သော ဖြတ်ထုံးတစ်ခုကျန်ရှိပါသေးသည်။

နတ်တို့နာမ၊ အမည်သသာ:
အဗ္ဗုနဒေဝီ၊ ဂမ္ဘီဉာဏဝန်
မိမြတ်မွန်လည်း၊ ကျွန်နှင့်သူကောင်း
ပေါင်း၍ရငြား သမီး သားတို့
နွားမသို့သာ၊ မိနောက်ပါဟု
ပညာစက္ခု၊ မျှော်ထောက်ရှု၍
ဓေနုပမာ၊ ဖြတ်ထုံးမှာ၏။

သုခမ္ဗစာရီဟူသောအမည်မှာ အလွန်လှ၍အဓေါ်ရလည်း လွယ်ကူ၏။ ကဗျာစပ်ရန်လည်းကောင်း၏။ နောက်နေ့ာင်း လူတို့လည်းအသိများ၏။ သို့ပါလျက် မန်လည် ဆရာတော် သည် သူ၏သက်ဘွဲ့မစပ်ဆိုခဲ့သဖြင့် နောက်မှ အမည်ပေးသော ဖြတ်ထုံးဖြစ်ပေမည်လားဟု စဉ်းစားလိုခြင်း ဖြစ်၏။ သို့ရာ

တွင် အလွန်နှောက်ကျသော ခေတ်မှဖြစ်သည်ဟူ၍ကား မဆို သာချေ။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပြုစုသော ပိဋကသမိုင်းတွင် ပါဝင်ခြင်းနှင့် ၁၂၄၃-ခုနှစ်လောက်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ဖူး၏။ ထို့နောက် တစ်ဖန် အနှစ် ၂၀ ခန့် အကြာတွင် တစ်ဖန် ပြင်သစ် ဘာသာသို့ ပြန်ဆိုကြောင်းသိရ၏။ သုဓမ္မစာရီမင်းသမီး အမည်ဖြင့်ပင် ပြန်ဆိုသလော၊ သို့မဟုတ် အခြားအမည်ဖြင့် ခေါ်တွင်စေသလောဟူ၍ကား မသိရချေ။

အစဉ်အလာ မြန်မာစာမူတို့တွင် သုဓမ္မစာရီဖြတ်ထုံးမှာ သုံးပုဒ်သာရှိသည်။ ယင်းသုံးပုဒ်ကို စာအုပ်တစ်အုပ်ပြုလုပ်ရန် သေးငယ်နေ၍ အခြားပုံဝတ္ထုများနှင့် တွဲဖက်ပြီး စာအုပ်ထုတ်ကြသည်။ ဤတွင် သုဓမ္မစာရီမင်းသမီး၏ ဖြတ်ထုံးသုံးပုဒ်နှင့် အခြားဖြတ်ထုံးငယ် လေးပုဒ်ကို ကောက်နုတ်ဖော်ပြထားပါသည်။

သုဓမ္မစာရီဖြတ်ထုံးသုံးခုတွင် နှစ်ခုမှာ မြန်မာပိုင်ဖြတ်ထုံး ဖြစ်လေမည်လားမသိပေ။ အကြောင်းကား အခြားဘာသာ ဖြတ်ထုံးတို့တွင် မတွေ့ရသေး၍ ဖြစ်သည်။ အကယ်၍ မြန်မာပိုင် ဖြစ်ဘိမူ ဂုဏ်ယူစရာပင်။ သူဌေးသမီး တစ်ယောက်နှင့် သူဌေးသားသုံးယောက် ဖြတ်ထုံးကား ကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံးနှင့် အတူတူဖြစ်၏။ ဤစာအုပ်တွင် ကောက်နုတ်ဖော်ပြခြင်းမပြုသော သုဓမ္မစာရီ ဖြတ်ထုံးတွင် ပါဝင်သော ပုံဝတ္ထုအချို့မှာ ဖြတ်ထုံးမဟုတ်ချေ။ ရိုးရိုးပုံဝတ္ထုသာဖြစ်၍ အချို့မှာ ဖြတ်ထုံးဖြစ်သော်လည်း အများအားဖြင့် ကြမ္မာ

ဒိုက်မင်းကြီးဖြတ်ထုံးတွင် ပါဝင်လျက်ရှိ၏။ ထို့ကြောင့် ဤ တွင် စာအုပ်ကြီးသွား ဖောင်းပွခြင်း မဖြစ်စေရန် ခြင်းချန်ခဲ့ ခြင်း ဖြစ်ပါသည်။

သုဓမ္မစာရီဖြတ်ထုံးဆရာသည် သူ၏ဖြတ်ထုံးအစကို ကောဏာဂုံ မြတ်စွာဘုရားလက်ထက်သို့ ပို့ဆောင်ထားလေသည်။ ဖြတ်ထုံးဇာတ်ဆောင်များ ဖြစ်ကြသော တိရစ္ဆာန်တို့၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ ဖြစ်နိုင်-မဖြစ်နိုင် ပြဿနာကို မြတ်စွာဘုရားနှင့် အကာအကွယ်ယူခြင်းပင် ဖြစ်ပေမည်။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက်ဟု ဆိုသဖြင့် ရှေးကျခြင်းကို ပြိုင်ဆိုင်ရန် မဖြစ်နိုင်တော့ချေ။ ရှေးလူတို့သည် မဇ္ဈိမဒေသကို လွန်စွာ အထင်ကြီးကြ၏။ အကယ်၍ တကောင်းပြည်,သရေခေတ္တရာပြည်, ပုဂံပြည်စသည်တို့နှင့် ပြည်တည်ပါလျှင် မြန်မာ့ယဉ်ကျေးမှုအတွက် အကွက်လည်းပေမည်။ ယခုမူ ပုံတို့မှာ ကောင်းလှပါသော်လည်း ပြည်တည်ပုံနေရာမကျသဖြင့်မြန်မာမှုဆုံးရှုံးရသည်။ ဤပုံ ထိုပုံတို့ကို မြန်မာ့ဟန်ဖြင့် မြန်မာဆန်ဆန်ပြန်လည် သုတ်သင်လျှင် ကောင်းမည်။ သို့ရာတွင် မြန်မာတို့သည် မိမိလုပ်သင့်သည်ကိုမျှ မသိကြသေးချေ။

* * *

## တိရစ္ဆာန်သုံးဦးတွင် ရှေးဦးစွာနေထိုင် စားထိုက်သူ

### ၁

ကောဏာဂုံဘုရားရှင်လက်ထက်တော်၌ မင်းသား, အမတ်သား, သူဌေးသား, သူဆင်းရဲသား လေးယောက် တို့သည်

တက္ကသိုလ်ပြည်မှာ အတတ်ပညာသင်ကြားလေသော် မိမိတို့ အလျောက် တတ်မြောက်ကြပြီးလျှင်ဆရာအားအတတ်ဂုဏ်ကို မေးကြရာ ဆရာလည်းပြောပေ၏။

ကမ္ဘာဦး၌ဂဟပတိဝဿပြည်တွင်သူဌေးကြီးလေးယောက် ရှိကြသတည်း။ ထိုသူဌေးလေးယောက်တို့သည် အလွန်ချစ်ခင်ကြ၍ တစ်ယောက်စီးပွားကို တစ်ယောက်အလိုရှိကြ၏။

ထိုအခါသူဌေးတစ်ယောက် သေခဲ့သော် သားယောကျ်ားတစ်ယောက်သာရှိ၍ ထိုသားကို အမိသူဌေးမက "ချစ်သားမောင့်ဘသေခဲ့ပြီ၊ မောင်သည် ရင်သွေးဖြစ်၍အမွေခံထိုက်ငြားသော်လည်း ငယ်သေးသောကြောင့် မောင့်ဘ၏မိတ်ဆွေသူဌေးသုံးယောက်ထံ အတတ်ပညာ သင်ပါဦးလော့" ဟု အသပြာသုံးရာပေး၍ ညွှန်လိုက်လေသတည်း။

သူဌေးသားလည်း သူဌေး အဆောင်အယောင်နှင့်တကွ သူဌေးသုံးယောက်ထံသို့ သွားလေရာယောကျ်ားတစ်ယောက် ခွေးတစ်ကောင်ကိုယူ၍လာသည်ကိုတွေ့ကာလ သူဌေးသားက "ဟေ့ယောကျ်ား ခွေးကိုရောင်းမည်လော"ဟုမေးရာ"ဝယ် တပြီးကား ငွေအသပြာတစ်ရာပေးလော့"ဟု ဆို၏။

သူဌေးသားလည်း အသပြာတစ်ရာပေး၍ အမိအိမ်သို့ ပို့ပြီးလျှင် အကြောင်းကို သိစေလေ၏။

သူဌေးမလည်း "ငါ့ပင် မိတ်ဆွေသူဌေးတို့ကို အစီရင် ခံ၍ ဝယ်သည်ဖြစ်ရာ၏"ဟုထင်လျက် ကောင်းစွာကျွေးမွေး ထားလေ၏။

တစ်နေ့သ၌ နံနက်ထမင်းစားပြီး၍ ခရီးသွားလေသော် ယောကျ်ားတစ်ယောက် ကြောင်ကိုယူလာ၏။ သူဌေးသား လည်း "ဟေ့ ယောကျ်ား ကြောင်ကိုရောင်းမည်လော" ဟု မေးကာလ "သူဌေးသား ဝယ်သော်ကား အသပြာ တစ်ရာပေးလော့"ဟုဆိုလျှင် အသပြာတစ်ရာပေး၍ မိခင်ထံ သို့ ထိုနည်းအတူ ပို့စေလေ၏။

အမိလည်း"ငါ့သားသည် ငါ့လင်၏မိတ်ဆွေသူဌေးတို့ကို အစီရင်ခံ၍ ဝယ်သည်ဖြစ်ရာ၏"ဟု ထင်၍ ကောင်းမွန်စွာ ကျွေးမွေးထားလေ၏။

တစ်နေ့သ၌ ထမင်းစားပြီး၍ ခရီးသွားသော် ယောကျ်ား တစ်ယောက် မြွေပါကိုကိုင်၍လာသည်ကိုသူဌေးသားမြင်လျှင် "ဟေ့ယောကျ်ား၊ ဤမြွေပါကိုရောင်းမည်လော့"ဟု ဆိုရာ "ဝယ်တပြီးကား ငွေအသပြာတစ်ရာ ပေးလော့"ဟု ဆိုလျှင် အသပြာတစ်ရာပေး၍ အမိအိမ်သို့ ပို့မြန်စေ၏။

အမိလည်း "ငါ့လင်၏မိတ်ဆွေသူဌေးတို့ကို အစီရင်ခံ၍ ဝယ်သည်ဖြစ်ရာ၏"ဟု ကောင်းစွာကျွေးမွေးထားလေ၏။

သူဌေးမလည်း ခွေးနှင့်ကြောင်ကို အိမ်တိရစ္ဆာန်ဖြစ်သော ကြောင့် မကြောက်မရွံ့ကျွေးမွေးထားလေ၏။ မြွေပါကိုကား တော တိရစ္ဆာန်ဖြစ်သောကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကျွေးမွေးထားရလေ၍ နှလုံးမသာ ညိုးကြုံစွာ ရှိလေ၏။

သူဌေးမကိုးကွယ်သော ဆရာအရှင် ဆွမ်းခံဝင်လာသော် သူဌေးမ အိမ်ကသက်၍ဆွမ်းလောင်းရာ တကာမကိုမြင်လျှင်

"ဩော် — တကာမ၊ ကြုံလို့စွတကား"ဟု မေး၍ လောကဓံ တရား ရှစ်ပါးကိုလည်း ဟောပြပေ၏။

သူဌေးမလည်း အကြောင်းကို ဆရာအားလျှောက်၏။

ဆရာလည်း "တောသို့သွား၍ လွှတ်လေ"ဟု ဆို၏။

ဆရာမိဘစကားကိုမလွန်၊ အာဏာမဆန်အပ်သောကြောင့် ဆီလူးသောအစာနှင့်တကွ တောသို့ လွှတ်လိုက်လေ၏။

မြွေပါသည် တောသို့ရောက်လျှင် ကြံမိသည်မှာ "သူဌေး သားသည် အသပြာတစ်ရာပေး၀ယ်၍ လက်သို့ရောက်လျှင် ငါ့ ကိုကောင်းစွာ ကျွေးမွေးပေသည်။ အသက်ကိုလည်း လွှတ်ပေ သည်။ ကျေးဇူးရှင်ကိုကျေးဇူးဆပ်ရမည်"ဟု တော၌ ရသော မဏိဇောတပတ္တမြားလက်စွပ်ကို ခံတွင်း၌ငုံ၍ သွားပြီးလျှင် "ဤလက်စွပ်ကား လက်စွပ်မည်ကာမဟုတ်ပါ၊ ခပ်သိမ်းသော အလိုကိုပေးတတ်သော တောင့်တလေရာ ရလတ္တံ့သော ပတ္တမြားတည်း။ လက်တွင်ဝတ်၍ မြဲလှပါစေ၊ သူတစ်ပါးကို မဝတ်ပါစေလင့်" ဟု သူဌေးသားအားပြော၍ပေးခဲ့ပြီးသော် တောသို့ ဝင်ပြန်လေ၏။

သူဌေးသားကလည်းတောင့်တ၍ တစ်ညဉ့်ခြင်းတွင်အိမ်ရှေ့ ၌ ပြာသာဒ်တုံပေါက်လာ၍ မင်းစသော ပြည်သူအပေါင်းတို့ ကြည့်လာကြကုန်၏။

မင်းကြီးလည်း သူဌေးသားနှင့်သမီးတော်ကို ဆောင်နှင်း လေ၏။

ထိုအခါတွင်မင်းသမီးဆရာတော်ပုဏ္ဏားသည် သူဌေးသား ၏ လက္ခဏာကြည့်သော်ကား တစ်ပါးကိုမမြင်၊ လက်စွပ်တစ်

ခုကိုသာ မြင်လေ၍ သူဌေးသား အရပ်တစ်ပါးသို့သွားစဉ် ပြာသာဒ်တွင်းသို့ ဝင်ပြီးလျှင် သာယာစွာသော စကားကို ပြောဆို၍ "မင်းသမီးကို သူဌေးသား မြတ်နိုးပါ၏လော" ဟု မေး၏။

"အရှင်ပုဏ္ဏား- အဘယ်မေးဖွယ် ရှိအံ့နည်း။ ထိုသူကား သူဌေးသား၊ အကျွန်ုပ်ကား မင်းသမီးဖြစ်၏"ဟု ဆို၏။

"သင် မင်းသမီးကိုချစ်သည်မှန်သော် လက်စွပ်ကို ဝတ်ရ၏လော"ဟု ပုဏ္ဏားက မေး၏။

"ဆရာ-လက်စွပ်ကို ငါမဝတ်သော် အဘယ်သူ ဝတ်ရအံ့နည်း"ဟု ဆိုပေ၏။

သူဌေးသမီးလည်း တစ်နေ့သ၌ သူဌေးသားကို"လက်စွပ် ဝတ်ရပါစေ"ဆိုလျှင် အလွန်ချစ်မြတ်နိုးသောကြောင့် ချွတ်၍ ပေးပြီးသော်"ဤလက်စွပ်ကို သူတစ်ထူးအား ချွတ်၍မပြလင့်၊ လက်တွင်မြဲပါစေ"ဟု ဆို၏။

တစ်နေ့သ၌ သူဌေးသားမရှိခိုက် ပုဏ္ဏားလာ၍ သာယာစွာပြောပြီးသော် "ယမန်ကဆိုသည့်အတိုင်း လက်စွပ်ဝတ်ပါရ၏လော၊ ဝတ်ရသော် အဘယ်မှာရှိသနည်း"ဟု မေး၏။

"ဆရာတော်ဒီမှာ ရှိပါသည်"ဟု ပြပေ၏။

"သမီးတော် ချွတ်၍ပြပါ"ဟု တောင်းပန်လတ်သော် အထိန်းတော်က "အရှင့်သမီး-ဆရာတော်ပင်ပန်းစွာတောင်းသည်ကို ကြည့်ပါစေတော့"ဟုဆိုသောကြောင့် ပုဏ္ဏားအား ချွတ်၍ပြပေ၏။

ပုဏ္ဏားလည်း လက်စွပ်ကိုရလေသော် ကျီးယောင်ဆောင်၍ လူမရောက်နိုင်သော သမုဒ္ဒရာအလယ်မှာ ပြာသာဒ်နှင့်နေလေ၏။

သူဌေးသားလာ၍ လက်စွပ်ကို ပုဏ္ဏားယူကြောင်းကြားလျှင် မင်းသမီးကို ဆို၏။

"သူတစ်ပါးကို မပြပါလင့်ဆိုလျက် ပြချေသောကြောင့် သမုဒ္ဒရာ၏ အလယ်မှာ မရနိုင်ချေပြီ"ဟု ကြံမှိုင်လျက်နေလေ၏။

တစ်နေ့သ၌ လူတို့နေရာအရပ်နှင့် မနီးမဝေး ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကန်၌နတ်သမီးတို့ရေချိုးလာသော် ဘယက်တန်ဆာကိုချွတ်၍ ကမ်းနားမှာထားလေ၏။

သူဌေးသား မွေးထားသောကြောင်လည်း ထိုဘယက်တန်ဆာကို ခိုး၍ထားလေ၏။

နတ်သမီးတို့လည်း "ဤတန်ဆာသည် လူတို့နှင့်မတန်၊ နတ်နှင့်သာတန်ပါသည်။ ပေးပါ"ဟု ကြောင်ကို တောင်းကြ၏။

ကြောင်ကလည်း "သင်နတ်သမီးတို့-သမုဒ္ဒရာအလယ်တွင် ပြာသာဒ်နှင့်နေသောပုဏ္ဏားရှိရာသို့ ငါသွားရအောင် ခရီးကို ဖန်ဆင်းသော်ကား ငါပေးမည်"ဆိုလျှင် နတ်သမီးတို့လည်း ဖန်ဆင်းကြလေ၏။

ကြောင်သည် ထိုနေ့ပင် ဖန်ဆင်းသောလမ်းကိုဖြည်းညင်းစွာသွားလေသော် ပုဏ္ဏားနေသောပြာသာဒ်သို့ရောက်၍ကြည့်သောအခါ လက်စွပ်ကိုဝတ်လျက် ပုဏ္ဏားအိပ်ပျော်နေသည်

ကိုမြင်၍ လက်စွပ်ကို ဖြည်းညင်းစွာချွတ်၍ ယူခဲ့ပြီးလျှင်သူဌေး
သားအားအပ်၍ ကျေးဇူးဆပ်လေသတည်း။

ထိုအခါ ပုဏ္ဏားလည်း ရေတွင်နစ်၍ သေလေ၏။

သူဌေးသားသည်လည်းထိုလက်စွပ်ကိုပြန်ရလျှင် တောင့်တ
တိုင်း ပြည့်စုံလေ၏။

ထို့နောက် ခိုးသားငါးရာတို့သည်သူဌေးသားကို သတ်၍
လက်စွပ်ကိုယူမည်လာကြရာ ခွေးသည် ငါ့ကိုအဖိုး ဤမျှစဉ့်
ပေး၍ ကောင်းမွန်စွာ ကျွေးမွေးပေသောအရှင်ကိုသတ်ကြ
မည်လာကြမှသာ ခိုးသူအကြီးအမှူးကို ကိုက်သတ်၍ရေတွင်း
မှာ ချထားလေ၏။ ထိုခိုးသူ၏ သားငယ်တို့လည်းကြောက်
၍ ထွက်ပြေးကြသော်၏။

မိုးသောက်လျှင် ခွေးကသူဌေးသားကိုပြောသည်မှာ "မနေ့
ညဉ့်က အကျွန်ုပ် မအိပ်ရ၊ အလွန် ပင်ပန်းလှသည်" ဟု
ဆို၏။

"အဘယ်ကြောင့်နည်း" ဟု သူဌေးသားက မေးသော်
ခွေးက အကြောင်းကို ဆို၏။

သူဌေးသားလည်း "ခြောင် တိရစ္ဆာန်ပင်ဖြစ်လျက် အသ
ပြာတစ်ရာပေး၍ ကျွေးမွေးထားပေသည်ဟု ငါ့ကို သူတို့
ကျေးဇူးစကား ဆိုကြကုန်၏။ ငါ အသပြာ တစ်ရာစီပေး
သော တိရစ္ဆာန်သုံးဦးကြောင့် ဤသို့သောစည်းစိမ်ထက် ခံ
စားရပေသည်တကား" ဟု တွေးသို့သွား၍ မြွေပါကိုယူပြီး
လျှင် တိရစ္ဆာန်သုံးဦးကို အတူနေစေ၍ ကောင်းမွန်စွာကျွေး
မွေးထား၏။

ထိုအခါ မြွေပါက''ပတ္တမြားလက်စွပ်ကို ရှေးဦးစွာ ငါ့သာလျှင်ပေးသောသူဖြစ်သောကြောင့် ရှေ့ကနေ၍ ဦးစွာစားရကောင်းဖြစ်သည်''ဟု ဆို၏။

ကြောင်ကလည်း ''သင်ပေးသောဥစ္စာသည်ကား ပုဏ္ဏားဥစ္စာဖြစ်လေပြီ၊ နတ်သမီးတို့တန်ဆာကို ငါယူ၍ နတ်သမီးတို့ဖန်ဆင်းသော လမ်းခရီးဖြင့်သွား၍ လက်စွပ်ကိုယူရသောကြောင့် ငါကားစည်းစိမ်ကိုပေးပြီး မဟုတ်တုံလော၊ငါသာရှေ့ကနေ၍ ဦးစွာစားရကောင်းသည်''ဟု ဆို၏။

ခွေးကလည်း သင်တို့ပေးသောစည်းစိမ်ကို ခိုးသားငါးရာတို့ သူဌေးသားအား သတ်၍ ယူကြမည်လာသော် ခိုးသူအကြီးအမှူးကို ငါသတ်၍ ရေတွင်း၌ချသော် ငယ်သားတို့ပါ ထွက်ပြေးကြလေကုန်၏။ ထိုကြောင့် ငါသည် သူဌေးသား စည်းစိမ်ကိုကယ်သောသူဖြစ်၏။ အသက်ကိုလည်းကယ်သောသူဖြစ်၏။ ထို့ကြောင့် သင်တို့ထက် ငါ ရှေ့ကနေ၍ ဦးစွာစားကောင်းသည်''ဟု ဆို၏။

ဤသို့ အငြင်းအခုံဖြစ်ကြ၍ ကမ္ဗောဇတိုင်းမဒ္ဒရာဇ်ပြည်၌ မဒ္ဒရာဇ်မင်း၏သမီး သုဓမ္မစာရီမည်သော မင်းသမီးသည်တရားဆယ်ပါးနှင့်ပြည့်စုံ၏။ ဓမ္မသတ်,ရာဇသတ်တို့၌ လိမ္မာသည်ဖြစ်၍ တစ်ပင်တိုင် နန်းပြာသာဒ်၌ ကောင်းမွန်စွာထား၏။ အရပ်ရှစ်မျက်နှာတို့မှာလည်း ကျော်စောထင်ရှား၏။ အပြည်ပြည်တို့၌ ကြေညာသောကြောင့် လူတို့သည်လည်း သုဓမ္မစာရီမင်းသမီး၏ အဆုံးအဖြတ်ကို ခံလာကြကုန်၏။

မြေပေါ်ကြောင့်ခွေး သုံးဦးတို့သည် မင်းသမီး၏အဆုံးအဖြတ်ကို ခံကြမည်ဟု သွားကြလေ၏။ သုံးဦးလုံးပင် မိမိသာ ရှေးဦးစွာနေထိုက်စားထိုက်ကြောင်း အသီးသီးလျှောက်လဲကြ၏။ သုဓမ္မစာရီ မင်းသမီးလည်း ထိုသုံးဦးသားတို့၏လျှောက်လဲချက်ကို ကောင်းစွာနာယူပြီး "သူဌေးသား၏စည်းစိမ်ကို ခွေးသည် စောင့်ရှောက်ထားပေသည်။ အသက်ကိုလည်း ရှင်စေသည်။ ထိုကြောင့် ခွေးသည် သင်တို့နှစ်ဦးထက် ရှေးဦးစွာ နေထိုက်စားထိုက်ပေသည်။ တိရစ္ဆာန်တို့တွင်ကား သင်တို့ကဲ့သို့ သူ့ကျေးဇူးကို ပြုဘိသောသူမရှိပြီ" ဟူ၍ ဆုံးဖြတ်လေ၏။

* * *

## သူဌေးသမီးတစ်ယောက် သူဌေးသားသုံးယောက်

## ၂

ရှေးသောအခါ ကမ္ဗောဇတိုင်း၌ သူဌေးလေးယောက်ရှိကုန်၏။ ထိုသူဌေး လေးယောက်တို့သည် အလွန်ချစ်ခင်ကြသတည်း။

သူဌေးသုံးယောက်တို့တွင် တစ်ယောက် တစ်ယောက်၌ သားတစ်ယောက်စီရှိကြ၍ သူဌေးတစ်ယောက်မှာမူကားသမီး

တစ်ယောက်သာရှိလျက် အဆင်းသဏ္ဍာန် ကြွန်အင်လက္ခဏာနှင့် ပြည့်စုံ၏။

ထိုသူဌေးသမီးကို သုံးယောက်သော သူဌေးသားတို့သည် တမန်စေကြကုန်၏။

တစ်ယောက်သောသူဌေးသားက "ဤမိန်းမ တစ်ဆယ့်ငါးနှစ်မစေ့မီ လွန်ချေသော် ကောင်းမွန်စွာ သင်္ဂြိုဟ်ပါမည်"ဟုဆို၏။

တစ်ယောက်ကလည်း "တစ်ဆယ့်ငါးနှစ်မပြည့်မီ လွန်ချေသော် အရိုးကိုလွယ်ပါမည်" ဟုဆို၏။

တစ်ယောက်ကလည်း "တစ်ဆယ့်ငါးနှစ်မပြည့်မီ လွန်ခဲ့သော် လုပ်တိုင်းကို ကျွန်ုပ်စောင့်ပါမည်" ဟု ဆို၏။

သူဌေးသမီးလည်း တစ်ဆယ့် ငါးနှစ်မပြည့်မီ လွန်ခဲ့ရကား "လုလင်တို့ဆိုတိုင်း သင်္ဂြိုဟ်ကြပါလှည့်"ဟု မိဘတို့ ဆိုရာ-

တစ်ယောက်ကလည်း ငါကတိရှိပေသည်ဟူ၍ ကောင်းစွာ သင်္ဂြိုဟ်၏။

တစ်ယောက်ကလည်း ငါကတိရှိပေသည်ဟူ၍ အရိုးကို ထုပ်ပြီးလျှင် လွယ်၍ယူလေ၏။

တစ်ယောက်ကလည်း ငါကတိရှိပေသည်ဟူ၍ လုပ်တိုင်းမှာ စောင့်နေလေ၏။

ထိုအခါတွင် ရသေ့ဇော်ဂျီသည် ဟိမဝန္တာတောကလာ၍ အရိုးစောင့်ကို မြင်လေရာ "လုလင်-အဘယ်ကြောင့် စောင့်သနည်း" ဟု မေးလေ၏။

"အရှင်-ငါကား အရိုးစောင့်သောသူ"ဟု ဆိုကာလ-
"လုလင် ရှင်ပြန်စေလိုလော" မေးလျှင်
"ရှင် ပြန်စေလိုပါသည်"ဟုဆိုသည့်အတိုင်း ရှေးလက္ခဏာ အင်္ဂါကြီးငယ်ကဲ့သို့ သတို့သမီးဖြစ်ပြန်လေ၏။

ထိုအခါ သူဌေးသား သုံးယောက်တို့တွင်-
တစ်ယောက်က "ငါအလောင်းကိုထမ်း၍ သင်္ဂြိုဟ်သော ကြောင့် ငါမရကောင်းလော"
တစ်ယောက်ကလည်း "ငါက အရိုးကို လွှယ်ရသော ကြောင့် ငါမရကောင်းလော"
တစ်ယောက်ကလည်း 'ငါလုပ်တိုင်းမှာစောင့်ရာတွင် ရှင် ပြန်သည်ဖြစ်၍ ငါမရကောင်းလော' ဟု ဆိုကြလျက်....

"ငါတို့ သုံးယောက်သည် အချင်းချင်း ငြင်းခုံကြသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သုဓမ္မစာရီမင်းသမီးထံမှာ အဆုံး အဖြတ်ခံကြမည်" ဟူ၍ သွားကြပြီးလျှင် အကြောင်းမျိုးတို့ကို သုဓမ္မစာရီမင်းသမီးအား ပြန်ကြားသော်....

"ထိုသုံးယောက်တို့တွင် လုပ်တိုင်း၌ စောင့်သောသူမူ ကား အမျိုးခုနစ်ဆက်တိုင်အောင် ယုတ်ညံ့ရသတည်း။ထိုသူ စောင့်နေသည့်အခိုက်အတွင်း၌ပင်လျှင် ရှင်ပြန်လေရကား သေ သော်လည်း အတူနေရပြီဖြစ်သောကြောင့် ယခု ရှင်ဘက် ဖြစ်ကောင်းလေ၏" ဟု ဆုံးဖြတ်လေ၏။

* * *

## သူကြွယ်တစ်ယောက်

## မယားသုံးယောက်

## ၃

ရှေးသောအခါ မထင်ရှားသော သူကြွယ်တစ်ယောက်သည် အသက်နှစ်ဆယ်မြောက်၍ ခင်ပွန်းရှိလျှင် အစဉ်ဆိုစမှတ်ပြုသည်လား "ငါ့ကို မြွေခဲ၍သေခဲ့သော် ငါ့အလောင်းကို မီးမဖုတ်ပါလင့်၊ ဖောင်ဖွဲ့၍သာ မျှောပါ" ဟု ကြိမ်ဖန်များစွာ ဆို၏။

တစ်နေ့သ၌ မြွေခဲ၍ ထိုယောကျ်ားသေလေရာ မယားလည်း "ငါ၏ခင်ပွန်းသည် ရှေးကာလကပင် များစွာ မှာထားဖူးပေသည်" ဟု သတိရသဖြင့် ဆွေမျိုးသားချင်းတို့နှင့်တကွ ဖောင်ဖွဲ့၍ မျှောလေရာ...

မြစ်အကြောသို့မျှောလေသော် ပြည်ကြီးတစ်ပြည်တွင် မြွေအလမ္ပာယ်သမား သမီးတို့သည် ခေါင်းလျှော်ကြမည်ဟု မြစ်ဆိပ်သို့ သွားကြရာ ဖောင်ကိုမြင်လျှင်....

"သူကောင်တင်သော ဖောင်တကား" ဟု သမီးအကြီးက ဆို၏။

သမီးအလတ်ကလည်း "မြွေကိုက်၍သေလေသည် မသိရ" ဟု ဖောင်ကိုကူး၍ ဆယ်လေ၏။

အငယ်ကလည်း အဘကို လျင်စွာ ခေါ်၏။

အဘလာလတ်၍ ဆေးဝါးမန္တရားပြုသော် ရှင်ပြန်လေသတည်း။

အလမ္ဗာယ်သမီး အကြီးကလည်း "ငါအလျင်မြင်သည်၊ ငါ့လင် ဖြစ်ကောင်း၏"

အလတ်ကလည်း "ငါကူး၍ဆယ်သည်၊ ငါ့လင်ဖြစ်ကောင်း ၏"

အငယ်ကလည်း "ငါ အဘကိုခေါ်၍ ဆေးဝါးမန္တရား ပြုသဖြင့် ရှင်ပြန်လေသော် ငါ့သင်ဖြစ်ကောင်းသည်" ဟု ဆို၏။

အစ်မကြီးလည်း "ငါတို့ညီအစ်မတစ်စုကား ယောကျ်ား တစ်ယောက်ကို လုကြသော စကားသည် မသင့်ပါတကား၊ ညီမတို့၊ ငါတို့ပညာဖြင့် စိတ်ကိုချုပ်၍ ဤသူကိုသွားပါစေ လော" ဟု ဆို၏။

ညီအစ်မနှစ်ယောက်ကလည်း "အစ်မကြီးစကား မှန်ပေ သည်" ဟု ဆိုကြ၍ ချည်မန်းကို လည်ပင်းတွင် စွပ်လိုက်လျှင် ကြက်တူရွေးငယ်ဖြစ်၍ မိမိပြည်သို့ ပြန်ပြီးလျှင် ဥယျာဉ်တော် ၌ သစ်သီးတို့ကို ကိုက်စားလေ၏။

ဥယျာဉ်သည်လည်း သစ်သီး, သစ်ပွင့်တို့ကို မင်းအားဆက် သလေသော် "ထိုဥယျာဉ်သည် ရှေးသောအခါကား သစ်သီး သစ်ပွင့် လှသည်၊ ယခုသော်ကား မလှ" ဟု ဆိုတော်မူသော ကာလ....

"အရှင်မင်းကြီး ရှေးသောအခါ ကြက်တူရွေးတို့မရှိပါ၊ ယခုသော်ကား ကြက်တူရွေးငယ် တစ်ကောင်ကို မနိုင်နိုင် အောင် ရှိခဲ့သည်" ဟု ဆို၏။

"ယင်းသို့သော်ကား ငှက်ခတ်သမားအပေါင်းတို့ကိုထောင်ကြလေစေ" ဟု ဆိုလျှင် ထောင်၍ မိလေ၏။

သနားဖွယ်ရှိသောကြောင့် မသတ်ဘဲ မင်းကြီးအား ဆက်သရာ မင်းကြီးသည်း လှပသောကြောင့် သမီးတော်အား ပေး၏။ သမီးတော်လည်း ကစားဖန်များသောကြောင့် ချည်မျှင်ကို မြင်လေ၍ ထိုချည်မျှင်ကို ချွတ်လေသော် လုလင်ဖြစ်၏။ ထိုချည်မျှင်ကိုစွပ်လျှင် ကြက်တူရွေး ဖြစ်ပြန်လေ၏။ ညဥ့်ကိုကား ထိုချည်မျှင်ကိုချွတ်လျက် နေ့ကိုကား ချည်မျှင်ကိုစွပ်လျက် နေကြလေသတည်း။

ကာလရှည်ကြာသော် မင်းသမီးလည်း မတူတရူရှိ၍ မင်းကြီးနား ကြားလေ၏။ မင်းကြီးလည်း စစ်သူကြီးကို ခေါ်တော်မူ၍ စစ်ကြောမေးမြန်းစေ၏။ စစ်ကြောဖွေရှာကြပြန်လေသော် ထိုကြက်တူရွေးငယ်သည် ကြောက်လန့်၍ လေသာပေါက်ဖြင့် ထွက်ပျံလေသော် ချည်မျှင်သည် လေသာပြတင်းတွင် ငြိလေလျှင် လုလင်လှဖြစ်၍ သူဌေးအိမ်သို့ တက်ပြေးလေ၏။

သူဌေးလင်မယားသည် သမီးနှင့်တကွ ထမင်းစား၍နေနှင့်သည်အခိုက် လုလင်ကိုမေးကြ၏။ လုလင်သည် အကြောင်းကို ဆိုပြန်ပေသည်။ ယင်းသို့တပြီးကား ထမင်းပွဲတွင် လက်နှိုက်၍ စားလေကုန်၏။

စစ်သူကြီးကျွန်တို့လည်း ခိုးသူတစ်ယောက်သည် သူဌေးအိမ်သို့ တက်ခဲ့လေသည်မှတ်၍ လိုက်ကုန်၏။

သူဌေးလည်း "ငါတို့သမီး, သမက်နှင့် ထမင်းစားနေကြသည်ကို ခိုးသူရှိသည်ဆိုသော် ဖမ်းယူကြပါလေတော့" ဟု အရှာအဖွေခံကြလေ၏၊

စစ်သူကြီးကျွန်တို့သည် ရှာဖွေ၍မရလျှင် သွားကြလေ၏။

သူဌေးလည်း အရောင်အဆင်းနှင့် ပြည့်စုံသည်ကို မြင်၍ သမီးနှင့် ဆောင်နှင်းလေ၏။

မင်းသမီးလည်း ထိုလုလင်နှင့် ကင်းသောကြောင့် နာဖျားမကျန်း ဖြစ်လေ၏။

မင်းလည်း "ချစ်သမီး အဘယ်ကြောင့် ဖျားနာသနည်း" ဟု မေးရာ "လုလင်နှင့်ကင်း၍ ဖျားနာသည်"ဟု အကြောင်းမျိုးတို့ကို ပြန်ကြားလေ၏။

"ယင်းသို့တပြီးကား လုလင်ကို ရှာစေ" ဟု အမိန့်တော်မူလျက် သဘင်ကြီးစွာပြု၍ "သူဌေး, သူကြွယ်, အမတ်, စစ်သူကြီးတို့သည် ငါ့သဘင်ကို ကြည့်လာကြကုန်" ဟု စေတော်မူ၏။

လုလင်လည်း သူဌေးသမီးနှင့်အတူ ကြည့်လာ၏။

မင်းသမီးလည်း လုလင်ကို မြင်လတ်၍ "ဤသူသည် ငါ့လင်ဖြစ်သည်" ဟု ဆိုလေ၏။

ထိုလုလင်မသေမီ မယားကလည်း ထိုခဏ၌မြင်လေသဖြင့်- "ငါ့လင်တကား မြွေကိုက်၍ သေခဲ့သောကြောင့် ဖောင်ဖွဲ့၍ ရေမှာ မျှောလိုက်သည်၊ မသေ မှန်ခဲ့ပြန်သော် ငါ့လင်ပင် ဖြစ်ကောင်း၏" ဟုဆို၏။

မင်းသမီးကလည်း– “ငါ့အဘအာဏာကို ကြောက်၍သာ လျှင်ပြေးလေ၏–”ဟု ဆို၏။

သူဌေးသမီးလည်း– “မင်းစစ်သူကြီးကျွန်သည် လုလင်ကို ခိုးသူထင်၍သတ်ကြလိမ့်မည်-ဟု ငါ့မိဘပညာနှင့်လွတ်အောင် ပြု၍ငါနှင့်ပေးစားသော် ငါ့လင်မဖြစ် ကောင်းလော့-” ဟု ဆို၏။

ဤသို့ အငြင်းအခုံ ဖြစ်ကြလေ၏။ မင်းကြီးကလည်း ငါ မင်းတကာ:ဟု အနိုင်မပြုဘဲလျက်– “သုဓမ္မစာရီ မင်းသမီး ထံမှာအဆုံးအဖြတ်ခံကြလေ-”ဟု ဆိုလျှင် သွားကြလေ၏။

သုဓမ္မစာရီ မင်းသမီးလည်း အကြောင်းမျိုးကို မေး၏။ မေးပြီးလျှင်-“မယားဟောင်းဖြစ်သော သူဌေးသမီးမှာ လင် ကို ရေတွင် သဂြိုဟ်လေသည်ဖြစ်၍ ရှင်ပြန်သော်လည်း လင် မပြုသာ၊ မင်းသမီးမှာလည်း မင်းကြီးက စစ်သူကြီးကို စေ လွှတ်ဖမ်းစေရာ မိလျှင်မင်းသမီးမတားနိုင်၍သေခဲ့သော် ဆုံး ဖွယ်ရာအကြောင်းရှိသည်ဖြစ်၍ လင်ဖြစ်ကောင်းသည်ဟု မဆို သာ။ ယခုလက်ရှိသူဌေးသမီးမိဘတို့က သေသူအား မသေရ အောင် ပြုသောကြောင့် ရှင်ဘက် လက်ရှိသူ ရစေ”ဟု ဆုံး ဖြတ်ပေသတည်း။

* * *

## ကျားက ခွေးလင်မယား၏ သားသမီးဥကောင်

## ဝေဖေးပုံ

## ၄

ရှေးသောအခါ တောခွေး ထီး မတို့သည် တောပရိဝုဏ်၌ နေကြ၍ ကာလရှည်ကြာလတ်သော် သားတစ်ကောင်, သမီး နှစ်ကောင်မွေးမြင် ပွားစီးကြ၏။

နောက်ရင်းတို့ မသင့်မတင့်အခင်း ဖြစ်ပွားကြရာ ခွေးမ ယယ်တို့ကို တစ်ကောင်စီ ယူကြ၏။ ကျန်ခွေးထီးတစ်ကောင်ကို အမိခွေးမက–"ငါဆင်းရဲကြီးစွာ လွယ်ပိုက်ရသည်ဖြစ်၍ ငါ သာရသင့်ကြောင်း" အဘ ခွေးထီးကလည်း "ငါမယား သခင်လင်သားဦးခိုင် ကာမပိုင်ဖြစ်သောကြောင့် ငါသာ ရ ထိုက်ကြောင်း-"နှင့် အငြေငြင်း ကိုယ်စီငြင်းခုံဖြစ်ပွားကြ၍ တရားအကောက်အယူခံရန် ဒေဝဒတ်အလောင်းကျားမင်းထံ သွားရောက်ကြလေသော် ကျားက ထိုသားတို့ကို အမိ တစ် ကောင်,အဘတစ်ကောင်ပေးစေပြီးမှကျန်ခွေးထီးတစ်ကောင် ကို အလယ်တွင်ပိုင်း၍ တစ်ကောင်လျှင် တစ်ပိုင်းစီ ဝေပေး ကာလ ထိုသားတစ်ကောင်ကို ဘ မိနှစ်ဦးတို့ မြင်ကြလျှင် ပြင်းစွာ ငိုကြွေးကြလျက်- "အရှင်ကျားမင်း ဤသို့ ကြမ်း ကြုတ်စွာ မဝေအပ် သင့်ပါတကား-"ဟု ဆို၍ သား၏ အ ကောင်ကို ကျားရှေ့သို့ ပစ်သွားကြလေ၏။

* * *

## ယုန်က မြွေခွေးနှင့် ဖျံအား ငါးကြင်းတစ်ကောင် ဝေပေးပုံ

၅

ရှေးသောအခါ မြွေခွေးနှင့်ဖျံသည် အဆွေခင်ပွန်းဖွဲ့၍ မြစ်ကမ်းနား၌ အစာရှာကြလေသော် ဖျံသည် ငါးကြင်း တစ်ကောင်ကိုရလေ၍ ဝမ်းပျဉ်းသားနှင့်ခေါင်းကို သူစား သင့်, ငါစားသင့်ဟု မြွေခွေးနှင့် ဖျံတို့အငြင်းအခုံ ဖြစ်ကြ၍ ငါတို့ဘုရားလောင်း ယုန်မင်းနေရာသို့ သွားရောက်ကြလေ သော် ယုန်မင်းက ဤသို့ဆို၏။

"သင်တို့နှစ်ကောင်သည် အဘယ်ကြောင့် အငြင်းအခုံ ဖြစ် ကြသနည်း၊ အဆွေခင်ပွန်း မပျက်ကြကောင်း၊ နေ့ခင်း ဖျံ သည် ငါးကြင်းရသော်လည်းကောင်း, မြွေခွေးသည် သမင်, ဒရယ် ရသော်လည်းကောင်း၊ ငါအခု ဝေပေးသကဲ့သို့ ဝေမျှ စားကြကုန်" ဟု အမြီးကခေါင်းတိုင်အောင် အလယ်တည့် တည့် ခွဲဝေ၍ပေးလေသည်။

မြွေခွေးနှင့်ဖျံလည်း နှစ်သက်ကျေချမ်း ဝမ်းမြောက်စွာ ရှိကြလေကုန်၏။

## ယောကျ်ားရှိရာ မိန်းမလာသော်

၆

ရှေးသရောအခါ သဘောသူကြီးတစ်ယောက်သည် ကုန် သွယ်ရန်သွားလေသော် သမုဒ္ဒရာကမ်းတစ်ဖက်သို့ ရောက် လေ၏။

ကမ်းနားဌ ဆိတ်များကို လူတစ်ယောက် ကျောင်းလေသဖြင့် သင်္ဘောသူကြီးပိုင် ဆိတ်မသည် ဆိတ်ထီးနောက်သို့ လိုက်လေ၍ မိမိဆိတ်မကို ဆိတ်ထီးရှင်ထံတောင်းလေရာ မအပ်မပေးနေသောကြောင့် တရားဆင်မည်ဟူ၍ တရားစစ်သူကြီးထံသို့ ရောက်လေ၏။

"ဆိတ်မကား ဆိတ်ထီးသို့လိုက်သည်ဖြစ်သောကြောင့် ဆုံးစေ၊ ဆိတ်ထီးရှင် ပိုင်စေ" ဟု ဆုံးဖြတ်လေသတည်း။

ထိုသို့ ဆုံးဖြတ်လေသည့်နောက် သင်္ဘောသူကြီး မသက်သာ၍ လက်ဆောင်တံစိုးနှင့် စစ်သူကြီး သမီးထံသို့ စေလွှတ်၏။ ထိုသို့ အကြိမ်များစွာ စေလွှတ်သောကြောင့် စစ်သူကြီးသမီးသည် သင်္ဘောသူကြီးရှိရာသို့သွားလေလျှင် မပြန်ရအောင်တားမြစ်သည်ကာလ စစ်သူကြီးလည်း သမီးကိုတောင်းရာမပေးဘဲနေလေ၍ အငြင်းအခုံဖြစ်ကြသဖြင့် မင်းထံသို့ရောက်လေသော်- "အရှင်မင်းကြီး ယမန်ကာလက အကျွန်ုပ်ဆိတ်မသည် ဆိတ်ထီးထံသို့လိုက်လေ၍ သူ့အိမ်သို့ ရောက်လေသည်ရှိသော် ဆိတ်ထီးရှင် ပိုင်ကောင်းသင့်သည်ဟု စစ်သူကြီး ဆုံးဖြတ်ချက်ရှိပြီတကား။ ယခုလည်း ထိုစစ်သူကြီးသမီး အကျွန်ုပ်ရှိရာသို့ လိုက်လာပြီဖြစ်၍ အကျွန်ုပ်ပိုင်ကောင်းလေအံ့" ဟုဆို၏။

ရှေးဆင်ခြေရှိပြီးသောကြောင့် သင်္ဘောသူကြီးသည် စစ်သူကြီးသမီးကို ပိုင်ရလေသတည်း။

ထိုကြောင့် ယောကျ်ားရှိရာ မိန်းမလာသော် အပြစ်ကင်းစေသတည်း။

## သားသေသော အဖေအား သားစားပေးရုံ

## ၇

ကကုသန် ဘုရားလက်ထက်တော်၌ ရတ္တိက္ခသာ-အမည်ရှိသော သတ္တိုသမီးသည် တစ်ခုသော ရွာနိဂုံး၌နေ၏။ အမျက်မာနကြီးသောကြောင့် လင်ကိုမကြည်ဖြူ၍ တစ်ပါးသော ရွာနိဂုံးသို့သွားလေရာ ခရီးဝေးကွာ၍ ပင်ပန်းသောကြောင့် ထန်းပင်ရိပ်၌ နားနေစဉ်တွင် သူငယ်အိပ်စိမ့်မည်ဟု ပုဆိုးခင်း၍ သိပ်လေ၏။ ကျီးလည်းပျံလာ၍ ထန်းသီးပေါ်၌ နားလေရာ ထန်းသီးကြွေ၍ သူငယ်ထိပ်ထက်ကျ၍ သေလေ၏။

သားသေသည်ကိုမြင်လျှင် မျက်ရည်ယိုစီးလျက် သားသေကိုပိုက်၍ ကျီးပျံရာသို့လိုက်လေ၏။ လယ်ထွန်ယောကျ်ားလည်း ကန်သင်းရိုး၌ထားသော ထမင်းထုပ်ကို နေ့စဉ်ကျီးစားသောကြောင့် စောင့်လေရာ ကျော့ကွင်း၌မိသည့်ကျီးကို ယူမည်ဟု ပြုရာ သတ္တိုသမီးလာ၏။

လယ်ထွန်ယောကျ်ားလည်း - "ဤကျီးသည် ငါ့သမီးတကား"ဟု ဆို၏။

ထိုအခါ သူငယ်မကလည်း- "သင်၏ကျီး ဖြစ်ပြီတကား၊ ငါ့သားကို သတ်လေကောင်းသလော" ဟု ဆို၍ အငြင်းအခုံ ဖြစ်ကြလျက် ပညာနည်းသော တရားသူကြီးထံ တရားဆင်ကြလေသော်-"ယောကျ်ားလျှော်စေ"ဟု ဆုံးဖြတ်သောကြောင့် လယ်ထွန်ယောကျ်ားမသက်သာ၍ ပညာရှိတရားသူကြီးထံ ဆိုပြန်လေသော်-



"ဤစကားသည် သင့်လင်နှင့်ရန်ဖြစ်၍ တစ်ရွာသို့သွားရာတွင် ခရီးဝေးသဖြင့် ထန်းပင်ရိပ်၌နားနေရာ သူငယ်ကို သိပ်ထားလျက် သူငယ်အိပ်ပျော်စဉ် ထန်းသီးမှည့်ကျ၍သေခဲ့သော် သင့်လင်နှင့်ရန်ဖြစ်သည့် အမှုကြောင့်သာ သူငယ်သေရသည်ဖြစ်၍ လယ်ထွန်ယောက်ျားနှင့် သားတစ်ယောက်ရအောင်ပြုလေ၊ သားရမှ သင့်လင်သို့အပ်ပေးစေ"ဟု ဆုံးဖြတ်လေ၏။



## ၃။ အမတ်ဒိန်ဖြတ်ထုံး

အမတ်ဒိန်ဖြတ်ထုံးကို ဓမ္မစေတီမင်း အထုပ္ပတ္တိကျမ်းမှ ကောက်နုတ် ဖော်ပြပါသည်။ အမတ်ဒိန်၏ အကြောင်းကို ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၌ အလွန်ကောင်းမွန်ပြည့်စုံသော အစီအရင်ဖြင့် ဖော်ပြထားပြီးဖြစ်၏။ လွယ်ကူစွာကြည့်ရှုလိုပါက ရာဇဝင်ကျော် မြန်မာစစ်သည်တော်စာအုပ်၌ တွေ့နိုင်၏။ ဤတွင်မူ ဓမ္မစေတီမင်း အထုပ္ပတ္တိကျမ်းမှာပင်ပါသော အမတ်ဒိန်၏အကြောင်းကို အမတ်ဒိန်ဖြတ်ထုံးနိဒါန်း အနေဖြင့် ဖော်ပြပါမည်။

ဘေးတော်ရာဇာဓိရာဇ်လက်ထက်လည်း ပုဂံသို့မင်းစေလွှတ်မည်ဖြစ်၍ "အသူအမတ်ကို လွှတ်ရမည်နည်း" ဟူ၍ ပိုက်ကရပ်ဟူသော အမတ်ကို တိုင်ပင်သော် "အမတ်တော် အမတ်ဒိန်

ကိုသာ လွှတ်သင့်မည်ထင်သည် ဘုရား” ဟူ၍ လျှောက်လျှင် ရာဇာဓိရာဇ်လည်း “သင့်လှ၏” ဟု ဆက်စာရာဇသံနှင့်တကွ လက်ဆောင်ပဏ္ဏာကာရ စီရင်၍ လှေ်ကား ၂ စင်း, သရော ၂ စင်းနှင့် အမတ်ဒိန်ကို လွှတ်လိုက်၏။

ပုဂံမင်းလည်း ရာဇာဓိရာဇ်က မင်းစေလွှတ်သည်ကို ကြားလျှင် မင်းစေခံကိုစေလိုက်၍ ခရီးတစ်လတ်က ကြိုလာစေပြီးသော် အမတ်တစ်ယောက်ကိုဝန်ပြု၍ စားဖွယ်သောက်ဖွယ်မျိုးရိက္ခာ ကွမ်း, လက်ဖက်, အမွှေးနံ့ သာစသည်ဖြင့် ပို့သလာစေ၏။ ယင်းသို့လျှင် ပုဂံမင်းသည် အဖူးခံတော်မူ၏။

ထိုအခါ အမတ်ဒိန်ကို ပုဂံမင်းရှေ့တော်ဝယ် ထမင်းတည်၏။ ထမင်းပွဲတွင်ကား ငါးဟင်း အကင်အဖုတ်တို့ကို ထမင်းမမြင်သာမျှထည့်၏။ ဆားလှော် ကတော့ကိုကား ထမင်းပွဲအလယ်တွင် မြှုပ်၍ထည့်လိုက်၏။ အမတ်ဒိန်လည်း ငါးကင်ငါးဖုတ်တို့ကို နှစ်ဘက် ကာလုံးအသားတို့ကို ပြန်၍စား၏။

ပုဂံမင်းသည် အမတ်ဒိန်စားသည်ကို ကြည့်၍နေပြီးသော် ထမင်းစားပြီးလျှင် အမတ်ဒိန်ကိုမေးတော်မူ၏။

“အမတ်ဒိန်–ဟံသာဝတီပြည်မှာ ငါး ရခဲသည်လော”

အမတ်ဒိန်သည် ပုဂံမင်းကို ဤသို့လျှောက်၏။

“ဘုန်းကြီးသောအရှင် နေ့ခင်တော် ပြည်မှာ ငါးအပြား ၄၀-ရှိ၏။ အထူးအပြားလည်း များလှ၏။ လက္ခန်းတိုင်-မည်သောမြို့မှာ ချောင်းတစ်ဖက်ကကား သရက်တော ရှိသည်။ ချောင်းတစ်ဖက်ကကား ကြံတောရှိသည်။ ထို့ကြောင့် ထိုချောင်းဝယ်ငါးတို့သည် တစ်ဖက်ချဉ်သည်။တစ်ဖက်ချိုသည်။

သံဟူသောမြို့မှာကား သစ်ပင်ထက်တက်သော ငါးလည်းရှိ၏ ရေဝယ်သွားသော ငါးလည်းရှိ၏။ဆင်ရုပ်သို့သော ငါးလည်း ရှိ၏။တံခွန်ရုပ်သို့သော ငါးလည်းရှိ၏။ မြင်းရုပ်သို့သောငါး လည်းရှိ၏။ တီရုပ်သို့သော ငါးလည်းရှိ၏။ ဆီမီးတိုင်ရုပ်သို့ သောငါးလည်းရှိ၏။ ဓားရုပ်သို့သော ငါးလည်းရှိ၏။ ကွမ်း ကျုပ်ရုပ်သို့သောငါးလည်းရှိ၏။သာယာမည်သော မြို့မှာကား ငါးပိနှင့်သာ ရွှေ၊ ငွေတို့ကို ကုန်ပြုလေကုန်၏။ မဟာဂံမည် သော မြို့မှာကား ဆင်နှင့်ရွှေ၊ ငွေ၊ ကျေးကျွန်တို့ကို ကုန်ပြု ကြ၏။ မုတ္တမမြို့မှာကား ကြွေနှင့်ရွှေ၊ ငွေ ကျေးကျွန်တို့ကို ကုန် ပြုကြ၏။ရန်စစ်မြို့မှာကား မြေကိုတူးလျှင် ရွှေဖြစ်၏။ဘုန်းကြီး သောအရှင် ဤသို့လျှင် နောင်တော်ပြည်မှာ ငါးသား အထူးအပြားများလှ၏။

ပုဂံမင်းသည် အမတ်ဒိန်ကို ဤသို့ မိန့်တော်မူပြန်၏။

"အမတ်ဒိန် မွန်မင်းကစ၍ မှူးမတ်တို့၏ ဗောင်းသည် အဘယ်ကြောင့် ဆင်သိုကဲ့သို့ဖြစ်သနည်း"

"ဘုန်းကြီးသောအရှင်၊ မြန်မာမှူးမတ်တို့ ဗောင်းသည် လည်း ဆင်မယောနိကဲ့သို့ ဖြစ်သည်ဖြစ်၍ ဘုန်းကြီးသော အရှင်နှင့် နောင်တော်သည် ညီနောင်ခေါ်သင့်၏"

"အမတ်ဒိန် မင်းတို့ရွာမှာ ချည်တိုင်သာ များသည် တ ကား"

"ဘုန်းကြီးသောအရှင်၊ မြန်မာပြည်၌ မွေးညှင်းရှိသောသူ များသည်ဖြစ်၍ ဘုန်းကြီးသောအရှင်နှင့် နောင်တော်သည် ညီနောင်ဖြစ်လတ္တံ့."

"အမတ်ဒိန်၊ ငါ့မှာ သံပုရာသီးတစ်လုံးကို နှစ်ပိုင်းပိုင်းပြီးသော် တစ်ပိုင်းကိုအသားထွင်း၍ပင်ကန့်တကူတပ်ပြီးသော် ငါနှင့်မိဖုရားစီး၍ အင်းအလယ်တွင် ကစားကြသည်"

"ဘုန်းကြီးသောအရှင် မိန့်တော်မူတိုင်း ဟုတ်ပေမည်၊ နောင်တော်မှာလည်း ကန့်စွန်းတစ်ဆစ်ကိုခွဲ၍ တကူပင်ကန့်တပ်ပြီးသော် နောင်တော်က ပဲ့ က မရီးတော်ကား ဦးကစီး၍ ဇကြပ်အင်းတွင် ကစားသည်ဘုရား"

ပုဂံမင်းသည် လက်ခုပ်တီး၍ရယ်၏။ ရယ်လျှင် အမတ်ဒိန်သည်—"ဘုန်းကြီးသောအရှင်၊ ယခု သံပုရာသီးနှင့်ကန်စွန်းကို နယ်၍ လက်သုပ်စားတော်ခေါ်ရသော်အလွန်အရသာရှိတော်မမူလော"ဟူ၍ လျှောက်လျှင် ပုဂံမင်းသည် ဤသို့မေးမြန်း၏။

"အမတ်ဒိန်-ဟံသာဝတီမင်းဝယ် မင်းကဲ့သို့ မှူးကြီးမတ်ရာ ဘယ်မျှလောက်ရှိသနည်း"

"ဘုန်းကြီးသောဘုရား၊ နောင်တော်ဝယ် အကျွန်ုပ်ထက်မက အရေးအရာတတ်လိမ္မာသော မှူးကြီးမတ်ရာတို့သည် များစွာရှိ၏။ အကျွန်ုပ်ကား စာရေးမျှသာ"- ဟူ၍ လျှောက်လျှင် ပုဂံမင်းသည် အမတ်ဒိန်ကို ထန်းရွက်ကညစ် ပေး၏။ ပေးလျှင် အမတ်ဒိန်သည် ထန်းရွက်ကညစ်ကို ယူ၍ ရေးသော် အတည့်အဝင်နှင့်တကွ ထန်းရွက်လုံးပြည့်လေ၏။ထိုစာကို ပုဂံမင်းမြင်လျှင်- "စာရေးဖြစ်တန်၏"ဟု ချီးမွမ်းတော်မူ၏။

ဤသို့ ပြောဟောဆိုမေးကြပြီးလျှင် အမတ်ဒိန်ကို တဲအုံကန္နား ကောင်းမှုပဲ့အောင်ဆောက်၍ မျိုးရိက္ခာ၊ ပဲလောက်ငအောင် ပေးပြီးသော် ကောင်းမွန်စွာ ထားလေ၏။

## တလိုင်း နှင့် မြန်မာ
## မိကျောင်း ပြဿနာဖြစ်မှု

၁

အခါတစ်ပါး၌ တလိုင်းနှင့်မြန်မာ တစ်ယောက်သည် လှေတစ်စင်းတည်းရှိ၍ ကုန်ပို့ကြလေသော် ချောင်းတစ်ခုဝယ် မိကျောင်းပေါ်လတ်သည်ကို မြင်လျှင် မြန်မာကား မိကျောင်း ဟူသည်၊ တလိုင်းကား စာမ်ဟူ၍ ဆိုလတ်လျှင် ထိုမြန်မာ တလိုင်းတို့သည် ကြီးစွာသောအငြင်းအခုံဖြစ်ကြ၍ ကိုယ်ဆုံးပင် လောင်းတမ်းပြုကြကုန်၏။ ယင်းသို့လျှင် ပုဂ္ဂမင်းကို လျှောက်လာသောကြောင့် အမတ်တစ်ယောက်ကို စီစစ်စေသော် ထိုအရေးကို ပြေအောင် မဆုံးဖြတ်နိုင်သောကြောင့် အမတ်ဒိန်ကိုစီစစ်စေ၏။

အမတ်ဒိန်လည်း "မင်းတို့ ဤအကြောင်းကို အဘယ်အရပ်ဝယ်မြင်ကြသနည်း၊ အဘယ်အရပ်ဝယ် လောင်းကြသနည်း" မေးသော် နှစ်ယောက်စုံသည် "တလိုင်းရပ်ဝယ် လောင်းကြသည်"ဟူ၍ဆိုလျှင် အမတ်ဒိန်သည် "ယင်းသို့တလိုင်းရပ်တွင်သာ ဟုတ်သော် တလိုင်းနိုင်မကောင်း၏။ ဒေါသနှင့်အလိုကြီးပြု၍ လောင်းချေသောကြောင့် လှေနှင့်တကွကိုကား မင်း မရသာ၊ ရွှေတစ်ပိဿာ တလိုင်းကို ပေးစေ"ဟု ဆုံးဖြတ်၏။

(မိကျောင်းကို မွန်ဘာသာ၌ စာမ် ဟု ခေါ်သည်)

ထိုအဆုံးအဖြတ်ကို ပုဂ္ဂမင်းကြားလျှင် အလွန်နှစ်သက်တော်မူ၍ ဆုလာဘ်များစွာ ပေးတော်မူ၏။ ထိုတလိုင်းလည်း

ထိုရွှေကို တလိုင်းရွာစပ်တွင် ညောင်တစ်ပင်ရင်း၌ မြှုပ်လေသောကြောင့် ထိုညောင်ပင်ကို ရွှေညောင်ပင်ဟု ခေါ်ဝေါ်ကြကုန်၏။

* * *

## ကိုယ်သား ကိုယ်သတ်မှု

## ၂

တစ်ခါတစ်ပါးတို့ ယောက်ျားတစ်ယောက်မှာ မယားနှစ်ယောက်ရှိ၏။ ထိုမယားတို့တွင် မယားငယ်ကား သားမြင်၏။ မယားကြီးတွင်ကား သားမမြင်။ မမြင်ငြားလည်း မယားကြီးကိုသာ ယောက်ျားသည်ချစ်လေသောကြောင့် မယားငယ်သည် ဤသို့ကြံ၏။ "ငါ သားမြင်သောမယားကိုကား သင်းမချစ်၊ သားမမြင်သောမယားကိုသာ သင်းချစ်လေသည်ဖြစ်၍ ငါ့သားကို ငါသတ်ပြီးသော် မယားကြီးသတ်သည်ဟု ငါဆိုပြီးမှသာ သင်း မယားကို သင်းမုန်း၍ ငါ့ကို ချစ်လတ်မည်" ဟု ကြံပြီးသော် ရေတွင်းသို့ ရေခပ်သွားလေသောအခါ သင်းသားငယ်သည် ရှိနှင့်လေသောကြောင့် လူသူငယ်သည် ရေတွင်းသို့ ငုံ့၍ ကြည့်လျှင် ထိုသို့ ကြည့်ခိုက်တွင် တွန်းချ၍ သင်းသားသေလျှင် သင်းသည် ပုဂ္ဂမင်းကို "အကျွန်ုပ်သားကို မယားကြီးသတ်လေသည်" ဟု လျှောက်လေ၏။

ပုဂ္ဂမင်းလည်း "မယားကြီး သတ်ပေသည် မှန်၏လောဟု စိစစ်လေ" ဟူ၍ အမတ်လေးတိုင်တို့ကို အသမ်(အမိန့်)ချ၏။

အမတ်ကြီး လေးတိုင်တို့သည်း မည်သူသတ်မှန်းကို မသိနိုင်၍ ပုဂံမင်းကို လျှောက်ကုန်၏။ ပုဂံမင်းလည်း ထိုအမတ်တို့ကို အမျက်တော်ထွက်၍ သံခြေကျဉ်းခတ်လျက် သို့ထားစေပြီးသော် အမတ်ဒိန်ကို ဝန်ပြု၍ စစ်စေ၏။

အမတ်ဒိန်လည်း ထိုမိန်းမမယားကြီးကို "ညည်းဘယ်သို့ သူ့သားကို သတ်သနည်း" ဟု မေး၏။

မယားကြီးသည် "သခင်ဘုရား အကျွန်ုပ်သည် ၁၇-နှစ်၌ ကပင် မိဘဆောင်နှင်းသောကြောင့် ဤလင်ကိုရသည်။ ယင်းက သည်လင်ကို မရှိမဲ့သော ခြေတစ်ပါးလက်တစ်ပါးမျှ မကျင့်ပါ၊ အကျွန်ုပ်လင်သည် မယားနှစ်ယောက်ပင် ထားလတ်ငြားလည်း အကျွန်ုပ်သည် ယောကျ်ားဟူက မယားတစ်ကျိတ်သော်လည်း ထားလေသည်တကားဟူ၍ နေပါသည်။ သားလင်ကို စောင်းမြောင်း ငြူစူခြင်းမျှ မပြုပါ၊ ဤသူ့သားကိုလျှင် အကျွန်ုပ်သတ်ပါမည်လော" ဟု ဆိုလျှင်-

မယားငယ်ကို "ညည်းသတ်သည်လော မသိ" ဟူ၍ မေးပြန်လျှင်-

"သခင်ဘုရား အကျွန်ုပ်သားကိုသာ အကျွန်ုပ်သတ်ပစ်မည်လော" ဟု ဆို၏။

ထိုသို့ဆိုကြလျှင် အမတ်ဒိန်သည် မယားကြီးကို ဇရပ်သို့ ဆောင်လေ၍ "ညည်းသည် မသတ်ဟူ၍ ဆိုလေသည်ဖြစ်၍ ညည်းကို ငါ တရားစွဲခြင်း, သတ်ညှစ်ခြင်း ဒဏ်ကို မပြုပြီး အများတကာရှေ့တွင် ထဘီချွတ်မည်လော" ဆိုလျှင်

မယားကြီးသည် "သခင်ဘုရား၊ ရွှေးဘဝကကုသိုလ်နည်းသောကြောင့် မိန်းမဖြစ်လာသည်သာ မဟုတ်သေး၊ လင်ကိုမျှ တစ်ပိုင်းသာရပါသည်၊ ဤသို့ ကုသိုလ်နည်းသော မိန်းမဖြစ်လာပြီးမှ အသရေကို စွန့်၍ ထဘီချတ်စေသော် ပဇာရာဝင်သေးသနည်း၊ အကျွန်ုပ်အသက်ကို သခင် ယူတော်မူသော်လည်း ခံရမည်သာ၊ အသရေကိုသော်ကား မဖျက်ပါနိုင်၊ သူ့သားကိုလည်း အကျွန်ုပ် မသတ်ပါ" ဟူ၍ဆို၏။

ယင်းသို့လျှင် မယားငယ်ကို ယူပြန်ချေစေ၍ "ညည်းသားကို ညည်းမသတ် ဟူပြီးတကား အများတကာရှေ့တွင် ထဘီချတ်ဝံ့မည်လော" ဟု ဆိုလျှင် ပရိသတ်ဘောင်တွင် ထဘီချတ်၏။

ယင်းသို့လျှင် အမတ်ဒိန်သည် မယားငယ်၏ အရှက်အသရေမရှိသောအဖြစ်ကိုမြင်လျှင် သင်းလင် သင်းသားကိုသတ်ပေဘန်၏ဟု မယားငယ်ကိုလှည့်ဖြား၍ မေးလေသောကြောင့် ဟုတ်တိုင်းကိုဆိုလတ်လျှင် အမတ်ဒိန်သည် ထိုအတိုင်း ပုဂံမင်းအား လျှောက်ကြားလေလျှင် ပုဂံမင်းသည် ရဟန်း၊ပုဏ္ဏား၊ မှူးမတ် သူဌေးသူကြွယ် ပြည်သူပြည်သားတို့ကို စုရုံးစေပြီးသော် အမတ်ဒိန်စိစစ်၍ အမှန်ရသောအဖြစ်ကို အများမျက်မှောက်တွင် ပြောတော်မူ၏။

* * *

## မုန့်သည်မ လက်ကောက် ဘုန်းကြီးခိုးမှု

၁၇

တစ်ခါလည်းကောင်းတုံ ပုဂံပြည်ဝယ် အိုးကင်းကပ် မုန့်လုပ်သော မိန်းမတစ်ယောက်သည် ပတ္တမြားစီလက်ကောက် ၄-ကွင်း, မသာရဂလ်စီ လက်ကောက် ၄ ကွင်း, နီလာစီလက်ကောက် ၄ ကွင်း, နီလာကန္တိစီလက်ကောက် ၃ ကွင်း ပေါင်း လက်ကောက် ၁၅ ကွင်းကို အိတ်နှင့်ပင် သင်းပေါင်ထက်တွင်ထား၍ ဈေးတွင် မုန့်ချက်၍ နေ၏။ ထိုချက်စဉ်တွင် ရဟန်းတစ်ယောက်သည် မုန့်အလှူခံ၏။ ခံလျှင် မိန်းမသည် သတိမသွင်းဘဲ မုန့်လှူမည်ဟု ထလေလျှင် အိတ်နှင့်တကွလက်ကောက်ကျလေ၏။ ကျလေလျှင် ထိုရဟန်းသည် ခြေမနှင့် ညှပ်၍ ထိုအိတ်နှင့်တကွ လက်ကောက်ကို သင်းပိုင်ကြားဝယ် ဝှက်၍ယူလေ၏။

မိန်းမလည်းအောက်မေ့လတ်လျှင် လက်ကောက်ကိုရှာသော်မရ၍ သည်းစွာငိုကြွေးလျက် ပုဂံမင်းကိုလျှောက်လေ၏။ ပုဂံမင်းသည်.... "ဤလက်ကောက်ကိုရအောင် စိစစ်လေ-" ဟု အမတ်လေးတိုင်တို့ကို အသမ်ချ၏။ ထိုအမတ်တို့သည်လည်း လက်ကောက်ကို စိစစ်၍မရလေလျှင် ပုဂံမင်းအားလျှောက်ကြားပြန်လေ၏။

ထိုသို့လျှင်ပုဂံမင်းသည်-"ဤလက်ကောက်ကိုရအောင်စိစစ်လေ-" ဟု အမတ်ဒိန်ကိုဝန်ပြု၍ အမတ်ဒိန်သည်မုန့်သည်ကို- "ညည်းယင်းပျောက်သောကာလဝယ် ညည်းအပါးမှာအသူ အလျင်ရောက်သနည်း-" ဟု မေး၏။

မုန့်သည့်မသည် "သခင်ဘုရား အလျင်ကား သခင်တစ်ပါးသာ မုန့်ရပ်လာသည်-"ဟူ၍ ဆိုလျှင်-

"ညည်းမှာ ယင်းသက်ကောက်သည့် အဘယ်မျှ ကွင်းသနည်း။ရွှေကား ဘယ်မျှနည်း။ကျောက်ကားပဇာစီသနည်း" ဟု မေးပြန်၏။

ယင်းသို့မေးလျှင် မိန်းမသည်- "မှောက်တော်သခင်လက်ကောက်ကား ၁၅ ကွင်း, ရွှေကား ပေါင်း ၁၅ကျပ်၊ နီလာ ၄ ကွင်း၊ ပတ္တမြား ၄ ကွင်း၊ မြသာရဂလ် ၄-ကွင်း၊ နီလာကန္တိ ၃ ကွင်း ဘုရား-" ဟူ၍ ဆို၏။

ဆိုလျှင်= "ရဟန်းကျောင်းကို ညည်းသိ၏လော-" ဟု မေး၏။

"သခင် ထိုရဟန်းသည် အကျွန်ုပ်မှာ ဝတ်ပြု၍ အမြဲခံသောကြောင့် ကျောင်းကိုလည်း သိပါ၏-"ဟူ၍ ဆိုလျှင်

"ယင်းကျောင်းကို ငါ့လူကို ပြချေ-"ဟူ၍ လူတစ်ယောက်ထည့်လိုက်၏။ မိန်းမလည်း ထိုလူအား ထိုကျောင်းကိုပြခဲ့လျှင်ထိုလူသည် ထိုကျောင်းကိုမှတ်ခဲ့၍ ပြန်လတ်၏။

အမတ်ဒိန်လည်း မိုးသောက်လျှင် ထိုရဟန်းကို ပင့်ချေစေ၏။ပင့်ချေ၍ရောက်လတ်လျှင်-"သခင်ဘုရားကို အဆင်းအဝါလှပသည် ကြား၍ ပင့်လာစေသည်၊ သခင်ဘုရားလည်းကြားတိုင်းပင်အလုံးအရပ်နှင့် အသားအရေတို့သည် လှပချောမွတ်ပေသည်မှန်ပေ၏၊ စာပေကျမ်းဂန် တတ်ပါ၏လော-"ဟု မေး၏။

မေးလျှင် ထိုရဟန်းလည်း-"ငါသည် ခုနစ်နှစ်ကပင်ရဟန်း ပြု၍ စာပေကျမ်းဂန်တို့ကို ဇာတ်ကစ၍ သဒ္ဒါ, သုတ်, အဘိဓမ္မာ, ဝိနည်း, ယောဂ, နိဒါန်း-အစရှိသော လောကီလောကုတ္တရာနှင့်တကွ စကားပြေ, စကားဆက်, စကားနက်တို့ကို သင်ပါ၏-"ဟူ၍ဆိုလျှင်-

အမတ်ဒိန်သည်-"ကောင်းလှ၏-"ဟုပြောဟောပြီးသော် ရဟန်းကို လွှတ်ပြန်လိုက်၏။ ယင်းသို့လျှင် အမတ်သည် မင်းစေဘက်ကို- "ဤအရပ်တွင် မင်းဆရာကား အဘယ်မျှရှိသနည်း၊ ယင်းကျောင်းတွင် အထွက်အနက်ကား ပဇာရှိသနည်း-"ဟု မေးလျှင်-

မင်းစေဘက်တို့သည်- "မင်းကျောင်းသုံးရာရှိ၏။ တစ်ကျောင်းတစ်ကျောင်းသော် ရွှေတစ်ပိဿာထွက်လည်း ရှိ၏။ ရွှေစင် ငါးကျပ်ထွက်လည်းရှိ၏။ ရွှေစင် ၂၅ကျပ်ထွက်လည်း ရှိ၏-"ဟုဆိုလျှင်-

ထိုရဟန်း ထိုအတိုင်းပင့်ပြန်ချေ၍-"သခင်ဘုရား၊သခင့်ကို အကျွန် ကြည်လင်လှသည်မခြို၊သို့ဖြစ်၍ကျောင်း-တစ်ကျောင်း လပ်သည်ကို ရဟန်းတစ်ပါးဆိုသည်၊မရလေ။ ရဟန်းတစ်ပါးလည်း အကျွန်ကို ဆိုလာလျက် သခင်ကိုသာ အကျွန်ကြည်ညိုသည်ဖြစ်၍ ရစေချင်သည်တကား-"ဟူလျှင်-

ထိုရဟန်းသည်လည်း- "ပုဂံမြို့အရှေ့မြောက်ထောင့်ဝတ်ကျောင်းတစ်ကျောင်းလပ်သည်ဟုတ်တည်း၊ ယင်းကျောင်းကို အမတ်ကြီးဆို၍ ရတပြီးကား အမတ်ကြီးကို ငါများစွာလက်ဆောင်မဆက်ပါလော-"ဟူ၍ဆိုလျှင်-

အမတ်ဒိန်သည်-"ယင်းကျောင်းကို ရအောင်ဆိုမည်၊ အကျွန်ုပ်ကို ပဇာလက်ဆောင်ပေးမည်နည်း၊ လက်ဆောင်ကို အကျွန်ုပ်မြင်ရစေ"ဟု ဆိုပြန်လျှင်-

ရဟန်းသည် ထိုလက်ကောက်ဆယ့်ငါးကွင်းကိုယူ၍ ပြလာ၏။အမတ်ဒိန်သည်-"ဤလက်ဆောင် အကျွန်ုပ်ကိုပေးလျှင် အကျွန်ုပ်ရအောင်လျှောက်ပါမည်-"ဟူ၍ဆိုလျှင် ရဟန်းသည်"ယူပါလေ-"ဟု ပေးခဲ့၏။


ပေးခဲ့လျှင် မုန့်သည်မကိုခေါ်ချေစေ၍ အမတ်ဒိန်မှာလက်ကောက်တစ်ခြည်ကို "ယင်းခါခိုးသည့် လက်ကောက်လော-" ဟုပြလျှင်-

"သည်လက်ကောက်သည် အကျွန်ုပ်၏လက်ကောက် မဟုတ်ဘူး"ဟူ၍ ဆို၏။

ယင်းသို့မှ အမတ်ဒိန်သည် ထိုလက်ကောက်ကိုထုတ်၍ပြ၏။ ပြလျှင်ထိုမိန်းမသည်-"မှောက်တော်ဘုရားသည်လက်ကောက်သာအကျွန်ုပ် လက်ကောက်မှန်၏-"ဟု ဆို၏။

ယင်းလက်ကောက်နှင့်မိန်းမကို ပုဂံမင်းအားပြလေ၏။ပုဂံမင်းလည်း အလွန်ဝမ်းမြောက်တော်မူ၍လက်ကောက်ကိုလည်း မုန့်သည်မကို ပေးလေ၏။ အမတ်ဒိန်ကိုလည်း ချီးမွမ်းပသပြု၍ဆုတော်များစွာ ပေးတော်မူ၏။ အမတ်ကြီး ငယ်သားတို့ကိုလည်း ဆုလာဘ်များစွာပေးစေ၏။

* * *



## ၄။ မဟာပညာကျော်ဖြတ်ထုံး

မဟာပညာကျော်ကို အချို့သောသူတို့က စာဆိုကျမ်းပြု ပုဂ္ဂိုလ်စုစာရင်း၌ ထည့်သွင်းဖော်ပြကြ၏။ အမှန်မှာ မဟာပညာကျော်သည် မနုဝတီအရေးတော်ပုံကျမ်းမှဇာတ်ဆောင် အမတ်ကြီးတစ်ဦး ဖြစ်သည်။ ယင်းကျမ်းပြု ဆရာတော်သည် ရာဇဝင်တို့၌လာသော မနုပတီမင်းတို့ အရေးအခင်းနှင့်မဟာပညာကျော်အမတ်ကြီး၏ပြောဆို ပြုမူဆောင်ရွက်ချက်တို့ကိုစုပေါင်းသုတ်သင်တည်းဖြတ်ပြီး မနုဝတီအရေးတော်ပုံ ကျမ်းကိုစီရင်၏။ ထိုကျမ်းတွင် မဟာပညာကျော် အမတ်ကြီး၏ လျှောက်ထုံးတို့ဖြင့်ပြည့်နက်နေ၏။ အကောင်းဆုံး အချက်မှာ

လည်း မဟာပညာကျော်၏ လျှောက်ထုံးနှင့် ဖြတ်ထုံးအချို့ပင် ဖြစ်၏။ ဤတွင် ဓမ္မသတ်နှင့်ပတ်သက်သော မဟာပညာကျော်၏ဖြတ်ထုံးအချို့ကို ဖော်ပြထားပါသည်။

ဉဿဝတီ အရေးတော်ပုံကျမ်းကို ပြုစုသူမှာ ဒွါရာဝတီမြို့ သာသနာပြု ဆရာတော်ဘုရား 'ကဝိသာရဘိသီရိပဝရ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇာ ဂုရု' တံဆိပ်နာမံတော်ရှိသောပုဂ္ဂိုလ်သူမြတ်ဖြစ်၏။ ယင်းကျမ်းကို သက္ကရာဇ် ၁၁၄၉ ခုနှစ်က ပျို့လင်္ကာသမိုင်းထက်ညီသော ရာဇဝင်ကြီးတို့မှ ကောက်နုတ် စီရင်ကြောင်းဖြင့် နိဂုံးချုပ်၍ ဖော်ပြထား၏။ ထို့ကြောင့်စာဆိုကျမ်းပြုပုဂ္ဂိုလ်စုစာရင်း၌ထည့်သွင်းသင့်သည်မှာ ယင်းကျမ်းပြုဆရာတော်ဖြစ်၏။ မဟာပညာကျော်ကား ကျမ်းပြုစာဆိုတော် မဟုတ်ချေ။ ဝိရပလအမတ်ကြီး, ဝန်ဇင်းမင်းရာဇာ, အမတ်ကြီးဦးပေါ်ဦး, အယူတော်မင်္ဂလာ, စုံထောက်မောင်စံရှား စသူတို့ကဲ့သို့ကျမ်းစာ၌ ဇာတ်လိုက်ပုဂ္ဂိုလ်သာ ဖြစ်သည်။

ဓမ္မဝိလာသဓမ္မသတ်ကိုစီရင်သောခေတ်မှာသက္ကရာဇ် ၄၅၅ ခုနှစ် ဖြစ်၏။ ဉဿဝတီအရေးတော်ပုံကို စီရင်သောခေတ်မှာ သက္ကရာဇ် ၁၁၄၉-ခုနှစ် ဖြစ်၍ နှစ်ပေါင်းအတန် ကွာခြားနေသည်။ ကျမ်းနှစ်ခု၏ အသုံးအနှုန်းနှင့် ဝါကျဖွဲ့ထုံးတို့သည် အတန်ပင်ကွာခြားနေသည်ကိုတွေ့ရ၏။ သာမညအားဖြင့်ကြည့်သော် ဓမ္မဝိလာသ ဓမ္မသတ်မှ စာဝါကျတို့မှာတို၍ ဉဿဝတီ အရေးတော်ပုံမှစာဝါကျတို့ကား ရှည်လျားသည်။ နောက်တစ်ချက်ကား ဓမ္မဝိလာသဓမ္မသတ်မှာ မနုဓမ္မသတ်ကိုအမှီပြု၍စီရင်သောကြောင့် မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေ

သည်။ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်းကြီးနန်းစံပြီး၊ဇာတ်ကွက်ဖော်သွား၏။ဓညဝတီအရေးတော်ပုံကားတိုင်းရင်းဖြစ်စင်စစ်ဖြစ်၏။ယေဘုယျအားဖြင့် မြန်မာနိုင်ငံရက္ခပုရတိုင်းဓညဝတီ-အမည်ရှိသော မြောက်ဦးမြို့ ပြည်ကြီးမင်းဆက်တို့၏ အရေးတော်ပုံတို့ဖြစ်၏။

မဟာပညာကျော် လျှောက်ထုံးသော်လည်းကောင်း, ဖြတ်ထုံးသော်လည်းကောင်း, ဓညဝတီအရေးတော်ပုံကျမ်းမှ ဖြစ်ပေါ်ရသည်။ ထိုအရေးတော်ပုံကြမ်းကို စီရင်သူမှာ ဒွါရာဝတီမြို့ သာသနာပြုဆရာတော် အရှင်ကဝိသာရမထေရ်ဖြစ်၏။ ထို့ကြောင့် ထိုလျှောက်ထုံး ဖြတ်ထုံးတို့သည် ကျမ်းပြုဆရာတော်နှင့်တွဲဖက်၍ ထုတ်ဖော်သင့်ပေသည်။ ထိုသို့မဟုတ်ပါက အိန္ဒိယနိုင်ငံမှ ဝိရဗလအမတ်ကြီးလျှောက်ထုံး ဝေတာလဖြတ်ထုံးတို့ကဲ့သို့ ကျမ်းပြုသူပျောက်ဆုံးသွားမှာ စိုးရသည်။ ဓညဝတီအရေးတော်ပုံကို ပြုစုသူကား ယနေ့အထိရှိပေသေးသည်။ သို့ရာတွင် မထင်ရှားလှချေ။ ထို့တွင် လူကြိုက်များသောအခန်းတို့မှာ သူ၏ဇာတ်လိုက်အမတ်ကြီးနှင့် တွဲဖက်လျက်သာရှိလေ၍ ကျမ်းပြုအရှင်အတွက် စိတ်မကောင်းဖြစ်ရသည်။

## မယားကြီး မယားငယ် သားသမီးများအမွေမှု

### ၁

တရံသောအခါ မိုးစည်းကျွန်းတွင် သူဌေးခွန်သာကြီးသေလွန်၍ တစ်မိတည်းသား ယောကျာ်းမိန်းမ ငါးယောက်မိကွဲသားသမီးနှစ်ယောက်ရှိ၍ အမွေတရားကို တရားသူကြီး

လေးဦးစီရင်ချက်နှင့် မပြီးလိုကြ၍ ပြည့်ရှင်မင်းထံ ရောက်လာသောအခါ အမတ်ကြီးကို အပ်တော်မူလေရာ အမတ်ကြီး မဟာပညာကျော် စီရင်ထုံးသော်ကား–

"တရားသူကြီးတို့စီရင်သော ဓမ္မသတ်ထွက် အမွေနိမ့်မြင့် အခွဲအဝေရှိသည်ဆိုသမျှသည် အမှားတစေများသည်။ ထို ဓမ္မသတ်ကိုလည်း ရှေးပညာရှိတို့စွန့်ခဲ့ကြောင်း ကျမ်းဂန်ရှိသည်။ အမှန်ကိုသိဆိုတတ်မှသာ ပညာဓမ္မသတ်, ထိုစာများမှာ သညာအက္ခရာမျှသာ, အမှားများ၍ အမှန်နည်းသည်။ အသီးအားလောက၌ အကြောင်းတွင်မူလည်း သူဌေးခွန်သာကြီးသည် သူပုန်သူကန်ပြုလျက် အရှင်မင်းအားပြစ်မှားသော် မယားကြီးသား, မယားငယ်သား အမွေစား ဓမ္မသတ်အလိုက် မင်းပြစ်မပေးချေ။ သားချင်းအတူသာ သေလည်းသေခြင်း, ရှင်လည်းရှင်လျှောက် မင်းပြစ်ရောက်ရာသည်။ ထိုသို့သောအကြောင်းကြောင့် မိဘဆိုးသွမ်းလေရာ ဝိဝိတိနြွေမှတုံသော်လည်းကာင်းလေရာသည့် ဆိုးမွေခံရသော ထုံးရှိလျက်ကောင်း၍မှလည်း ထိုနည်းအတူသာ ခံယူကြစေ" စီရင်လေသော် နေ့ကာလအခါမဲ့လျက် သည်းထန်စွာသော မိုးရွာလေသောကြောင့် ပြည့်ရှင်မင်းက အမှတ်ကြီးသို့ ပတ္တမြားလက်စွပ်တစ်ကွင်း တရားဆုပေးတော်မူလေသည်။

* * *

## ဆင်းရဲသားတို့အဓမ္မကို မင်းကယူမှု

## ၂

တရံရောအခါမူလည်း စစ်တကောင်းမြို့တွင် သူဌေးဦးဝီရာလီ သေလွန်၍ အမွေခံသားမြေး မရှိကြောင်းနှင့် စစ်တကောင်းစားက မင်းထံလျှောက်လာသော် ပြည်သူဆင်းရဲသားတို့အမွေကို မင်းခံစားသင့်သည်မသင့်သည်များကို အမတ်ကြီးအား မေးတော်မူလေရာ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးမှုကား-

"အရှင်မင်းမြတ်- ဘုရားလောင်း မင်းကောင်းမင်းမြတ် သာကီဝင် နွယ်တော်စဉ်လာသောအကြောင်း ထုံးဟောင်းကျမ်းဂန်၌ "ပြည်သူလုပ်ခွန်ထွက် ဆယ်ဘို့တစ်ဘို့ မင်းတို့ဘဏ္ဍာ ခံယူထိုက်ကြောင်း"ကိုသာ ရှေးအမှာရှိပါသည်။ ပြည်သူတို့ သာမိကခတ္တိယ အမျိုးအစိုးရရေမြေရှင်ဖြစ်လျက် မင်းမျိုးမဟုတ်သောသူတို့၏အဓမ္မကို ခံယူထုံးမရှိပါ။ ရေမြေပိုင် မင်းဖြစ်လျက် ဆင်းရဲသားတို့အမွေကို ခံယူချေသော် လုယက်ဖျက်ဆီး၍ မင်းမှုသောသူတို့မခြား၊အမျိုးအားပြုသောထုံးကိုလည်း ကျမ်းဂန်ပြဆိုလျက် ရှိပါသည်။

ယင်းသို့ လျှောက်လေသော် ပြည့်ရှင်မင်းမြတ်အမိန့်တော်ရှိသည်ကား- "ငါတို့မင်းမျိုးမှာလည်း သား မြေးမရှိမူ မင်းဆွေမင်းမျိုးကိုမင်းရိုးမပျက် တီးနန်းတက်စေရသည်။ ဆင်းရဲသားတို့မှာလည်း ထိုသို့အလျောက် သားမြေးမရှိမူ ဆွေမျိုး

အမွေခံရသည်။ သူဌေး ဝိရာလိအမွေကို ဆွေမျိုးတို့က ယူစေအမိန့်တော်ရှိလေသော် ရာဇပလ္လင်တော်၌စိုက်သော ကနက္ကဒဏ် ထိုးဖြို ပွင့်လေသည်။

* * *

## ဘုန်းကြီးအမွေကို ရထိုက်သူ

၉

အခါတစ်ပါးလည်း ကျောင်းနေပုဂ္ဂိုလ် ရဟန်းတစ်ဦး သေလွန်သော် ငွေအသပြာ ၂၀၀, ရွှေအသပြာ ၁၀ ကျန်ရှိ၍ ထိုဥစ္စာကို ရဟန်း၊ မိဘ၊ ဆွေမျိုးတို့က ရလိုသည်။ ထိုကျောင်း၌ရှိသော ရဟန်း သာမဏေတို့လည်း ရလိုသည်။ ကျောင်းတကာကလည်း ရထိုက်သည်။သုံးဦးသားတို့ အငြင်းအခုံနှင့် မင်းထံရောက်လေသော် ပြည့်ရှင်မင်းကြီးက မဟာပညာကျော်အမတ်ကို အပ်လေမူ အမတ်ကြီး စီရင်သည့် ထုံးသော်ကား-

ရတနာသုံးပါးအဝင် သံဃာတော်မြတ်ဖြစ်သော ရဟန်းတို့၌ ဘုရားသခင်ခွင့်ပြုတော်မူသည်မှာ ကျောင်း, သင်္ကန်း, ဆွမ်း စတုမဓု အဖျော်ရည်ဆေးသည် လေးပါးကိုသာ သုံးဆောင်အပ်ကြောင်း, ထိုမှတစ်ပါး ရွှေ၊ငွေမှာ သံသရာကိုကြောက်တတ်သော ချစ်သားရဟန်းတို့ မအပ်ပြီ။ ပညတ်တော်မူခဲ့သောကျမ်းဂန်နှင့်အညီ ရွှေ၊ ငွေများကို ဆည်းပူး

ထားခဲ့သည်မှာ ဘုရားအာဏာတော်ကို ဆန်၍ကျင့်သည်။ လူတို့၌လည်း မင်းအာဏာကိုဆန်သော်မင်းဒဏ်ထိုက်ရာသည်။ ရဟန်းတို့မှာလည်း ဘုရားအာဏာတော် ဆန်သောသူတို့သည် သူယုတ်,ရတနာသုံးပါးအဝင် သံဃာတော်မဟုတ်ပြီ၊ . လူတို့ အလေ့ကျင့်သောသူ လူတို့နည်း သင်္ဂြိုဟ်စေရာသည်။

ထိုသူအမွေ ရွှေငွေတို့မှာ ထိုသူရှိစဉ် ရဟန်းသံဃာတော် အမှတ်ထင်၍ မအပ်သောအလှူကို မိုက်မှားဘဖြင့် လှူမိကြလေသည်။ အလှူမမြောက်, လူချင်းပေးသကဲ့သို့သာ ဖြစ်သည်။ မိမိတို့ပေးသောဥစ္စာ ထင်ရှားရှိလျှင် အသီးသီးယူကြစေ။

ထိုသူအလျောက် ကူးသန်းရောင်းဝယ်ရှာမှီး၍ရသည့် ရွှေ၊ ငွေ ရှိရစ်သည်များမှာ ထိုသူနှင့်အတူနေရင်း စီးပွားဘက် ရဟန်းတို့အမွေကိုလိုလျှင် လူဝတ်လဲ၍ ထိုသူ မိဘသားချင်းတို့နှင့် ညီမျှခွဲယူကြစေ။

ရဟန်းသုံးဆောင်ထိုက်သောပစ္စည်းလေးပါးမှာ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာတော်ကို ကြည်ညိုစောင့်ထိန်းသောရဟန်းသံဃာတော်တို့ကကောက်ယူသုံးဆောင်စေ။

ကျောင်းတကာမှာ ပလပ်စေ။

ယင်းသို့စီရင်လေသောအခါ အမတ်ကြီးရှေ့မင်းရင်ပြင်၌ ပန်းပေါက်ပေါက်တို့သည် ကြဲလျက်ကျလတ်သော် ပြည့်ရှင်မင်းကြီးလည်း အလွန်ကြည်ညိုလျက် ထွက်စည်ဝင်စည်ကို အမတ်ကြီးသို့ တရားဆု ပေးတော်မူလေသည်။

* * *

## သိုက်တူး၍ရသောငွေအမှု

### ၄

တစ်ရံသောအခါသော်လည်း လူတစ်ဦးသည် မည်သည့် အရပ်၌ ငွေအိုးရှိသည်စာညွှန်းတွေ့၍ မိမိမသွား၊ တစ်ယောက် သားကို ပြောဆိုလွှတ်လေသော် ထိုသူသည်လည်း သူတစ်ထူး အား "ဆေးမြစ်တူးရာလိုက်ခဲ့ပါ၊ ငါးသပြာ ပေးမည်" ဆို လျက် ထိုစာညွှန်းအရပ်၌ တူးစေလေရာ ငွေအသပြာ ၃၀၀၀ ရလေလျှင် ထိုသူသုံးဦး မညီမညွတ် ငွေဝေသောပုစ္ဆာမှုကြောင့် မင်းထံရောက်လတ်သော် ပြည့်ရှင်မင်းက မဟာပညာကျော်သို့ အပ်၍ စီရင်စေရာ အမတ်ကြီးစီရင်သော ထုံးသော်ကား–

ရေပိုင်မြေပိုင်တွင် ရသမျှဥစ္စာ မင်းဘဏ္ဍာနှင့်မကင်း။ဆယ် ဘို့ တစ်ဘို့ မင်းထိုက်သည်။ ရသော အသပြာသုံးထောင်မှ သုံးရာ အသပြာကို မင်းဘဏ္ဍာ ဆက်သွင်းသင့်သည်။

ထိုမှကြွင်းသော အသပြာတို့မှာမူလည်း မည်သည့်အရပ် တွင် ရှိသည် ညွှန်သောသူကား အဘနှင့်တူသည်။ သွား၍ ယူ သောသူမှာ အမိနှင့်တူသည်။ ငါးသပြာကိုလို၍ လိုက်သွား သူမှာ ကျွန်နှင့်တူသည်။ ထိုသူ တစ်ကိုယ်ဖိုးသာ ရသင့်သည်။

စာထွက်နှင့်ညွှန်သူ့သွား၍ ယူသူတို့မှာ အပြစ်အတူရယူ၊ အကျိုးပေးလည်း မကွဲသင့်၊ ညီမျှခွဲယူကြစေ-ဟူလျက် စီရင်လေ
8 သော် ကနက္ကဒဏ် ထိုးဖြူသည် အလိုလိုပွင့်သည်။ ထိုအကြောင်း

ကို ပြည့်ရှင်မင်းကြီးသိလေရာ အမတ်ကြီးမယာသို့ မိဖုရား လတ် အဆောင်အရွက်ကို တရားဆုပေးပြန်လေသည်။

※ ※ ※

## မြေ၌မြှုပ်ထားသောငွေပျောက်မှု

၇

အခါတစ်ပါးမှုလည်း သူဌေးတစ်ဦးက မြေ၌ သပြာ တစ်သောင်းမြှုပ်၍ထားသည်ကို လူတစ်ဦးသိလေရာ တူးဖော် ယူလေသည်။

သူဌေးလည်း ကြည့်မြဲကြည့်လေသော် ထိုချောင်း၌ ငါး ရှာသောသူနှစ်ယောက်ကိုတွေ့လေ၍ နေရာတွင် ငွေလည်းမရှိ သောအခါ ငါးရှာသောလူနှစ်ယောက်ကို ခေါ်ခဲ့လျက် ရိုက် နှက်စစ်လေမူ - "ယူသည်မှန်၏။ ထိုငွေကို မြစ်လယ်သို့ချမိပါ သည်" အဆိုနှင့် မင်းထံသို့ပို့ဆက်လေရာ -

မင်းကြီးလည်း ရိုက်ပုတ်သောဒဏ်ကိုမြင်တော်မူလေလျှင်- "သူဌေးထံ သူတို့ဆိုခဲ့သောစကားသည် အမှန်မယူသင့်" - ဆင်ခြင်တော်မူလျက် အမတ်ကြီး မဟာပညာကျော်သို့ အပ် တော် မူလေသော် အမတ်ကြီးစီရင်သော ထုံးမူကား-

ထိုသူနှစ်ယောက်တို့ထားသော နေ့ာင်အိမ်သို့ အရေး၌ လိမ္မာသော သူတစ်ယောက်အား ထိုနည်းတူ အပြစ်ရှိသည် ဆို

လျက် စကားကုန်စင်အောင် မှာထားပြီးသော် ထိုသူတို့နှင့် အတူ ထားလေသည်။

ဆယ်ရက်ခန့်ရှိမှ အမတ်ကြီးက ထားသောသူအားခေါ်၍ မေးလေရာ "ထိုသူနှစ်ဦးတို့ ပူသည်မဟုတ်ပေ" အမတ်ကြီးထံ လျှောက်လေမှု ထိုသူနှစ်ဦးကို ယုံသောသူတို့ထံအပ်၍ လွှတ်ပြီးသော်-

ထိုသူဌေးနေသည့် အရပ်ပတ်သည်ကျေးရွာများကို လည်၍ မင်းစေလွှတ်လျက် ကြည့်စေသော် လူတစ်ဦး သဘင်နှင့် အလှူ ပေး၍တွေ့ခဲ့မှု ထိုသူကိုခေါ်စေ၍ မိတ်ဆွေဖွဲ့ပြီးမှ အသပြာ တစ်ထောင်တန်သော လက်စွပ်တစ်ကွင်းကို "သပြာ ငါးရာ နှင့် ရအောင်ရောင်း၍ပေးပါ" ဟူလျက် အပ်လေသည်။

ထိုသူယူသွား၍ အခြား၌ပြလေသော် သပြာတစ်ထောင် တန်သည် ဖြတ်ဆိုကြရာ အဖိုးသင့်ရပြီအသင်နှင့် ထိုသူဌေး ငွေဖော်ရသည့် အသပြာက ငါးရာကိုရောင်း၍ ရသည်ယူ၍ အမတ်ကြီးထံ ပေးလာလေသော် အမတ်ကြီးလည်းယူ၍ ထား ပြီးမှ-

ထိုသူပြန်သည့်နောက် ဥစ္စာရှင်သူဌေးကို ခေါ်လျက် ထို ငွေကိုပြလေရာ သူဌေးက- "ကျွန်ုပ်ဥစ္စာ မှန်သည်" လျှောက် လေလျှင် ထိုသူကိုခေါ်၍ မေးစစ်လေသော်- "ယူပေသည် အမှန်" ဆိုသောအခါ စီရင်သည့် ထုံးသော်ကား-

ငါးရာသောသူနှစ်ယောက်တို့ကို သူဌေးက ကျေနပ်စွာ ရိုက်ပုတ်ပြီးမှ သူခိုးဖြစ်သည် ပို့ဆက်သာသော အပြစ် အသ ပြာ တစ်ထောင်လျော်ပေးစေ။

ထိုသူခိုး အလှူပေးမည်ရှိလတ်သော် အရပ်၊ အိမ်နီး အကြီးဦးကိုင်တို့က ထိုသူ၏လက္ခဏာ ရေးနေ့ာက်နိုင်းညှိဆင်ခြင်၍-"သို့သောဥစ္စာဘယ်မှာရသည်၊ ရှေးနှင့်မတူ ထိုသူ အဘယ်ကုန်ရောင်းဝယ်၍ နှစ်လမကြာ မြတ်စွန်းရသည် မိဘမျိုးဆွေအရပ်နေ အိမ်နီးခေါင်းအကြီးတို့ မဏူးမစမ်းနေကြသည်မှာ အလိုပါ ရောက်လေသည်။ လှူ၍ကုန်သမျှကို လက်သည်လုပ်သူကိုင်သူစားသော ပရိသတ်တို့က ပေးလျော်စေ၊ ခိုးသူမှာ မင်းဒဏ်ခံစေ- စီရင်သောအခါ မြောက်ဦးနတ်နေသော ညောင်ပင် တစ်ရွက်မလွတ် ကန်တော့လေသော် ပြည့်ရှင်မင်းကြီးက တရားဆု ဆင်ပေါက်နှစ်စီး အမတ်ကြီးသို့ ပေးတော်မူသည်။

* * *

## ပတ္တမြားလက်စွပ်ပျောက်မှု

### ၆

တစ်ရံသောအခါ၌ ပြည့်ရှင်မင်းကြီးသည် မဟာမုနိဘုရားကို အဖူးထွက်တော်မူလေသော် ဝတ်တော်မူသော ပတ္တမြားလက်စွပ်သည် ကျွတ်၍ ရေသို့ကျလေရာ ငါးတစ်ခုရ၍ မျိုလေသည်နှင့် တစ်လရှိမှ ထိုငါးကို တံငါတစ်ယောက် ရလေလျှင် ထိုငါးဝမ်း၌ လက်စွပ်ကိုရပြန်လတ်သော် တံငါကြောက်လန့်လျက်နှင့် ထိုလက်စွပ်ကို ငါးနှင့်အတူ ဆောင်ယူလာ၍ မင်းထံမှာ ဆက်လာလျှင် မင်းကြီးက အမတ်မဟာပညာကျော်ကို မေးတော်မူလေသော် ထိုအမတ်ကြီး လျှောက်ထုံးမူကား-

"အရှင်မင်းမြတ် လက်စွပ်တော်သည် ရေသို့ကျသောအခါ ငါးဆယ်ယူသိမ်းထားပြီးသော် ထိုငါးမှတုံလည်း မိမိအသက်ကို အသေခံလျက် တံငါထံဝင်ရောက်လာကာ ထိုတံငါလက်စွပ်တော်ကိုရ၍ ဆက်ရသည့်အလိုတုံသော်ကား မှန်တိုင်းလျှောက်သော် ညာဏ်နည်းသူဘို ပြုဖြစ်ရာသောအကြောင်း ရှိပါသည်။ အရှင်မင်းမြတ် ဘုန်းကျက်သရေကြီးကျယ်ကြောင်း ပြည်သူတို့ သိထင်စေပြီးမှ ခုနစ်လနှင့်ပြီးအောင် စီရင်ပါသည်"

မင်းအားလျှောက်ပြီးသော် ထိုပတ္တမြားကို သားတစ်အတွင်းမြှုပ်၍ အလုံးငယ်အောင် အတန်လုံးလျက် ထိုပတ္တမြားရှိသောသားတစ်နှင့်အတူ သားတစ်အများ ကြဲ၍ထားစေလျှင် ကျီးစွန်အများလာပြီးသော် ချီယူကြလေရာ ပတ္တမြားရှိသောသားတစ်သည် ပါသွား၍ ဆယ်ရက်ခန့်ရှိသော် ထိုစွန်ကို ငှက်ခတ်သားတို့ရပြန်သောရာ စွန်ဝမ်း၌ ပတ္တမြားကို တွေ့လျှင် ငှက်ခတ်သားတို့ စွန်ကောင်နှင့်တကွ မင်းထံပတ္တမြားကို ဆက်ရောက်လာပြန်သည်။

ယင်းသို့နောက်မှ မထင်မရှားသောသူ တစ်ယောက်အား ပတ္တမြားကို အပ်၍ရောင်းစေရာ အသပြာတစ်ရာ ပေးလျက် ကုလားတစ်ယောက်ဝယ်ယူပြီးလျှင် ထိုကုလား ရွှေနှင့်ကွင်း မည်ပန်းထိမ်အထံ အပ်လေသော် ထိုလက်စွပ်ကွင်း၌ အပြီး ကုလားထံမအပ်မီ ပန်းထိမ်အိမ်၌ သူခိုး ခိုး၍ပါသွား၏။

ကုလားက လက်စွပ်ကိုရလိုကြောင်းနှင့် မင်းထံလျှောက်၍ ထိုအမတ်ကြီးထံသို့ အပ်ပြန်လာသော် အမတ်ကြီးလည်းအမှုကို စစ်ဆေး၍ ထိုလက်စွပ်အကြောင်းကိုသိလေရာ ပြီးအောင်စီရင်

မည်ဟု နေသည်နှင့်ထိုလက်စွပ်ခိုးသောသူသည် မြစ်ဆိပ်၌ ရေချိုးသောအခါ လက်စွပ်ကို ချွတ်ထားလေလျှင် ထိုလက်စွပ်အပေါ်တွင်းကထွက်၍ ကြွက်လက်စွပ်ကို တွေ့လေရာ ယူလျက်တွင်းသို့ဝင်သွားလေသည်။

တရားသူကြီး ကျွန်တစ်ယောက်သည် ကြွက်သားစားလို၍ ကြွက်တူးသွားလေရာ ထိုကြွက်တွင်းကိုမြင်သောအခါ တူးလေရာ ပတ္တမြားလက်စွပ်ကိုရလေသော် ထိုသူမယားဝံ့၍ တရားသူကြီးသို့ ပေးလေသည်။ တရားသူကြီးလည်း လက်စွပ်ကိုမြင်လျှင် 'ပြည့်ရှင်မင်း လက်စွပ်, အမတ်ပညာကျော် ခုနစ်လနှင့် တံငါမှု,ပန်းထိမ်မှု,ကုသားငှက်ခတ်မှုများကို စီရင်မည်မင်းထံလျှောက်သူဖြစ်သည်၊ အထက် အမှုမှုတွင်လည်း မေမွသတ်ကို ပယ်၍ ငါတို့စီရင်သော စကားကိုဖျက်သူဖြစ်သည်။ ခုနစ်လလွန်မှ မင်းထံဆက်မည်' ကြံလျက် လုံစွာထိုလက်စွပ်ကိုထားရာ တရားသူကြီး အခြားသို့သွားခိုက် ထိုလက်စွပ်ကိုမယားထုတ်၍ကြည့်ပြီး အပေါ်တွင်ထားလျက် အိပ်မိလေရာ ကျီးချီယူ၍ မိမိ အသိုက်၌ထားလေသည်။

တရားသူကြီး ရောက်လတ်သော် ထိုလက်စွပ်နေရာတွင်မရှိသောကြောင့် မယားအားမေးလျှင် မယားလည်း ကွယ်ပြက်သဖြင့်ရန်ရှက်တင်၍ကွာလိုသောကြောင့်မင်းထံလျှောက်သော် အမတ်ကြီးသို့အပ်၍ စီရင်စေရာ အမှုရင်းကို တရားသူကြီးမယားအားအမတ်ကြီးက မေးသော် လက်စွပ်ပျောက်သည့်အကြောင်းကိုပြောဆို၍သိလျှင် စီရင်မည်။ ဆိုင်းဦးဆိုလျက်နေသည်နှင့် ထိုလက်စွပ်ရှိသောကျီးသိုက်သို့ ကျောင်းသားလူငယ်

တစ်ယောက်တက်လေ၍ ထိုလက်စွပ်ကိုရလေမူ ဆရာဘုန်းကြီး သို့ပေးလေသည်။

ထိုဘုန်းကြီးမူလည်း–"ရတနာဖြစ်သည်၊ ငါတို့ရဟန်းနှင့် မအပ်မတန်, မင်းထိုက်သော ဥစ္စာ,မင်းအား ဆက်သမည်" ဟူ၍ပြည့်ရှင်မင်းထံ ဆက်လေသော် မင်းကြီးလည်း အမတ် မဟာပညာကျော်ကို ခေါ်၍ပြတော်မူလျှင်–

အမတ်ကြီးက လက်စွပ်ကိုသားတစ်ခွထည့်၍ ငှက်စာကျွေး သောရက်က စ၍စစ်သော် ရက်ပေါင်း တစ်ရာ့ကိုးဆယ်ရှိ ကြောင်းကို သိလတ်မူ–"စီရင်ရန် ရက် ၂၀-သာ လိုတော့ သည်။စီရင်ပါမည်"–မင်းထံလျှောက်၍–

လက်စွပ်ကိုဆက်သောဘုန်းကြီးအား မေးသော်တပည့်လူ ငယ်ရကြောင်းနှင့် ထိုသူငယ်ကို မေးလေသော် ကျီးသိုက်တွင် ရသည်ဟူလျက် အမတ်ထံ လျှောက်ဆိုလေရာရသောကျီးသိုက် ကို ထိုသူငယ်ပြ၍ သိလတ်လျှင်–

ညအခါ ကျီးဖို့မကိုရအောင်ဖမ်း၍ လက်စွပ်တော်နှင့်တူ အောင် လက်စွပ်တစ်ကွင်းလုပ်ပြီးသော် ကျီးနှုတ်သီး၌ မြဲစွာ ချည်လျက် နံနက်ကိုလွှတ်၍ အသီးအသီး မင်းစေလွှတ်၍လိုက် လှည့်ကြည့်စေရာ ထိုကျီးသည်လည်း တရားသူကြီးအိမ်၌စား နေကျဖြစ်၍ နားလေသော် တရားသူကြီးမယားက ပျောက် သောလက်စွပ်ကို ကျီးနှုတ်သီးတွင် ပါလာသည်ဟူလျက်အုတ် အုတ်ကျက်ကျက် လိုက်ကြ၍ ကျီးကိုဖမ်းသောအကြောင်းကို မင်းစေတို့ အမတ်ကြီးထံလျှောက်လေသော်–

တရားသူကြီးလင်မယားကို ခေါ်၍ကျိုးနွံသိုး၌ပါသော လက်စွပ်ကို-"သင်တို့ အဘယ်မှာရလေသနည်း"- မေးလေလျှင်စစားသည့်ကျွန်က ပေး၍ရကြောင်းနှင့်ထွက်ဆို၍ ထိုကျွန်ကိုအပ်စေ၍မေးလတ်သော်ကြက်တွင်းတူးရာ၌ရကြောင်းကို လျှောက်သည်။

ထိုကြက်တွင်းကို ပြ၍သိမှုထိုအရပ်၌ မကြာ် လူစောင့်နေစေ၍ကြည့်သော် အထက်ခိုးသွားသည့် ရေချိုးအလာတွင်-"သည်အရပ်တွင် လက်စွပ်ချထားရာ ပျောက်သည်"ဟုလျက် မိမိတို့ပြောဆိုကြသောစကားကို မင်းစေကြားလျှင် ခေါ်ယူ၍အမတ်ကြီးထံ လျှောက်သော်- "သည်အရပ်တွင် ထားရာပျောက်သောလက်စွပ်သည် အဘယ်မှာရသနည်း၊ မှန်စွာဆိုရမည်"-မေးလေသော်-

ကိုပန်းထိမ်ကိုလည်း မေးရာသတော်သားကုလားကအပ်ရာတွင် ရကြောင်း၊ ကုလားမှာလည်း အသပြာတစ်ရာပေး၍ဝယ်ကြောင်းများကို အမတ်ကြီး သိလေ၍ ထိုအကြောင်း စုံလင်သောအခါမှ မင်းထံဝင်လျက်ထိုအကြောင်းများကို မင်းအား လျှောက်ပြီးမှ အမှုကို စီရင်၏။ စီရင်ပုံသော်ကား-

လက်စွပ် ရေသို့ကျရာတွင် မြွေသယ်မခံဝံ့၍ ငါးသိမ်းထားပြီးသော် ထိုငါးကို တံငါရသည်၊ ထိုတံငါလက်စွပ်ကိုမြင်လျှင်မအားဝံ့၍ မင်းဆက်သာသည်များမှာ မြေပိုင်ရေပိုင်တိုင်းနိုင်ငံအတွင်း၌ ရှိသောသူတို့သည် အစိုးရ အရှင့်ကျွန်တစေသာ ဖြစ်ကြသည်။

လက်စွပ်တော်ကို တံငါဆက်၍ရသည့်နောက် ထိုလက်စွပ် မင်းလက်သို့ မရောက်, ပျောက်လေသော် တံငါကံပေး၍ ရသောကြောင့် မင်းဘုန်းသီလ တရားမရှိ၊ လက်စွပ်တန်ဖိုးကို တံငါသို့မင်းက ပေးသင့်သည်။

တံငါဆက်လာသည့်နောက် ထိုလက်စွပ်ကို သတ္တဝါမျိုး စုံထံရောက်၍မှ မပျောက်မဆုံးဆက်ရောက်လာရပြန်သည်။

တရားကျမ်းဂန်၌ သူတော်ကောင်းဥစ္စာကို ရေမှာ ပစ် လည်းမနစ်, မီးမှာပစ်လည်းမခြစ် ယင်းသို့ ထုံးဟောင်းပညာ ရှိတို့ဆိုခဲ့သောစကားရှိသည်။ အရှင်မင်းတရားကြီး ဘိသိက်ခံ တော်မူရာ အင်္ဂါပြည့်စုံတရား စောင့်ထိန်းတော်မူသည် ဖြစ်၍ လူနတ်ကြည်ညိုသောကြောင့် သုံးကြိမ်တိုင်အောင် လက်စွပ် တော်ကို နတ်ပို့ညွှန်ရာ လူလာ၍ဆက်သွင်းလာရသည်။

ရဟန်းသော်ကား တရားနှင့်လျော်ညီသည်ဖြစ်၍ ပစ္စည်း လေးပါး မြဲစေသင့်ပါသည်။

တံငါနှင့်ငှက်ခတ်သမားမှာ ကိုယ်နှင့်မထိုက်သောအရာကို သိတတ်သောသဘောရှိသူဖြစ်၍ မင်းဘဏ္ဍာ ထိန်းအပ်သော ကျွန်ကောင်းလက္ခဏာဆောင်သည်။

တရားသူကြီးမှာ ကြွက်နှင့်တူသည်။


ခိုးသူမှာ ကျီးနှင့်တူသည်။

ကုလားမှာ ငါးနှင့်တူသည်။

ပန်းထိမ်မှာ စွန်နှင့်တူသည်။

"ထိုသတ္တဝါလေးကောင်တို့၌ ဒဏ်ရောက်သည့်နည်း ထိုလူလေးဦး မင်းဖြစ်သင့်ရာသည်-"စီရင်လေသော် နှေကာလ စင်လျက် သည်းထန်စွာ မိုးရွာလာသောကြောင့် ပြည့်ရှင်မင်းကြီးလည်း အားရတော်မူ၍ ဆင်တော်မူသော လက်ကောက်ကို မဟာပညာကျော် အမတ်သို့ တရားဆု ပေးတော်မူလေသည်။

* * *



## ၅-ခုံတော်မောင်ကျဘမ်းဖြတ်ထုံး

ထီးလှိုင်မြို့စားမင်းသားအုပ် အကြီးတော်ချုပ် ဝန်ကြီး၏သား ဦးအောင် စီရင်ရေးသားသော- ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဘမ်းစကားစစ်,တရားစစ်ထိုးခန်း ဖြစ်သော ကဝိသေနင်္ဂဗျူဟာကျမ်းမှ ကောက်နုတ်၍ ခုံတော်မောင်ကျဘမ်းဖြတ်ထုံးပြုလုပ်လိုက်ခြင်း ဖြစ်၏။ အပြည့်အစုံ အကုန်ကူးယူခြင်းလည်း မဟုတ်ပါ၊ မိမိစကားဖြင့် အသစ်ပြန်လည်ဖွဲ့ထုံးခြင်းလည်းမဟုတ်ပါ၊ အများအားဖြင့် ကျမ်းပြုသူ၏ မူလစာကိုယ်တွင် လိုအပ်သည်ကိုသာ ဇာတ်ကွက် လည်ရုံ ကောက်နုတ်ခြင်းဖြစ်၏။

မူလ ကျမ်းပြုသူ ဦးအောင်သည် ခုံတော်မောင်ကျဘမ်း အခန်းတွင် ခုံတော်မောင်ကျဘမ်း၏ ဉာဏ်စွမ်းကို ပေါ်လွင်အောင် ထုတ်ဖော်ရာ ကျယ်ကျယ်ပြန့်ပြန့် ခြေခြေမြစ်မြစ် ပြည့်ပြည့်စုံစုံဖြစ်သည်။ ဤတွင်မူ ဖြတ်ထုံးပုံသက်သေမျှသာလိုသဖြင့် ထိုထို ဂုဏ်သတ္တိများကို ဖယ်ရှားပစ်ရပါသည်။ ဖြတ်ထုံးဇာတ်ကွက်ကိုသာ အလေးအနက် ပြုပါသည်။

ဒွါရာဝတီဆရာတော်သည် မဟာပညာကျော် ဖြတ်ထုံးကို စီရင်ရာ မိမိမြန်မာနိုင်ငံအတွင်းရှိ မြို့ရွာနှင့် လူတို့ကိုသာဦးစားပေး၍ ဖော်ပြသကဲ့သို့ ဦးအောင်သည်လည်း ထို့အတူပင် မြန်မာနိုင်ငံ မြန်မာလူတို့ဖြင့် ခုံတော်မောင်ကျဘမ်း ဖြတ်ထုံးကို စီရင်သွားလေသည်။

တစ်ခါက စာရေးသူသည် ဦးအောင်ရေးသော ယင်း ခုံတော်မောင်ကျဘမ်းနှင့် အယူတော်မင်္ဂလာ လျှောက်ထုံးကျမ်းတို့ အကြောင်းကို သတင်းစာ ဆရာ ဦးသိမ်းမောင်နှင့် စကားစပ်မိသည်။ စာရေးသူက ဦးအောင်သည် ဤကျမ်းတို့ကို စီရင်ရာ ဘယ်မှ အကိုးအကား အထောက်အထားတို့ကို ရသနည်းဟု စဉ်းစားသည်။ သတင်းစာဆရာ ဦးသိမ်းမောင်က ဦးအောင်၏ ကိုယ်ပိုင် စီရင်ချက်တို့ ဖြစ်သည်ဟု ဦးအောင်ကိုယ်တိုင်က ပြောဖူးကြောင်းရှင်းပြသည်။ ထို့အတူ မကြာမီက ကြေးမုံ သတင်းစာဆရာ ဦးကြီးမောင် (ငွေဥဒေါင်း) ကလည်း ပြောပြသည်။

ဤအကြောင်းကို သူကိုယ်တိုင်ရေးသော စာအုပ်တို့၌ဖော်ပြပြီးဖြစ်ကောင်းဖြစ်မည်။ အကယ်၍ ဖော်ပြခြင်းမရှိသေးပါ

က ယင်း စကားတို့မှာ ထိုကျမ်းစာအုပ်တို့ကို သုတေသနလုပ်သူတို့အတွက် အချက်အလက်တစ်ခု ဖြစ်နိုင်၏။ ဆရာသိန်းပြုစုသော ဦးပေါ်ဦးလျှောက်ထုံး၊ သင်္ဂဇာစကားပုံ စသည်တို့ကိုလည်းဆက်စပ်၍စဉ်းစားဖွယ်များကို ဖြစ်စေလေသည်။ အိန္ဒိယစာပေလောကတွင်လည်း ဤသို့သောစာအုပ်များ ရှိလေသည်။ ရာဇဝင်အထောက်အထားတို့ဖြင့် ပြည့်တည်ပြီး မိမိတို့တင်ပြလိုသော အကြောင်းအရာတို့ကို ဝေဝေဆာဆာ တန်ဆာ ဆင်သွားကြလေသည်။

ဤတွင် ခုံတော်မောင်ကျဘမ်း၏ ဖြတ်ထုံး လေးပုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ယင်းဖြတ်ထုံးလေးခုအနက် အမှတ် ၃ ဖြတ်ထုံးကို ယခုခေတ် စာရေးဆရာအချို့ ကာလပေါ်ဝတ္ထုအနေဖြင့် ချဲ့ထွင်ပြီး စာအုပ်လည်းထုတ်ခဲ့၏။ ရုပ်ရှင်ဇာတ်ညွှန်းလည်း လုပ်ခဲ့၏။ စင်စစ် ဤသို့ မှိုင်မြမ်းတတ်ဖို့လိုသည်။ ခေတ်အလျောက် ပြောင်းမြောက်အောင်လုပ်တတ်ဖို့လိုသည်။ ကျောက်မျက်ရတနာကို တိရစ္ဆာန် တွေ့မြင်သကဲ့သို့ မဖြစ်စေသင့်၊ တီထွင်ဆန်းသစ်သော ဉာဏ်ရှိသူသည် ခွေးကောင်ပုပ်ကိုပင် အကျိုးရှိအောင် လုပ်နိုင်၏။ ကြွက်သေတစ်ခု အရင်းပြု၍ လေးလတာဝယ် လေးသိန်း ကြွယ်သောဇာတ်လမ်းရှိသည် မဟုတ်ပါလော။

* * *

## မောင်ဖြူက ခင်မဲတူကို ကွာလိုမှု

### ၁

တစ်ရံသောအခါ ရမည်းသင်း မြို့သူကြီးသား မောင်ဖြူနှင့် နင်းကြမ်း ဝန်မင်း၏ သမီး ခင်မဲတူတို့ကို ထိမ်းမြားရှ်ထားရာ ရက်,လ,နှစ် ကြာရှိခဲ့သော် မောင်ဖြူသည် မချိုမြသောနှုတ်ထွက်ဖြင့် မည်းနက်သော အသားရှိသော မိမိမယား ခင်မဲတူကို အလိုလိုစိတ်ပျက်၍ လက်ဖက်, ကွမ်းစားပြီးလျှင် လင်မယားအရာမှ ကွာရှင်းလိုသောကြောင့် တောင်ငူမြို့ဝန်မင်းထံ လျှောက်ထားရာ ခင်မဲတူသည် ကိုယ်ရေးပြု၍ တရားဆိုင်ဆိုရန် ပုဂံမြို့နေ မောင်ကျဘမ်းကို ရှေ့နေ အလိုင်ငှာငှားလေ၏။

မောင်ဖြူကလည်း ပဲခူး ဟံသာဝတီမြို့နေ မောင်မိုးကို အသပြာ ငွေကြေးများစွာပေး၍ ငှားရမ်း ခေါ်ယူလေ၏။

နှစ်ဘက် သူတို့၏ရှေ့နေနှစ်ဦး စုံညီကြလျှင် တောင်ငူမြို့ဝန်မင်း ရုံးတော်တွင် တရားဆိုင်ကြရာ မြန်မာပညာရှိရှေ့နေကြီးများ၏ ထုံးစံအတိုင်း တရားသူကြီးမင်းရှိရာသို့ လက်အုပ်ချီ၍ တရား ဓမ္မသတ် အရပ်ရပ်တို့နှင့် ပြောဆိုလျှောက်လဲကုန်သတည်း။

ဟံသာဝတီရှေ့နေ မောင်မိုးက ''ပိတုန်းရောင်မည်းမင်ထက်မည်းသည့် မဲမဲစူတူ မိမဲတူ ဖြူကွာသင့် မကွာသင့် ထောက်ချင့်တော်မူပါဘုရား'' ဟူ၍ ဆို၏။

ထိုအခါ ပုဂံရွှေနေမောင်ကြုံဘမ်းက "ခုမှ မယည်း ရှေးကမည်းသည် မဲမဲတူတူမိမဲတူကို ဖြေကြားထိုက် မကြားထိုက် တရားဆိုက်သက်ရာ ဆင်ခြင်တော်မူပါဘုရား" ဟူ၍ လျှောက်လဲ၏။

"အမိန့်တော်ရမင်းတို့ ယခုအမိန့်တော်ရမင်းများလျှောက်လဲကြသောစကားနှစ်ရပ်သည် တရားထိုက်သက်ကြသည်ချည်းဖြစ်ပေသည်၊ ထို့ကြောင့် ဤတရားကို သူသာ ငါရှုံးဖြစ်စေခြင်းငှာ ကောက်ချက်ဖြတ်စာ ချနိုင်ရာ ချနိုင်ကြောင်းကို အမိန့်တော်ရမင်းနှစ်ဦးသည် မိမိတို့၏ဂုဏ်ပုဒ်၊ မြို့ရွာ၏ဂုဏ်ပုဒ်များကို ထုတ်ဖော်၍ ချီးကျူးကြပါ၊ သာသူကိုအနိုင်ပြု၍ ကောက်ချက်ချပေးပါမည်" ဟု တောင်ငူမင်းကမိန့်လျှင်ရှေ့နေမောင်မိုးက စတင်၍ ဆို၏။

"နေရပ်မှာ မြို့ရွှေခိုး အမိမယ်နှင်းဒိုး ရှေ့နေ မောင်ရွှေမိုး၊ ဘုရားမှာ ကျိုက်ထီးရိုး" ဟူ၍ ဆိုလျှင် ရုံးတော်တရားခွင် တွင်းပြင်ပြည့်နှက် ရှိနေကြသောသူတို့သည် သောသောချတ်မျှ ဝမ်းမြောက်ဝမ်းသာ ချီးပကြကုန်၏။

ထိုအခါ ရှေ့နေမောင်ကြုံဘမ်းက "တိတ်လည်းလေးဘန်ဗျာဒိတ်ခံသည့် နေရပ်မှာ ပြည်ရွှေဂံ အမိမယ်နှင်းဇံ ရှေ့နေတွင် ဘက်မစံ ကျော်စေသူ ငါမောင်ကြုံ ဘုရားမှာ ကကူသန့်" ဟူ၍ဆိုလျှင် ရုံးတော် တွင်းပြင်တွင် ရှိကြသော သူတို့သည်သာ၍မင် နှစ်ခြိုက် အင်ရှဲ ရှိကြရကားသြဘာကောင်းချီးပေးကြသောအသံသည် ဆူညံမစဲ ဖြစ်သတည်း။

ထိုအခါ တောင်ငူမင်းက "ရှေ့နေချင်းတွင်လည်း ခင်မဲတူဘက်က သာချေသည်။ တရားကိုယ်မှာမူလည်း လော်

လည်ခြင်းငါးပါး, အပြစ်ခြောက်ပါးစွန့်ပယ်ကွာရှင်းအပ်သည့် တရားမှ ကင်းရှင်းပေသည်။ မည်းနက်သောအသားဆိုသည် မှာ ယခု မည်းနက်သည်မဟုတ်၊ နဂိုဇာတိ အမိဝမ်းမှ ပါ လာသော အသားအရေ ဖြစ်သောကြောင့် မောင်ဖြူက အပြစ်ပြုသည့်အတိုင်း အပြစ်ပြုသင့်သည့်တရားသို့ မသက်ဝင် သဖြင့် လင့်ဝတ္တရားငါးပါးနှင့်အညီ သွေဖီ ငြင်းဆန်ခြင်း မရှိစေရ၊ နှစ်ဘက်သောမိဘတို့ ထိမ်းမြားရင်း လင်မယား မှန်ချေသောကြောင့် ပြကတိ မူလဆက်ဆံ ပေါင်းသင်းရင်း အတိုင်း ပေါင်းသင်းဆက်ဆံ နေထိုင်ကြစေ” ဟူသော အခိပ္ပာယ်မျိုးဖြင့် ကောက်ချက်ချပေးလိုက်လေသည်။

※ ※ ※

## ပွဲစားနှင့် လှေသူကြီး လှေပါကုန်အမှု

၂

တရံရောအခါ ညောင်ဦးမြို့ ဆိပ်ကမ်းနေ ပွဲစား မောင် သော်တာဆိုသူနှင့် ပခုက္ကူမြို့နေ လှေသူကြီး မောင်ရွှေဝဆိုသူ တို့သည် ကုန်ရောင်းကုန်ဝယ်အလို့ငှာ ကတိစာချုပ် ပြုလုပ် ကြသည်မှာ “ပွဲစားကြီးထံမှ လှေသူကြီးမင်း ယူသုံးငွေတစ် ကျပ်သုံး ဒင်္ဂါးပြားရေ ခုနစ်ရာနှင့် ခုနှိမ်၍ ယခုတစ်ခေါက် အပြန်တွင် လှေပါကုန်တို့ကိုချိန်တွယ်ပြီးလျှင် သွင်းဆပ်ပါ မည်” ဟူသတည်း။

ထို့နောက် မကြာမီပင် လှေသူကြီး မောင်ရွှေဝသည်လှေ ပြည့်ကုန်တင်၍လာရာ လှေပေါ်၌ တင်ဆောင်၍ပါသော ကုန်တို့ကိုချိန်တွယ်၍ အထက်ဆို ငွေတစ်ကျပ်သုံးဒင်္ဂါးပြား ရေ ခုနစ်ရာနှင့် ခုနှိမ်ပေးဆပ်သောအခါ ပွဲစားမောင်သော် တာက "ကုန်းချည်းမဟုတ် အတက်ငွေယူစဉ် စာချုပ်တွင် လှေပါကုန်ကိုဆိုသောကြောင့် လှေကိုလည်း ပေးရမည်"ဟု ဆိုလေ၏။

ထိုအခါ လှေသူကြီး မောင်ရွှေဝကလည်း "လှေပေါ်၌ ပါသည့်ကုန်ကိုသာ လှေပါကုန်ဟု ချုပ်ပါသည်" ဆိုလေ၏။

ဤသို့လျှင် တစ်ဦးနှင့်တစ်ဦး အကျယ် အပွား စကား ရှုပ်ထွေးဖြစ်ကြရာ ပုဂံမြို့ဝန်မင်းရုံတော်သို့ ရောက်ကြလေ၏။

ထိုအခါ လှေသူကြီးမောင်ရွှေဝကရှေ့နေ မောင်ကြံဘမ်း ကို ငှားလေ၏။ ပွဲစား မောင်သော်တာကလည်း ကျောက် ပန်းတောင်းမြို့ ရှေ့နေ မောင်ညိုရောင်ဆိုသူကို ငှားလေ၏။

ထို့နောက် ရှေ့နေနှစ်ဦးတို့သည် အလုအယက် ပြိုင်ဆိုင်၍ ငြင်းခုံပြောဆိုရာ မြို့ဝန်သည်"စာချုပ်တွင် လှေပါကုန်ဟူ၍ ပါရှိသောကြောင့် ပွဲစား သော်တာက လှေနှင့်တကွ ကုန် များကို သိမ်းယူစေ"ဟု ကောက်ချက်ဖြတ်စာ ချပေး လေ၏။

ထိုအခါ မောင်ကြံဘမ်းက–"ယခု မြို့ဝန်မင်းချပေးသော ဖြတ်စာသည် စာချုပ်ပါရင်းအတိုင်း ညီညွတ်ပါပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က လှေပါကုန်ကို ပွဲစား သော်ဘာသို့ ပေးအပ်ပါတော့မည်။ စာချုပ်၌ လှေပါကုန်ကို ချိန်တွယ်၍

ဆိုသော စကားအတိုင်းလှေကိုလည်း စချုပ်အတိုင်းချိန်တွယ်၍ ယူပါ၊သို့ရာတွင် လှေဆိုသည်မှာ ရေထဲ၌နေသော ဝတ္ထုပစ္စည်းမျိုးဖြစ်သောကြောင့် ရေထဲ၌ပင်ချိန်တွယ်၍ယူမှ ပေးအပ်နိုင်ပါမည်”ဟု စောဒကတက်လေသည်။

ထိုအခါ မြို့ဝန်မင်းလည်း မိမိ စီရင်ချက် ဖြတ်စာ မခိုင်မာကြောင်းကိုသိ၍ နှုတ်သိမ်းပြီးလျှင် ဤတရားကို တရားခွင်ရှိ လူကြီးမင်းတို့နှင့်တကွ အများသဘောတူရာ ဖြတ်စာသစ်ချပေးမည်ဟူ၍ ဝန်ခံလေသော် ခုံအစီရင် အတိုင်မင်းစသော ရှေ့နေ ရှေ့ရပ်ကြီးတို့က–“လှေပေါ်ရှိ ကုန်ကိုသာ ပွဲစားသော်တာယူ၍ လှေကို လှေသူကြီး ရွှေဝပင် ရစေ–”ဟူ၍ စီရင်ပြီးလျှင် တရားသက်ရှိသည့် ထုံးစံအတိုင်း ကွမ်း, လက်ဖက် စားစေသင့်ပါသည်ဟု အချင်ရပ်မင်းစုံ မင်းညီတို့က မြို့ဝန်မင်းကို လျှောက်ကြရကား ဖြန်တရားအဖြစ်ဖြင့်သောက်ချက်ဖြတ်စာ ချပေးလေ၏။

* *

## သူငယ်ချင်းနှစ်ယောက် မယားလုမှု

၃

ဟံသာဝတီပြည်ခမ္မစေတီမင်း အနိစ္စရောက်၍ သားတော်ဗညားရံ မင်းပြုတော်မူသော အကြောင်းကို အင်းဝပြည်ဒုတိယဘုရင် မင်းခေါင် ကြားတော်မူလျှင် တလိုင်းကျေးစပ်သို့ချီ၍ စုံစမ်းစေဟု တောင်ငူမြို့စား မင်းကြီးညိုကိုစေလွှတ်တော်မူ၏။

မင်းကြီးညိုလည်း တလိုင်းတို့ကျေး ကပ်ကြည်းချောင်းများကိုလုပ်ကြံမည်ဟူ၍ချီတက်လုပ်ကြံသည့်တွင်ကျောက်ဖျာမြို့စားသိုတိုင်ဘွား ခံနှင့်၏။စစ်သည်တော်ချင်း အထွေးထွေးရှိ၍နေစဉ် တောင်ငူမြို့စားသည် ညဉ့်မိုက်ခိုက်ရှိသောအခါဖြစ်၍ ရွတ်တစ်ရက် မိမိစီးသော ဆင်မ ရွှေကျေးနှင့်ယှဉ်၍သူ့ ဆင်ထက်သို့ ခုန်တက်ပြီးလျှင် ခါးနှင့်ခုတ်ရကား သိုတိုင်ဘွား ခေါင်းကို ရလိုက်၏။

ထိုတိုက်ပွဲတွင် ပုဂံမြို့ကျေးတူရှင်းတိုင်သား တပ်မှူး ငရန်နိုင်ဆိုသူသည် တပ်ဦးလှန်၍ သိုတိုင်ဘွားတပ်က ပစ်ခတ်သောလက်နက်ထိခိုက်၍ ကျရစ်လေ၏။

တောင်ငူမြို့စား မင်းကြီးညိုလည်း အရေးလှပြီဟု သုံ့ပန်းဆင်မြင်းတို့ကို ယူပြီးလျှင် ကပ်လှည့်၍ ပြန်လာလေ၏။

ထိုအခါတပ်မှ ကျန်ရစ်ခဲ့သော တပ်မှူး ငရန်နိုင်သည် အသက်မသေရှိနေရကားဟံသာဝတီကျေးဇလဲတော်ကျောင်းနေ တလိုင်းဘုန်းတော်ကြီးသည် လွယ်လုံ တောင်ကြီးမှ ပြန်လာရာ လမ်းတွင်တွေ့သည်နှင့် မိမိ ကျောင်းသို့ဆောင်ကြဉ်း၍ဆေးဝါးကုသ ကယ်မလေ၏။

အိမ်နီးဝန်းကျင်အတူပါဖြစ်ကုန်သောတပ်ပြန်လူအပေါင်းတို့က မိမိတို့ တွေ့မြင်ခဲ့သည့်အတိုင်း တပ်မှူးမောင်ရန်နိုင်သည် တပ်မှကျ၍ သေဆုံးရစ်ခဲ့ကြောင်းကို သားမယား ဆွေမျိုးစသူတို့ကို ပြောကြလေ၏။

ဤသို့ ကြားသိသောအခါ သားမယား ဆွေမျိုးပေါက်ဖော်တို့ကလည်း ထုံးစံရှိသည့်အတိုင်း ရဟန်း သံဃာတော်တို့

ကိုပင့်၍ ဆွမ်းစဉ်ခြင်း, တရားပေးစာနာ၍ အမျှဝေခြင်းစသော အမှုကို ပြုပြီးလျှင် နေ့ရက်ရှိသမျှ တမ်းတ ငိုကြွေးလျက်ချည်း သာ ရှိကြသတည်း။

ထို့နောက် ၂-နှစ်ခန့်ကြာသော် တပ်မှူး မောင်ရန်နိုင်၏ မယားဖြစ်သူ ရင်မေဖွေ့အူသည် တူးခွင်းတိုင်ရွာတွင်ပင် တစ်ရပ် တည်းနေ ဘစ်ခရတည်းသောက် ဖြစ်သူ မောင်ပိုးဖြူဆိုသူနှင့် ပေါင်းသင်းနေထိုင်ရာ တစ်နှစ်ခန့်ကြာသော် အထက်အဆိုပါ လင်ကြီးဖြစ်သူ တပ်မှူး မောင်ရန်နိုင် ပြန်ရောက်လာ၏။

ရောက်လျှင်မိမိမယားဖြစ်သူမဖွေ့အူသည်လင်ယူကြောင်း ကို သိရသည်နှင့် ရပ်ရွာသူကြီးတို့ထံ တိုင်ကြား၍ စကားပြော ဆိုသောအခါ မဖွေ့အူက ပြောသည်မှာ-

"ကျွန်တော်မသည် လောသည်ခြင်းတရားကြောင့် မောင် ပိုးဖြူကို ယူသည် မဟုတ်ပါ၊ စစ်ပွဲ၌ ကျကြောင်းကို အတူပါ ဖြစ်သော တပ်ပြန်လူအပေါင်းတို့က ပြောဆိုသောကြောင့် နှစ်ဘက်ရှိဆွေမျိုးဉာတိနှင့်တကွ သွမ်း သပိတ်သွတ်ခြင်း, ပရိတ် တရားနာ၍ အမျှဝေခြင်းအမှုကို ပြုလုပ်ပြီးလျှင် မုဆိုးမအဖြစ် ဖြင့် ၂-နှစ်ခန့် မိမိကိုယ်ကို စောင့်ထိန်း၍ နေပါသည်။ အကယ်၍ မောင်ရန်နိုင်သည် မသေမဆုံးသေး၊ ကြီးစွာသော ဒဏ်ရာ ထိခိုက်သဖြင့် သူ့တပ်ထဲတွင် ကျ၍ကျန်ရစ်သည်ဆိုပါ လျှင် အသက်ထက်ဆုံးလာရောက်နိုးနှင့် စောင့်စားနေမည် ကား စင်စစ်အမှန်ဖြစ်ပါသည်" ဟုသတည်း။

ထို့နောက် မောင်ပိုးဖြူလည်း- "ကျွန်တော်သည် တပ် မှူးမင်း ကိုရန်နိုင်နှင့်ကျောင်းနေဘက် သူငယ်ချင်းလည်း မှန်

ပါသည်။ ငယ်စဉ်ကစ၍ ယခုသို့တိုင်အောင် ညီရင်းအစ်ကိုကဲ့သို့ ချစ်သူချင်းဖြစ်ပါသည်။ ထို့ကြောင့် သူငယ်ချင်း၏ မယားကို စောင့်ထိန်းအပ်သော ဝတ္တရားရှိပေသည်ဟု အခြားတစ်ပါးသို့ မလှင့်ပါးစေရန် ကျွန်တော်သိမ်းပိုက်ပါသည်။ တပ်မှူးမင်း အနိစ္စမရောက်ကြောင်းကို မူလကသိခဲ့ပါလျှင် ကျွန်တော် မသိမ်းပိုက်ပါ''ဟူ၍ ထွက်ဆိုလေ၏။

ထိုအခါသူရသင့် ငါရသင့် စသည်ဖြင့် အကျယ်အပွားတရားမှုခင်းဖြစ်ကြရာ ရပ်ရွာသူကြီးတို့နှင့်တကွသော ကျေးလက်ရှိ ညှိခုံတို့သည် မပြီးပြတ်နိုင်အောင် ခဲခက်သော တရားထုံးကြီး တစ်ခုဖြစ်၍ နေသဖြင့် ပုဂံမြို့နေ သမတခုံမင်း မောင်ကျဘမ်း ထံသို့ ရောက်လာကြသတည်း။

ခုံတော်မောင်ကျဘမ်းလည်း တရားကို စဉ်းစားရန်အချက် ခက်လှသေးသည် ဖြစ်သောကြောင့်– ''ဤတရား ယနေ့ကစ၍ ရှေ့သို့ခုနစ်ရက်ဆိုင်းလင့် စဉ်းစားဦးမည်။ ထိုခုနစ်ရက်စေ့ ကာလမှ ကောက်ချက်ဖြတ်စာ ချပေးစီရင်မည်။ ခုနစ်ရက် အတွင်းမှာလည်း မဖော့အူကို စစ်ဆေးမေးမြန်း စုံစမ်းရန်ရှိ သောကြောင့် ယခုစုံရာရှိ လူကြီးမင်းတို့ရှေ့တွင် ငါ၏လက်သို့ အပ်၍ထားခဲ့ကြရမည်။ တရား ချိန်းရက်စေ့ရောက်မှ တရား အစီရင်ခံလာကြရမည်–''ဟူ၍ ဆိုလျှင် တပ်မှူး မောင်ရှုန်နိုင် နှင့် မောင်ပိုးဖြူတို့သည် မဖော့အူကို ခုံတော်ထံတွင် အပ်ထား ခဲ့ပြီးလျှင် ပြန်လာကြကုန်၏။

ထို့နောက် ခြောက်ရက်မြောက်လျှင် ခုံတော်မောင်ကျ ဘမ်းသည် မိမိနှင့်အိမ်နီးချက်တင်ဖြစ်ကြသော ဆွေမျိုးညာတိ

တို့ကို နှုတ်ထည့်၍ ပရိယာယ်ဖြင့် မဖော့အူ သေဆုံးလေဟန် အလျှင်အမြန် ညဥ့်ချင်းပြီး ခေါင်းတစ်လုံးစီမံ၍ မယ်နုဖြင့် အနိုင်စွဲရိုက်ကာ ထားလေ၏။ မိမိနှင့်အိမ်ကွာလှမ်း တစ်ရပ်ထဲ နေ လူကြီးမင်းတို့ကိုလည်း ပင့်ဖိတ်လျက်လက်ဖက်, ကွမ်းဆေး ကျွေးမွေးပြီးလျှင် ဧည့်ခံ၍နေသည်ဖြစ်ရကား ပုဂံမြို့တွင်းရှိ ကြားသိရသမျှကုန်သော လူအပေါင်းတို့သည် တကယ်ပင်သေ ဆုံးသည်ဟု မှတ်ထင်ကြလေ၏။ မဖော့အူကိုမူကား အိပ်ခန်း ထဲ၌ မည်သူမျှ မသိအောင် လုံခြုံစွာ ထားသတည်း။

တပ်မှူးမောင်ရန်နိုင်နှင့် မောင်ပိုးဖြူတို့လည်း ချိန်းဆို လိုက်သောရက်၌ တရားအစီရင်ခံလာကြရာ ခုံတော်မောင်ကျ ဘမ်းက "တပ်မှူးမောင်ရန်နိုင်နှင့် မောင်ပိုးဖြူတို့ မဖော့အူ သည် အပြင်းအထန် အဖျားရောဂါနှိပ်စက်ဖိစီးပြီးလျှင် ယမန် နေ့ နံနက်ကပင် အနိစ္စရောက်ရှာပြီ၊ သို့ဖြစ်၍ ယခုမောင်တို့ မြင်သည့်အတိုင်း မသာသို့လာရောက်မေးမြန်းကြသော လူကြီး လူကောင်း ဧည့်အာဂန္တုတို့ကို ကျွေးမွေးဧည့်ခံရသည်။ ဤ အတွက်ကုန်ကျသောငွေကြေးကို မောင်မင်းတို့ နှစ်ယောက် တွင် မည်သူက ပေးဆပ်၍ ဤမသာကို မည်သူက သင်္ဂြိုဟ် ဖုတ်ကြည်းခြင်းအမှုကို ပြုကြမည်နည်း–" ဟု မေးမြန်းလေ၏။

ထိုအခါ တပ်မှူးမောင်ရန်နိုင်က–"ယခု သေသော မဖော့ အူ ဆိုသူသည်ပထမက ကျွန်တော်၏ မယားမှန်ပါ၏။ ယခုမူ သူတစ်လူးနှင့် ပေါင်းဖက် ဆက်ဆံနေဆဲတွင် သေဆုံးရာ အ ကြောင်းကို ကျွန်တော်က သင်္ဂြိုဟ်လျှင် လူတို့၏ ကဲ့ရဲ့လှောင်

ပြောင်ခြင်းကို ခံရမည်စင်စစ် ဖြစ်ပါသည်။ ရှင်စဉ်မှာ သူများ မယား့ သေသွားက ငါ့မယားဆိုနှသော စကားမျိုးကဲ့သို့ မလုပ်လိုပါ–’’ဟူ၍ အစီရင်ခံလေ၏။

ထို့နောက် မောင်ပိုးဖြူက– “ယခု သွားလေသူ မဖော့အူသည် ကျွန်တော်နှင့် ပေါင်းသင်းဆက်ဆံ၍နေဆဲ အခါတွင် အနိစ္စရောက်သူဖြစ်ပါသည်။ ရှစ်စဉ်ကား ငါ့မယား့ သေသွားသော် ပြန်မကြည့်ဟူကဲ့သို့ မပြုလိုပါ။ ထို့ကြောင့် ကျွန်တော်ပင် ဖုတ်ကြည်း သဂြိုဟ်ပါမည်။ အရှင် ခုံမင်းဘုရား စိုက်ထုတ်ကုန်ကျထားသော စရိတ် ကြေး ငွေကိုလည်း ပေးဆပ်ပါမည်-’’ ဟု ပြော၏။

ထိုအခါ ခုံတော်မောင်ကျဘမ်းက- “အမှုသည်နှစ်ဦးတို့သည် ချင်းတို့၏တရားကို ချင်းတို့ပင် လော–’’ ဟု ပြောပြီးလျှင် အိပ်ခန်းထဲ၌ သွင်း၍ထားသော မဖော့အူကိုခေါ်၍ ဒုတိယ ခင်ပွန်းသည် မောင်းပိုးဖြူ လက်သို့ ထည့်လိုက်လေသတည်း။

* * *

## မယားခိုးမှု

## ၄

တရံရောအခါ စဉ့်ကူအုံအနီး သစ်ချိုကုန်းရွာနေ ငစံကဲသည် မင်းခယောကျ်ားဖြစ်၍ အဝ နေပြည်တော်သို့ တက်လျက် အမှုတော်ထမ်းရွက် နေထိုင်လေသည်။ ထိုအခါ မယား

ဖြစ်သူ မိနှောင်းသည် ငမိုးဆိုသူနှင့် သယောက် အမြှောင် ထားနေ၏။ ငစံကဲ ပြန်လာလျှင် မိမိတို့၏အမှုကို သိမည် စိုးသောကြောင့် မိနှောင်းသည်လင်ငယ်နှင့်တိုင်ပင်ကာ သုသာန်မှ လူ့ခေါင်းခွံ လူရိုးများကိုယူ၍ မိမိအိပ်သော အခန်း၌ထားကာ အိမ်ကိုမီးရှို့လိုက်၏။ မိဘ ဆွေမျိုး စသူတို့ကလည်း မိနှောင်း အိပ်ပျော်နေစဉ် မီးသင့်၍ဆုံးပြီဟု အယူရှိကြကုန်သတည်း။

ထို့နောက် မကြာမီ လင်ကြီးဖြစ်သူ ငစံကဲ နေရပ်သို့ ပြန်လာရာ မိဘအိမ်သို့ရောက်လျှင် အကြောင်းမျိုးစုံ ပြောကြသဖြင့် မိမိ မယား တကယ်ပင် သေပြီဟု ထင်မှတ်စိတ်ချနေ၏။

၂–နှစ်ခန့် အကြာတွင် အောက်မြို့နိုင်ငံမှ သစ်ချိုကုန်း ရွာသို့ ဆန်တက်ပြန်လာသူ မောင်ဆင်သည် မိမိ၏ သူငယ်ချင်းဖြစ်သူ မောင်စံကဲထံသို့ အလည်အပတ်ရောက်လာရာ မိနှောင်းနှင့် အမြှောင်သယောက်လင်ဖြစ်သူ ငမိုးတို့ကို မြောင်းမြမြို့၌ တွေ့မြင်ခဲ့ကြောင်းကို သေချာစွာပြောပြ၏။

ထိုအခါ မောင်စံကဲသည် သူငယ်ချင်း မောင်ဆင်၏ အကူအညီဖြင့် မြောင်းမြမြို့သို့သွားပြီး မိမိ မယား မိနှောင်းကို ပြန်ပေါင်းရန်ခေါ်ရာ မိနှောင်းက မိမိသည် မိနှောင်းမဟုတ်၊ မိဘဲဖြစ်ကြောင်း လွှဲ၍ ပြော၏။ ငမိုး၏ အမည်ကိုလည်း ငကျယ်ဟုပြော၏။ မောင်စံကဲကလည်း မိဘဲနှင့် ငကျယ် မဟုတ်၊ မိနှောင်းနှင့် ငမိုးပင်ဖြစ်သည်ဟု မြောင်းမြ မြို့ဝန်မင်းရုံးတော်တွင် တရားဆိုင်ဆိုကြ၏။

မြို့ဝန်မင်းက– "ယခု ချင်းတို့၏ အမှုအခင်း ဖြစ်ပွားခြင်းသည် ငါတို့ အောက်နိုင်ငံဖြစ် အမှုမဟုတ်၊ အထက် ပုဂံမြို့နယ်က ဖြစ်ပွားခဲ့သော တရားရင်းဖြစ်သောကြောင့် နေရင်းရပ်ရွာရောက် ပို့ကြရမည်-" ဟု ဆို၍ မိန္ဒောင်းနှင့် ငမိုးတို့ကို အချုပ်နှင့်ထား၍ မွန်မင်းစေလုလင်တို့ စောင့်ကြပ်လိုက်ပို့ကြရသတည်း။

ပုဂံမြို့ဝန်မင်း ရုံးတော်တွင် စစ်မေးရာတွင်လည်း မိန္ဒောင်းမဟုတ်ဘဲ, မိဘဲဖြစ်ကြောင်း၊ ငမိုးကလည်း ငမိုးမဟုတ်၊ ငကျယ်ဖြစ်ကြောင်းကို အမည်ပြောင်းလွှဲ၍ အစစ်ခံ ထွက်ဆိုနေသောကြောင့် ချင်းတို့၏ ရပ်ရွာနေ နှစ်ဘက်ရှိ ဆွေမျိုးမိဘတို့ကိုခေါ်၍ စစ်မေးပြန်ကလည်း ထိုနှစ်ယောက် ဒုက္ခရောက်မည်စိုး၍ မုသားဖြင့် ငြင်းကွယ်ကြ၏။ အမှုအခင်းမှာ ရှင်းမလိုလိုနှင့် ရှုပ်သည်ထက်ရှုပ်လာ၍ နောက်ဆုံးတွင် ခုံတော်မောင်ကျဘမ်းသို့ လွှဲအပ်လိုက်ရလေသည်။

ထိုအခါ ခုံတော်မောင်ကျဘမ်းသည် ဤသို့ အကြံပြုလေ၏။ အချုပ်ခံနေရသော ငမိုး၏ အမိဖြစ်သူသစ်ချိုကုန်းရွာနေ မမင်းဟန်သည် ကျေယ်ကို မိမိသား ဟုတ်-မဟုတ်ကြည့်ရှုပြီး ပုဂံမြို့ဝန်မင်းထံ အစစ်ခံ၍ အပြန်တွင် လမ်းခရီးမှာ ရှောင်တခင်လေထိုး၍ သေဆုံးကြောင်း စသည်တို့ကို ကြားခဲ့ရဟန်ပြု၍အချုပ်နှင့် မနီးမဝေးတွင် လူလေးငါးယောက် စုဝေးပြောဆိုစေ၏။


ထိုအခါကျယ်အမည်ခံငမိုးသည်မျက်ရည်သွယ်သွယ်ကျ၍ ငိုကြွေးကာ မိန္နေ်ာင်းကို အပြစ်ဆို၏။ ငါ့ဘာသာနေထိုင်သည်ကိုနင်ပင် စနက်မီးလုပ်၍ ယခုကဲ့သို့ဖြစ်ရသည်။ အိမ်ကိုမီးရှို့ဆိုသည်လည်းနင့်အကြံ၊ ထွက်ပြေးရန်သွေးဆောင်သည်လည်းနင့် ညာဏ်ပင်ဖြစ်သည်။ ယခုကဲ့သို့ ငါဒုက္ခရောက်ရခြင်းတို့သည်နင်နှင့် ပတ်သက်မိ၍သာဖြစ်သည်။ရှေ့သို့လည်း မင်းပြစ်မင်းဒဏ်အဘယ်မျှ ခံရဦးမည်ကို မသိသေး။ ဆယ်ကျိုး ဆယ်လလွယ်၍မွေးဖွားရသော ငါ့အမေသည် ငါကျွေးသော ဆန်ကျိုးတစေ့မျှ မစားရဖူးဘဲ ယခုငါ့ဒုက္ခနှင့် သေရပြီ၊သေပြန်ကလည်း သဂြိုဟ်ရမည်ကို ထားဘိဦး။ မျက်နှာကိုမျှ မမြင်လိုက်ရခြင်းသည် နင်ပေးသော ဒုက္ခချည်းဖြစ်သည်”

ခုံတော်မောင်ကျဘမ်းသည် အချုပ်သား ကျေယ်ဆိုသူက မိဘဲ ဆိုသူအား အပြစ်ဆိုခြင်းတို့ကို ခိုင်လုံသော သက်သေအထောက်အထားတို့ဖြင့် လေ့လာစွာမှတ်သားပြီး ယင်းသည့်နေ့မွန်းယိမ်း အချိန်တွင် အရပ်ရပ်အမှုသည်တို့ စုံပြီဖြစ်၍ ထိုအမှုသည် လင်မယားတို့ကို စစ်ဆေးမေးမြန်း၏။ ရှေးဦးစွာအမှုသည် နှစ်ဦးလုံးပင် ဘူးကွယ်ကြသည်။ ခုံတော်မောင်ကျဘမ်းက ငကျယ်ဆိုသူကမိဘဲဆိုသူအားအပြစ်တင်သောစကားတို့ကို သက်သေအထောက်အထားဖြင့် စစ်မေးသောအခါအမှုသည်နှစ်ဦးလုံး ငေးမှိုင်ကွေ့ဝေဆိတ်ဆိတ်သာ နေသတည်း။

ထိုအခါ ခုံတော်မောင်ကျဘမ်းက “ချင်းတို့ကို စစ်မေးရာနှစ်ယောက်လုံးပင် မရှင်မျက်နှာ မှသက်သာရေး မှိုင်ငေး

ဇေတဝနဆိတ်ဆိတ်နေချေသည်။ ဤသို့ဆိတ်ဆိတ်နေသောအရာဝယ်-ဆိတ်ဆိတ်နေက အမှန်ပင် သဘောတူ၍ ဟုတ်ပါ၏ဟု ဝန်ခံသည်မည်ကြောင်းကို မမ္မသတ် ၁၃စောင်, ဖြတ်ထုံးကြီးကိုးရပ်များတွင်လာရှိချေသောကြောင့် တရားခံမ မိနှောင်းသည် တရားလို ငစံကဲ၏မယားအမှန်ဖြစ်စေဟု စီရင်ရအံ့သောအခါသို့ရောက်တော့သည် မဟုတ်လော-”မေးလျှင် လူကြီးမင်းတို့က ခုံတော်မောင်ကျဘမ်းပြောသည့်အတိုင်း သင့်တင့်လျောက်ပတ်ကြောင်းကို ဝန်ခံကြလေ၏။

* * *



## ၆-ဇာတက ဖြတ်ထုံး

ငါးရာ့ငါးဆယ်စသော ဇာတ်ဝတ္ထုတို့တွင် ဓမ္မသတ်ဖြတ်ထုံးနှင့်ပတ်သက်သော ပုံသက်သေအချို့ကို ထုတ်နုတ်ပြီး ဇာတက ဖြတ်ထုံးဟု အမည်ပေးလိုက်ခြင်းဖြစ်၏။ ဇာတကကို ဇာတ်တော်ဟုလည်းကောင်း, ဇာတ်ဝတ္ထုဟု လည်းကောင်း ဇာတ်ဝတ္ထုပေါင်း ငါးရာ့ငါးဆယ်ရှိ၍ ငါးရာ့ငါးဆယ်ဟုလည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ထိုမှတစ်ပါး ဇာတ်ဝတ္ထု ဆယ်ခုရှိသေး၏။ ယင်းကို ဇာတ်ကြီးဆယ်ဖွဲ့ဟု ခေါ်ကြ၏။ ဘုရားလောင်း နုစဉ်အခါက အဖြစ် အပျက် ဘဝဇာတ်လမ်း ငါးရာနှင့်ရင့်ကျက်သောအခါ ဖြစ်ပျက်သော ဘဝဇာတ်လမ်းဆယ်ခုပင်ဖြစ်၏။ ယင်းနှစ်ခုကို "နုမှာ ငါးရာ, ရင့်မှာ တစ်ကျိပ်"ဟု ဆိုရိုးပြုကြ၏။

မြတ်စွာဘုရားသည် ဇာကကို ဟောကြားတော် မူ၏။ မြတ်စွာဘုရား ဟောကြားသော ဇာတကတို့မှာ ဆောင်ပုဒ်ဂါထာမျှသာဖြစ်၏။ ယင်းဂါထာ၏ အနက်အဓိပ္ပာယ်ကို အရှင် ဗုဒ္ဓဃောသကဇာတ်လမ်းဖြင့် အကျယ် ဖွင့်ဆို၏။အရှင်ဗုဒ္ဓဃောသက၏ဇာတကအဖွင့်ကို ဇာတကအဋ္ဌကထာဟု ခေါ်၏။ ဥပမာ–ဤဇာတကပြတ်ထုံးတွင် မဟာသာရ ပုလဲသွယ်ခိုးသူ၏ ပထမအမည်မှာ မဟာသာရဇာတ်ဖြစ်၏။ ယင်းဇာတ်အတွက် မြတ်စွာရေးသခင် မူလ ဟောကြားရင်းဂါထာမှာ– "စစ်ထိုးခြင်း ဖြစ်လတ်သော် ရဲရင့်သူကို အလိုရှိကြ၏" အစရှိသောဆောင်ပုဒ် လေးပဒသာဖြစ်၏။ ယင်းကို အရှင် ဗုဒ္ဓဃောသက ပတ္တမြား ဥသျှောင်ကျင် ပျောက်မှုကို ပစ္စုပ္ပန်ဝတ္ထုအနေဖြင့် နိဒါန်းပျိုးပြီး မဟာသာရပုလဲသွယ် ခိုးသူဟူသော အတိတ်ဝတ္ထုဖြင့် တန်ဆာဆင်ကာ ဖွင့်ဆိုသွားလေသည်။

ယခုခေတ် လူငယ်အချို့သည် ဇာတ်ဝတ္ထုအချို့ကို တွေ့ပြီး ဗုဒ္ဓ၏တရားအချို့မှာ သိပ္ပံပညာဖြင့် မညီညွတ်ဟု ကောက်ချက်ချနေကြသည်။ ဤဇာတ်ဝတ္ထုတို့သည် မြတ်စွာဘုရားဟောကြားရင်းလည်း မဟုတ်ချေ။ အဋ္ဌကထာ ဆရာအရှင်ဗုဒ္ဓဃောသ၏ အဖွင့်အဆိုတို့သာဖြစ်သည်။ထို့ပြင် လှပသော ပုံသက်သေတို့လည်းဖြစ်သည်ကို သတိပြုသင့်၏။ စင်စစ်ဇာတ်ဝတ္ထုတို့သည် မဟာသမုဒ္ဒရာနှင့် တူကုန်သည်။ မဟာသမုဒ္ဒရာထဲတွင် ရတနာအမျိုးမျိုးတို့ရှိသကဲ့သို့ ဇာတ်ဝတ္ထုတို့တွင် ဗဟုသုတရတနာ အဖြာဖြာတို့ တောက်ပနေကုန်၏။

လောကတွင် ဘယ်အရာများ ရှိသနည်း။ဇာတကာ၌ရှိသမျှ လုံးစုံအကုန် ပါဝင်သည်။ အတတ်ပညာနှင့်ပတ်သက်၍ လက်မှု ပညာ, နှုတ်မှုပညာ, သို့မဟုတ် သိပ္ပံပညာ, ဝိဇ္ဇာပညာ, သို့မဟုတ် ကာယပညာ, ဉာဏပညာ ဟူသမျှ ကုန်အောင်စုံပါဝင်သည်။ လူတန်းစားအနေဖြင့်လည်းကုန်သည်, လယ်လုပ်, မင်းစိုးရာဇာ, ရဟန်း ပုဏ္ဏား, ဒုန်းစဏ္ဍား စသည်ဖြင့် အတန်းအစား အလုံးစုံ အကုန် ပါဝင်လျက်ရှိ၏။ အဘယ်မျှ စုံသနည်း။ ကြက်ငှက်, သားငါး, တိရစ္ဆာန်တို့လည်း ဇာတ်လိုက်အဖြစ် သရုပ်ဆောင် လျက် ရှိကြ၏။

ဘယ်အကြောင်းကို တွေးလိုသနည်း၊ ဆွေးနွေးလိုသနည်း၊ ရေးလိုသနည်း၊ ထိုအလုံးစုံအတွက် ဇာတကမှ ကောက်နုတ် ကိုးကားနိုင်သည်။ လူ့လောက၌အသုံးဝင်သော အရာဘာမျှ မကျန်ချေ၊ အသေးသတော-အကြွင်းအကျန် မရှိသော အား ဖြင့် ပြည့်စုံ ကုံလုံ ကြွယ်ဝသည်။ ဤတွင် တရားဥပဒေနှင့် ပတ် သက်၍ မမွသတ် ဖြတ်တုံး ပုံသက်သေအဖြစ် ဇာတ်ဝတ္ထု အချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။ စကား အသုံး အနှုန်း ဝါကျ ဖွဲ့ထုံးတို့မှာ ညောင်ကန် ဆရာတော်၊ မုံရွေး ဆရာတော်၊ မင်းပူး ဦးဩဘာသတို့၏ အဆိုအမိန့် တို့သာ တည်း။

ဇာတက ဖြတ်ထုံးနိဒါန်းကို အဆုံးမသတ်မီ မမွပဒ အဋ္ဌ ကထာ၌ ပါဝင်သော အရှင်အနုရုဒ္ဓါ၏နှမ ရောဟိနီ မင်း သမီး၏ အမှုကို ဖော်ပြလိုပါသည်။ ရောဟိနီသည် လူ့ပြည်မှ စုတေသောအခါ တာဝတိံသာ နတ်ပြည် နတ်သား လေးဦး

ပိုင်ဆိုင်သော နယ်မြေစပ်ကြားတွင် နတ်သမီးသွား၍ ဖြစ်၏၊ နတ်သားတို့သည် ယင်းရောဟိနီ နတ်ကညာကို သူရထိုက် ငါ ရထိုက်နှင့် ငြင်းခုံကြလျက် အဆုံးအဖြတ်ခံရန် သိကြားမင်းထံ နတ်သမီးပါ ခေါ်ဆောင်သွားကြ၏။ ထိုအခါ သိကြားမင်း က "သင်တို့သည် ဤနတ်ဒေဝီကို တွေ့မြင်သောအခါ သင်တို့ စိတ် အဘယ်ပုံ ဖြစ်ကြသနည်း" ဟု မေး၏။

ပထမနတ်သား-"ငါ၏စိတ်မှာစစ်မြေပြင်၌စည်ကြီးကဲ့သို့ ဆောက်တည်မရ ဖြစ်ရပါသည်"

ဒုတိယနတ်သား-"ငါ၏စိတ်မှာ တောင်ကျ ချောင်းကဲ့သို့ အလျင်တလို ဖြစ်ရပါသည်"

တတိယနတ်သား-"သူ့ကိုမြင်လျှင် မြင်ချင်း ငါ၏ မျက်စိ မှာ ပုစွန် မျက်စိကဲ့သို့ ပြူးထွက် သွားပါသည်"

စတုတ္ထနတ်သား-"ငါ၏စိတ်မှာ စေတီမှာ လွင့်ထူ ထား သော တံခွန်ကဲ့သို့ တည်နေရန် မစွမ်းနိုင် ဖြစ်ရပါသည်။"

ထိုအခါ သိကြားမင်းက- "ငါတော့ သူ့ကို ရလျှင် အသက်ရှင်မည်၊ မရလျှင် အမှန်ပင် သေရလိမ့်မည်-" ဟု ခွဲတမ်းချလိုက်လေသည်။ နတ်သားတို့သည် မိမိတို့တွင်လည်း အဝေမသင့် ဖြစ်နေလျက် သိကြားမင်း၏ အဖြစ်မှာလည်း ပို၍ အခြေအနေ ဆိုးပေရကား နတ်သမီးကို သိကြားမင်းထံ ထားခဲ့ပြီး မိမိ ဗိမာန်သို့ အသီးသီး ပြန်သွားကြလေ၏။ ဇာ တက ဖြတ်ထုံးတို့တွင် ဤသို့သော တရားဆုံးဖြတ်မှုတို့ မပါ ဝင်ပါ။ မှန်ကန်သော ဖြတ်ထုံးတို့သာ ဖြစ်ပါသည်။ သို့ရာတွင်

မပြေမသာည် ဖြစ်နေပါက-"ငါသို့သော ဘုရင် ဘာထင် သာတုန်း-"ဟူသော ခြိမ်းခြောက်မှုမျိုးကား- အသင့်အတင့် ပါဝင်လေသည်။

* * *

## ပတ္တမြား ဦးသျှောင်ကျင် ပျောက်မှု

၁

အခါတစ်ပါး ကောသလမင်းကြီးသည် မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် ရှိခိုး၍ လျှောက်ပတ်စွာနေလျက်- "အရှင်ဘုရား အကျွန်ုပ်တို့၏ နန်းတော်၌ မင်း မိန်းမတို့သည် အရှင်အာနန္ဒာ မထေရ်၏အထံ၌ တရားတော်ကို နာအံ့သော ငှာလည်းကောင်း, သင်အံ့သောငှာလည်းကောင်း အလိုရှိကုန်၏၊ အရှင်အာနန္ဒာ မထေရ်သည် အကျွန်ုပ်၏ နန်းတော်၌ တရားကို အကယ်၍ ဟောပြောအံ့, အကယ်၍ သင်ချပြောအံ့ စင်စစ်လျှင် ကောင်းသည် ဖြစ်ရာ၏-"ဟု လျှောက်၏။

မြတ်စွာဘုရားသည်-"မြတ်သောမင်းကြီး ကောင်းပြီ-" ဟု ဝန်ခံ၍ အရှင်အာနန္ဒာမထေရ်ကို စေတော်မူ၏။ ထိုအခါ မှစ၍ ကောသလမင်းကြီး၏ မင်းမိန်းမတို့သည် အရှင်အာနန္ဒာ မထေရ်၏ အထံ၌ တရားတော်ကို နာကုန်၏။ သင်လည်း သင် ကုန်၏။

ထိုအခါ တစ်နေ့သ၌ ကောသလမင်းကြီး၏ ပတ္တမြား ဦးသျှောင်ကျင်သည် ပျောက်၏။ မင်းကြီးသည် ထိုပျောက်

သော အဖြစ်ကို ကြား၍ အမတ်တို့ကို- "အလုံးစုံသော နန်းတော်တွင်း၌ သုံးဆောင်သော သူတို့ကို ခေါ်စေ၍ ပတ္တမြားဥသျှောင်ကျင်ကို ဆောင်စေကုန်လော့-"ဟု စေ၏။

အမတ်တို့သည် မိန်းမတို့ကို အစပြု၍ မေးသည်ရှိသော် မသိမမြင်၍ လူများကို ပင်ပန်းစေကုန်၏။

ထိုနေ့၌ အရှင်အာနန္ဒာ မထေရ်သည် နန်းတော်သို့ ဝင်သည်ရှိသော် ထိုမိန်းမတို့သည် ရှေး၌ အရှင်အာနန္ဒာမထေရ်ကို မြင်လျှင် နှစ်သက် ရွှင်လန်းစွာ တရားတော်ကို နာကုန်သကဲ့သို့လည်းကောင်း, သင်ကုန်သကဲ့သို့ လည်းကောင်း ထိုရှေးအတူ မပြုကုန်၍ အလုံးစုံသော မင်းမိန်းမတို့သည် နှလုံးမသာခြင်းသို့ ရောက်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုအခါ အရှင်အာနန္ဒာ မထေရ်သည် "အဘယ်ကြောင့် သင်တို့သည် ဤသို့ သဘောရှိကုန်သည် ဖြစ်ကုန်သနည်း-"ဟု မေးတော်မူ၏။

ထိုမင်းမိန်းမတို့သည်-"အရှင်ဘုရား မင်း၏ ပတ္တမြားဥသျှောင်ကျင်ကို ရှာကုန်အံ့ဟု အမတ်တို့သည် မိန်းမတို့ကို အစပြု၍ နန်းတော်တွင်း၌ သုံးဆောင်သော သူတို့ကို ပင်ပန်းစေကုန်၏။ တစုံတစ်ယောက်သော သူအား အသို့ဖြစ်လတ္တံ့ဟု မသိကုန်၊ ထိုကြောင့် နှလုံးမသာခြင်းသို့ရောက်ကုန်၏"ဟု လျှောက်ကုန်၏။

အရှင်အာနန္ဒာ မထေရ်လည်း "သင်တို့သည် မကြောက်ကြကုန်လင့်-"ဟု ထို မိန်းမတို့ကို နှစ်သိမ့်စေပြီးလျှင် မင်းကြီး

 အထံသို့သွား၍ ခင်းအပ်သောနေရာ၌ နေလျက်- "မြတ်သော

မင်းကြီး သင်မင်းကြီး၏ ပတ္တမြားဥသျှောင့်ကျင်သည်ပျောက် သလော-'' ဟု မေးတော်မူ၏။

''အရှင်ဘုရား ပျောက်သည်မှန်၏-''ဟု လျှောက်၏။

''မြတ်သောမင်းကြီး ထိုပတ္တမြား ဥသျှောင်ကျင်ကို ဆောင်ခဲ့စိမ့်သောငှာ မတတ်နိုင်သလော-''ဟု မေးတော်မူ၏။

''အရှင်ဘုရား အလုံးစုံသော အတွင်းသား အပေါင်းကို ခေါ်စေ၍ ပင်ပန်းစေသော်လည်း ဆောင်ခဲ့စိမ့်သောငှာ မတတ်နိုင်-''ဟု လျှောက်၏။

''မြတ်သောမင်းကြီး၊လူများကို မပင်ပန်းစေမူ၍ သာလျှင် ဆောင်ခဲ့စိမ့်သောငှာ အကြောင်းသည်ရှိ၏''ဟုမိန့်တော်မူ၏။

''အရှင်ဘုရား အဘယ် အကြောင်းနည်း''ဟုလျှောက်၏။

''မြတ်သောမင်းကြီး အဆုပ်ပေးခြင်းတည်း''- ဟု မိန့်မူ၏။

''အရှင်ဘုရား အဘယ် အဆုပ် ပေးခြင်းနည်း-'' ဟု မေးလျှောက်၏။

''မြတ်သောမင်းကြီး အကြင်မျှလောက်သော သူတို့၌ ယုံမှားခြင်းသည်ရှိ၏။ ထိုမျှလောက်သော သူတို့ကို ခေါ်၍ တစ်ယောက် တစ်ယောက်သူအား တစ်ခု တစ်ခုစီသော ဖွဲဆုပ်ကိုလည်းကောင်း, မြေဆုပ်ကိုလည်းကောင်း ပေး၍- 'ဤအဆုပ်ကို မိုးသောက်သော ကာလ၌ ဆောင်ခဲ့ကုန်၍ ဤမည်သော အရပ်၌ ချကုန်လော့' ဟု ဆိုအပ်၏။ အကြင်သူသည် ယူသည် ဖြစ်လတ္တံ့၊ ထိုယူသောသူသည် ထိုအဆုပ်၌ထည့်၍ ဆောင်ခဲ့လတ္တံ့၊ ရှေးဦးစွာသော နေ့၌လျှင် အကယ်၍ ချကုန်အံ့, ထိုသို့

ချခြင်းသည် ကောင်း၏။ အကယ်၍ မချကုန်အံ့၊ နှစ်ရက်မြောက်သောနေ့၌ လည်းကောင်း၊ သုံးရက်မြောက်သောနေ့၌ လည်းကောင်း ထို့အတူသာလျှင် ပြုအပ်၏။ ဤသို့ပြုသည်ရှိသော် လူများသည်လည်းမပင်ပန်းလတ္တံ့၊ ပတ္တမြားဥသျှောင်ကျင်ကိုလည်း ရလတ္တံ့"

ဤသို့ မိန့်တော်မူ၍ အရှင်အာနန္ဒာ မထေရ်သည်ကြွတော်မူ၏။

ကောသလမင်းကြီးသည် အရှင်အာနန္ဒာမိန့်တော်မူသောနည်းဖြင့်သာလျှင် သုံးရက်တို့ ပတ်လုံး ပေးစေသော်လည်း ပတ္တမြားဥသျှောင်ကျင်ကို မဆောင်ခဲ့ကုန်၊ အရှင်အာနန္ဒာ မထေရ်သည် သုံးရက်မြောက်သောနေ့၌ ကြွတော်မူလာ၍- "မြတ်သောမင်းကြီး ပတ္တမြားဥသျှောင်ကျင်ကို ချ၏လော" ဟု မိန့်တော်မူ၍- "အရှင်ဘုရား မချကုန်" ဟု လျှောက်၏။

"မြတ်သော မင်းကြီး၊ ထိုသို့ တပြီးကား ကျယ်သော မင်းရင်ပြင်ဝယ် ဖုံးကွယ်ရာအရပ်၌ အိုးစရည်းကြီးကိုထား၍ ရေဖြင့် ပြည့်စေပြီးလျှင် တင်းတိမ်ကိုရံစေ၍ 'အလုံးစုံသော နန်းတွင်း၌ သုံးဆောင်သော ယောကျ်ားတို့သည် လည်းကောင်း မိန်းမတို့သည်လည်းကောင်း အပေါ်ရုံကို ရုံ၍ တစ်ယောက်တစ်ယောက်စီ တင်းတိမ်တွင်းသို့ ဝင်ပြီးလျှင် လက်ကိုဖြန့်၍ လာခဲ့ကုန်လော-' ဟု ဆိုတော်မူလော"

ဤသို့ မိန့်တော်မူပြီးလျှင် အရှင်အာနန္ဒာ မထေရ်သည်ကြွတော်မူ၏။

ကောသလမင်းကြီးလည်း အရှင် အာနန္ဒာမထေရ် ဆိုတိုင်း ပြုစေ၏။

ပတ္တမြားဥဿျှောင်ကျင်ကို ခိုးသောသူသည်– 'တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်သည် ဤအဓိကရုဏ်းကိုယူ၍ ပတ္တမြား ဥဿျှောင်ကျင်ကို မမြင်လျှင် မလွတ်လတ္တံ့၊ စင်စစ်လျှင် ဤပတ္တမြားဥဿျှောင်ကျင်ကို ချခြင်းငှာ သင့်၏-' ဟု ကြံ၏။ ကြံပြီး၍ ပတ္တမြား ဥဿျှောင်ကျင်ကို ဖုံးလွှမ်း၍ ယူပြီးလျှင် တင်းတိမ်တွင်းသို့ဝင်၍ အိုးစရည်း၌ ချ၍ ထွက်ခဲ့၏။

အလုံးစုံသော သူတို့၏ ထွက်သော ကာလ၌ ရေကိုစွန့်၍ ပတ္တမြားဥဿျှောင်ကျင်ကို မြင်ကုန်၏။ ကောသလ မင်းကြီးသည် အရှင်အာနန္ဒာ မထေရ်ကိုမှီ၍ များစွာသော လူအပေါင်းကို မပင်ပန်းစေ၍သာလျှင် 'ငါသည် ပတ္တမြား ဥဿျှောင်ကျင်ကို ရအပ်၏-' ဟု နှစ်သက်၏။ နန်းတွင်း၌ မင်းသုံးသော သူတို့လည်း- ငါတို့သည် အရှင်အာနန္ဒာကိုမှီ၍ ကြီးစွာသော ဆင်းရဲမှ လွတ်သည်ဖြစ်ကုန်၏-' ဟု နှစ်သက်ကုန်၏။

အရှင်အာနန္ဒာ မထေရ်၏ အာနုဘော်ကြောင့် မင်း၏ ပတ္တမြား ဥဿျှောင်ကျင်ကို ရအပ်၏။ ဤသို့လျှင် အရှင် အာနန္ဒာ မထေရ်၏ အာနုဘော်သည် အလုံးစုံသော မြို့၌ လည်းကောင်း, ရဟန်း, သံဃာ၌လည်းကောင်း ထင်ရှားသည်ဖြစ်၏။

* * *

# မဟာသာရ ပုလဲသွယ် ခိုးမှု

## ၂

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အလုံးစုံသော အတတ်တို့၏ အပြီးသို့ရောက်သော အမတ်ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ ဗာရာဏသီမင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်တွင်း၌ လှည့်လည်သည်ရှိသော် ရေကစားလိုသဖြင့် မင်္ဂလာရေကန်သို့သက်၍ မင်း မောင်းမ အပေါင်းကို ခေါ်စေ၏။

မင်း မောင်းမ အပေါင်းတို့သည် မိမိတို့၏ တန်ဆာတို့ကို ချွတ်၍ စုလျားဦထည့်၍ ပူတာအပြင်၌ ထားပြီးလျှင် ကျွန်မတို့ကို စောင့်စေ၍ ရေသို့ သက်၏။

ထိုအခါ တစ်ခုသော ဥယျာဉ်၌နေသော မျောက်မသည် မိဖုရား၏ ပုလဲသွယ်ကို ဆင်လိုသည်ဖြစ်၍ ကျွန်မ၏ မေ့လျော့ခြင်းကို ကြည့်လျက်နေ၏။

ကျွန်မလည်း စောင့်ရှောက်လျက် ထိုထိုအရပ်ကို ကြည့်၍ နေစဉ်ပင် အိပ်အံ့သောငှာ အားထုတ်၏။ မျောက်မသည် ထို ကျွန်မ မေ့လျော့သောအဖြစ်ကိုသိလျှင် လေကဲ့သို့သော လျင်ခြင်းဖြင့် သစ်ပင်မှ သက်လာ၍ ပုလဲသွယ်ကို ခိုးယူသွားလေ၏။

ထိုကျွန်မ နှိုးလတ်၍ ပုလဲသွယ်ကို မမြင်သည်ရှိသော် တုန်လှုပ်လျက် တစ်ပါးသောအကြောင်းကိုမမြင်၍– "ယောကျ်ား ခိုးသူသည် မိဖုရား၏ ပုလဲသွယ်ကိုယူ၍ပြေး၏" ဟု သည်းစွာ ဟစ်ကြွေး၏။

မင်းသည် "ခိုးသူကို ဖမ်းကုန်လော–" ဟု ဆို၏။

မင်းချင်း ယောကျ်ားတို့သည် ဥယျာဉ်မှ ထွက်ကုန်၍– "ခိုးသူကို ဖမ်းကြ, ခိုးသူကို ဖမ်းကြ" ဟု ထိုမှ ဤမှ ကြည့်ကုန်၏။

ထိုအခါ ဇနပုဒ်၌နေသော ယောကျ်ားသည် အသံကိုကြား၍ တုန်လှုပ်လျက်ပြေး၏။ မင်းချင်းတို့သည်- 'ဤသူ ခိုးသူ ဖြစ်လတ္တံ့' ဟု လိုက်ဖမ်း၍ ပုတ်ခတ်ပြီးလျှင်- "ဟယ် သူခိုးပျက် မဟာသာရ တန်ဆာကို ခိုးဘိ၏-" ဟု ဆို၍ဆဲရေး ကုန်၏။

ထိုယောကျ်ားသည်– "ငါသည် မခိုးဟု အကယ်၍ ဆိုအံ့ ယနေ့ ငါ့အားအသက်မရှိပြီ၊ ပုတ်ခတ်၍သာလျှင် သတ်ကုန်လတ္တံ့၊ ခိုးခြင်းကို ဝန်ခံအံ့-" ဟု ကြံ၏။ ကြံပြီး၍– "အရှင် အကျွန်ုပ်သည် ခိုးသည်မှန်၏–" ဟု ဆို၏။

ထိုအခါ ထိုယောကျ်ားကို နှောင်ဖွဲ့၍ မင်း၏ အထံသို့ ဆောင်ကုန်၏။ မင်းလည်း ထိုယောကျ်ားကို- "သင်သည် မဟာသာရမည်သော တန်ဆာကို ခိုးသလော-" ဟု မေး၏။

"အရှင်မင်းကြီး ခိုးသည် မှန်ပေ၏"

"ယခု တန်ဆာသည် အဘယ်မှာနည်း"

"အရှင်မင်းကြီး သူဌေးကြီးသည်ကား အကျွန်ုပ်ကို ယူစေ၍ သူဌေးကြီးအား ပေး၏"

မင်းသည် သူဌေးကို ခေါ်၍-"သင်သည်ကျွဲယောကျ်ား၏ လက်မှ မဟာသာရ တန်ဆာကို ယူသလော-"ဟု မေး၏။

"အရှင်မင်းကြီး ယူပေ၏"

"ထိုတန်ဆာသည် အဘယ်မှာနည်း"

"အရှင်မင်းကြီး ပုရောဟိတ်အား ပေး၏"

ပုရောဟိတ်ကိုလည်း ခေါ်စေ၍ ရှေးအတူလျှင် မေး၏၊ ပုရောဟိတ်လည်း ဝန်ခံ၍ စောင်းသမားအား ပေးအပ်၏ဟု လျှောက်၏။

စောင်းသမားကိုလည်း ခေါ်စေ၍-"သင်သည်ပုရောဟိတ် လက်မှ မဟာသာရ တန်ဆာကို ယူသလော-"ဟု မေး၏။

"အရှင်မင်းကြီး အကျွန်ုပ်သည် ကိလေသာ၏အစွမ်းအား ဖြင့် ပြည့်တန်ဆာမအား ပေးအပ်၏-"ဟု လျှောက်၏။

ထိုပြည့်တန်ဆာမကိုလည်း ခေါ်စေ၍ မေး၏။

"အရှင်မင်းကြီး အကျွန်ုပ် မယူ-"ဟု လျှောက်၏။

ထိုငါးယောက်တို့ကို မေးစဉ်လျှင် နေဝင်၏။ မင်းကြီးသည်-"ယခုအခါ၌ အချိန်မဟုတ်ဖြစ်၏၊ နက်ဖြန်မှ သိရအံ့-" ဟု ထိုငါးယောက်သော သူတို့ကို အမတ်တို့အား အပ်၍ မြို့သို့ ဝင်၏။

ဘုရားလောင်းသည်-"မဟာသာရ တန်ဆာသည် အတွင်းသားတို့၏ လက်၌ ပျောက်၏၊ ဤသူကြွယ်သည်လည်း အပသားဖြစ်၏။ တံခါး၌လည်း အားကြီးသော အစောင့် အရှောက်ရှိ၏။ ထို့ကြောင့် အတွင်းသားတို့သည်း ထိုတန်ဆာကို ယူပြေးရန် မတတ်နိုင်၊ ဤသို့လျှင် အပသားတို့၏ ယူခြင်းအကြောင်းသည် မထင်သလျှင်ကတည်း-" ကြံပြီး၍ မင်းသို့ကပ်ပြီးလျှင်-"မင်းမြတ် သူခိုးတို့ကို အကျွန်ုပ်တို့အား အပ်တော်မူကုန်လော့၊ ထိုအမှုကို အကျွန်ုပ်တို့သုတ်သင်ပါကုန်အံ့-" ဟု လျှောက်၏။

မင်းသည်-"ပညာရှိ ကောင်းပြီ၊ သုတ်သင်လော့-"ဟု ဆို၍ ဘုရားလောင်းအား ပေးအပ်၏။

ဘုရားလောင်းသည် မိမိကျွန် ယောကျ်ားတို့ကို ခေါ်စေပြီးလျှင် နှောင်အပ်လျက် ဖဲ့ခဲ့၏။ ထိုသူတို့သည် ဘုရားလောင်း ဆိုတိုင်း ပြုကုန်၏။

ထိုသူငါးယောက်တို့ စည်းဝေးသောအခါ၌ သူဌေးကြီးသည် ဇနပုဒ်သား ယောကျ်ားကို-"ဟယ်ဇနပုဒ်သား အဘယ်အခါ၌ သင်သည် ငါ့ကို မြင်ဖူးသနည်း၊ ငါသည် သင့်ကို အဘယ်အခါ၌ မြင်ဖူးသနည်း၊ အဘယ် အခါ သင်သည် ငါ့အား မဟာသာရတန်ဆာကို ပေးသနည်း-"ဟု ဆို၏။

"အရှင်သူဌေးကြီး အကျွန်ုပ်သည် မဟာသာရ တန်ဆာမည်သော ညောင်စောင်း အင်းပျဉ်ကိုလည်း မသိ၊ အရှင်

သူဌေးကြီးကိုကား မှီ၍ လွတ်မြောက်ခြင်းကို ရပါအံ့ဟု ကြံ၍ ဤသို့ဆိုပေ၏။ အကျွန်ုပ်အား အမျက်မထွက်ပါလင့်–"ဟု ဆို၏။

ပုရောဟိတ်သည်လည်း သူဌေးကြီးကို– "သူဌေး သင်သည် မိမိအား ဤဇနပုဒ်သား မဆပ်အပ်သော မဟာသာရတန်ဆာကိုလျှင် ငါ့အား အသို့ ပေးသနည်း–"ဟု မေး၏။

"ငါတို့ နှစ်ယောက်တို့သည် ဥစ္စာရှင်ချည်း ဖြစ်ကုန်၏။ ငါတို့ တစ်ပေါင်းတည်းဖြစ်၍တည်သောကာလ၌အမှုလျင်စွာပြီးလတ္တံ့ဟု ကြံ၍ ဆိုပေ၏-"ဟု ဆို၏။

စောင်းသမားသည်- "ပုရောဟိတ် ပုဏ္ဏား အဘယ်အခါ၌ သင်သည် ငါ့အား မဟာသာရ တန်ဆာကိုပေးသနည်း-"ဟု ဆို၏။

"ငါသည် သင့်ကို မှီ၍ နေရာအရပ်၌ ချမ်းသာစွာ နေရပါအံ့ဟု ကြံ၍ ဆိုပေ၏-"ဟု ဆို၏။

ပြည့်တန်ဆာမသည်လည်း စောင်းသမားကို- "ဟယ် စောင်းသမားပျက် ငါသည် ဘယ်အခါ၌ သင့်ထံသို့ ရောက်ဖူးသနည်း၊ သင်သည်လည်း ဘယ်အခါ၌ ငါ့အထံသို့ ရောက်ဖူးသနည်း၊ ဘယ်အခါ၌ သင်သည် ငါ့အား မဟာသာရ တန်ဆာကို ပေးသနည်း–"ဟု ဆို၏။

"နှမ အဘယ်ကြောင့် အမျက်ထွက်သနည်း၊ ငါတို့ ငါးယောက် တစ်ပေါင်းတည်း နေကုန်သည်ရှိသော် အိမ်၌နေရ

သကဲ့သို့ ဖြစ်လတ္တံ့၊ မင်္ဂြိုဟ်ငွေ့ကုန်သည် ဖြစ်၍ ချမ်းသာစွာ နေရကုန်လတ္တံ့ဟူ ကြံ၍ ဆိုပေ၏-''ဟု ဆို၏။

ဘုရားလောင်းသည် စေအပ်သော ကျွန်ယောကျ်ားတို့၏ အထံမှ ထိုစကားတို့ကို ကြား၍ ထိုသူတို့ ခိုးသူ မဟုတ်သော အဖြစ်ကို သိ၍ ချည်ထုံးတို့ဖြင့် ပြီးသော များစွာသော တန်ဆာတို့ကို ပြုစေပြီးလျှင် ဥယျာဉ်တော်၌ မျောက်တို့ကို ဖမ်းယူစေ၍ တန်ဆာဆင်၍ လွှတ်လိုက်၏။ ထိုအခါ မဟာသာရ ပုလဲသွယ်ကို ခိုးသော မျောက်မသည်လည်း ကျေးဇူးချေခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ မဟာသာရ ပုလဲသွယ်ကို ဆင်လျက် ထွက်လာ၏။

ထိုအခါ မျောက်မကို လူတို့ မြင်ကုန်၍ မဟာသာရ တန်ဆာကို စွန့်စေ၍ ဆောင်ခဲ့ပြီးလျှင် မင်းအားပြ၍- ''အရှင်မင်းကြီး ဤတန်ဆာသည် အရှင်မင်းကြီး၏ တန်ဆာတည်း၊ ထိုငါးယောက်ကုန်သော သူတို့သည် ခိုးသူမဟုတ်ကုန်၊ ဤတန်ဆာကို ဥယျာဉ်တော်၌ မျောက်မသည် ယူအပ်၏-ဟု လျှောက်၏။

''ပညာရှိ သင်သည် အဘယ်သို့လျှင် ဤမျောက်မလက်သို့ရောက်သောအဖြစ်ကို သိသနည်း-''ဟု မေး၏။

ဘုရားလောင်းသည်အလုံးစုံသော အကြောင်းကိုလျှောက်၏။ မင်းသည် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ဤသို့ ကောင်းချီးပြု၏။

စစ်ထိုးခြင်း ဖြစ်လတ်သော် ရဲရင့်သူ,
တိုင်ပင်ကုန်လတ်သော် နူတ်စောင့်သူ,
ထမင်း အဖျော်ဖြစ်လတ်သော် ချစ်သူ,
ပြဿနာ ဖြစ်လတ်သော် ပညာရှိကို အလိုရှိကြ၏။

*　　*　　*

## ဂါမဏိစန္ဒအမတ်ကြီးအမှု

၃

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဇနသန္ဓ မင်းကြီး မင်းပြုလတ်သော် ဘုရားလောင်းကား သားတော်တည်း။ အာဒါသမုခဟု အမည်တွင်၏။ ခုနစ်နှစ်ရှိသောအခါ ခမည်းတော် နတ်ရွာလားလျှင် နန်းရင်ပြင်တွင် မှူးမတ် ဟူသမျှ စုဝေးကြ၍- "ဤမင်းသားသည် အလွန်တရာ ငယ်နုစွာ၏၊ ဘိုးရာ ဘရိုက် ထိုက်မည့်ပညာ ရှိပါအံ့လော, မရှိအံ့လော စုံစမ်းအံ့-"ဟု ကြံကြ၍-

တနေ့သ၌ တရားဆုံးဖြတ်ရာသို့ မင်းသားကို ပင့်ကြကုန်၍ မတ်ရပ်သွားသော မျောက်ကိုဆောင်၍- "ဤသူသည် ခမည်းတော်လက်ထက် ဘုမိနက်သန် မြေကြန်တတ်သော ဆရာကြီးတည်း၊ လေ့လာသော အတတ်လည်းရှိ၏။ မြေ၏အတွင်း ခုနစ်တောင်အရပ်၌လည်း အကျိုးအပြစ်ကို မြင်၏။ ဤသူ ပြဆိုအပ်သောအရပ်သည် မင်းမျိုးတို့၏ နန်းရာ, လွှတ်ရာ, မြို့ကျုံးရာဖြစ်

လေ၏။ ဤသူကို အရှင်မင်းသားသည် အရာအထူး၌ ထား
တော်မူပါလော့–” ဟု ဆိုကြကုန်၏။

ဘုရားလောင်းက–“ဤသူ လူ မဟုတ်၊ မျောက်တည်း၊
လူတို့အစီးအပွားကို ပြုတတ်သူ မဟုတ်၊ ဖျက်ဆည့်သူသာ ဖြစ်
သည်” ဟူ၍ ဆို၏။

ထို့နောက် အမတ်တို့သည် တစ်ရက်–နှစ်ရက် လွန်ပြန်
သော် ဤမျောက်ကိုပင် တန်ဆာဆင်ပြန်၍– “ဤလူသည်
တရားဆုံးဖြတ်သောအမတ်, မဟူသတ် ကျမ်းကို ဤသူသည်
ဖြစ်စေအပ်၏။ ဤသူကို တရားသူကြီး ခန့်တော်မူပါ–”ဟု
လျှောက်ကြကုန်၏။

ဘုရားလောင်းလည်း— “ဤသူသည် တရားဆုံးဖြတ်ခြင်း
၌ မတတ်နိုင်ရာ၊ တစ်စိုးတစ်စိမျှ မသိရာ....”ဟု မိန့်၏။

အမတ်တို့လည်း တစ်နေ့သ၌ ဤမျောက်ကိုပင် တန်ဆာ
ဆင်၍ “ဤသူကား မိဘတို့အား လုပ်ကျွေးခြင်းကို ပြုတတ်၏။
ကြီးသော သူတို့ကို အရိုအသေ ပြုတတ်၏။ ဤသူကို သင်္ဂြိုဟ်
ထောက်ပံ့တော်မူပါလော့–”ဟု လျှောက်ကြပြန်ကုန်၏။

ဘုရားလောင်းကလည်း– “စလစိတ္တ ရှိကုန်သော မျောက်
တို့သည် သင်တို့လျှောက်တိုင်း မစွမ်းရာ–”ဟု မိန့်တော်မူလျှင်
အမတ်တို့က– “ဤမင်းသားကား ငယ်ငြားသော်လည်းပညာ
ရှိ၏”ဟု ပြည်ကို နှင်း၍ မင်းအဖြစ်သို့ ရောက်စေ၏။ ဘုရား
လောင်း၏ပညာရှိသောအဖြစ်သည် ဇမ္ဗူဒိပါကျွန်းအလုံးပျံ့

၏။ ပညာရှိသောအဖြစ်ကို ပြခြင်းငှာ ၁၄-ပါးသော ဝတ္ထုတို့သည် ထင်ရှားစွာ ဖြစ်လာကုန်၏။

၁-နွားပျောက်မှု- ခမည်းတော် ဇနသန္ဓမင်း၏ အမတ်ကြီးဖြစ်သော ဂါမဏိစန္ဒသည် ဤသို့ကြံ၏- "မင်းမည်သည့်ကား အရွယ်တူမျှသော သူနှင့်သာ တင့်တယ်၏။ ငါလည်း အိုမင်းခဲ့ပြီ။ ထို့ကြောင့်မင်းငယ်အား ခစားခြင်းကို မပြုပြီ။ ဇနပုဒ်၌ လယ်လုပ်၍ အသက်မွေးတော့အံ့-" ဟု ထွက်သွား၍ သုံးယူဇနာခရီးကွာသော ရွာငယ်တစ်ခု၌ နေ၏။

လယ်လုပ်စရာနွားတို့သည် မရှိကုန်၊ မိုးကြီးရွာလျှင် အဆွေခင်ပွန်းတစ်ယောက်၏ နွားနှစ်ခုကို ငှား၍ တစ်နေ့ပတ်လုံး ထွန်,ကျောင်း, ကျွေးမွေး၍ နွားရှင်ကို အိမ်သို့လာ၏။ နွားရှင်လည်း မယားနှင့်တကွ ထမင်းစားခိုက်ကြုံက်၍ နွားတို့လည်းအလေ့အကျက်အားဖြင့် ခြံသို့ ဝင်ကုန်၏။ အမတ်ကြီးလည်း-'ထမင်းဖြင့် ငါ့ကို ဖိတ်ရာ၏'-ဟု ကြံလျက် နွားတို့ကို မအပ် မနှင်းဘဲလျှင် သွားလေ၏။

နွားရှင်လည်း မိုးသောက်လျှင် နွားကို မမြင်သောကြောင့် ခိုးသူ ယူချေပြီဟု သိလျှင် ဂါမဏိစန္ဒအား အစားတောင်းမည် ကြံ၍-"ဂါမဏိ ငါ့နွားကို အပ်ပါလော့-" ဟု ဆို၏။

"နွားကို သင့် အိမ်တွင်းသို့ ပို့သွင်းခဲ့ပါပြီ-" ဟု ဆို၏။

"စကား လက်ထပ် မအပ်ခဲ့ တကား-" ဟူလျှင်—

"မအပ်ခဲ့ပေ-" ဆို၏။

"ထိုသို့တပြီးကား (တစ်ခုသော ကျောက်စစ် အိုးခြမ်းကွဲကို ကောက်ချီ၍- " ဤသည်ကား သင့်အား မင်း၏ တမန်တည်း၊ လာလော့-" ဟု ခေါ်၏။

ထိုအခါ ဇနပုဒ်တို့၌ တစ်စုံတစ်ခုသော ကျောက်စစ် အိုးခြမ်းကွဲတို့ကို ကောက်ချီ၍- "ဤကျောက်စစ် အိုးခြမ်းသည် သင့်အား ခေါ်လာသော မင်း၏ တမန်တည်း၊ လာလှည့်လော့-" ဆိုသော် အကြင်သူသည် မလိုက် မလာနေအံ့။ ထိုသူအား မင်းဒဏ် ပြုရလေ၏။ ထို့ကြောင့် အမတ်ကြီးသည်တမန်ဟူ၍ ကြားတည့်လျှင်ပင် လိုက်ရချေ၏။

၂-သားသေမှု-တစ်ယောက်သော အဆွေ ခင်ပွန်း နေရာနိဂုံးရွာသို့ ရောက်လျှင် ထမင်း မှတ်စွာ, ရေတော်စွာ၍ စားရပါမည် စိတ်ထဲရည်လျက် အဆွေခင်ပွန်းအိမ်သို့ ဝင်လေသော် အဆွေခင်ပွန်းလည်း မရှိခိုက် မယားကမှာမူကား ထမင်းမရှိဟင်း မရှိခိုက်ဖြစ်၍ ချက်၍ ကျွေးမည် စိတ်ရည်ခြင်းနှင့် ဆန်, ဆား ထားရာကြိုအထက်သို့တက်တည့်ပါသော် ချော်ကာကျ၍ ခုနစ်လရှိပြီးသော ကိုယ်ဝန်လျှောကျလေ၏။

ထိုခဏ၌ပင် လင်ယောကျာ်း ရောက်လာတတ်၍ မြင်တည့်လေက- "အမတ်ကြီးသည် ငါ့မယားကို ပုတ်ခတ် ရိုက်နှက်၍ ကိုယ်ဝန်ကို ချ၏။ လာလော့-" ဟု နှစ်ယောက်သော သူတို့သည် အမတ်ကြီးကို အလယ်ထား၍ ခေါ်သွားကြလေကုန်၏။

၃-မြင်းခြေကျိုးမှု-ရွာတစ်ရွာသို့ရောက်ပြန်လေလျှင်တံခါးအဝင်၌ မြင်းထိန်းယောကျာ်းသည် မြင်းပြေးရာသို့ လိုက်လေ

သော် မမှီတည့်နိုင်၊ မြင်းကို ပြန်စိမ့်သောငှာ မတာ်နိုင်သည် ဖြစ်၍ အမတ်ကြီးကို- "ဦးရိး ဂါမဏိစန္ဒ မြင်းကို တစ်ခုံဘာ် ခုဖြင့် ပစ်ခတ်၍ပြန်နစ်ပါစေလော့-"ဟုဆိုသဖြင့် တစ်ခုသော ခဲကျောက်ကို ကောက်၍ပစ်လျှင် မြင်းခြေတွင် ကျဘိခကား ကြက်ဆူရိုးကဲ့သို့ တုတ်ကျိုးလေ၏။

မြင်းသိန်းက- "အမှတ်ကြီးသည် မြင်း၏ခြေကို ချိုးလေဘိသည်လာလှည့်-"ဟု ခေါ်ပြန်၏။

၄-ကျူထရံသည်သေမှု-အမတ်ကြီးလည်း-'ဤသုံးယောက်သော သူတို့သည် ငါ့ကို မင်းအား ပြကုန်လတ္တံ့၊ နွားဖိုးကိုမျှ ပေးခြင်းငှာ မတတ်နိုင်ရာ၊ ကိုယ်ဝန်ချသော ဒဏ်ကို ခံအံ့သောငှာ ဘယ်မှာတတ်နိုင်အံ့နည်း၊ မြင်းဖိုးမှာသာ၍ဝေးစွတကား၊ သေခြင်းသာလျှင်မြတ်၏-'ဟုဆုံးဖြတ်၍ခရီးအကြားတောအုပ်နားတွင် ကမ်းပါးပြတ်ကြီးတောင် တစ်ခုတောင်ကိုမြင်လျှင်-'ဤတောင်မှ ခုန်ဆင်းအံ့'-ဟုကြံ၏။

တောင်အရိပ်၌ကား ကျူထရံသည် သားအဖတို့သည် ရိုင်ဖျာယက်၍ နေကြကုန်၏။ အမတ်ကြီးလည်း-"ကိုယ်လက်သုတ်သင်ရန်တောသို့ ဝင်ပါဦးမည်"-ဆိုခဲ့၍တောင်သို့တက်၍ ခုန်ချသည်ရှိသော် အဘ ကျူထရံသည်၏ ကျောသက်၌ ကျ၍ တစ်ခဏတာချင်းဖြင့် အသက်ကုန်ခြင်းသို့ရောက်လေ၏။

ထိုသူ့သားက-"သင် အမတ်ကြီးသည် လူသတ်ခိုးသူပါတကား၊ ငါ့အဘကို သတ်ရလေသည်၊ သတ်ရမည်လော-" ဟု ထိုသူနှင့်တကွ လေးယောက်သော သူတို့သည် ဝန်းယူခေါ်သွားကြကုန်၏။

၅–ရှာစား၏အမှာ–သည့်မှ တစ်ခါ ရွာတစ်ခုတွင် ရှာစား လုလင်တွေ့မြင်ဖလေ၍ မင်းထံသို့ ခေါ်သွားသည်ကို သိသဖြင့်-“အရှင်အမတ်ကြီး ဦးရီးတော် အကျွန်ုပ်သည် ရှေးက အဆင်း အင်္ဂါလှပပါ၏။ စည်းစိမ်ဥစ္စာ ပြည့်စုံပါ၏။ အနာရောဂါ ကင်းစင်ပါ၏။ ယခုကား ဥစ္စာပစ္စည်း နည်းပါးချေသည်။ ပဏ္ဍုရောဂါစွဲကပ်လာချေသည်။ ဤအရာကို လျှောက်ခဲ့ပါ-” ဟု မှာလိုက်၏။

၆–ပြည့်တန်ဆာမအမှာ–ထို့နောက် ရွာတစ်ခုသို့ ရောက် ပြန်၍ ပြည့်တန်ဆာမက မှာလိုက်သည်ကား- “အကျွန်ုပ်မှာ ရှေးအခါကဲ့သို့ လာဘ်လာဘကို မရပါ။ ဤအရာကို လျှောက် ခဲ့စေချင်သည်” ဟု မှာလိုက်၍ သွားကြလေ၏။

၇-မိန်းမငယ်၏ အမှာ-ရွာကြီးတစ်ရွာ တွေ့ပြန်လတ်၍ ထိုရွာ နေ မိန်းမငယ်ကမှာ လိုက်ပြန်သည်ကား- “အကျွန်ုပ်သည် လင် ၏ အိမ်မှာ နေခြင်းငှာလည်း မပျော်ပါ၊ မိဘအိမ်မှာ နေခြင်း ငှာလည်း မပျော်ပါ၊ ဤအရာကို လျှောက်ခဲ့ပါ” ဟု မှာ ပြန်၏။

၈-မြွေ၏ အမှာ- ရွှေ့သို့ မနားသွားကြပြန်လျှင် ခရီးမ၏ အနီး တောင်ပို့ကြီး၌နေသော မြွေတစ်ခုက အမေးပုစ္ဆာ မှာ လိုက်သည်ကား- “အကျွန်ုပ် ကျက်စားအံ့ငှာ ထွက်သော အခါ အစာမွတ်သိပ်စွာလျက် ညှိုးငယ်လှမွှာ ကိုယ်ကြုံပါ လျက် တွင်း၀ကို ပြည့်စေ၍ ကိုယ်ကို ထိခိုက်စေလျက် ဆင်းရဲ ငြိုငြင်စွာထွက်ရ၏၊ ပြန်၍အလာ ကြီးသောကိုယ်နှင့် ၀င်ရ

သည် ရှိသော်ကား အဆောတလျင် ဝင်နိုင်ဘိ၏။ မင်းကြီး အား ဤအကြောင်းများကို မေးခဲ့ပါ–” ဟု မှာပြန်၏။

၉-သမင်၏အမှာ–ရွှေ့သို့သွားလျှင် သမင်တစ်ခုသည် လူ့ ဘာသာနှင့်–“တစ်ပါးရပ်ခွင်၌ မြက်သစ်ပင်ကို စားခြင်းငှာ မတတ်နိုင်၊ သစ်ပင် တစ်ပင်ရင်း၌ မြက်ကိုသာ စားခြင်းငှာ စွမ်းနိုင်၏။ ဤအရာကို မေးခဲ့ပါ”ဟု မှာလိုက်၏။

၁၀-ခါ၏အမှာ–ရွှေ့သို့တစ်ဖန် သွင်းပြန်လျှင် ခါကမြင်၍ “အရှင်အမတ်ကြီး အကျွန်ုပ်ကား တစ်ခုသော တောင်ပို့ခြေ ရင်းက တွန်သည်ရှိသော် နှစ်သက်ဖွယ်ကိုပြု၍ တွန်ခြင်းငှာ စွမ်းနိုင်၏။ကြွင်းသောအရပ်တို့၌နေလျက် တွန်ခြင်းငှာ မစွမ်း နိုင်၊ ထိုသို့ဖြစ်ရခြင်း၌ အကြောင်းကို မင်းကြီးအားလျှောက် ပါလေ”ဟု မှာလိုက်၏။

၁၁-သစ်ပင်စောင့်နတ်၏အမှာ–ရွှေ့သို့ တစ်ဖန်သွားပြန်ကြ သော် သစ်ပင်စောင့်နတ်က စန္ဒအမတ်ကိုမြင်၍ အလုံးစုံကို မေးမြန်းပြီးလျှင် “မင်းထံမှောက်သို့ရောက်သောအခါ မေး ခဲ့ပါလော့၊ ရှေးအခါကသော် ပူဇော်သက္ကာရကို ပြုလာကြ သည်။ အတိုင်းမသိ ရှိပါကုန်၏။ ယခုအခါ ပန်းတစ်ဆုပ် ကိုမျှမရပါပြီ၊ ထိုသို့ ဖြစ်ခြင်း၌ အကြောင်းကား အဘယ်သို့ ဖြစ်သည်ကို နားလည်လိုပါသည်။ လျှောက်မေးခဲ့ပါလော့” ဟု မှာဆိုလိုက်၏။

၁၂-နဂါး၏အမှာ–ထိုမှတစ်ဖန် ရွှေ့ပြန်ကြသော် တစ်ဦး သောနဂါးမင်းသည် ထံရင်းသို့လာ၍သွားရာ ခရီးကိုမေး ပြီးသော် “မင်းကြီးထံမှာ လျှောက်ပန်ခဲ့ပါ၊ ရှေးသောအခါ

ဤရေအိုင်ကား အလွန်တရာ ကြည်လှစွာ၏။ မြအဆင်းနှင့် မယှဉ်းကြတည်း၊ ယခုမူကား ချောက်ချားနောက်ကျူ ညွန် ပေါင်းစုလျက်ဖြစ်ခဲ့သည်။ မှော်သေးရေညှိ မြေးလျက်ရှိသည်။ ဤအခြင်းအရာကို သိချင်ပါ၏”ဟု မှာလိုက်၏။

၁၃-ရသေ့တို့အမှာ-သည်ကတစ်ဖန် သွားပြန်လတ်သော် မြို့နှင့်အနီး ခရီးမကွာ တောသင့်ရာအရပ်၌ တစ်ခုသောအရံ ဥယျာဉ်အရပ်၌ နေကုန်သောရသေ့တို့သည် မြင်ကုန်ကြလျှင် သွားကြရမည့်ကိစ္စ အမှုမင်းထံမှောက်သို့ လျှောက်ထားကြရ မည့်အမှုတို့ကို မေးကြဖြေကြ ရှေးကနည်းဖြင့် ပြီးစီးကြသော် “ငါတို့အား ရှေးဖျားကာလ အရံဥယျာဉ်၌ သစ်သီးကြီးငယ် တို့သည် ချိုမြိန်ကုန်၏။ ယခုမူကား သြဇာမရှိကုန်ပြီ၊ ခါးသော အရသာရှိကုန်သည်။ ထိုသို့ဖြစ်ခြင်း၌ အကြောင်းအဘယ်သို့ ဖြစ်မည်ကိုမေးခဲ့ပါ”ဟု မှာလိုက်သောစကားကို ယူပြီးလျှင် သွားကြပြန်၏။

၁၄-ပုဏ္ဏားလုလင်တို့အမှာ-မြို့ဘံခါးအနီး တခုသောစရပ် တွင် ပုဏ္ဏား လုလင်တို့ အတတ်သင်ရာသို့ရောက်လျှင် မင်းထံ ဝင်ရမည်ကို သိကြကုန်၍ “အကျွန်ုပ်တို့အား ရှေးအခါ သင်သော အတတ်သည် ထင်ရှား၏၊ ယခုမူကား ကွဲသော အိုး၌ ရေ မတင်သကဲ့သို့ မတတ်နိုင်ပါ။ အမိုက်တိုက်ကဲ့သို့ ဖြစ်ခဲ့၏။ ဤအကြောင်းကို လျှောက်ခဲ့ပါ” မှာလိုက်၏။

* * *

၁–နွားပျောက်မှုဖြတ်ဆုံး– မင်းထံသို့ရောက်လျှင် မင်းကြီး တရားဆုံးဖြတ်ရာ၌နေစဉ် နွားရှင်သည် ဂါမဏိ စန္ဒကို ယူ၍ ကပ်လေ၏။

မင်းသည် အမတ်ကြီးကို မြင်လျှင် သိ၍ 'ဤအမတ်သည် ငါတို့၏ အဘကို လုပ်ကျွေးသော အမတ်တည်း၊ ငါတို့ကို ချီ၍ ဆောင်ပေ၏။ အဘယ်အရပ်၌ ဤမျှလောက်သော ကာလပတ်လုံး နေလေသနည်း။ ခစားလာသည်ကို မမြင်'ဟု ကြံ၍ "အဘယ်အကြောင်းကြောင့် ရောက်လာသနည်း" ဟု မေး၏။

"အရှင် မင်းကြီး အကျွန်ုပ်တို့ သခင် မင်းကြီး နတ်ရွာ လားသောအခါမှစ၍ ဇနပုဒ်ကိုသွား၍ လယ်လုပ်သဖြင့် အသက်မွေး၏။ ထိုသို့ အသက်မွေး၍နေရာ ဤသူသည် အကျွန်ုပ်ကို နွားအရေးကြောင့် မင်း၏ တမန်ဆို၍ ကိုယ်တော့် ထံသို့ အကျွန်ုပ်ကို ငင်၏" ဟု လျှောက်၏။

"ထို့ကြောင့်သာလျှင် ရောက်၏။ မငင်သော်ကား မရောက်ပေရာ၊ သင်အမတ်ကြီးအား ငင်ခြင်းသည် ကောင်းလှ စွာ၏။ ယခုအခါ သင်အမတ်ကြီးကို ဖူးမြင်ခြင်းငှာ ရပေ သည်" ဟု ဆို၍–

"နွားရှင်ဆိုသူ အဘယ်သူနည်း"

"ဤ သူပင်တည်း"

"အကြောင်း အဘယ်သို့နည်း"

"ဤအမတ်သည် အကျွန်ုပ် နွားနှစ်ခုကို မပေးပါ" ဟု လျှောက်၏။ အမတ်ကို မှန်ပေသလောဟု မေး၏။ အမတ်ကလည်း အလုံးစုံကိုလျှောက်၏။ နွားရှင်ကို–

"သင့်အိမ်သို့ ဝင်လာကုန်သော နွားတို့ကို မြင်၏လော"

"မမြင်ပါ"

"အချင်း ငါ့ကို အာဒါသ မုခမင်းဟု သတင်းစကား မကြားဘူးသလော၊ မှန်သည်ကိုသာ ဆိုလော့"

"အရှင်မင်းကြီး မြင်ပေ၏"။

"အိုစန္ဒအမတ် နွားကို မအပ်မနှင်း နေချေသောကြောင့် နွားတို့သည် သင့်အား အဖိုးအစား လျော်ဒဏ် ထိုက်ချေ၏။ ဤသူကား မြင်လျက်ပင်မမြင်ဟု သိလျက် ချွတ်လွဲသောစကားကိုဆို၏။ ထို့ကြောင့် သင်ပင်လျှင် အမှုဆောင်ပြု၍ ဤယောကျ်ား၏ လည်းကောင်း,မယား၏ လည်းကောင်း– မျက်စိတို့ကို ထုတ်လေ၊နွားဖိုး နှစ်ဆယ့်လေးကျပ်ကိုပေးလျော်ပေ"ဟု ကောက်တော်မူသော် နွားရှင်ကို အပပြုကုန်၏။

နွားရှင်သည် 'မျက်စိတို့ကို ထုတ်ကုန်သည်ရှိသော် နှစ်ဆယ့်လေးကျပ်တို့ဖြင့် အဘယ်ပြုအံ့နည်း'ဟု အမတ်၏ ခြေရင်းတို့၌ ဝပ်၍ "သခင်စန္ဒ နွားဖိုး အသပြာတို့သည် သခင်အားသာလျှင် ဖြစ်ပါစေ၊ ဤအသပြာကိုလည်း ယူတော်မူပါဦး" ဟု တစ်ပါးသော အသပြာတို့ကို ပေးလေ၏။

၂–သားသေမှုဖြတ်ထုံး–ထိုနောက်၌ ဒုတိယ မြောက်သောသူသည် လျှောက်ပြန်လေသော် မင်းလည်း မေးတော် မူလေ

၏။ စန္ဒအမတ်လည်း အလုံးစုံကို အကျယ်ခဲ့၍ လျှောက်၏။ စန္ဒအမတ်ကို "သူဆိုတိုင်းပင် သင်တို့သည်ကား သူ့မယားကို ပုတ်ခတ်၍ ကိုယ်ဝန်ကို ချပေသလော"ဟု မေး၏။

"အကျွန်ုပ် မချရပါ"

"အချင်း လုလင် သင်တို့သည်ကား သင့်မယားကို စန္ဒအမတ် ရိုက်ပုတ်၍ ကိုယ်ဝန်ချသော အဖြစ်ကို ထင်ရှားစွာ ပြုခြင်းငှာ တတ်နိုင်ပါသလော၊ သက်သေ ပြနိုင်ပါမည်လော"။

"မပြနိုင်ပါ—"

"အဘယ်သို့ ယခု ပြုရ အံ့နည်း"

"သားကိုသာလျှင် လိုချင်ပါသည်"

"သားကို အလိုရှိသည် ဖြစ်ဘိမူကား စန္ဒအမတ် ထိုသူ့မယားကို သင့်အိမ်သို့ ယူကာထားလော့၊ အကြင်အခါ သားတစ်ယောက် ဖွားပေါက်လတ္တံ့၊ ထိုအခါ ထိုမယားကို သူ့အားပေးလော့–"ဟု စီရင်လေ၏။

တရားဘက်သည် စန္ဒခြေရင်း၌ ဝပ်ဆိုက်ပြီးလျှင်–"အမတ်သခင် ကျွန်ုပ် အိမ်ကို ငြိမ်ဆိမ်စေရာ မဖျက်ပါနှင့်–"ဟု ရှိခိုးပန်ထွာ တောင်းပန်ကာနှင့် အသပြာပေး၍ ထွက်ပြေးလေ၏။

၃-မြင်းခြေကျိုးမှုဖြတ်ထုံး:- ထို့နောက် မြင်းတရားမှုပြုသောသူက "အရှင်မင်းကြီး စန္ဒအမတ်သည် အကျွန်ုပ်မြင်း၏ ခြေ၌ ပစ်ခတ်၍ မြင်း ခြေ ကျိုးပျက်ရပါသည်" ဟု လျှောက်၏။

"အမတ်ကြီး မှန်ပေသလော"

စန္ဒအမတ်ကလည်း အကြောင်းကုန်အောင်အကျယ်ဆောင်၍ လျှောက်၏။ မြင်းထိန်းကို "သင်သည် မြင်းကို ပစ်ခတ်လိုက်လေသလောဟုဆိုသော ဟူသည် မှန်ပေ၏လော" မေးလျှင် "အရှင်မင်းကြီး အကျွန်ုပ် မဆိုပါ"ဟု ကွယ်ဝှက် ပြောဆို၏။ တစ်ကြိမ် မေးပြန်သည်ရှိသော် "သြော် မှန်ပေ၏"ဟု ဖြောင့်ပြန်က–

"သင်သည် ဆိုလျက်ပင်ကို မဆိုရပါဟု မုသာဝါဒဖြင့် ပြောဆိုဘိ၏။ ထို့ကြောင့် အမတ်ကြီးက မြင်းထိန်းလျှာကို ဖြတ်လေ၊ မြင်းကိုမူကား ရွှေတိုက်တော်က ယူပြီးလျှင် အသပြာ တစ်ထောင်ပြည့်အောင် ပေးလျော်စေ"ဟုကောက်လျှင် မြင်းထိန်းလုလင်သည် ကြောက်ငြင်ခြင်းဖြင့် "မြင်းဖိုး အသပြာကို မယူပါပြီ၊ လျှာဖြတ်ခြင်းမှ ကင်းလွတ်ပါစေ"ဟု ရွှေငွေ အသပြာ များစွာပေး၍ ထွက်ပြေးလေ၏။

၄-ကျူထရံသည်သေမှုဖြတ်ထုံး– ကျူထရံသည် သားက– "အရှင်မင်းကြီး ဤအမတ် စန္ဒ အကျွန်ုပ်၏ အဘကို သတ်ပါသည်"ဟု လျှောက်၏။

"အမတ်ကြီး မှန်သလော"ဟု မေး၏။ အမတ်လည်း အကြောင်းမျိုးကို အကျယ်ချဲ့၍ လျှောက်၏။

"ယခု အသို့ ပြုစေလိုသနည်း"ဟု ဆိုလျှင်–

"အကျွန်ုပ် အဘကို ရချင်ပါ၏"ဟု လျှောက်လေသော်-

"အမတ် စန္ဒ ဤသူသည် အဘကို ရခြင်းငှာ အလိုရှိ၏။ သေလေပြီးသော သူကိုကား တစ်ဖန် ဆောင်ခြင်းငှာကား မတတ်လေကောင်း၊ ထို့ကြောင့် ဤသူ၏ အမိကို သင့်အိမ်၌ ထား၍ ထိုသူ၏ အဘ ဖြစ်ဘိလော"ဟု ကောက်လျှင်-

ကျူထရံသည်သားက "အမတ် သခင် အဘ သေလေသော် အကျွန်ုပ်၏အဘအိမ်ကို မဖျက်ပါလင့်"ဟု တောင်းပန်ပြီး၍ စန္ဒအမတ်အား ငွေအသပြာ များစွာပေး၍ ထွက်ပြေးလေ၏။

စန္ဒအမတ်လည်း တရား လေးခန်းပြီးလျှင် ဝမ်းမြောက် ဝမ်းသာသည်ဖြစ်၍ "အရှင်မင်းကြီးထံသို့ အကျွန်ုပ်လာသောအခါ ဤသူ- ဤသူတို့က ဤသို့လျှောက်လိုက်ပါသည်"ဟု ဆိုပြီးလျှင် ပုဏ္ဏားလုလင်စာပေးသင်၍ မမြင်နိုင်ကြသည်က စ၍ ဖြစ်သမျှကို ပဋိလောမ နောက်ကင်၍ လျှောက်တင်သော၏။

၁-ပုဏ္ဏားတို့ပုစ္ဆာအဖြေ- မင်းလည်း "ရှေးသောအခါ ပုဏ္ဏားတို့နေရာ၌ အခါစွဲမှတ် တန်မြဲတတ်သော ကြက်ကြောင့် သင်တိုင်း-သင်တိုင်း မမှိုင်းမဝေ မှတ်မိလေ၏။ ယခုမူကား အခါမှားသော ကြက်ကြောင့် စောသည် တစ်ခါ, လင်းသည် တစ်ခါ ဖြစ်၍ငိုက်မျဉ်းတွေဝေ သွေးလေ ဖောက်ပြန်သဖြင့် သင်သည့်အဘတ် အတွင်းပြုတ်၍ မမှတ်မိနိုင်ရှိသည်"ဟု မိန့်၏။

၂-ရသေ့တို့ပုစ္ဆာအဖြေ- "ရသေ့တို့မှာ ရှေးအခါက ရဟန်းတရား မမှားမယွင်း သိလရှင်း၏။ ယခုမူကား သစ်သီး ပေးခြင်း, ပန်းပေးခြင်း အစရှိသော ကုလဒူသက, အနေသန,

မိစ္ဆာဒိဋ္ဌိတို့ဖြင့် လုံးပန်းကြ၏။ ထို့ကြောင့်ရကား သစ်သီးများလည်း ခါး၍ ကုန်ချေသည်၊ ရှေးအခါကဲ့သို့ ကသိုဏ်းပရိကံကောင်းစိတ်ကြံလျှင် အလွန်တရာ ရှေးထက်သာအောင်ကောင်းစွာ ချိုမြိုက်လေဦးမည်'' ဟု မိန့်၏။

၃-နဂါးတို့ ပုစ္ဆာအဖြေ- ''နဂါးမင်းတို့ အချင်းချင်းဖြင့် ရန်တင်းမေးကြ စိတ်ကွဲကြ၏။ ရှေးက အသွင် မေတ္တာဝင်၍ ချစ်ခင်ကြမှု ဤရေကန်မှာ ရေကြည်ရာ၏'' ဟု မိန့်၏။

၄-သစ်ပင်စောင့်နတ် ပုစ္ဆာအဖြေ- ''သစ်ပင် စောင့်တတ်ရုက္ခနတ်ကား ရှေးသောအခါ လူတကာကို ကောင်းစွာစောင့်၏။ ထို့ကြောင့်ရကား ပူဇော်များ၏။ ယခုမူကား လူတို့အားကို သနားပင့်ထောက် စောင့်ရှောက်သမှုမပြုချေပြီ။ ထို့ကြောင့် ပူဇော်သက္ကာ နည်းပါးစွာ၏။ ရှေးခါကဲ့သို့ မေတ္တာပို့လျက် လူတို့အားကို စီးပွားဆောင်မှုပူဇော်သက္ကာရောက်ပြန်ရာသည် ဖြစ်လတ္တံ့'' ဟု မိန့်၏။

၅-ခါ၏ ပုစ္ဆာအဖြေ- ''တောင်ပို့ခြေ၌ နေသော ခါသည် နှစ်သက်လှစွာ တွန်နိုင်ပါ၏ ဟူသည်ကား တောင်ပို့အောက်မှာ ကြီးလှစွာသော ရွှေအိုး၌ရှိ၏။ ထိုရွှေအိုးကို တူးဆွဖော်ကာ သင်သာယူလေ'' ဟု မိန့်၏။

၆-သမင်၏ ပုစ္ဆာအဖြေ- ''သမင်စကား လျှောက်ထားရာ၌ သစ်ပင်ရင်းတွင်ရှိသော မြက်ကိုသာ စားနိုင်ပါသည်။ အခြားသောမြက်တို့ကို မစားနိုင်ပါ ဟူရာ၌ ဤသစ်ပင်အောက်တွင် ကြီးစွာသော ပျားအုံရှိရကား ပျားရည်လူးသော မြက်တို့၌

တပ်မက်မောသည်ဖြစ်၍ တစ်ပါးသော မြက်တို့ကို စားအံ့သောငှာ မစွမ်းနိုင်၊ အမတ်ကြီးသည် ပျားလဘို့ကိုဆောင်ယူ၍ ပျားဦးကို ငါတို့အား ပို့လာစေလော့၊ ကြွင်းသည့် ပျားကို သင်စားလေလော့”ဟု မိန့်၏။

၇-မြွေ၏ ပုစ္ဆာအဖြေ- “အကြင်တောင်ပို့၌ မြွေနေ၏။ ထိုတောင်ပို့ အောက်မှာ ကြီးစွာသော ရွှေအိုးရှိ၏။ မြွေသည် ထိုရွှေအိုးကို စောင့်လျက်နေရ၏။ ထွက်သောအခါ ဥစ္စာလောဘကြောင့် ကိုယ်အသားလျော့ပါးသော်လည်း ငြိလျက်သာ ထွက်ရ၏။ အစာကိုယူပြီးလျှင် ပြန်၍ ဝင်သောအခါ ဥစ္စာ၌ ချစ်သဖြင့် ဝဖြိုးသောကိုယ်ရှိလျက် မငြိမယှက်အဆောတလျင် ဝင်နိုင်၏။ ထိုရွှေအိုးတို့ကို ဖော်ထုတ်၍ သင်ယူလေ”ဟုမိန့်၏။

၈-မိန်းမငယ်၏ပုစ္ဆာအဖြေ- “ထိုမိန်းမငယ်အား လင်၏ လည်းကောင်း, မိဘတို့၏လည်းကောင်း၊ နေသောရွာနှစ်ခု၏ အကြား ရွာငယ်တစ်ရွာ၌သယောက်လင်ငယ်ရှိ၏။ မိန်းမငယ် သည်သယောက်လင်ငယ်ကို အောက်မေ့၍ သယောက်လင်ငယ် ကို ချစ်ခင်သဖြင့် လင့်အိမ်၌ နေခြင်းငှာမတတ်နိုင်သည်ဖြစ်၍ မိဘတို့ကို ဖူးမြင်အံ့ဆို၍ သွားသည်ရှိသော် သယောက်လင်၏ အိမ်၌ နှစ်ရက် သုံးရက်နေ၍ မိဘတို့၏အိမ်သို့သွား၏။ မိဘတို့ အိမ်၌ နှစ်ရက် သုံးရက်နေပြီး၍ တစ်ဖန် သယောက်လင်ကို အောက်မေ့ပြန်၍ လင်၏အိမ်သို့ သွားအံ့ဟု တစ်ဖန်သွားသော် သယောက်လင်၏အိမ်၌ နှစ်ရက် သုံးရက်နေပြီးမှ သွား၏။ ထိုမိန်းမအား ငါ၏ပညာရှိသောအဖြစ်ကိုကြား၍ လင့်အိမ်

၌သာလျှင် မြဲစွာနေလေ၊ အကယ်၍မနေလျှင် သင့်ကို မင်းကြီးသည် ဖမ်းစေလတ္တံ့၊ သင့်အသက်မရှိပြီ၊ ထို့ကြောင့် မမေ့မလျော့ခြင်းကို ပြုအံ့သောငှာအပ်၏ဟု မိန်းမငယ်ကို ဆိုလေ" ဟု မိန့်လိုက်၏။

၉-ပြည့်တန်ဆာမ ပုစ္ဆာအဖြေ–"ပြည့်တန်ဆာမသည် ရှေးအခါ တစ်ယောက်သောသူ၏လက်မှ အခဥစ္စာကိုယူလျှင် ထိုအခကို ကျေနပ်စေပြီးမှသာ တစ်ပါးသော သူ၏လက်မှအခကို ယူ၏။ ထို့ကြောင့် ပြည့်တန်ဆာမအား ရှေး၌များစွာသော ဥစ္စာဖြစ်၏။ ယခုမူကား မိမိသဘောတရားကို စွန့်၏။ တစ်ယောက်သော သူ၏လက်မှ ယူအပ်သော ဥစ္စာ အခမကြေခင်လျှင် သူတစ်ယောက်၏ လက်မှ အခဥစ္စာကို ယူ၍ ရှေးပေးသောသူအား အခွင့်ကိုမပြုဘဲ နောက်ပေးသောသူအား အခွင့်ပြု၏။ ထို့ကြောင့် ပြည့်တန်ဆာမအား အခဥစ္စာမဖြစ်။ တစ်စုံတစ်ယောက်သော သူသည်မျှလည်း ထိုပြည့်တန်ဆာမကို မကပ်လေကုန်၊ အကယ်၍ မိမိ၏ ကျင့်ဝတ်၌တည်မူ ရှေးနှင့်တူသည်လျှင်ဖြစ်လတ္တံ့၊ မိမိ၏မကျင့်အပ်သည်၌ကျင့်၏တကား၊ မိမိ၏ကျင့်အပ်သော တရား၌ မတည်သော ပြည့်တန်ဆာအား ဆိုလော့" ဟု မိန့်၏။

၁၀-ရှာစား၏ပုစ္ဆာအဖြေ–"ရှာစားသည် ရှေးအခါက ဓမ္မသတ်နှင့်အညီ တရားဆုံးဖြတ်၏။ ထို့ကြောင့် လူတို့သည် ချစ်နှစ်သို့အပ်သည်ဖြစ်၍ ထိုရှာစားအား လူတို့သည် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို ပို့လာကြကုန်၏။ ထို့ကြောင့်

ဘဆင်းလှ၏။ ဥစ္စာစည်းစိမ် အခြံအရံနှင့် ပြည့်စုံ၏။ ယခု မူကား တန်စိုးယူ၍ မဟုတ်မမှန်သဖြင့် တရား ဆုံးဖြတ်၏။ ထို့ကြောင့် ဆင်းရဲနွမ်းပါး၏။ အထီးကျန်သည်ဖြစ်၍ ဖျော့ နာဖြင့် နှိပ်စက်၏။ အကယ်၍ ဓမ္မသတ်နှင့်အညီ တရားကို ဆုံးဖြတ်သည် ဖြစ်အံ့၊ တစ်ဖန်လျှင် ရှေးနည်းတူ ဖြစ်လတ္တံ့၊ ဓမ္မသတ်နှင့်အညီ တရားဆုံးဖြတ်ခြင်းငှာ ထိုရွာစားအားပြော လေ-''ဟု မိန့်၏။

ဤသို့ ဂါမဏိစန္ဒ အမတ်သည် ဤမျှကုန်သော အမှာ အထားသတင်းစကားတို့ကို လျှောက်၏။ မင်းလည်း မိမိဉာဏ် ဖြင့် ထိုအလုံးစုံသော အကြောင်းတို့ကို သဗ္ဗညုတ ဘုရားကဲ့သို့ ဖြေကြား၍ အမတ်ကြီးအား များစွာသော ဥစ္စာကိုပေး၍ လွှတ်လိုက်၏။ အမတ်ကြီးသည် များစွာသော စည်းစိမ် အခြံ အရံနှင့် နေမြဲရွာသို့ ရောက်ပြီးလျှင် အသက်အတိုင်းတည်၍ ကံအားလျော်စွာ လားလေ၏။

* * *

## မင်းသားကကြိုးကြာသတ်မှု

### ၄

လွန်လေပြီးသောအခါ နရာယဉ် မည်သောပြည်ကြီးတွင် ဓမ္မရာယဉ် မည်သော မင်းသည် တရားသဖြင့် မင်းပြု လေသ တတ်။

ထိုမင်း၏ မိဖုရားကား သုနန္ဒာဒေဝီ အမည် ရှိသတတ်။

အခါတစ်ပါးသော် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံစွာသောသားယောကျ်ားဖွားရကား သူရိယ ကုမာရ ဟုမှည့်သတတ်။

ထိုမင်းသားခုနစ် နှစ် အရွယ်မြောက်လတ်သော် မင်းကြီးလည်း–'ငါ့သားကို ပြင်ဝယ်ထား၍ အတတ်ပညာသင်စေမူ သူငယ် နှလုံးဖြင့် ငါကား ပြည့်ရှင်မင်း၏သား ဟု သူခပ်သိမ်းတို့ဥစ္စာကို လည်းကောင်း, သူ့သား သူ့မြေးတို့ကို လည်းကောင်း အနိုင်အထက် နှိပ်စက်ညှဉ်းဆဲ ပြုလေဘိမူကား ပြည်သူ ရွာသူလူရဟန်းတို့ မနှစ်သက်ဘဲ ဖြစ်ခဲ့ရာ၏။ ထိုသို့ဖြစ်ခဲ့သော် သား၌ လည်းကောင်း, ငါ၌ လည်းကောင်းကြီးစွာသော မကောင်းမှု ပွားစီးရာ သတတ်။ ထို့ကြောင့်ဥမင်ထဲတွင်ထား၍ ၁၈-ပါးသောအတတ်တို့ကို သင်စိမ့်မည်။ အတတ်ပညာကို တတ်၍ ၁၆-နှစ် မြောက်လတ်သောအခါဥမင်ကထွက်လျှင် မြင်းမိုရ်ဖျားက သက်လတ်သော သိကြားနတ်မင်းကဲ့သို့ လူခပ်သိမ်းတို့၏ နှလုံးတွင် ထင်စိမ့်မည်'-ဟူ၍ကြံပြီးသော် ဥမင်ကို ပြုစေ၍မင်းသားကို အထိန်းအယတို့နှင့်တကွနေ့လကို မမြင်စေဘဲ ဥမင်ထဲ၌ ထား၍ ၁၈-ပါးသောအတတ်တို့ကို သင်စေ၏။

အခါတစ်ပါးသော် သားယောကျ်ားတစ်ယောက်ဖွားပြန်သည်ကိုလည်း စန္ဒကုမာရ ဟုမှည့်၍အစ်ကိုနှင့်အတူ အထိန်းအယနှင့်ဥမင်ထဲဝယ် ထားလေ၏။

ထိုမင်းသားတို့ အတတ်ပညာတတ်မြောက်ပြီးသော် ၁၆-နှစ်မြောက်၍ မင်းအဖြစ်ကို ပေးကောင်းပြီဟု မှူးမတ်တို့ တောင်းပန်လျှောက်ထားကြကုန်၏။

မင်းကြီးလည်း "သင်တို့စကားဟုတ်စွ၊ ငါ့သားတို့အတတ်ပညာတတ်၍ ၁၆-နှစ်မြောက်ပြီ။ဥမင်က၊ ထွက်အံ့သောသဘင်ကိုကြည့်ပါကုန်-"ဟူ၍ ပြည်အလုံးကို ခုနစ်ရက် ပတ်လုံးစည်လည်စေ၏။

မင်းကြီး မိဖုရားစသော မောင်းမမိဿံ မှူးမတ်ကလန်သံပျင်ကုန်အောင် တန်ဆာဆင်၍ စည့်,စောင်း,ငြင်းခရုသင်း,တံပိုး တီးမှုတ်ကုန်လျက် ထွက်ကြလေသော် နေမင်းကိုမြင်၍ "ဤညီးညီးသည် အဘယ်ဥစ္စာနည်း-"ဟုမင်းသားတို့မေး၏။

"အရှင့်သား နေမင်းတည်း-"ဟု အမတ်တို့ဆိုပေ၏။

"ငါ့ဘ မင်းကြီးထက် မြတ်သလော"

"အရှင့်သား မြတ်၏၊သောတာပန် ဖြစ်၏၊ရှိခိုးအပ်၏-" ဟုလျှောက်လျှင် လက်အုပ်ချီ၍ ရှိခိုး၏။

ထိုခဏဝယ် ကြိုးကြာမောင်နှံတို့သည်-"မင်းသားတို့ ဥမင်ကထွက်သော သဘင်ကို ကြည့်ပါကုန်အံ့"ဟု ကောင်းကင်ထက်ကဝဲပျံကြသည်ကို မြင်လျှင်-

"ငါတို့ခေါင်းထက်က အဘယ်နည်း"ဟုမေး၍-

"အရှင့်သား- ကြိုးကြာငှက်တို့တည်း"ဟု ဆိုပေ၏။

"ငါ့ဘ မင်းကြီးထက် မြတ်သလော"

"ချင်းတို့ကား တိရစ္ဆာန်တည်း မမြတ်–" ဟု ဆိုပေလျှင် လေးနှင့်ပစ်တိရကား ကြိုးကြာဖိုသည်လည်ပြတ်၍ မြေပေါ် ကျ၏။

မင်းသား နှစ်ယောက်တို့လည်း မိခင် ဖခင်တို့ကို ငါးပါး သောရှိခိုးခြင်းတို့ဖြင့် သုံးကြိမ်စေ အောင် ခြေဦးတိုက်ပြီး သော် ရှေ့တော်၌နေကုန်၏။

မင်းကြီး မိဖုရားတို့လည်း သားတော် နှစ်ယောက်တို့ကို ရထားထက်စီးစေ၍ ပြည်ကို လည်စေပြီးသော် ကိုယ်စားမင်း လျာတည်အံ့သောငှာ ထူးဆန်းစွာသောတန်ဆာတို့ကိုစီရင်၏။

ကြိုးကြာမသည် လင်သေခဲ့သည်ကို မသက်သာလျက် ချင်းတို့ဖွယ်ရာ ကြွေကဲ့ပြီးသော် မင်းကြီးထားသော တရား စည်ကြီးကို နှတ်သီးဖြင့် ခတ်လေ၏။

မင်းကြီးလည်း "ဤစည်သံကား အဘယ်ကြောင့်နည်း ကြဉ်းဆောင်ချေ–" ဟု စေ၏။

မင်းချင်းများလည်း ကြိုးကြာမကိုယူ၍ ရှေ့တော်ဝယ် ထား၏။ မင်းကြီးကကြိုးကြာမအား အကြောင်းကိုမေးသော် "ငါတို့ အရှင်ကရောဇ်မင်းကြီး သားတော်တို့ ဥမင်ကထွက် သော သတင်းကိုကြည့်ပါအံ့ဟု အကျွန်ုပ်တို့မောင်နှံပျံလာလတ် သော် ပစ်မှားခြင်းမရှိပါဘဲကို အရှင့်သားတော်အငယ် လေး နှင့်ပစ်ဘိ၍အကျွန်ုပ်လင် လည်ပြတ်၍သေသင့်သလောဟု အ ကျွန်ုပ်တရားကို ယိုသည်ဟူပေ၏"

မင်းကြီးလည်း"သင်တို့ အဘယ်ကြောင့်ကြိုးကြာကို သေအောင်ပစ်ဘိသနည်း"ဟု သားတော်တို့ကို မေးသော် မင်းသားတို့လည်း မပျက်မကွယ်ဘဲလျှင် "ဖခင်မင်းကြီး တိရစ္ဆာန်ဖြစ်လျက် ငါတို့ခေါင်းထက်သို့ ပျံဘိသောကြောင့် ပစ်ပေသည် ဟုတ်၏တည်း"ဟုတင်၏။

မင်းကြီးလည်း "သားတို့ အပြစ်မဲ့သသူကို ဘေးပြုပချေသော် ထိုအပြစ် အတိုင်းခံရသော ဟူပေ၏။ ကြိုးကြာငှက်မငါ့သားတို့မပျက်မကွယ် ဆိုပြီဖြစ်သောကြောင့် အသို့နည်း" ဟု မေးတော်မူလတ်သော်-

"အရှင် ကေရာဇ် တရားမင်းကြီး အကျွန်ုပ်လင် လည်ပြတ်သည့်နှယ် ပြတ်သည်ကိုမူကား ရှောင့်ရဲ၏" ဟုဆိုပေ၏။

ထိုသို့ ဆိုလတ်သော် မင်းကြီးလည်းတရားဆယ်ပါးစောင့်သည်ဖြစ်သောကြောင့် သားအငယ်ကို လည်ဖြတ်လေဟု ပစ္စရက္ခတ်တို့ကိုနှင်း၏။

မင်းသားအကြီးဆို၏- ဖခင်မင်းကြီး ညီနှင့်အစ်ကို အတူလာသည်ဖြစ်သောကြောင့် ငါ့ညီသေရာ သေပါအံ့သော ဟူပေ၏။

မင်းကြီးလည်း "ငါ့သားအလိုရှိလျှင် လိုက်လေ"ဟု ဘုန်းပညာနှင့် ပြည့်စုံသော ရင်သွေးစစ်မင်းသားနှစ်ယောက်ကို သူသတ်တို့အား အပ်ပေ၏။

* * *

## သားက နွားကို သေစေမှု

၅

သီဟိုဠ်ဒွီပ ရေကျည်းမင်း မင်းပြုသောအခါ ချစ်လှစွာသော သား ယောကျ်ားတစ်ယောက်, သားမိန်းမ တစ်ယောက်သာ ရှိသတည်း။

ထိုမင်းသည် တိုင်းနိုင်ငံသူကိုဆန္ဒာဂတိ မငြိမ်စေရ ငါကျင့်မည်ဟူ၍ မင်းနားဆုတ်ချောက် မလျှောက်မကြားနိုင်ပါသော ဆင်းရဲသားတို့ အချင်းချင်း နှိပ်စက်ကလူ မပြုစိမ့်သောငှာ တရား မပြုနိုင်သောသူ, ဆင်းရဲလှသောသူ, ခေါင်းလောင်း တီး၍လျှောက်စေဟု တရား ခေါင်းလောင်းထားသတတ်။

တရံရောအခါ သားတော်အိမ်ရှေ့မင်းသည် ရထားစီး၍ တိဿဝါပီသို့သွားသော် ရထားကြောင်း၌ နွားသားအမိ အိပ်ရာတွင် နွားငယ်ကို ရထားဝါးမိသဖြင့် လည်ပြတ်၍ သေလေသည်ကို သေရမည်လောဟု နွားမသည် တရား ခေါင်းလောင်းကိုတီး၍ အဆုံးအဖြတ်ကိုခံရာတွင် ခေါင်းလောင်း သံကို မင်းကြီးကြားသဖြင့် နွားမ၌ ဖြစ်သမျှကို လျှောက်ကြား၍ သိလျှင်-

မင်းကို ကြားသိစေတတ်သော မင်းကြားခေါင်းလောင်း ကို ငါထားသည်။ ခေါင်းလောင်းကို ငါပင် မဖျက်လေ ကောင်းဟု နှလုံးသွင်း၍-

ယူဇနာ ရှစ်သောင်းလေးထောင်အထဲနက်သော မဟာသမုဒ္ဒရာမှ မရဖူးမြဲ ရချေသော အာနီမည်သော မူးပြည့် ပုလဲကဲ့သို့လည်းကောင်း, ဝေပုလ္လတောင်ထိပ်မှ မရဖူးမြဲ ရပေသော မနောမယ ပတ္တမြားရတနာကဲ့သို့လည်းကောင်း၊ ချစ်လှစွာသောသားကြီးရတနာကိုနွားငယ်အိပ်သကဲ့သို့အိပ်စေ၍ ရထားလှည်းဘီးဖြင့် သားတော်လည်ကိုနင်း၍ဖြတ်စေ၏။

ရေးကာလတ္တိ၊ ထုံးနှင့်ညီသား
ပဒေဝကီစစ်၊ ဖြစ်လင့်ကစား
ငှက်နှင့်သားကို၊ သေစေးသေစေ
စီရင်ထွေလား၊ ကင်းပေကရုဏာ
ကင်းလွန်းစွာခဲ့၊ မရေရာလွန်း
ပြစ်စွန်းမလွှတ်၊ ဖြစ်သဘာတ်ကြောင့်
သူမြတ်သူမွန်၊ ဉာဏဝန်တို့
အလွန်စိတ်နှိုက်၊ မခြိုးထိုက်ဘူး။

မဃဒေဝ

* *

## နွားခိုးမှုတရား

### ၆

ပါစိနယဝ မဏ္ဍပုံး ရွာသားတစ်ယောက်သည် မိုးကျလျှင် လယ်လုပ်အံ့ဟု ရွာတစ်ပါးမှ နွားတစ်ရှဉ်းဝယ်၍ မိမိ

အိမ်သို့ဆောင်ယူခဲ့၏။ မိုးသောက်သောနေ့၌ ထိုနွားတစ်ရှဉ်းကို မြက်ကောင်းရာအရပ်သို့သွား၍ နွားကျောက်ကုန်းပေါ်၌ စီးလျက် ကျောင်းပြီးလျှင် ညောင်းညာ ငိုက်မျဉ်းသည်ဖြစ်၍ နွားပေါ်မှ ဆင်းပြီးသော် အရိပ်ကောင်းသောသစ်ပင်အောက်၌ အိပ်၏။

ထိုနွားရှင် အိပ်ပျော်စဉ် သူခိုးတစ်ယောက်သည် လာလတ်၍ ထိုနွားတစ်ရှဉ်းကို ခိုးဆောင်ပြေးလေ၏။ နွားရှင်နိုး၍ နွားကိုကြည့်လျှင်မမြင်သဖြင့် ထိုမှဤမှ မျှော်ကြည့်လတ်သော် သူခိုးဆောင်ယူ ပြေးသွားသည်ကိုမြင်၍ လျှင်စွာလိုက်လျက် မီလတ်သော်–"သင် အဘယ်ကြောင့် ငါ့နွားတစ်ရှဉ်းကို ခိုးယူသနည်း"ဟု မေး၏။

ထိုစကားကိုကြားလျှင် နွားခိုးသည် "ဟယ်-ယောကျ်ားနင် ဘယ်ကလူနည်း၊ နှုတ်ရိုင်းစော်ကား မပြောငြားနှင့်၊ ငါ့နွားကို ငါလိုရာဆောင်သွားမည်၊ ငါ့အား အဘယ့်ကြောင့်သူခိုးဟု ယိုးစွပ်ဘိသနည်း"ဟု ဆို၏။

ဤသို့ နွားရှင် နွားခိုးတို့သည် ငြင်းခုံကြလျက် ပါစိနယဝ မဇ္ဈိဂုံးရွာသို့ရောက်လာကုန်သဖြင့် လူအပေါင်းတို့သည် ထိုသူနှစ်ယောက်တို့ ခိုက်ရန် စကားကို နားထောင် ကြည့်ရှုအံ့သောငှာ လာကြကုန်၍ အုတ်အုတ်ကျက်ကျက် ဖြစ်၏။

ထိုအသံကို မဟောသဓာသုခမိန် ကြားလေသော် ငါ၏ဇရပ် တံခါး၀ လမ်းခရီး၌ အဘယ့်ကြောင့် ဤသူနှစ်ယောက်တို့ အငြင်းအခုံ ဖြစ်ကြသနည်း။ ထိုသူနှစ်ယောက်တို့ကိုခေါ်

စေ၍ နွားရှင်နှင့်နွားခိုးတို့ရောက်လျှင် ထိုသူနှစ်ယောက်တို့၏ အမူအရာလက္ခဏာကို ဆင်ခြင်ထောက်ရှု၍ "ဤသူကား နွားရှင်, ဤသူကား နွားခိုးတည်း"ဟု အတပ်အမှန် သိပြားသော်လည်း သူတစ်ပါးလည်း ထင်ရှားစွာသိမှ အကတိသို့ မငြိမစောင်း ကောင်းစွာ အစီအရင် ထင်ရှားသည်ဖြစ်၍ အပြစ်တင် လွှတ်ရာချေသည်ဟု ကြံလျက်–" သင်တို့ နှစ်ယောက်အဘယ့်ကြောင့် အငြင်းအခုံ ဖြစ်ကြသနည်း"ဟု မေး၏။

နွားရှင်က ရှေးဦးစွာ "အရှင့်သား ဤမည်သောရွာနေ ဤမည်သောသူ၏ လက်မှ ဤနွားတစ်ရှဉ်းကို ဤမျှအဖိုးဖြင့် ဝယ်ခဲ့၍ အိမ်၌ တစ်ညဥ့်မျှသာ ရှိပါသေးသည်။ ထိုဝယ်သည့်နောက် ယခုနေ့ မိုးသောက်ဆ နံနက်ကပင် မည်သည့် အရပ်မြက်ကောင်းရာ၌ နွားတစ်ရှဉ်းကို လွှတ်ကျောင်း၍ အရိပ်ကောင်းရာ ကျွန်ုပ်အိပ်ပျော်ငိုက်မျဉ်းစဉ် ဤသူသည် ကျွန်ုပ်နွားတစ်ရှဉ်းကို ခိုးယူဆောင်သွားသည့်နောက် အိပ်ရာမှနိုး၍ ကျွန်ုပ် ကြည့်မျှော်လျှင် ဤခိုးသူတော် ခိုးယူသွားသည်ကိုမြင်သဖြင့် လျင်စွာ ကျွန်ုပ်လိုက်နိုင်သောကြောင့်သာ ဤနွားခိုးသူကို ဘဏ္ဍာ နွားတစ်ရှဉ်းနှင့် လက်ပူးလက်ကြပ် မိပါသည်။ အကျွန်ုပ်စကားကိုအရှင့်သား ယုံတော်မမူလျှင် ဤနွားတစ်ရှဉ်းကိုဝယ်ရာ ရွာသားမည်သူ မည်သူတို့ အသိ အရှိ အမြင် အကြား ဖြစ်ပါသည်။ ထိုသိကြားသူတို့ကိုခေါ်၍ စစ်မေးတော်မူလျှင် စီရင်သာအောင် သိရပါလိမ့်မည်"ဟု ဆို၏။

မဟောသဓာ သူခမိန်သည် ထိုစကားကိုကြားလျှင် နွားခိုးကို "အချင်းယောကျ်ား တစ်ဦးကစကားကုန်ခန်းအောင်

သက်သေနှင့်တကွဆိုပြီ၊ သင်က ဟုတ်မှန်တိုင်းကိုဆိုလော့''ဟု ဆို၏။

နွားခိုးသည် ''အရှင့်သား အကျွန်ုပ် ခြံပေါက် ဤနွားတစ်ရှဉ်းကို ကျွန်ုပ်လိုရာအရပ်သို့ ဆောင်သွားပါစဉ် ဤသူသည် အနိုင်အထက်မင်းမျက်မင်းဇာတ်သင့်အောင်ခေါ်၍မဟုတ်တဲ့ အကျွန်ုပ်ကို နွားခိုးဟု ယိုးစွပ်၍ မအပ်ရော ပြုကျင့်သည့်အမှုသာ ဖြစ်ပါသည်။ ထိုသူ့နွား မဟုတ်ပါ''ဟု ဆို၏။

ဤသို့အမှုသည်နှစ်ဦးတို့စကားကိုကြားလျှင်ဘုရားလောင်းသည် ထိုသူတို့အမှု တရားမဖွားမျှားရအောင် ဟုတ်မှန်တိုင်းစိရင်လို၍ ''သင်တို့နှစ်ယောက် ငါ့ကောက်ယူဆုံးဖြတ်ချက်ကို နှစ်သက်စွာ ပြီးကြမည်လော''ဟု မေး၏။

''အရှင့်သား ပြီးပါမည်''ဟု အမှုသည်နှစ်ဦးဆိုလျှင် ရေပ်တွင် ရှိသမျှ ပရိသတ်တို့အား ထင်ရှားစွာ ဖြစ်စေခြင်းငှာ ဤသို့ဆို၏။

''သင်တို့ စကားနှစ်ရပ်ပေ လက်သပ် မကွာ မေးကျော်လားသော နွားဖြစ်ဟန် အမှန် အတပ် ဆိုကြပေသည်တွင် တရားသူကြီးတို့ ဆင်ခြင်ရှာဖွေအား မကုန်သေးသည် ဖြစ်၍ မဆုံးမဖြတ်သာသေး၊ စစ်ဆေးရဦးမည်၊ သင်တို့ဟုတ်မှန်တိုင်း ပြောလော့''ဟု ဆိုပြီးလျှင် ခိုးသူကို ရှေးဦးစွာ ''အချင်းယောကျ်ား ဤနွားတစ်ရှဉ်းကို သင့်ခြံပေါက်ဖြစ်သည်ဟုဆိုပြီ၊ အသယ်အစာကို အဘယ် ကျွေးမွေးသနည်း''ဟု မေး၏။

နွားခိုးသည် ''အရှင့်သား နှမ်းဖတ်နှင့်ပဲခွံကိုသာ စားစေလျက် ရက်မန်းရည် ယာဂုကိုသာ သောက်စေ၏''ဟုဆို၏။

ထို့နောက် နွားရှင်ကို မေးပြန်လျှင် "အရှင့်သားအကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ အလှန် ဆင်းရဲ၏။ အဘယ်မှာ ယာဂု ရနိုင်ပါမည်နည်း။ မြက်ကိုသာ ကျွေးရ၏" ဟု ဆို၏။

ထိုသူ နှစ်ယောက်တို့ စကားကို အလုံးစုံသော ပရိသတ် အပေါင်းတို့အား မှတ်သားစေပြီးသော် ဘုရားလောင်းသည် ချစ်ကျွဲရွက်ကို ဆောင်ယူစေပြီးလျှင် ညက်စွာ ထောင်းပြီးမှ ရေနှင့်ဖျော်၍ နွား တစ်ရှဉ်းကို တိုက်စေ၏။ ထိုအခါ နွားတို့သည် ဝမ်းသက်ကုန်လတ်သော် မြက်ဖတ်သာလျှင် ပါကုန်၏။ ဘုရားလောင်းသည် လူအပေါင်းတို့အား "သင်တို့ နွားချေးကို ရှုကြကုန်လော့" ဟုပြပြီးလျှင်သူခိုးကို "အချင်းယောကျ်ား သင့်နှုတ်ကကား နွားခိုးမဟုတ်-သင့် နွားကကား နွားခိုး ဖြစ်သည်ဟု ယခုပရိသတ် အလယ်၌ အထင်အရှားပြ၍ ရှိချေပြီ၊ သင် နွားခိုး ဟုတ်၏လော၊ မဟုတ်လော" ဟု မေး၏။

ခိုးသူလည်း လှဲ့ဖယ်၍ မပြောသာရကား "အရှင့်သား ခိုးမိချေ၏" ဟု ဝန်ခံ၏။

* * *

## လည်ရွဲ ခိုးမှုတရား

၄

သူဆင်းရဲမ တစ်ယောက်သည် ကြွယ်ဝသော မိန်းမများ ကဲ့သို့ ရွှေငွေ ကျောက်မျက် ခြယ်လှယ်အပ်သော လည်ရွဲ

ဘယက်တို့ကို မဆင်ရသဖြင့် အနီ အဝါ အပြာ အစိမ်းစသော ချည်မျိုးတို့ဖြင့် ထိုးချုပ်စီရင်အပ်သော ချည်လည်ရွှဲကိုသာ ဆင်ရ၏။ ထိုမိန်းမသည် ထိုချည်လည်ရွှဲကို လည်မှချွတ်၍ အပေါ်ရုံ အင်္ကျီတဘက်ပေါ်၌ထားပြီးလျှင် ဘုရားလောင်း စီရင်သော ရေကန်သို့ ရေချိုးအံ့သောငှာ ဆင်းသက် လတ်သော် မိန်းမငယ် တစ်ယောက်သည် ထိုလည်ရွှဲကိုမြင်၍ လိုချင်သောစိတ်ဖြင့် ထိုလည်ရွှဲကို အင်္ကျီ တဘက်ပေါ်မှ ကောက်ယူပြီးလျှင် "အမယ် ဤလည်ရွှဲသည် အလွန် တင့်တယ်လျောက်ပတ်၏။ အဘယ်မျှ ချည်ကုန်သနည်း။ ဤလည်ရွှဲကဲ့သို့ ကျွန်ုပ်လည်း ထိုးချုပ်ချင်ပါသည်" ဟု ဆိုလျက် လည်၌ စွပ်ပြီးသော် ခဏမျှ အတုယူပါရစေ" ဟု ဆို၏။

လည်ရွှဲရှင် မိန်းမလည်း သဘော ဖြောင့်ဖြောင့် ဆိုသည်ထင်၍ "ကောင်းပြီ ကြည့်ပါလော့" ဟု ဆိုလတ်လျှင် ထိုမိန်းမငယ်သည် လည်ရွှဲကိုဆင်၍ လျင်စွာ ပြေးလေ၏။

လည်ရွှဲရှင် မိန်းမသည် ထိုမိန်းမငယ် ခိုးသွားသည်ကို မြင်လျှင် လျင်စွာ ကန်မှတက်၍ အဝတ်အင်္ကျီတဘက် ဝတ်ပြီးသော် လျင်မြန်စွာလိုက်၍ "အဘယ်ကြောင့် ငါ့လည်ရွှဲကို ယူပြေးဘိသနည်း" ဟု မိန်းမငယ်၏ တဘက်ကို ဆွဲကိုင်၏။

မိန်းမငယ်လည်း "ငါ့လည်ရွှဲကို ငါဆင်၍ ခရီးသွားရာ အဘယ်ကြောင့် ရှင်မ လည်ရွှဲခိုးဟုယိုးစွပ်၍ဆွဲငင်အံ့သနည်း" ဟု ဆို၏။

ထိုသို့ အချင်းချင်း ငြင်းခုံကြ၍ ကြည့်ရှု နားထောင်အံ့ဟု လာကုန်သော ရွာသူရွာသား အပေါင်းတို့ ဝန်းရံလျက်

ဘုရားလောင်း ကစားရာ ဇရပ် တံခါးဝ လမ်းမ ခရီးအနီး သို့ လာလတ်ကုန်၏။

ဘုရားလောင်းသည် ထိုငြင်းခုံကြသော အသံကိုကြားလတ်သော် အဘယ်အသံနည်းဟု မေးပြီးလျှင် ထိုသူ နှစ်ယောက်တို့ကို ခေါ်စေ၍ ရောက်သောအခါ ထိုသူနှစ်ယောက်တို့၏ အမူအရာ လက္ခဏာကို မြင်လျှင်'ဤသူကား ခိုးသူမ, ဤသူကား ဥစ္စာရှင်' ဟု အတပ်သိပြီးလျှင် သူခပ်သိမ်းလည်း သိစေခြင်းငှာ "သင်တို့ အဘယ်ကြောင့် ငြင်းခုံကြသနည်း"ဟု မေးလျှင် နှစ်ဦးလုံးကပင် အသီးအသီး မိမိတို့ ဥစ္စာဖြစ်ကြောင်းကို ပြောဆိုကြလတ်သော် ဘုရားလောင်းသည် "သင်တို့စကားနှစ်ရပ်ကို ကြားသိရပြီ။ ငါဆုံးဖြတ်သည့်အတိုင်း သင်တို့ ပြီးကြမည်လော"ဟု မေး၏။

"အရှင့်သား ပြီးပါမည်"ဟုဝန်ခံကြလျှင် ဘုရားလောင်းသည် "သင်တို့ ဟုတ်မှန်တိုင်း ပြောလော့"ဟုဆို၍ ခိုးသူမကို ရှေးဦးစွာ "သင်၏ လည်ရွဲကို အဘယ် နံ့သာရည်ဖြင့် မပြတ်လိမ်းသုတ်သနည်း"ဟု မေး၏။

ခိုးသူမလည်း "အရှင့်သား အလုံးစုံသော အမွှေးတို့ဖြင့် ပေါင်းနှော၍ လုပ်အပ်သောကြောင့် သဗ္ဗသာဟာရကအမည်ရှိသော နံ့သာပေါင်းဖြင့် နေ့တိုင်း အမြဲလိမ်းသုတ်ပါသည်" ဟု ဆို၏။

ထို့နောက် လည်ရွဲရှင် မိန်းမကြီးကိုမေးပြန်သော် "အရှင့်သား ဆင်းရဲသား ကျွန်ုပ်အား သဗ္ဗသာဟာရက နံ့သာ

အဘယ်မှာ ရပါအံ့နည်း၊ အကျွန်ုပ်သည် ဤလည်ရွဲကို သျှစ်သျှားပွင့်ဖြင့် သဘလျှင် နေ့ကိုင်းမပြတ် လိမ်းသုတ်ရ၏” ဟု ဆို၏။

ဘုရားလောင်းသည် ထိုသူ နှစ်ယောက်တို့ စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင် တစ်ခုသော ရေခွက်ကို ဆောင်ယူစေ၍ ထိုရေခွက်၌ လည်ရွဲကို နှစ်ပြီးသော် ဂန္ဓာရုံ၌ ကျွမ်းကျင်သော လူတစ်ယောက်ကိုခေါ်၍ မည်သည့် အနံ့နံ့သည်ယု သိရအောင် နမ်းစေ၏။

“အရှင့်သား ဤလည်ရွဲ၌ သဗ္ဗသာဟာရက နံ့ သာနံ့ မရှိ၊ သျှစ်သျှားပွင့်နံ့ သက်သက် လှိုင်၏”ဟု လည်ရွဲကို နမ်းသောသူသည် ဘုရားလောင်းအား ပြန်ကြား၏။

ဘုရားလောင်းသည်“သင်တို့ ရှုကြည့်ကြကုန်လော့” ဟု ပရိသတ် အပေါင်းတို့အား သိစေပြီးလျှင် ခိုးသူ-ဟု “သင့်ဥစ္စာကို သင်ဆိုသည်။ လည်ရွဲက သင့်ကို ခိုးသူမဟု ပြလျက် ရှိချေပြီ။ သင်အဘယ့်နည်း၊ လည်ရွဲခိုး မဟုတ်လော”ဟု မေး၏။

ခိုးသူမလည်း လွဲ၍ ပြောခွင့် မရသောကြောင့် “အရှင့်သား အကျွန်ုပ် ခိုးယူမိသည် မှန်ပေ၏”ဟု ဝန်ခံ၏။

## ချည်ထွေးခိုးမှုတရား

ပါခင်းစောင့်သော မိန်းမ တစ်ယောက်သည် ထိုပါခင်း၌ စောင့်နေရင်း ဝါပေါက်စင်စင်ကို ချည်ချော ဝင့်ပြီးလျှင် အစာတင်ပြီးမှ ကောင်းစွာလုံး၍ ထား၏။ ထိုမိန်းမသည် တစ်နေ့သ၌ ချည်လုံးကို ရင်၌ပိုက်၍ မိမိအိမ်သို့ လာလတ်သော် ဘုရားလောင်း၏ ရေကန်၌ ရေချိုးအံ့ဟု ချည်လုံးကို မိမိ အင်္ကျီပေါ်၌ ထား၍ ရေကန်တွင်းသို့ ရေချိုး ဆင်းလေ၏။

ထိုအခါ မိန်းမတစ်ယောက်သည် ထိုချည်လုံးကို မြင်လေသော် လိုချင်သောစိတ် ဖြစ်လာလတ်၍ 'ချည်ချောပေစွ၊ ကောင်းပေစွ' ဟု ချီးမွမ်းလျက် ကိုင်ယူပြီးလျှင် "အမယ် ဤချည်ကို အမယ်ပင် ဝင့်ပေသလော၊ ဖြစ်ခဲပေစွ" ဟု လက်ခုပ်တီး၍ ကြည့်ဟန်ပြုလျက် ရင်ခွင်၌ ပိုက်၍ ပြေးလေ၏။

ချည်လုံးရှင် မိန်းမသည်လည်း ရှေးနည်းဖြင့် အလျင်တဆော ရေမှတက်၍ လိုက်လျက် "သင် အဘယ်ကြောင့် ချည်လုံးကို ခိုးယူ ပြေးသနည်း" ဟု အင်္ကျီစကို လက်ဖြင့် ကိုင်ဆွဲ၏။

ခိုးသူမသည်လည်း– "ငါ့ချည်လုံးကို ငါယူ၍ ငါ အလိုအလျောက် ခရီးသွားရာ သင်အဘယ်ကြောင့် ချည်လုံးကိုစွပ်စွဲ၍ ငါ့အင်္ကျီစကို ကိုင်ဘိသနည်း၊ ဆုတ်လော့၊ ကောင်းစွာ သွားပါရစေ" ဟု ဆို၏။

ဤသို့ အချင်းချင်း အငြင်းအခုံဖြစ်၍လူအပေါင်းဝန်းရံ ကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝခရီးမသို့ ရောက်လာကြကုန်၏။

ဘုရားလောင်းသည် ရှေးနည်းဖြင့် ထို မိန်းမနှစ်ယောက် ကို ခေါ်စေ၍ ရောက်လတ်သော် ထိုသူတို့၏ အမူအရာ လက္ခ ဏာကိုဆင်ခြင်သဖြင့်"ဤသူကား ခိုးသူမ, ဤသူကား ချည် လုံးရှင်"ဟု အမှန်အတပ် သိငြားသော်လည်း သူတစ်ပါးတို့ အား သိစေခြင်းငှာ အကြောင်းအရာကိုမေး၍ နှစ်ဦးလုံးက ပင် ဥစ္စာရှင်ချည်းဖြစ်ဟန်စကားနှင့် ပြောဆိုချေလဲပြီးသော် ဘုရားလောင်းသည် "သင်တို့ ငါဆုံးဖြတ်တိုင်း ပြီးကြမည် လော"ဟု မေး၏။

ထိုမိန်းမနှစ်ယောက်တို့လည်း "ပြီးပါမည်"ဟု ဝန်ခံကြ ကုန်၏။

ထိုအခါ ဘုရားလောင်းသည် ခိုးသူမကို "ချည်လုံး၏ အတွင်း၌ အဘယ်ကိုထည့်ခံ၍ လုံးသနည်း"ဟု မေး၏။

ခိုးသူမလည်း"အရှင့်သားဝါစေ့ကိုထည့်၍ သုံးပါသည်" ဟု ဆို၏။

ထို့နောက် ချည်လုံးရှင်ကို မေးပြန်တတ်လျှင် "အရှင့် သား တည်စေ့ကိုထည့်၍ လုံးပါသည်"ဆို၏။

ထိုမိန်းမနှစ်ယောက်တို့၏စကားကို ပရိသတ်တို့အား မှတ် သားစေပြီး၍ ချည်လုံးကို ဖြေဖွင့် ကြည့်ရှုစေလတ်သော်

တည်စေ့ကိုတွေ့လေ၏။ ထိုအခါ ဘုရားလောင်းသည် ဆိုအပ် ပြီးသောနည်းဖြင့် ခိုးသူအဖြစ်ကို ဝန်ခံစေပြီးလျှင် ထိုခိုးသူမ အား အဆုံးအမပေး၍ လွှတ်လိုက်လေ၏။

* * *

## သားခိုးမှုတရား

၆

တစ်နေ့သ၌ မိန်းမတစ်ယောက်သည် မိမိသားငယ်ကိုပိုက် ချီလျက် ရေချိုးအံ့သောငှာ မဟောသဓသုခမိန်စီရင်သော ရေကန်သို့လာလတ်၍ ထိုရေကန်၌ သားငယ်ကို ရေချိုးပြီး သော် မိမိ ရေချိုးအံ့သောငှာ သားငယ်ကို အဝတ်ပေါ်၌ သိပ်ထားပြီးလျှင် ရေကန်နားသို့ ဆင်းသက်လေ၏။

ထိုအခါ ဘီလူးမတစ်ယောက်သည် ထိုသူငယ်ကိုမြင်လျှင် စားချင်သောစိတ်ရှိသဖြင့် မိန်းမအသွင် ဖန်ဆင်းလျက် လာ လတ်၍ "အဆွေမ ဤသူငယ်သည် ချစ်ဖွယ်သနားဖွယ်ရှိ၏။ သင့်သားပေလော" ဟု မေး၏။

သူငယ်အမိလည်း "အဆွေမ ကျွန်ုပ်သားပင်တည်း" ဟု ဆိုလတ်သော် ဘီလူးမသည် "ထိုသူငယ်ကိုချီ၍ နို့တိုက်စမ်း ပါရစေ" ဟု ဆို၏။

သူငယ်အမိလည်း သဘောရိုးထင်၍ "တိုက်ပါတော့" ဟု ဆိုလျှင် ဘီလူးမသည် သူငယ်ကိုပိုက်၍ နို့တိုက်ဟန် အတန်ငယ်ရှင်စေ၍ ဆောင်ယူပြေးလေ၏။

သူငယ် အမိသည်း "ငါ့သားကိုယူ၍ အဘယ်သို့သွားမည်နည်း" ဟု လိုက်လျက် ဘီလူးမကို ကိုင်ဆွဲ၏။

ဘီလူးမသည်း "သင့်သား အဘယ်မှာ ရှိသနည်း။ ဤသူငယ်ကား ငါ့သားတည်း" ဟု ဆို၏။

ဤသို့ငြင်းခုံကြလျက်ဘုရားလောင်းကစားရာ ဇရပ်တံခါးဝသို့ရောက်ကြလေ၏။ ဘုရားလောင်းသူခမိန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် မေးမြန်းပြီးလျှင်ထိုမိန်းမနှစ်ယောက်ကိုခေါ်စေ၍ ရောက်သောအခါ "သင်တို့ အဘယ်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း" ဟု မေး၏။

ဘီလူးမသည် "အရှင့်သား ကျွန်ုပ်သားကို ကျွန်ုပ်ရင်၌ပိုက်ချီ၍ အလိုအလျောက် ခရီးသွားပါသည်။ ဤမိန်းမသည် ကျွန်ုပ်ကိုမျှ မသိမကျွမ်းဘဲလျက် သူ့သားကို ယူဘိသည်ဟု ယိုးစွပ်ခဲ့သည်" ဟု ဆို၏။

သူငယ်အမိကလည်း "အရှင့်သား ထိုသို့မဟုတ်ပါ" ဟု ဆို၍ အလုံးစုံ ဟုတ်တိုင်း ပြန်ကြားလေ၏။

ဘုရားလောင်းသည် စကားနှစ်ရပ်ကိုကြားပြီး၍ ထိုမိန်းမတို့ အမူအရာလက္ခဏာကို ဆင်ခြင်သတ်မှတ်သဖြင့် 'ဤမိန်းမကား ဘီလူးမတည်း, ဤမိန်းမက သူငယ်အမိတည်း" ဟု အဟုတ်အမှန်သိပြီး၍ "သင်တို့ ငါ့အဆုံးအဖြတ်၌ တည်ကြအံ့လော" ဟု မေး၏။

"-အရှင့်သား တည်ပါမည်" ဟု နှစ်ဦးစလုံး ဝန်ခံကြလျှင် မဟောသဓာသူခမိန်သည် မြေ၌ စည်းသားပြီးသော် စည်းပေါ်၌ ထိုသူငယ်ကိုသိပ်ထား၍ ဘီလူးမကို သူငယ်၏

လက်တို့၌ သူငယ်၏အမိကို ခြေတို့၌ကိုင်စေပြီးလျှင် "သင်တို့နှစ်ယောက် လုကြကုန်၊ လုနိုင်သသူ သားရှင်ဖြစ်စေ"ဟု ဆို၏။

ထိုမိန်းမ နှစ်ယောက်တို့သည်း ဘုရားလောင်း ဆိုတိုင်း လုကြလတ်သော် သူငယ်သည် အလွန် နာကျင်သည် ဖြစ်၍ သည်းစွာငိုလတ်လျှင် အမိသည် မိမိနှလုံး ကွဲအက်သကဲ့သို့ပြင်းစွာ ပင်ပန်းသည်ဖြစ်၍ သူငယ့်ခြေမှလက်ကို လွှတ်ပြီးလျှင် ရပ်လျက် ညှိုးငယ်စွာနေ၏။

ထိုအခါ မဟောသဓာလုလင်မိန်သည် ပရိသတ်အပေါင်းတို့အား "အချင်းတို့ သူငယ်တို့ကို မိခင်ဘသည်းသာ၍ချစ်သလော၊ အမိမဟုတ်သောသူကသည်း သာ၍ ချစ်သလော"ဟု မေး၏။

လူအပေါင်းတို့သည်း "အရှင့်သား အမိသည်သာလျှင် သားတို့၌ လွန်စွာချစ်၏"ဟု ဆိုကြသော် ဘုရားလောင်းသည် "အချင်းတို့ ယခု သူငယ်ကို လုယူနိုင်သော မိန်းမသည် ထိုသူငယ်၏မိခင်လော၊ မလုနိုင် မှိုင်၍နေသော မိန်းမသည် တို သူငယ်၏မိခင်လော၊ သင်တို့ အသို့ ထင်ကြသနည်း"ဟုမေး၏။

ပရိသတ်တို့သည် "အရှင့်သား သူငယ်၏ နာကျင်ခြင်းဖြင့် သည်းမခံနိုင်၍ လွှတ်လိုက်သော မိန်းမသည်သာ သူငယ်၏ မိခင်ဖြစ်မည်ဟု ကျွန်ုပ်တို့ ထင်သည်"ဟု ဆိုကြကုန်၏။

ဘုရားလောင်းသည် "အချင်းတို့ ထိုသူငယ်ကို ခိုးယူသောမိန်းမကို သင်တို့ သိကြကုန်သလော"ဟု မေး၏။

"အရှင့်သား ကျွန်ုပ်တို့ မသိကြကုန်" ဟု ဆိုလတ်သော် "အချင်းတို့ ဤမိန်းမကား လူမဟုတ်, ဘီလူးမတည်း၊ ဤသူငယ်ကို စားလို၍ ခိုးယူသည်"ဟု ဘုရားလောင်း ဆို၏။

ပရိသတ်တို့လည်း "အရှင့်သားအဘယ်ကြောင့် သိသနည်း" ဟု မေးလတ်ကြလျှင်—

"အချင်းတို့ ဤသားခိုးမကို သင်တို့ရှုလော့၊ မျက်တောင်လည်း မခတ်, မျက်ထောင့်လည်းနီ၏။ သူငယ်၌ သနားချစ်ခင်ခြင်းလည်း အလျဉ်းမရှိ။ ထိုသို့သော အကြောင်းတို့ကြောင့် ဘီလူးမဟု သိရသတည်း" ဟု ဆို၏။

❋ ❋ ❋

## မယားခိုးမှု တရား

### ၁၀

ဂေါတကာဠ(နက်ပု) အမည်ရှိသော ယောကျ်ား တစ်ယောက်သည် မိမိနေသောရွာ၏ မနီးမဝေးဖြစ်သော ရွာတစ်ခု၌ လယ်လုပ် သမီး ဒီဃတာလာ(ထန်းပင်) အမည်ရှိသော မိန်းမကို ရည်ငံစိတ် ရှိသည်ဖြစ်၍ ထိုဒီဃတာလာ သတို့သမီး၏ မိဘအိမ်၌ သမီးအလို့ငှာ အမှုလုပ်ကျွန် ခုနစ်နှစ် ပတ်လုံးခံပြီးမှ ဒီဃတာလာနှင့် မိဘတို့ပေး ထိမ်းမြား သတည်း။

ထိုဂေါတကာဥသည် မိမိယောကျ်ားမ အိမ်၌နေပြီး၍ တနေ့သ၌ ယောကျ်ားမအိမ်တွင် မနေချင်သော စိတ်ရှိသဖြင့် မိမိမယား ဒီဃတာလာကို "အဘယ် ငါသည် သင့်မိဘအိမ်၌ နေသဖြင့် ငါ့မိဘအိမ်သို့မရောက်သည် ကြာပြီ၊ငါ့မိဘ အိမ်၌ သွား၍နေကြကုန်အံ့၊ မိဘတို့အား ကန်တော့ရန်လက်ဆောင် ပဏ္ဏာခရီး ရိက္ခာစာ ခဲဘွယ် ဘောဇဉ်တို့ကို ပြင်ဆင်လော့၊ ယခု သွားကုန်အံ့"ဟု ဆို၏။

ဒီဃတာဥာသည်မသွား မပြောင်းရမည့် အကြောင်းကောင်းမွန်သာယာစွာသောစကားဖြင့် သုံးကြိမ်တိုင်အောင် မြစ်တားသော်လည်း "မနေလို-ယခုသွားမည်၊ပြင်သာပြင်"ဟု ဆို၍ လက်ဆောင်ပဏ္ဏာနှင့်တကွ ခရီးရိက္ခာ စားဘောဇဉ် ခဲဘွယ်ပြင်၍ ပြီးသော် ဂေါတကာဥသည် လက်ဆောင်ပဏ္ဏာ ခရီး ရိက္ခာစာနှင့်တကွ မိမိမယား ဒီဃတာလာကိုခေါ်၍ မိဘအိမ်သို့ သွားလေသောအခါ ခရီးအကြား၌ တိမ်သော ရေအလျဉ်ရှိသော တစ်ခုသောမြစ်ငယ်နားသို့ရောက်လေ၏။

ထိုသူ လင်မယားနှစ်ယောက်လုံးပင်လျှင် ကျေးတောရွာ လယ်လုပ်သား, လယ်လုပ်သမီးဖြစ်၍ ရေကို အလွန်ကြောက်တတ်ကြကုန်သဖြင့် မြစ်ကိုမကူးဝံ့ဘဲ ကမ်းနား၌သာ ထိုမှာဘက်ကို မျှော်လျက် နေလတ်ကုန်၏။

ထိုအခါ ဒီဃပိဋ္ဌ(ငကျောရှည်)မည်သော သူဆင်းရဲတစ်ယောက်သည် ခရီး လှည့်လည် သွားလာလေသော် ထိုသူ လင်မယားနှစ်ယောက်နှင့် အသင့် တွေ့ကြုံလေ၏။

ထိုအခါ ဂေါတကာဠသည် ဒီဃပိင်္ဂကို မြင်လေသော် "အဆွေ ဤမြစ်သည် ရေနက်သလော, တိမ်သလော"ဟု မေး၏။

ဒီဃပိင်္ဂသည် ရေကို ထိုလင်မယားနှစ်ယောက်တို့ကြောက်မှန်းသိလျှင် "အဆွေ ဤမြစ်ကား အလွန်ပင် ရေနက်၏။ ငါး,လိပ်,မကန်း, မိကျောင်း, လပိုင်တို့သည်လည်း များစွာ ရှိကုန်၏"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဂေါတကာဠသည် "အဆွေ ဤမြစ်သည် သင်ဆိုတိုင်း မိကျောင်း,လပိုင် ရှိသည်မှန်သော် သင်ကား အဘယ်သို့ ကူးလိမ့်မည်နည်း"ဟု မေး၏။

ဒီဃပိင်္ဂလည်း "အဆွေ ငါမူကား ဤမြစ်၌ကျင်လည်သည် ဖြစ်သောကြောင့် မိကျောင်း, လပိုင်တို့နှင့် အဆွေခင်ပွန်း အကျွမ်းဝင်သည်ဖြစ်၏။ ထို့ကြောင့် ငါ့ကို မိကျောင်း လပိုင်တို့ မညှဉ်းဆဲကုန်"ဟု ဆို၏။

"အဆွေ ထိုသို့ တပြီးကား ငါတို့ လင်မယားကိုလည်း တိုမှာဘက်သို့ပို့စေချင်ပါသည်"ဟု ဆို၏။

ဒီဃပိင်္ဂ "ကောင်းပြီ ပို့အံ့"ဟု ဆိုလတ်သော် ဂေါတကာဠသည် ဒီဃပိင်္ဂကို "အဆွေ ထမင်း ဟင်းလျာ အချိုအချဉ် ငါတို့မှာပါ၏။ စားသုံးဦး"ဟု ခေါ်၍ ဘောဇဉ်ခဲဘွယ်ကျွေးမွေး၏။

ဒီဃပိင်္ဂလည်း ထမင်းစားပြီးသော် "သင်တို့နှစ်ယောက်တွင် အဘယ်သူကို အလျှင် ပို့ရမည်နည်းဟု မေး၏။

''ဂေါတကာဥလည်း မိမိမယားကို အလျှင်ပို့စေလိုသော ကြောင့် ''အဆွေ သင့် အဆွေမကိုအလျှင်ပို့ပြီးလျှင် နောက်မှ ငါ့ကို ပို့ပါလော့''ဟု ဆို၏။

ဒီဃပိဋ္ဌိလည်း ''ကောင်းပြီ''ဟု ဝန်ခံပြီးသော် ဒီဃတာလာကို ပခုံးပေါ်၌ ထမ်းလျက် အိမ်ကပါလာသမျှသော အဝတ်တန်ဆာ မျိုးရိက္ခာ ပဏ္ဏာလက်ဆောင်တို့ကိုလည်း ယူ၍ မြစ်သို့ဆင်းသက်ပြီးလျှင် အတန်ငယ် ပြကတေ့အတိုင်း သွားပြီးမှ ဆောင့်ကြောင့်ထိုင်လျက် မြစ်တစ်ဖက်သို့ ကူးလေ၏။

ဂေါတကာဥလည်း ကမ်းနား၌ ရပ်နေ မျှော်ကြည့်လျက် ဤမြစ်သည် အလွန်နက်စွာ၏။ ဤသို့သော လူမြင့်မှ ဤမျှလောက်နစ်လျှင် ငါကဲ့သို့သော လူပုများမှာ သျှောင်ဖျားမှ ပေါ်ဖွယ်မရှိပြီ''ဟု ကြံ၏။

ဒီဃပိဋ္ဌိသည်ကူး၍ မြစ်လယ်လောက်ရောက်လျှင် ဒီဃတာလာကို ''အဘယ် သင်သည် အဘယ်ကြောင့် ဤလူကွနှင့်နေဘိသနည်း၊ ဤသင်၏လင် လူကွသည် အဆင်းသဏ္ဌာန်အားဖြင့်လည်း တစ်စုံတစ်ခုမျှ နှစ်သက်ဖွယ်မရှိ။ အမျိုးစည်းစိမ်လည်းရှိမည် မထင်။ သင်သည် ဤလင်နှင့်နေ၍ အဘယ်အကျိုး ရှိပါအံ့နည်း။ သင်ကား မြင့်မြင့်သွယ်သွယ် ရှုဖွယ်သော ကိုယ်ဟန်ရှိ၏။ သင့်လင်ကား မည်းမည်းကွကွ၊ သင်၏ရှေ့က သွားသည်ကို သူတစ်ပါးမြင်လျှင် ပြဇာတ်တင် ကျီစယ်ပြက်ရယ်ပြု၍ ရှက်မှုကြောက်ရန် အတန်တန် နှောင့်ရှက်လျက်

အသက်တွင် လင် မနေဘဲ အိုသေရသလောက်မျှ မကောင်းဟန်တကား၊ ရှေ့သွားနောက်လိုက် ထိုက်လျော်စွာ ငါတို့များနှယ်ကို ချစ်ကြင်နာပါတပြီး၊ စိတ်ရှိတိုင်းသောအဝတ်တန်ဆာကို အခါခါ အလဲလဲမမှုံမနွမ်းခင်ဖြစ်စေ၍ နှစ်သက်ဖွယ်စည်းစိမ်ဖြင့် အိမ်ရှင် နှင်းပြီးလျှင် ကျွန်မိန်းမ, ကျွန်ယောကျ်ား ခစားခြွေရံနှင့် စံမြဲ့ပျော်ရအံ့၊ သင် ငါ့စကားကို နားထောင်ပါလျှင် ယခုပင် ကြံဆောင်ပါမည်” ဟု ဆို၍ သူ့ထမင်းကိုစားလျက် သူ့မယားကို အားမျှမနာဖြားယောင်းဖျက်ဆီးဘိ၏။

ဒီဃပိဋ္ဌိစကားကိုကြားလျှင် ဒီဃတာလာသည် ခုနှစ်နှစ်ပတ်လုံး အိမ်၌ အစေအပါး ခံရရှာသော မိမိလင် ဂေါတကာဋ္ဌကို ခဏချင်းစည်းစိမ်သံနှင့် တရံတွေသူ ဖြားယောင်းသည့်စကားကို နားဝင်၍ လင်မျှမမှတ် ချစ်ခြင်း ပြတ်လျက် နေရုပ်ကိုမျှ မသိဘဲ ဒီဃပိဋ္ဌိကိုသာ ကြည်ညို ချစ်ခင် ကြင်နာသဖြင့် “အရှင့်သား အကျွန်ုပ်ကို မယားမှတ်မှတ် ချစ်ခင်ကြင်နာပါလျှင် အရှင့်စကားကိုလိုက်နာအံ့” ဟု လက်တလောသဘောတူမျှလေ၏။

ဒီဃပိဋ္ဌိသည် ဒီဃတာလာ စကားကိုကြားလျှင် “အဘယ်သင် အသို့ဆိုသနည်း၊ မစိုးရိမ်လင့်” ဟုဆိုလျက် မြစ်တစ်ဖက်သို့ ရောက်လေ၏။ ထိုဒီဃပိဋ္ဌိ ဒီဃတာလာတို့သည် ကမ်းတစ်ဖက်သို့ရောက်လေသော် ဂေါတကာဋ္ဌကို “သင်ခဏမျှနေလင့်ဦး” ဟု ဆိုလျက် ဝမ်းမြောက်ဝမ်းသာ အိမ်ပါဘောဇဉ် ခဲဘွယ်

များကို စားကြပြီးလျှင် ဂေါတကာဌ မြင်စဉ်ပင် လိုရာအရပ်သို့ သွားကြလေ၏။

ဂေါတကာဌသည် မြစ်တစ်ဖက်ကနေလျက် ဒီဃပိဋ္ဌိတို့ အတူတကွ သွားကြသည်ကိုမြင်လျှင် ဤသူသည် ငါ့မယားကို ခိုးယူ၍ သွားသည်တကားဟု မယားကြောင့် စိတ်နောက်၍ ပေါက်ဖြောင် ခုန်ယောင် တောင်ပြေးမြောက်ပြေး ပြုလျက် ယခု ငါသေအောင် ရေပင်နစ်သော်လည်း နစ်စေဟု မြစ်သို့ အတန်ငယ် ဆင်းမိလျှင် တင်းမာသောစိတ်ပျောက်၍ ကြောက်စိတ်နှင့်တစ်ဖန် တက်ပြန်ချည် ဆင်းပြန်ချည် မတည် မရပ်နိုင်ဖြစ်သဖြင့် အပြစ်အကျိုးကို မမြင်သော် ဒေါသစိတ်ဖုံးလွှမ်း၍ မြစ်ကမ်းထိပ်က စိတ် ဗျာပါဒိတက်ကြောင့် အသက်ရှင်လိုလည်း ရှင်စေ၊ သေလိုလည်း သေစေဟု ရေထဲသို့ ခုန်ဆင်းလေသော် ရေတိမ်မှန်းကိုသိ၍ အလျင်တဒေါကူးလျက် ကမ်းတစ်ဖက်သို့ တက်သွားသဖြင့် "မယားခိုး-မယားခိုး" ဟု ပြိုးစိတ်နှင့်ဆို၍ လိုက်လေသော် မသူတော် နှစ်ယောက်ကို မီလေလျှင် "ဟယ် သူယုတ်မာ ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း" ဟု ဆို၏။

ဒီဃပိဋ္ဌိသည်း ဂေါတကာဌကို "ဟယ် သူယုတ်သား ကေ့နှင့်မယား အဘယ်မှာရှိသနည်း၊ ငါ့မယားနှင့် ငါ ခရီးသွားရာ သူမြင်၍ မလျောက်ပတ်အောင် အဘယ်ကြောင့် မယားခိုးယိုးစွပ်ဘိသနည်း" ဟု ဆိုပြီးလျှင် လည်ကို ကိုင်ညှစ်၍ တွန်းပစ်လိုက်သဖြင့် မြေ၌ လဲလေ၏။

ဒီဃပိင္ဂိသည် ဒီဃတာလာလက်ကို ဆွဲ၍ သွားလေလျှင် ဂေါတကာဠလည်း လဲရာမှ ထပြီးလျှင် "ဟယ် သူယုတ်သား ငါသည် ဤမိန်းမကို မိဘထံ၌ ခုနစ်နှစ် အမှုလုပ် အစေအပါး ခံပြီးမှ မိဘနှစ်ပါးစုံ ပေးမြား၍ရ၏၊ ထိုသို့ ဆင်းရဲသဖြင့် ရသော ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း" ဟု မနီးမကမ်းက ဆိုမြည်လျက် လိုက်၏။

ဤသို့ ဒီဃပိင္ဂိ, ဂေါတကာဠတို့သည် ခိုက်ရန် အငြင်းအခုံနှင့် သွားကြလေသော် ဘုရားလောင်း ကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်ကြလေ၏၊ ရွာသူရွာသား အပေါင်းတို့သည်လည်း များစွာစုရုံး၍ ကြည့်ကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ထိုသူ သုံးယောက်တို့ကို ဆိုအပ်ပြီးသော နည်းနှင့် ခေါ်စေ၍ ရောက်လေလျှင် "အဘယ် ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း" ဟု မေး၏။

ဂေါတကာဠလည်း ခုနစ်နှစ်ပတ်လုံး ကျွန်ခံမှ ရကြောင်းနှင့် ဒီဃပိင္ဂိ ခိုးယူသည်တိုင်အောင် စကားအလုံးစုံကို ပြန်ကြား၏။

ဒီဃပိင္ဂိလည်း မဟုတ်မမှန်သော စကားဖြင့် မိမိမယား ဖြစ်ကြောင်းကို ဆို၏။

ဒီဃတာလာကလည်း "ဤလူကွကို ကျွန်မ မသိ၊ ဤသူ သည်သာလျှင် မိဘ ထိမ်းမြားသော လင်တည်း" ဟု ဒီဃ ပိင္ဂိကိုသာ လင်အမှတ်ဖြင့် မဟုတ်မမှန်သော စကားဆို၏။

မဟောသဓ သုခမိန်သည် သူတို့စကားကို ကြားပြီးသော် "သင်တို့ ငါ၏ အဆုံးအဖြတ်၌ တည်ကြမည်လော" ဟု မေး၏။

တိုသူ သုံးယောက်တို့လည်း တည်ပါမည်ဟု ဝန်ခံကြလတ်သော် ဤသူသုံးယောက်တို့ကို အသီးအသီး သင့်ရာနေစေဟု တခြားစီခွဲ၍ ထားပြီးလျှင် ရှေးဦးစွာ ဒီဃပိဋ္ဌိကို ခေါ်စေ၍ "သင်၏အမည်ကို အသူခေါ်သနည်း" ဟု မေး၏။

"အရှင့်သား အကျွန်ုပ်၏အမည်ကို ဒီဃပိဋ္ဌိဟု ခေါ်ကုန်၏" ဆိုသော် "သင့်မယား၏အမည်ကို အသူ ခေါ်သနည်း" ဟု မေး၏။

ဒီဃပိဋ္ဌိလည်း ဒီဃတာဠ၏ အမည်ကို မသိခြင်းကြောင့် တော်ဆ၍ တစ်ပါးသော အမည်ကို ပြော၏။

"သင်၏ မိဘ အဘယ် ရွာနေအဘယ် အမည်ရှိသနည်း" ဟု မေးပြန်သော် ဒီဃပိဋ္ဌိလည်း "အကျွန်ုပ် မိဘ ဤရွာနေ ဤအမည်ရှိ၏"ဟု ပြော၏။

"သင့် မယား၏ မိဘကား အဘယ် ရွာနေအဘယ်အမည်ရှိသနည်း"ဟု မေးပြန်၏။

ဒီဃပိဋ္ဌိလည်းနေရပ် အမည်ကို မသိခြင်းကြောင့် ယမ်းဆ၍ "ဤရွာနေ ဤအမည် ရှိ၏"ဟု မဟုတ်သော အမည်ကို ဆို၏။

ဤသို့ ဒီဃပိဋ္ဌိကို စစ်မေးပြီးလျှင် ထိုသူ၏ စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဒီဃပိဋ္ဌိကို ဖယ်ရှားစေ၍ ဂေါတကာဠကို ခေါ်ပြီးသော် ရှေးနည်းဖြင့် မိမိ အမည်၊ မိဘအမည်ကို လည်းကောင်း၊ မယား၏ အမည်၊ မယား၏ မိဘ နေရပ်အမည်ကို လည်းကောင်းမေး၏။

ဂေါတကာဠသည် သိသောအလျောက် မဖောက်မပြန် ဟုတ်မှန်တိုင်း အလုံးစုံသော အမည်နေရပ်ကို ပြော၏။

ဤသို့ ဂေါတကာဠကို စစ်မေးပြီးသော် ထိုသူစကားကို လည်းပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဂေါတကာဠကို ဖယ်ခစေ၍ ဒီဃတာလကိုခေါ်ပြန်သဖြင့် "သင်၏အမည်ကား အဘယ်နည်း" ဟု မေး၏။

"အရှင့်သား အကျွန်ုပ်အမည်ကား ဒီဃတာလတည်း" ဟု ဆို၏။

"သင်၏မိဘကား အဘယ်ရွာနေအဘယ်အမည်ရှိသနည်း" ဟု မေး၏။

"အကျွန်ုပ် မိဘကား ဤမည်သောရွာနေ ဤအမည်ရှိ၏" ဟု ဆို၏။

"သင်၏လင်ကား အဘယ်အမည်ရှိသနည်း" ဟု မေးလတ်သော် ဒီဃပိဋ္ဌိဟူသော အမည်ကို မသိခြင်းကြောင့် ယမ်းဆ၍ ဤအမည်ရှိ၏ဟု တစ်ပါးသော အမည်ကိုပြော၏။

ဤသို့ ဒီဃတာလကိုစစ်မေးပြီးသော် ထိုသူ၏စကားကို လည်းပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဂေါတကာဠ, ဒီဃပိဋ္ဌိတို့ကို ခေါ်စေ၍ ပရိသတ်တို့အား "အချင်းတို့ ဤမိန်းမ ထွက်ဆိုသောစကားသည် ဤလူမြင့် စကားနှင့်တည်း ညီသလော၊ ယင်းသို့မဟုတ်မူ ဤလူပု စကားနှင့်တည်း ညီသလော" ဟု ဘုရားလောင်းမေး၏။

ပရိသတ်တို့လည်း "အရှင့်သားသုခမိန် ဤမိန်းမ စကားသည် ဤလူပုစကားနှင့်သာညီ၏၊ လူမြင့် စကားနှင့်မညီ" ဟု

ဆိုကြလတ်သော် ဘုရားလောင်းသည် "အချင်းတို့ ထိုသို့တပြီးကားအဘယ်သူသည် မယားခိုး ဖြစ်မည်နည်း" ဟု မေး၏။

ပရိဘတ်တို့လည်း "အရှင့်သား ဤလူကသည့်ဤမိန်းမ၏ လင်တည်း၊ဤလူမြင့်ကားမယားခိုးတည်း" ဟု ဆိုကြကုန်၏။

ထိုအခါ မဟောသဓာ သူခမိန်သည် ဒီဃပိဋ္ဌိကို "အချင်းယောကျ်ား ဤမိန်းမကား ဒီဃဘာလာ အမည်ရှိ၏ဟု လူကနွတ်ထွက်အတိုင်း ညီ၏၊ သင့်နူတ်ထွက်မယားကား ဤမိန်းမမဟုတ်၊ အမည်တခြားဖြစ်ခဲ့၏။ သင် အသို့နည်း၊ လျှို့ဝှက်သော အမှုကို တစ်ခုမကျန်သိမြင်တတ်၏ဟု ငါ၏သတင်းကျေးဇူးကို မကြားဖူးသလော၊ ဤမိန်းမကို သင်ခိုးမိချေသည် မဟုတ်လော" ဟု မေး၏။

ဒီဃပိဋ္ဌိလည်း မလွှဲ မဖယ်သာသောကြောင့် "အရှင့်သား ခိုးမိပါချေ၏" ဟု ဝန်ခံ၏။

* * *

ရထား ခိုးမှုတရား

၁၁

ယောကျ်ား တစ်ယောက်သည် မျက်နှာ ဆေးအုံ့သောငှာ တစ်ခုသော ရွာမှ လှည်းရထား စီးလျက် ထွက်သွားလေ၏။ ထိုအခါ သိကြားမင်းသည် လောကကို ကြည့်လတ်သော်ဘုရား

လောင်းကိုမြင်၍ 'ဤသူခမိန် ဘုရားအညွန့်အား ပညာဂုဏ် ထင်ရှားသောအဖြစ်ကို ငါပြုခြင်းငှာထိုက်ပေ၏'ဟု လူ၏အ သွင်ဖြင့် လာလတ်၍ ထိုရထားစီးလျက်သွားသောယောကျ်ား ၏ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်အတိုင်း လိုက်၏။

ရထားရှင်သည် "အချင်းယောကျ်ား သင်အဘယ်ကိုအလို ရှိ၍ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်တစိုက် လိုက်ဘိ သနည်း"ဟု မေး၏။

သိကြားလုလင်လည်း "အရှင် အကျွန်ုပ်သည် သင်၏အထံ၌ မှီခို၍ နေလိုပါသောကြောင့် လိုက်သည်"ဟု ဆို၏။

ရထားရှင်သည် "လုလင် ကောင်းပြီ နေတော့"ဟု ဆို လျက်အတန်ငယ်သွားပြီးသော် ရထားကို တန့်ရပ်စေပြီးလျှင် ရထားမှ ဆင်းသက်၍ ကိုယ်လက် သုတ်သင်အံ့သောငှာသွား ၏။

ထိုရထားရှင် ကိုယ်လက်အသုတ်အသင် သွားခိုက်တွင် သိ ကြားခင်းသည် ရထားပေါ်သို့တက်၍ ရထားကို စိုင်းနှင်ပြေး လေ၏။

ရထားရှင်လည်း ကိုယ်လက် သုတ်သင်ပြီး၍ လာလတ် သော် ရထားကို လုလင်ခိုးပြေးသည်ဟု သိလျှင် "အချင်း ရပ် လော့-ရပ်လော့"ဟု အလျင်တဆောလိုက်လျက် မှီလတ်သော အခါ- "အချင်းသင် အဘယ်ကြောင့် ရထားကို ခိုးယူပြေး သနည်း"ဟု ဆို၏။

သိကြားမင်းလည်း "သင့်ရထားဘယ်မှာနည်း၊ ဤရထားကား ငါ့ရထားတည်း၊ သင့်ရထားနှင့်အလားတူ၍သာ သင် အထင်မှားသည်ဖြစ်မည်၊ သင့်ရထားမဟုတ်"ဟု ဆို၏။

ဤသို့အချင်းချင်း အငြင်းအခုံစကားနှင့် လူအများလည်း ကြည့်ရှုဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါး ဝခရီးမသို့ ရောက်လာကြကုန်၏။

မဟောသဓာ သူခမိန်သည် ထိုသူနှစ်ယောက်ကိုခေါ်ချေ ဟုစေလိုက်သဖြင့် ဘွားဘက်ရွှေဘော်တို့ ခေါ်ခဲ့၍ ထိုသူ နှစ် ယောက်တို့ လာလတ်သော် ဘုရားလောင်းသည် 'ဤသူကား သိကြားနတ်တည်း၊ ဤသူကားရထားရှင်တည်း'ဟု အတပ် အမှန် သိငြားသော်လည်း တရားသူကြီးတို့ စစ်မေးရိုး ထုံးစံ ရှိသည့်အတိုင်း အငြင်းအခုံစကားကိုမေး၍ အသီးသီးထွက်ဆို ကြသည့်စကားနှစ်ရပ်ကို ကြားပြီးသော် "သင်တို့သည် ငါ၏ အဆုံးအဖြတ်၌တည်ကြအံ့လော" ဟု မေး၏။

"တည်ပါမည်"ဟု နှစ်ဦးလုံး ဝန်ခံကြလတ်လျှင် မဟောသဓာသူခမိန်သည် "အချင်းတို့ သင်တို့ရထားကို ငါ၏ လူ တစ်ယောက် စိုင်းနှင်စေအံ့၊ သင်တို့ နှစ်ယောက်ရထားနောက် မြီးကို တစ်ဖက်စီကို ဆွဲ၍လိုက်ကြလော့၊ ရထားကိုမလွှတ် လျှင် ရထားရှင်ဖြစ်စေ၊ လွှတ်လျှင် ရထားခိုးဖြစ်စေ"ဟု ဆို ပြီးသော် ရထားကို လုလင်တစ်ယောက်က နှင်စေလျက် ထို သူနှစ်ယောက်ကိုလည်း ရထားနောက်မြီးကို ဆွဲ၍လိုက်စေ ၏။

ထိုအခါ ရထားရှင်သည် လူဖြစ်သောကြောင့် မောပန်း သောကိုယ်ဖြင့် ဆုံးလိုလည်း ဆုံးစေတော့ဟု အားလျှော့ပါး သဖြင့် ရထားမှ လွှတ်လျက်ကြည့်မျှော်ကာ ရပ်နေရစ်၏။ သိကြားမူကား ရထားနှင့် တက်ကြပ်ကပ်လျက် လိုက်လေ၏။

မဟောသဓာ သုခမိန်သည် ရထားကို ပြန်လည်စေပြီး သော် ပရိသတ် အပေါင်းတို့အား “အချင်းတို့ ဤသူကား ရထားနောက်သို့ အတန်ငယ်မျှလိုက်၍ လွှတ်လိုက်သဖြင့် နေ ရစ်၏။ ဤသူကား ရထားနောက်ကထက်ကြပ်ပင်လျှင်လိုက်၏။ ထိုသို့လျက် ဤရထားကို လွှတ်သောသူသောက်မျှ ပန်းဟန် မထင်၊ ကိုယ်တွင်သည်း ချွေးတစ်ပေါက်မျှ မထွက်၊ ထွက် သက် ဝင်သက်လည်းမလိုက်မဖို့မည်သည်ကိုမျှလည်း ကြောက် လန့်ခြင်းမရှိ၊ မျက်စိ ကြောင်ကြောင် မျက်တောင်မျှလည်း မခတ်၊ ဤအတ္တုပ္ပတ်ကို ထောက်ထားသော် သိကြားနတ် စင်စစ် ဖြစ်သည်၊ လူမဟုတ်”ဟု ဆိုပြီးလျှင် သိကြားကို “သင် သိကြား မဟုတ်လော”ဟု မေး၏။

သိကြားမင်းလည်း “သုခမိန် ငါသည် သုခမိန် ဆိုတိုင်းပင် သိကြားမင်း မှန်ပေ၏”ဟု ဆိုလတ်သော်-

“သင် သိကြားနတ်မင်းဖြစ်လျက် အဘယ်ကြောင့်ဤသို့ သောအမှုကို ပြုဘိသနည်း”ဟု မေး၏။

သိကြားမင်းလည်း “သုခမိန် သင်၏ပညာကျေးဇူး ထင် ရှားစေလို၍ ငါလာသည်”ဟု ဆိုလျှင်- မိမိ တန်ခိုးကို ပြ

လျက်ကောင်းကင်၌ နေ၍ "မဟောသဓာ သုခမိန်သည်တရား ကို ကောင်းစွာ ဆုံးဖြတ်ပေ၏"ဟု ကောင်းချီးပေးပြီးလျှင် နတ်ပြည်သို့သွားလေ၏။

* * *

## မင်းလေးပါးတို့၏ သီလတရား

### ၁၂

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ် ပြည်၌ နေ၍ဓနဉ္စယကောရဗျ အမည်ရှိသော မင်းသည် မင်းပြု၏၊ ထို မင်း၏ အကျိုးကိုလည်းကောင်း, အကြောင်းကိုလည်းကောင်း ဆုံးမတတ်သော အမတ်ပညာရှိကား ဝိဓုရ အမည်ရှိ၏။ မင်း ကြီးသည်ကား အနက်ကစားကြူး၏။ ဝိဓုရသုခမိန် အဆုံးအမ ၌ တည်၍ မလှူပေး၏။ သီလ ဆောက်တည်၏။ ဥပုသ်ဆောက် တည်၏။

ထိုကောရဗျမင်းသည် တစ်နေ့သော ဥပုသ်နေ့၌ ဥပုသ် ဆောက်တည်ပြီးသော် ဆိတ်ငြိမ်ခြင်းကို ပွားစေအံ့ဟု ဉယျာဉ် သို့ သွား၍နှလုံးမွေ့လျော်ရာ အရပ်၌နေလျက် ရဟန်းတရား ကို ပွားစေ၏။

သိကြားမင်းသည်လည်း ဥပုသ်ဆောက်တည်ပြီးသော်နတ် ပြည်၌ ကြောင့်ကြစိုးရိမ်ခြင်း နှောင့်ရှက်ခြင်း များသည်ဟု လူ့ပြည်သို့လာ၍ ထိုဉယျာဉ်၏ နှလုံးမွေ့လျော်ရာ အရပ်၌ နေလျက် ရဟန်းတရားကို ပွားစေ၏။

နဂါးမင်းသည်လည်း ဥပုသ်ဆောက်တည်ပြီးသော် နဂါးပြည်၌ ကြောင့်ကြမျှားသည်ဟု ထိုဥယျာဉ်သို့လာ၍ နှစ်သက်ရာအရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

ဂဠုန်မင်းသည်လည်း ဥပုသ်ဆောက်တည်ပြီးသော်ဂဠုန်ပြည်၌ ကြောင့်ကြမျှားသည်ဟု ထိုဥယျာဉ်သို့လာ၍ နှစ်သက်ရာအရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

ထိုမင်းလေးပါးတို့သည် ညချမ်းအခါ မိမိတို့နေရာမှ ထွက်ခဲ့၍ မင်္ဂလာရှိသောလေးထောင့် ကန်နား၌ အညီအညွတ်တွေ့ကုံကြသော် အချင်းချင်း ကြည့်ကြ၍ ရှေး၌ အဆွေခင်ပွန်း ဖြစ်ခဲ့ဖူးသော အားဖြင့် ချစ်ခင်ကြင်နာ ဝမ်းမြောက်စွာ သာယာစွာ စကားပြောဆိုကြပြီးလျှင် သိကြားမင်းသည် မင်္ဂလာရှိသော ကျောက်ဖျာထက်၌ နေ၏၊ မင်းသုံးပါးတို့လည်း သင့်ရာ အရပ်၌ နေကြကုန်၏။

ထိုရောအခါ သိကြားမင်းသည် "မင်းသုံးပါးတို့ ယခုငါတို့လေးယောက် စောင့်ကြသော သီလတွင် ဘယ်သူ၏ သီလသည် မြတ်မည် ထင်သနည်း" ဟုမေး၏။

ဝရုဏ နဂါးမင်းသည် "အရှင် သိကြားမင်း အကျွန်ုပ်၏ သီလသည် မင်းသုံးပါးတို့၏ သီလထက် မြတ်မည် ထင်၏" ဟု ဆို၏။

အဘယ်ကြောင့်နည်းဟုမေးလျှင် "ဂဠုန်တို့ မည်သည် အကျွန်ုပ်တို့ အသက် အန္တရာယ်ကို ပြုတတ်၏၊ ထိုသို့ အသက်အန္တရာယ်ပြုတတ်သော ဂဠုန်မင်းကို မြင်ရတွေ့ရသော်လည်း ကြောက်လန့် စိုးရိမ်ခြင်း မရှိ၊ မိမိ ဝေဒနာကို ပမာဏ မပြု

သဖြင့်သည်းခံခြင်း မြတ်သောကြောင့် အကျွန်ုပ်၏ သီလသည် မင်းသုံးပါးတို့၏ သီလထက်မြတ်သည် ထင်ပါသည်''ဟုဆို၏။

ထိုစကားကိုကြားလျှင် ဂဠုန်မင်း ဆိုပြန်၏ ''မင်းကြီးတို့ ဤနဂါးမင်းသည် အကျွန်ုပ်တို့၏ အစာတွင် အမြတ်ဆုံးတည်း၊ ဤသို့သော အစာကို မြင်၍လည်း မွတ်သိပ်ခြင်းကို သည်းခံလျက် အစာတည်းဟူသော အကြောင်းကြောင့် မကောင်းမှုကိုမပြု၊ ထို့ကြောင့် အကျွန်ုပ်၏ သီလသည် မင်းသုံးပါးတို့၏ သီလထက် မြတ်၏။''

ထိုဂဠုန်မင်း စကားကိုကြားလျှင် သိကြားမင်း ဆိုပြန်၏– ''မင်းများတို့ ငါသည် အထူးထူး အပြားပြား များလှစွာသော နတ်စည်းစိမ်ကို စွန့်၍ သီလ စောင့်လိုသောငှာ ဤလူ့ပြည်သို့လာ၏၊ ထို့ကြောင့် ငါ၏ သီလသည် သင်တို့ သီလထက်မြတ်၏။''

ထိုသိကြားမင်း စကားကိုကြားလျှင် ဓနဉ္စယ ကောရဗျမင်းသည် ပြော၏ ''မင်းများတို့ ငါသည် များစွာသောဥစ္စာကို လည်းကောင်း တစ်သောင်းခြောက်ထောင်သော မောင်းမတို့ဖြင့် ပြည့်သော ရွှေနန်းစည်းစိမ်ကိုလည်းကောင်း စွန့်၍ ဤဥယျာဉ်၌ ဥပုသ်စောင့်ခြင်းငှာ လာ၏၊ ထို့ကြောင့် ငါ၏ သီလသည် သင်တို့စောင့်သော သီလထက် မြတ်၏။''

သိကြားမင်း, ဂဠုန်မင်း, နဂါးမင်းတို့သည် ဓနဉ္စယ ကောရဗျမင်းကို ''ဓနဉ္စယမင်းကြီး သင်၏ တိုင်းပြည် နိုင်ငံ၌

ဝါတို့ ယုံမှားခြင်းကို ဖျောက်နိုင်သော ပညာရှိ သုခမိန် မရှိ လော”ဟု မေးကြကုန်၏။

နေဥယျာဉ်မင်းလည်း မင်းကြီးတို့ ပညာရှိ သုခမိန်ရှိ၏၊ ငါ၏ အစီးအပွားကို ပြည့်စုံ ဆုံးမတတ်သော အမတ်ကြီးသည် ဝိဓုရ အမည်ရှိ၏၊ ထိုဝိဓုရ သုခမိန်သည် ကြီးကျယ်သော ပညာ လည်းရှိ၏၊ သာယာ နာပျော်ဖွယ်သော အသံနှင့်လည်း ပြည့် စုံ၏၊ ငါတို့ ယခု ယုံမှားခြင်းကို ပျောက်စေနိုင် လတ္တံ့၊ ဝိဓုရ အမတ်ကြီးထံသွား၍ အဆုံးအဖြတ် ခံကြကုန်အံ့” ဟု ဆို၏။

မင်းသုံးပါးတို့လည်း “ကောင်းပြီ၊ သွားကြကုန်အံ့”ဟု အညီအညွတ် ဥယျာဉ်မှ ထွက်ခဲ့၍ တရားစီရင် ဆုံးဖြတ်ရာ သဘင်သို့ သွားကြပြီးသော် မြတ်သော ပလ္လင်ကို တန်ဆာ ဆင်၍ ဝိဓုရအမတ် သုခမိန်ကို ပလ္လင်ထက် နေစေပြီးလျှင် ပဋိ သန္ဓာရ စကား ပြောဟော၍ “မယုတ်သော ပညာရှိသော သုခမိန် အမတ်ကြီး ငါတို့ မင်းလေးပါး၌ သီလကိုမှီ၍ တစ်ခု သော အငြင်းအခုံ စကား ဖြစ်ကြကုန်၏၊ ထိုငါတို့ ယုံမှားခြင်း ကို သင်အမတ်ကြီးသည် ခဇ္ဇရစိန်လက်နက်ဖြင့် မြင်းမိုရ်တောင် ကို ခတ်ဘိသကဲ့သို့ ထက်လှစွာသော ပညာဖြင့် ဖြောင့်စေ၍ ဟုတ်မှန်စေသော အတိုင်း ဆုံးဖြတ်လော့”ဟု ဆိုကြကုန်၏။

ထိုအခါ ဝိဓုရအမတ် သုခမိန်သည် “အရှင်မင်းကြီးတို့ ပညာရှိ တရားသူကြီးတို့ သဘောသည် အငြင်းအခုံ စကားကို

ကြားသိရမှ ကောက်ယူ ဆုံးဖြတ်သာသည်၊အငြင်းအခုံ စကား ကို မကြားမသိရလျှင် မဆုံးဖြတ်သာ ဖြစ်သည်''ဟု မင်းလေး ပါးတို့၏ အယူကို မေး၏။

မင်းလေးပါးတို့သည်လည်း ''သုခမိန် နဂါးမင်းသည် အမျက်ထွက်အပ်သူ၌ အမျက်မထွက်မှု၍ သည်းခံခြင်းကို ချီး မွမ်း၏၊ ဂဠုန်မင်းသည် အစာမွတ်သိပ်သည် ဖြစ်သော်လည်း အစာတည်းဟူသော အကြောင်းကြောင့် မကောင်းမှုကိုမပြု၊ ကြဉ်ရှောင်ခြင်းကို ချီးမွမ်း၏၊ သိကြားမင်းသည် ကာမဂုဏ် ငါးပါးတို့၌ မမွေ့လျော် ပျော်ပါးခြင်းမှ ကြဉ်ရှောင်ခြင်းကို ချီးမွမ်း၏၊ ကုရုတိုင်းသူတို့၏ သခင်ဖြစ်သော ဓနဉ္စယ မင်း သည် ကြောင့်ကြ မရှိသောအဖြစ်ကို ချီးမွမ်း၏''ဟု အယူကို ပြန်ဆိုကြကုန်၏။

ထိုဝိဓုရ သုခမိန်သည် မင်းလေးပါးတို့၏ စကားလေးခွန်း ကို ကြားလျှင် ဟုတ်မှန်တိုင်း သိပြီး၍ ဖြောင့်မှန်စွာ ဖြေဆို ဆုံးဖြတ်လိုက်၏။

''အရှင် မင်းကြီးတို့ ယခု ဆိုတော်မူကြသည့် စကားလေး ခွန်းသည် ကောင်းသော စကားချည်း ဖြစ်သည်၊ စိုးစဉ်းမျှ မကောင်းရာသော အရာသည်မရှိ၊ ဥပမာကား လှည်းပုံတောင်း ၌ ကောင်းစွာ နှက်အပ်သော အကန့် ကဲ့သို့တည်း၊ အကြင် ပုဂ္ဂိုလ်၌ သည်းခံခြင်း, အစာကြောင့် မကောင်းမှုကို မပြုခြင်း, ကာမဂုဏ်၌ မမွေ့လျော်ခြင်းမှ ကြဉ်ခြင်း, ကြောင့်ကြ မရှိခြင်း ဂုဏ်နှင့် ပြည့်စုံ၏၊ ထိုဂုဏ်လေးပါးနှင့် ပြည့်စုံသော သူကို

ဤလူ့ပြည်၌ ငြိမ်းပြီးသော မကောင်းမှုရှိသော လူဟူ၍ ပညာရှိတို့ ဆိုကုန်၏။”

ဤသို့ ဘုရားလောင်း ဝိဓုရ သုခမိန်သည် မင်းလေးပါးတို့၏ သီလကို ထပ်တူ ပြုတော်မူ၏။

ထိုစကားကို ကြားလျှင် မင်းလေးပါးတို့သည် နှစ်သက်ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ ဝိဓုရ သုခမိန်အား ကောင်းချီးပေးကြကုန်၏။

သိကြားမင်းက ဘဲ့ဖြူ ပုဆိုး, ဂဠုန်မင်းက ရွှေပန်း, နဂါးမင်းက ပတ္တမြား, ဓနဉ္စယ ကောရဗျမင်းက ဆင်မြင်းစသည်ဖြင့် အသီးသီး ပူဇော်ကြကုန်၏။

* * *



## ၇။ ကြမ္မာဒိုက်မင်းကြီးဖြတ်ထုံး

ကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံးမှာ ကြမ္မာဒိုက်မင်းကြီး ဝတ္ထုမှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်၏။ ကြမ္မာဒိုက်မင်းကြီး ဝတ္ထုမှာ စင်စစ် ကြမ္မာဒိုက်မင်းကြီးဖြတ်ထုံးပင် ဖြစ်၏။ ထို့ကြောင့်ထိုဝတ္ထုကို "ကြမ္မာဒိုက်မင်းကြီး ဆုံးဖြတ်တော်မူသည့် ရုံးဓမ္မသတ် ဟူသမျှတို့၏ မူလအားထားရာ ဖြတ်ထုံးဖြစ်သော ကြမ္မာဒိုက်မင်းကြီး ဝတ္ထု" ဟု ရှေးလူတို့ခေါ်ဆိုကြခြင်း ဖြစ်၏။ ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ်က ယင်းဝတ္ထုကို ဟံသာဝတီ ပုံနှိပ်တိုက်က ပုံနှိပ်ခဲ့သည်။ စာအုပ်နိဒါန်းတွင် ဤသို့ ဖော်ပြထားလေသည်။

ရှေးအထက်ကျော်ကာလ မဇ္ဈိမဒေသဟု ခေါ်ဝေါ်အပ်သော အိန္ဒိယနိုင်ငံတော်ကြီး အတွင်းတွင် အကြင်သို့သော လောကီစျာန်ရတာပသမုနိတို့ ရှိကြလေရာ၌ သိတာအမည်ရှိသောရှင်ရသေ့သည် ကြည်ညိုမည်သော အဘိကြမ္မာဒိတျာမည်သော ဘုရင်မင်းမြတ်ဆည်းကပ် ကိုးကွယ်တော်မူရာ ဆရာတစ်ဆူ ဖြစ်တော်မူပေကြောင်း။

ထိုသိတာ မည်သော ရှင်ရသေ့သည် ဓလေ့ထူးခြားအမျိုးလေးပါးတို့ မှတ်သား ဆုံးဖြတ်ဖို့ရာ ကမ္ဘာဦး လွှတ်ရုံးဓမ္မသတ်သဖွယ် ဖြစ်သည့် ကျစ်လျစ်သိမ်မွေ့လှစွာသော အမေးပုစ္ဆာ ပြဿနာတို့ဖြင့် တန်ဆာဆင်အပ်သော ဝတ္ထု သာကေ နိမိတ်ပြ မေးခွန်းတို့ဖြင့် ပြည့်နှံ မိန့်ဆိုသည်ကို ထိုမည်သော အဘိကြမ္မာဒိတျာ မည်သော မင်းတရား ဖြေကြား ဆုံးဖြတ်သည့် ဓမ္မသတ် ဝတ္ထုပေါင်း ၂၄ ဝတ္ထုမျှ ရှိလေရာ အဆိုပါစာကိုယ် မူရင်းမှာ အိန္ဒိယ နိုင်ငံတော်ကြီးအတွင်း ယင်းသို့သော သက္ကတ ဘာသာဖြင့်သာ ရှိခဲ့သကြောင်း။

၎င်းသက္ကတ ဘာသာ ကြမ္မာဒိုက်မင်းကြီး ဝတ္ထုမှာ နောက်သောအခါ ဓညဝတီ ရခိုင်ပြည်သို့ ရောက်လေရာ မြန်မာ ဘာသာသို့ ပြန်ဆို၍ ထိုထိုသို့သော မြန်မာ လွှတ်တော် ရုံးတော် တရားဆုံးဖြတ်ခန်း၌

လွှတ်တော် သင်ဘမ်းစာကြီး တစ်ခုကဲ့သို့ ဂရုကတာ ပြုကြရပေသည်။

အဘိကြမ္မာဒိတြာ မင်းကြီး၏ အမည်နာမ အကြောင်း အရာနှင့် ပတ်သက်၍ ရာဇဗာဂါဒ ကျွမ်းဘွင် မုံရွေး ဇေတဝန် ဆရာတော်က ဤသို့ ဖွင့်ဆို၏။

အဘိကြမ္မာဒိတြာဟူသည်ကား သက္ကတ ဘာသာနှင့် မာဂဓ ဘာသာ ရောနှောသော ပုဒ် ပဒ စပ်လျက်တည်သော နာမသဒ္ဒါ ဖြစ်သည်။

မာဂဓ ဘာသာသက်သက်ဖြင့်ကား အဘိကမ္မ ဒေါဒိစ္စ အလွန်ဘုန်းကံမြင့်သော နေမင်း အမျိုးဖြစ်သော မင်း ဆိုလိုသည်။

အချို့ဆရာတို့ကလည်း ကြွတ္တိကာ နက္ခတ်ကိုကြက်တိုက် နက္ခတ်ခေါ်သည်၊ ကြွတ္တိကာနှင့် ယှဉ်သော နှစ်, လကို ကြက်တိုက်နှစ်, ကြက်တိုက်လ ဆိုသကဲ့သို့ ကြမ္မာဒိတျကိုပင် ကြမ္မာဒိုက်မင်းကြီးဟု ဆိုကုန်၏။

ကြမ္မာဒိုက်မင်းကြီး၏ ဂုဏ်ကျေးဇူးကိုကား ကြမ္မာဒိုက်ဝတ္ထု, ဘောက်ဇောက်ရာဇဒေါဝတ္ထု, ကောတုဝတ္ထု များမှာ ဆိုပြီးဖြစ်၍ အကျယ် မဆိုပြီ။

အဘိကြမ္မာဒိတျကို လူတို့က ကြမ္မာဒိုက်ဟု ခေါ်သည်ဟု သိရ၏။ ဆရာတော် ညွှန်ပြသော ဝတ္ထုသုံးခုအနက် ကြမ္မာဒိုက်မင်းကြီးဝတ္ထုကို ယခုနေ့ အဘင်အရှား တွေ့နိုင်သည်။ ဘောက်ဇောက်ရာဇဒေါ ဆိုသော ဝတ္ထုနှင့် ကောတု ဝတ္ထုဆိုသည်ကား အသွယ်ဘကူ မတွေ့ရချေ၊ ရှေးဟောင်းစာပေစုဆောင်းသူတို့

တွင် ရှိကောင်း ရှိမည်လားမသိပေ။ ကြမ္မာဒိုက်မင်းကြီး ဝတ္ထုကို သက္ကတ, ဟိန္ဒီစသော ဘာသာတို့တွင် ဝေတာလပဉ္စဝိံသိ (ဝေတာလ နှစ်ဆယ့်ငါးဝတ္ထု)ဟုခေါ်သည်။ ထိုဝတ္ထုများကို လွန်ခဲ့သော ၁၉၆၄ ခုနှစ်က သွေးသောက်မဂ္ဂဇင်းတွင် စာရေးသူ ပြန်ဆိုဖော်ပြခဲ့ဖူး၏။ ဘောက်ဇောက်ရောဒါ ဝတ္ထုဆိုသည်မှာ 'ဘောဇနှင့် ကာလိဒါသဝတ္ထု ဖြစ်မည်ထင်၏။ ထိုဝတ္ထုကို ဟိန္ဒီလို 'ဘောဇအောက်ရ်ကာလိဒါသ' ဟုခေါ်၏။ ယင်းဝတ္ထုကိုလည်း အာမခံ မဂ္ဂဇင်းတွင် စာရေးသူ ပြန်ဆိုပြီး ဖြစ်၏။ ကေတုဝတ္ထုကိုကား မသိပါ၊ဤဝတ္ထုသုံးခုကို သက္ကတ ဘာသာမှ ဘယ်သူပြန်ဆိုသနည်း။ မုံရွေးဆရာတော်ပင်လော၊ သေချာစွာမပြောနိုင်သေးပါ။ မုံရွေးဆရာတော်က ရာဇောဝါဒကျမ်းတွင် ကြမ္မာဒိုက် မင်းကြီး၏ အမည်နာမကို ရှင်းပြခဲ့သည်။ ဆရာတော်၏ယူဆချက်မှာ ယခုခေတ် လူတို့၏ အယူအဆနှင့် အတန်ကွာခြားနေသည်။ မစ္စတာဟာန်တာ စီရင်သော အိန္ဒိယနိုင်ငံသားတို့၏ ရာဇဝင် အကျဉ်းချုပ်တွင်ဆိုသော ကြမ္မာဒိုက်မင်းကြီး အကြောင်းကား ဤသို့တည်း။

ထိုအစွန့်ရှည်စွာသော ကာလအတွင်းများစွာသော အိန္ဒိယဘုရင်မင်းတို့သည် ဆီသီယန် လူမျိုးတို့ကို နှင်ထုတ်ရန် ကြိုးစားအားထုတ်ကြသဖြင့် ထင်ရှား ကျော်စောခြင်းသို့ ရောက်ကြလေသည်။ ၎င်းမင်းတို့တွင် မာလ်ဝါနယ်ရှိ ဥဇ္ဇေနီပြည့်ရှင် ဘုရင် ဝိကြမာဒိတျ (Vikramaditya) မင်းကြီးသည် အလွန် ထင်ရှားသော မင်း ဖြစ်လေသည်။

အိန္ဒိယနိုင်ငံတော်၌ ရာဇဝင်နှင့်ဆက်ဆံသောအချိန်ကာလတို့ကို တွက်ချက်မှတ်သားသည့် နည်းဟု ဆိုအပ်သော သက္ကရာဇ်ကြီးများအနက် တစ်ဦးသောသက္ကရာဇ်သည် ၎င်းမင်း၏စစ်အောင်မြင်ခြင်းကို ချီးမြှောက်သောအားဖြင့် ထားသော သက္ကရာဇ် ဖြစ်လေသည်။ ၎င်းသက္ကရာဇ်ကို သံဝတ် (Samvat) သက္ကရာဇ်ဟုခေါ်၍ ခရစ်တော်မပေါ်မီ ၅၇ ခုနှစ်က အစပြုလေသည်။

ထိုသို့ ပြုလုပ်သောမင်းကိုလည်း ဆီသီယန် လူမျိုးတို့၏ရန်သူ ဝိကြမာဒိတျဟုအနက်ရသော ဝိကြမာဒိတျ သကာရိ (Sakari) အမည်ဖြင့် ယခုထက်တိုင် ထင်ရှား သိကြလေသည်။

မစ္စတာ ဟန်တာ၏ အဆိုကား ယခုခေတ် ပညာရှိအများ သက်ခံချက်ပင် ဖြစ်၏။ သက္ကတ, ဟိန္ဒီ ဗင်္ဂလီစသော အိန္ဒိယဘာသာတို့တွင် မုံရွေးဆရာဘော် အမိန့်ရှိသော အဘိကြမာဒိတျအမည်ရှိသော မင်းမရှိချေ။ ဝိကြမာဒိတျမင်းသာ ရှိ၏၊ ဟိန္ဒီလို ဝေတာလ ပဉ္စသီ စာအုပ်တွင် ဤသို့ ဆို၏။

ရှေးအခါက ဒေလီမြို့တွင် ဇယသိံဟ အမည်ရှိသော မင်းသည် မင်းပြု၏၊ ထိုမင်း၏ နန်းတော်တွင် သောရဋ္ဌအမည်ရှိသော ပညာရှိတစ်ဦးရှိခဲ့၏၊ ဘုရင်မင်းမြတ်သည် ထိုပညာရှိအား "ဝေတာလ ပဉ္စသီ ဝတ္ထုမှာ သက္ကတ ဘာသာဖြစ်၍ လွန်စွာခက်သည်၊ ထို့ကြောင့် ယင်းဝတ္ထုကို လူအများ မဖတ်နိုင်ကြပါ။

သင်သည်တို့ဝတ္ထုကို အမျိုးနားလည်သော မြဗာဘာသာသို့ ပြန်ဆိုပါလော့” ဟု တောင်းပန်လေသည်။

မြဗာဘာသာဆိုသည်မှာ ရှေးဟောင်း အိန္ဒိယဘာသာ တစ်ခု ဖြစ်ပေမည်။ ထိုပညာရှိသည် အဆိုပါ ဝေတာလဝတ္ထု တို့ကို သက္ကတဘာသာမှ မြဗာဘာသာသို့ ဦးစွာ ပြန်ဆိုသည်။ ထို့နောက် ပညာရှိအမျိုးမျိုးတို့က ဟိန္ဒီ၊ ဗင်္ဂလီ၊ မြန်မာ၊ အင်္ဂလိပ်စသော ဘာသာသို့ အသီးသီး ပြန်ဆိုကြသည်။ မြန်မာ လို ကြမ္မာဒိုက်မင်းကြီးဝတ္ထုမှာ ထိုဝေတာလ ဘာသာပြန်ပင် ဖြစ်၏။

ဤကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံးကား ရှေးကမြန်မာပညာရှိ ကြီးတို့ မြန်မာပြန်ဆိုသော ကြမ္မာဒိုက်မင်းကြီးဝတ္ထုမှဓမ္မသတ် ဖြတ်ထုံးတို့ကိုသာ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ ယခု ခေတ်နှင့် ပတ်သက်၍ မိမိကိုယ်တိုင် ဘာသာပြန်ချက်ကိုပင် ပြန်လည်သုံးသပ်ခြင်း မပြုပါ။ ရှေးက အစဉ်အလာကိုပင် လေးစားစွာ တင်ပြပါသည်။

ယင်းဝတ္ထုနှင့် ပတ်သက်၍ အသင့်အတင့် ကွဲပြားချက်များ ရှိပါသည်။ ဟိန္ဒီ၊ ဗင်္ဂလီ၊ အင်္ဂလိပ်စသော စာမူကွဲတို့ကို မဆို သားဘိ၊ ဟိန္ဒီမူနှစ်ခုရှိလျှင်ပင်တစ်ခုနှင့်တစ်ခုကွဲလွဲချက်အသင့် အတင့်ရှိနေသောကြောင့် ရိုးရာဖြစ်သော မြန်မာမူကို ယခု ခေတ် ဟိန္ဒီ၊ အင်္ဂလိပ်စသော မူတို့ဖြင့် ပြင်ဆင်ခြင်း မပြုပါ။ စာအကူးအပြောင်းချွတ်ယွင်းသည်ဟု ထင်ရသော စကားလုံး အချို့သာ ဟိန္ဒီမူနှင့် တိုက်ဆိုင်ပြီး ပြင်ပေးပါသည်။

ဤပုံတို့ကို ပြောပြသူမှာ ဝေတာလ သို့မဟုတ် ဇော်ဂျီ တစ်ဦးဖြစ်၏။ ပုံတိုင်းမှာ ဆုံးဖြတ်ရန် ခမ္မသတ် ပါဝင်လေရာ ယင်းတို့ကို ဝိကြမ္မာဒိတျခေါ် ကြမ္မာဒိုက်မင်းကြီးက ဆုံးဖြတ်၏။ ထိုကြောင့် ကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံးဟု ခေါ်ကြခြင်း ဖြစ်၏။ ကြမ္မာဒိုက်မင်းကြီးဝတ္ထုဟု ဆိုသည်ထက် ကြမ္မာဒိုက်မင်းကြီးဆုံးဖြတ်သော ဓမ္မသတ်ပုံဝတ္ထုဟုဆိုခြင်းက ပို၍မှန်ပေမည်။ ကြမ္မာဒိုက်မင်းကြီးဝတ္ထုဟု အမည်ပေးထားသဖြင့် ကြမ္မာဒိုက်မင်းကြီး အတ္ထုပ္ပတ္တိဟု အထင်မှားတတ်၏။ဤဝတ္ထုတွင် ကြမ္မာဒိုက်မင်းကြီးအကြောင်း မပါချေ။ ဇော်ဂျီတစ်ဦးက ပုံပြောကာ ပြဿနာမေး၍ မင်းကြီးက ဖြေဆို ဆုံးဖြတ်ခြင်းသာ ဖြစ်၏။ ဇော်ဂျီမှာ ယောဂီပင် ဖြစ်၏။ ယောဂီဆိုသည်မှာလည်း ယောဂအကျင့်ကို ကျင့်သူဖြစ်၏။ဗေတာလ သို့မဟုတ် ဝေတာလကား ဘုရင့်နန်းတော် တံခါးစောင့် အန္တိုးတော်, ဘုတ်ပြိတ္တာ စသဖြင့် အဓိပ္ပာယ်အမျိုးမျိုးရှိ၏၊ သို့ရာတွင် ရှေးဆရာတို့ကား ယင်းကို ဇော်ဂျီဟု ခေါ်ဆိုကြလေသည်။

* * *

အမတ် သင်မယား သေဆုံးရာ၌ အပြစ်ရှိသူ

၁

ရှေးလွန်လေပြီးသောအခါ မင်းသားတစ်ယောက်, အမတ်သားတစ်ယောက်ထိုနှစ်ယောက်တို့ တောကစားရာတွင် တော

လွန်၍ တစ်ပါးမင်း ပြည်သို့ ရောက်လျှင် ထိုအရပ်၌ ရေအိုင် တစ်ခုတွင် တစ်ဖက်မှာကား မင်းသား, အမတ်သားတို့ ရေချိုးကြ၏။ တစ်ဖက်မှာကား အလွန် အဆင်း လှသော မိန်းမငယ်တစ်ယောက်သည် ကျွန်သမီးအပေါင်း ခြံရံလျက် ရေချိုးသတည်း။

မင်းသားသည် ထိုမိန်းမကို မြင်သောအခါ တပ်မက်မောသည်ဖြစ်၍ မျက်စိ မမှိတ်ဘဲ ကြည့်သည်ကို မိန်းမငယ်သိ၍ ကြာတစ်ပွင့်ကို အမြစ်က ပါအောင် နုတ်၍ သွားနှင့် ဖြတ်ပြီးလျှင် နား နှစ်ဘက်တွင် ပန်ပြီးမှ ရင်တွင် သပ်ပြီးသော် မြေ၌ နောက်ပြန် ပစ်ခဲ့လျက် နောက်သို့ ပြန်မကြည့်ဘဲ သွားလေသည်ကို မင်းသားက အမတ်သားကို "မိန်းမငယ် ကြာပွင့်နှင့် ပစ်ခဲ့သော အဓိပ္ပာယ်သည် အဘယ်သို့ ဆိုလိုသနည်း" မေးလေလျှင်....

အမတ်သားလည်း "မင်းသား ဖြစ်လျက် ဤမျှသော အကြောင်းကို အဘယ်ကြောင့် မသိသနည်း၊ ဤမိန်းမငယ်သည် ကြာပွင့်ကို အမြစ်က ပါအောင် နုတ်သည် အလိုကား ဤပြည်၏အမည်သည် သိင်္ခရာ ဟူလိုသည်၊ ကြာရိုးကိုသွားနှင့် ကိုက်ဖြတ်သည် အလိုကား မိန်းမငယ် အဘ အမည်သည် နန္ဒဃာတ အမတ်ကြီးဆိုလိုသည်၊ နားနှစ်ဘက်တွင် ကြာပွင့် ပန်သော အလိုကား ပြည့်ရှင်မင်းအမည်သည် ကဏ္ဏဥတ္တာလ ဆိုလိုသည်၊ ရင်ကို ကြာပွင့်နှင့် သပ်သော အလိုကား ဤမိန်းမငယ်အမည်သည် ပဒုမ္မဒေဝီ ဆိုလိုသည်၊ ကြာပွင့်ကို နောက်သို့ ပစ်လျက် ပြန်၍မကြည့်ဘဲ သွားသည်၊ အလိုကား ချစ်နှစ်လို့

သည်ရှိသော် ဤခရီးကို စ၍ ရောက်အောင်လာဆိုသည်" ဟု ဆိုသော်–

မင်းသားလည်း "ဤမိန်းမငယ် အဘယ် အကြောင်းဖြင့် ငါ့ချပါအံ့နည်း" ဟု အမတ်သားကို မေး၏။

အမတ်သားလည်း "မကြောင့်ကြနှင့်" အာမခံပြီးလျှင် ထိုပြည်သို့ လိုက်သွားကြ၍ရောက်လေသော်မိန်းမတစ်ယောက် တည်းသာ နေသော အိမ်တစ်ဆောင်ကို မြင်၍ တဲနေအံ့ဟု အပါးသို့ ရောက်သည်ကို ထိုမိန်းမလည်း "ငါ့တွင် ဆင်းရဲလှသောကြောင့် အဝတ်မျှမဝတ်ရ နေရသည်"ဟု ဆိုသော် မင်းသားလည်း ထိုစကားကိုကြားလျှင် ကိုယ်ကချွတ်၍အဝတ် တစ်ထည်ပေးမှ အိမ်သို့ဝင်၍ပြည်၏ အမည်ကိုမေးသော်သိခ်ရာ ဟု ဆို၏။

မင်းအမည်ကိုမေးသော် ကဏ္ဍဥတ္တာလဟု ဆို၏။

"သင် အသူနည်း"ဟု မေးသော် "အကျွန်ကား ဤပြည် တွင် နန္ဒဃာတ အမည်ရှိသော အမတ်ကြီးသမီး ပဒုမ္မဒေဝီ သတို့သမီးအထိန်းတည်း၊ အကျွန်တွင် ကြွေအန်ကစားကြူး သော သားပျက်တစ်ယောက်ကို မဆုံးမ နိုင်သောကြောင့် အရှင်သမီး အမျက်တော်ရှိ၍ အကျွန်ကို နှင်ထုတ်သောကြောင့် ဆင်းရဲခြင်းသို့ ရောက်သည်၊ ထိုသားပျက် အကျွန်ပ် ထဘီ တဘက်ကို ပေါင်၍ ကြွေအန်ကစားသည် ဖြစ်သောကြောင့် အဝတ်မျှ မဝတ်နေရသည်"ဟု ထိုမိန်းမဆိုသော စကားကို ကြားသော်–

မင်းသားလည်း အမတ်သား ဆိုသောအတိုင်း မှန်သည်ဟု ငမ်းမြောက် ငမ်းသာ တဲနေကြ၍ တစ်နေ့သောနေ့၌ အမတ်သားသည် များစွာသော လက်ဆောင်တို့ကို ဝယ်၍ အသက်ကြီးမကို ပေးပြီးလျှင် ဤသို့ဆို၏။

"ယမန် တစ်ခါက ရေအိုင်၌ ရေချိုးတော်မူသောအခါ အိုင်တစ်ဖက်က ကြည့်၍နေသောလုလင်က ဆက်ချေစေသည်" ဟု မှာ၏။

ထိုမိန်းမအိုလည်း ဝန်ခံ၍ သွားလေပြီးလျှင် လက်ဆောင်ကို ဆက်လျက် အမတ်သားမှာသောစကားအတိုင်း လျှောက်၏။

အမတ်သမီးလည်း မိန်းမအို စကားကို ကြားသော်ထိုလက်ဆောင်ကို လျင်စွာကောက်၍ နှလုံးထဲက အလွန်ဝမ်းမြောက်လျက် အပေါ်ကား မကြိုက်ဟန်နှင့် "အလွန်မကောင်းစွာသော ဟယ်–ကျွန်မ၊ နင့်ကို နှင်ထုတ်သည့် နေ့ကစ၍ စွန့်လေပြီးသည်ကကား၊ အဘယ်ကြောင့် ငါ့ထံသို့ လာသနည်း" ဟု ပြင်းစွာသောအမျက်ဘွက်ဟန်ဆောင်လျက် လက်ငါးချောင်းတွင် ထုံးသုတ်ပြီးလျှင် လက်သုံးချောင်းတွင် အိုးမည်းသုတ်၍ ပါးတစ်ဖက် တစ်ချက်ကို ပုတ်ဟန်ပြုလျက် အနောက်ထရံပေါက်ချပြီးလျှင် "နှင်အိမ်သို့ လျင်စွာသွားလေ၊ တစ်ခေါက်ပြင် နှစ်ခေါက် မပြန်လာနှင့်" ဟု နှင်လိုက်၏။

အသက်ကြီးမ ငို၍လာသည်ကို မင်းသားမြင်လေသော် ပြင်းစွာသော နှလုံးမသာမယာရှိ၍ အမတ်သားကို "ဘယ်သို့ ကြံပါမည်နည်း" မေးသော် အသက်ကြီးမကို ခေါ်၍မေးလျှင်

အမတ်သမီးလက်ဆောင် ကောက်သည်ကိုလည်းကောင်း ပုတ်ခတ် ဆိုမြည်သမျှ အလုံးစုံကိုလည်းကောင်း ပြန်ပြောလေ၏။

အသက်ကြီးမ စကားကို အမတ်သားကြားသော် "မင်းသားစင်စစ်ဖြစ်လျက် ဤမျှသော စကားကို အဘယ်ကြောင့် မသိသနည်း၊ ထိုမိန်းမသည် ငါတို့စကားကို ကြားကတည်းကပင် လက်ဆောင်ကို အဆောတလျင် ကောက်သည် အလိုကား နှလုံးထဲကပြင်းစွာ ဝမ်းမြောက်ပြီး အပေါ်သာ အမျက်ထွက်ဟန် ပြုသည်၊ လက်ငါးချောင်းတွင် ထုံးသုတ်၍ ပါးကို ပုတ်သည် အလိုကား လဆန်း ဆယ်ရက် လွန်လေပြီ၊ လပြည့်အောင် ငါးရက်ကို နေလင့်ဦးဆိုလိုသည်၊ လက်သုံးချောင်းတွင် အိုးမည်းသုတ်၍ ပါးကို ပုတ်သည် အလိုကား လဆုတ်သုံးရက်မှ လာလှည့် ဆိုလိုသည်၊ အနောက်ထရံပေါက ချသည် အလိုကား လာမည့်လမ်းကိုပြသည်၊ တစ်ခေါက်ပြင် နှစ်ခေါက်ပြန်မလာနှင့် ဆိုသည် အလိုကား စကားအပြီးတိုင်ပြီ ဆိုလိုသည်"ဟု အမတ်သားဆိုတိုင်း မင်းသားသွား၍ ရောက်လေလျှင် တရက်, နှစ်ရက် ဆိုင်းငံ့နေပြီးမှတစ်နေ့သောနေ့၌ သတို့သမီးသည် မင်းသားကို မေး၏။

"အရှင်မင်းသား မည်သူ့ပညာဖြင့် အကျွန်ုပ်အကြံကိုသိ၍ အကျွန်ုပ်ရှိရာ ရောက်လာသနည်း" ဟု မေးသော် အမတ်သား အကြံအစည် အလုံးစုံကိုပြောလျှင် သတို့သမီးသည် 'ဤအမတ်သားပညာ အကြံအစည် ထိုးထွင်းသည်၊ အမတ်သားစကားကို နာ၍ မင်းသား ငါ့ကို ယူသွားအံ့သည် မချွတ်ရာ၊ အမတ်သားကိုသေအောင် ကြံကောင်း၏'ဟု နှလုံး မှတ်ပြီးသော်

သမင်းပွဲပြင်၍ သေဆေးထည့်ပြီးလျှင် အကြံထက်သော အမတ်သားရှိရာ ပို့လေ၏။

အမတ်သားလည်း လက်ဆေး၍ ထမင်းတစ်ဆုပ်ကို ယူပြီးသော် ကြောင်ကိုပေးလေ၏။ ကြောင်လည်း ချက်ချင်းလဲ၍ သေသည်ကိုမြင်သော် မင်းသားအိမ်သို့သွား၍ "ရှင်မင်းသား၏ သတို့သမီးသည် အကျွန်ုပ်ကို သေအောင် ကြံသည်ကား တစ်ပါးကြောင့် မဟုတ်၊ မင်းသားနှင့် အကျွန်ုပ်သည် ဤမိန်းမကို ယူ၍သွားမည်ကို ကြောက်သောကြောင့် ကြံသည်သာ ဖြစ်သည်။ ထိုမိန်းမသည် မိဘနှင့်မကွာလိုသော်လည်း ငါတို့ ယူသွားရစေ" ဟု ဆိုပြီးသော် ပန်းပဲအိမ်သို့သွား၍ သံဆတ် တစ်ခု လုပ်စေပြီးမှ မင်းသားကို ပေး၍ မှာလိုက်၏။

"ဤသံဆတ်ကို ညက မီးတွင်ထိုး၍ ထားပြီးသော် ထို မိန်းမ အိပ်ခေပျော်စဉ်တွင် ကျောက်သံ ပတ္တမြားအဝတ်တန်ဆာ တို့ကို မြဲစွာထုပ်ပြီးမှ သံဆတ်နှင့် တင်သားကို တစ်ချက်ခတ်၍ ကျောက်သံပတ္တမြား အဝတ်တန်ဆာတို့ကို အလျင်ယူ၍ ပြေး ခဲ့" ဟု မှာ၏။

မင်းသားလည်း အမတ်သားမှာတိုင်းသံဆတ်နှင့် တင်သား ကို တစ်ချက်ခတ်၍ ဥစ္စာထုပ်ကို ယူလျက် အမတ်သား ထံသို့ ပြေးလာ၏။

ထိုအခါ အမတ်သားသည် "ဤလည်ရွဲ တန်ဆာကိုယူ၍ မြို့တွင်းသို့ ပြန်လေ၊ ငါလည်း ဇော်ဂျီအရုပ် ပိဿလုပ်ပြီး သော် သူသေရှိရာ လုပ်ဘိုင်းမှာ ထက်ဝယ်ဖွဲ့ကာ နေမည်၊ မြို့ ဘွင်းက မင်းသားကို 'ခိုးသူ ဖြစ်သည်။ လည်ရွဲ ခိုး၍ပြေး

သည်’ဟု မင်းချင်းတို့ဖမ်းသည်ကာလ ဇော်ဂျီရှောင်း၍ဝယ်သည်၊ ငါရှိရာပြရမည်’’ဟု မှာပြီးမှ မင်းသားသည် မြို့တွင်းသို့ လည်ရွဲကိုကိုင်၍ ဝင်လေသော်-

အမတ်ကြီးသမီးမှာလည်း ပစ္စည်းဥစ္စာခိုးသောသူကို ရစေဟု ရှာသောသူတို့ တွေ့၍ဖမ်းလေသော် မင်းသားက ‘‘သင်တို့ ဥစ္စာ ငါခိုးသည်မဟုတ်၊ ဇော်ဂျီတစ်ဦး ရှောင်း၍ ဝယ်သည် ထိုဇော်ဂျီကို ငါပြမည်’’ဟု ခေါ်သွား၍ ပြလေ၏။

အမတ်သား ဇော်ဂျီလည်း ‘‘ဤလည်ရွဲကို ငါခိုးသည်မဟုတ်၊ အဆင်းလှသော မိန်းမတစ်ယောက် လက်တွင်ရသည်၊ သင်တို့အရှင် မင်းနှင့်မှ နှစ်ယောက်ချင်း ပြောမည်’’ဆို၏။

မင်းချင်းတို့လည်း ဇော်ဂျီဆိုတိုင်း မင်းအား နားတော်လျှောက်လေသော် ထိုဇော်ဂျီကို မင်းက အဆောတလျင်ခေါ်၍ ရောက်သောအခါ၌ ကဏ္ဏဥတ္တာလ မင်းကြီးသည် ဇော်ဂျီကို မေးလေသောအခါ-

ဇော်ဂျီက ‘‘မင်းကြီး များစွာသောပြည်ရွာတို့ကို အကျွန်လှည့်ပတ်ကြည့်သည်၊ ဤပြည်နှင့်တူသောပြည် မတွေ့စဖူး။ အဘယ်ကြောင့်နည်းဟူသော် အဆင်းလှသော မိန်းမငယ်တစ်ယောက်သည် ငါနေသောသုသာန်တစသို့ လာ၍ ညကသင်္ဂြိုဟ်သော သူကောင်ကို တစ်စုံတစ်ခုကောက်၍ အသွေးကို စုပ်လာသည်။ ငါသွား၍ ထိုမိန်းမငယ်၌ ဝတ်သော လည်ရွဲတန်ဆာကို လက်ဖြင့် မြဲစွာကိုင်ပြီးသော် သေအောင်သတ်မည် ငါကြံသည်ကို ထိုမိန်းမသည် ‘‘အရှင်ဇော်ဂျီ ငါကားတစ်ပါးသူမဟုတ်, နန္ဒဃာတ အမည်ရှိသောအမတ်ကြီး သမီး၊

အကျွန်ုပ်အမည်ကား ပဒုမ္မဒေဝီတည်း၊ အကြောင်းမဲ့ မနေသ ကောင်းပါ၊ အကျွန်ုပ် စုန်းကြူးသောကြောင့် မနေနိုင်၍ ဤသို့ ပြုကျင့်မိသည်''ဟု များစွာတောင်းပန်သောကြောင့် သနား၍ အသက်ကိုမသတ်ဘဲ လွှတ်လိုက်ပြီးသော် ဤသံဆတ်ကို မီးတွင်ဖုတ်၍ ပုဆိုးအမြဲဖုံးသောတင်သားထက်၌ သည်းစွာ တစ်ချက်ခတ်လိုက်သည်တွင် နာလှသော် အဝတ်အစားကို သွင်သွင်ချွတ်၍ ပြေးလေသည်။ ငါ့စကားကို ယုံတော်မမူသော် ထိုမိန်းမရှေ့တွင် ခေါ်၍ သံဆတ်ရာကို ကြည့်တော်မူ'' ဟု ဆိုလျှင်-

မင်းကြီးသည် အမတ်ကြီးသမီးကို ခေါ်စေ၍ ကြည့်သော် ဇော်ဂျီဆိုတိုင်းမြင်သောကြောင့် ပြင်းစွာသော အမျက်ထွက်၍ ''ဤစုန်းကြူးမသည် ပြည်နှင့်မတန်၊ မြင့်ရှည်စွာ နေသော် သားမြေး ပွားအံ့သည်၊ အသျှင်ဖြတ်လေ''ဟုအမိန့်တော်ရှိသည်ကို ဇော်ဂျီ ကြားသောကြောင့်-

''အရှင်မင်းကြီး မိန်းမကိုလည်းသေအောင် မသတ်အပ်၊ ပုဏ္ဏားကိုလည်း သေအောင် မသတ်အပ်၊ ရဟန်းကိုလည်း သေအောင် မသတ်အပ်ဖြစ်သောကြောင့် ပြည်နှင့် ဝေးသော အရပ်သို့သာ ပို့ပါစေ''ဟု ဆိုသော် ဇော်ဂျီဆိုတိုင်း ပို့စေ၏။

မင်းသားနှင့် အမတ်သားလည်း ထိုမိန်းမကို ယူ၍ မိမိတို့နေသော ပြည်သို့သွားကြလေ၏။

အခါတစ်ပါးသောနေ့၌ ထိုမိန်းမ မိဘသည် သမီး တစ်ယောက်တည်းသာ ရှိသည်ဖြစ်၍ အလွန်စုံမက်သဖြင့် သေခဲ့

ကုန်သည်၊ ထိုအမတ်လင်မယားသေရာ၌ မကောင်းမှုသည် အသူ့တွင် ရှိမည်နည်း။

ထိုပြည့်ရှင်မင်းသည် မစုံမစမ်းဘဲ အဆေးသဘောတလျှင် မိန်းမသယ်ကို အတင်းပြုကျင့်သောကြောင့် မကောင်းမှုသည် မင်းကြီးတွင်ပင် ရှိလေ၏။

* * *

## ပုဏ္ဏားသမီး အသက်ပြန်ရှင်ရာ၌ ရကောင်းသူ

၂

ရှေးသောအခါ ပုဏ္ဏားသမီး တစ်ယောက်သည် အသွင်အပြင်းလှသောကြောင့် ပုဏ္ဏားလုလင်သုံးယောက်သည် သမက်ပြုပါမည်ဟု အဘ ပုဏ္ဏားထံ လာကြသတည်း။

အဘပုဏ္ဏားလည်း ထိုလုလင်သုံးယောက်ကို သမီးပေးမည်ချည်း အာမခံသဖြင့် အစေအပါးခံ၍နေကြသတည်း။

အခါတစ်ပါးသောနေ့၌ ပုဏ္ဏားသမီးသေခဲ့သော် လုလင်တစ်ယောက်ကား "ထိုမိန်းမကြောင့် ငါ ကာလရှည်စွာဆင်းရဲခံ၍ ခစားသည်ကို ယခု မိန်းမသေသော် မိဘထံသို့ပြန်လျှင် အဘယ်အကျိုးရှိအံ့နည်း" ဟု ရွာပြည်တစ်ပါးလည့်၍နေလေသတည်း။

အဖော် လုလင်တစ်ယောက်ကား "မိန်းမကို မရငြား သော်လည်း အရိုးကိုမျှ လည်တွင် ဆွဲရစေ"ဟု ရေဖြင့်ဆေး ပြီးသော် အရိုးကိုလည်တွင်ဆွဲ၍ သွားလေသတည်း။

အဖော်လုလင် တစ်ယောက်ကား "မိန်းမကို မရသော် လည်း အကောင်ဖုတ်သော လုပ်တိုင်းကို တစ်နေ့သုံးခါကြည့် ၍ နေရစေ"ဟု ကြည့်၍ နေသတည်း။

ထိုသုံးယောက်တို့တွင် ပြည်ရွာတစ်ပါးလည်သော ပုဏ္ဏား တစ်ယောက်သည် အတတ်သင် ပုဏ္ဏားနှင့်တွေ့၍ ထိုပုဏ္ဏား အိမ်တွင် တည်းခိုနေသော် အိမ်ရှင်ပုဏ္ဏား ဂင်္ဂါဆိပ်သို့ သွား သည့်အခိုက် မယားထမင်းချက်စဉ်တွင် သားငယ်နို့စို့သည်ကို မခံနိုင်၍ သူငယ်ကို အပေါင် အဘီဖျက်ပြီးသော် စားဖိုတွင် ထမင်းချက်၍ နေ၏။

ထိုအကြောင်းကို ပုဏ္ဏားလုလင် မြင်၍ ထမင်းထည့်လာ သောအခါ ငါမစားပြီယု ငြင်း၏။ ပုဏ္ဏေးမလည်း "ငါ့ သားငယ်ကို အပေါင် အဘီဖျက်၍ ထမင်းချက်သည်ကို မြင် သောကြောင့် မစားလိုသလော" မေးပြီးလျှင် ကြည့်၍နေဟု ဆိုပြီးမှ အိမ်တွင်းသို့ဝင်၍ ကျမ်းတစ်ခုကို ယူပြီးသော် ကျမ်း တွင်ရှိသော မန္တရားကို ကြည့်၍ သူငယ်အရိုးကို စုပြီးသော် ရေဖျန်း၍ သူငယ်ကို ရှင်ပြန်စေ၏။

ထိုသို့ရှင်သည်ကို ပုဏ္ဏားလုလင်မြင်သော်"ဤမန္တရားကျမ်း ကို ငါရအောင် ခိုးပြီးမှ ငါ့မယားကို ငါရပြန်အံ့"ဟုကြံပြီး သော်အတတ်သင် ပုဏ္ဏားအိပ်ပျော်စဉ် ထိုကျမ်းကို ခိုးယူသွား ၍အထက်ကသေ၍ ဖုတ်လေသော ပုဏ္ဏားသမီးငယ် လုပ်တိုင်း

သို့ လာသည်တွင် ခရီးအကြား၌ ထိုမိန်းမအရိုးကိုလည်း၌ဆွဲ၍ သွားသော မုဏ္ဍားကို တွေ့ပြီးသော် အရိုးကိုယူ၍ ထိုမိန်းမကို ဖုတ်သောလုပ်တိုင်းထက်၌ အရိုးကို စု၍ ရေဖျန်းသောအခါ ခြေရိုး, လက်ရိုး, ကျောက်ရိုးတို့သည် ပကတိအတိုင်းဆက်ကြကုန်၏။

တစ်ကြိမ်ဖျန်းပြန်သော် အသွေး, အသား, အရေ, နား, မျက်စိ, နှာခေါင်းစသည် ဖြစ်ကုန်၏။

တစ်ကြိမ်ဖျန်းတုံသော် အသက်ရှင်၍အဝတ်အစားအတိုင်း နှင့်ဝတ်လျက် ပကတိ ထလေ၏။

ထိုလုလင် သုံးယောက်တို့တွင် ရေဖျန်းသော သူတည်း မယားဖြစ်ကောင်းသလော၊ အရိုးကို လည်း၌မပြတ်ဆွဲ၍သွားသောသူတည်း မယား ဖြစ်ကောင်းသလော၊ လုပ်တိုင်းတွင် မပြတ် တစ်နေ့သုံးခါ ကြည့်၍နေသောသူတည်း မယားဖြစ်ကောင်းသလော။

ထိုလုလင်သုံးယောက်တွင်ရေဖျန်းသောသူကား အဘလက္ခဏာနှင့် တူသောကြောင့် အဘသာဖြစ်ကောင်းသည်၊ အရိုးကိုလည်း၌ မပြတ်ဆွဲနေသော သူကား ဆယ်လပတ်လုံးကိုယ်ဝန်ဆောင်နေသောအမိလက္ခဏာနှင့် တူသောကြောင့် အမိအရာ၌ တည်ကောင်းသည်၊ တစ်နေ့ သုံးခါလုပ်တိုင်းကို ကြည့်၍နေသော သူသာ လျှင် လင်၏လက္ခဏာနှင့် တူသောကြောင့် လင်ဖြစ်ကောင်း၏။

* * *

## မိန်းမနှင့်ယောကျာ်းတွင် အပျက်သွန်သူ

၃

ရှေးသရောအခါ ပါဋလိပုတ်ပြည်၌ မင်းသား တစ်ယောက်သည် ကျေးမငယ်တစ်ခု, ဆက်ရက်ဖိုတစ်ခုကို ချိုင့်တွင်ထည့်၍ မွေးသတည်း။

ကာလရှည်လာသော် ကျေးမသည် ဆက်ရက်ဖိုကို ဥတု အခေါ်လျောက်မျိုးထူးလိုသောစိတ်ရှိသဖြင့် ဆိုသသည်။

ဆက်ရက်ဖိုလည်း "သံချိုင့်ထဲ၌ ကာလရှည်စွာနေရသော သူတို့သည် ဥတုအခေါ်လျောက် မျိုးထူးလိုသောသူသည် အဘယ်မှာရှိလတ္တံ့နည်း၊ မိန်းမဟူသမျှတို့သည် အသွန် ပျက်သည်" ဟုဆိုသောစကားကို ကျေးမငယ်ကြားသော် "ယောကျာ်းတို့သာမဆောင်သည်၊ ငါပုံတစ်ခု ဆိုအံ့။"

ရှေးသောအခါ မထုရာပြည်၌ ကုန်သည်ကြီး သားတစ်ယောက်သည်ကြွေအန်မပြတ်ကစားရာ ရှုံးဖန်များ၍ ဆင်းရဲလှသောကြောင့် တစ်ပြည်သို့ပြေးသွားလေရာဘွင် ထိုပြည်၌ရှိသော ကုန်သည်ကြီး သားတစ်ယောက်သည် ထိုလုလင်ကိုသမီးနှင့်ပေးစား၍ ကုန်ပြုစေသတည်း။

အခါတစ်ပါးသောနေ့၌ ထိုလုလင်သည် မယား၌ရှိသော အဝတ်တန်ဆာတို့ကိုယူလျက် မယားနှင့်တကွ သွားကြလေ

သော် ခရီးအကြား၌ အဝတ်တန်ဆာတို့ကို ချွတ်၍ယူပြီးသော် မယားကို စွန့်ပစ်၍ ပြေးလေသတည်း။

ထိုမိန်းမလည်း မိဘရှိရာပြန်၍ လင်၏ပြုကျင့်သော အဖြစ်မပြော, ခိုးသူ လုလေသည်ဟု ပြော၍နေသတည်း။

ထိုလုလင်သည် ထိုပစ္စည်းနှင့်ကြွေအန်ကစား၍ ကုန်ခဲ့ပြီးမှ "မယားသည် မိဘအိမ်သို့ မရောက်နိုင်ရာ, ငါသည် ယခုဆင်းရဲခဲ့ပြီ၊ ယောက္ခမ အိမ်သို့သွား၍ ပစ္စည်းနည်းများတောင်းချေအံ့"ဟု ကြံ၍သွားလေသော် မယားလည်း မိဘအထံ၌ရှိနှင့်၍ လင်ရောက်သည်ကို သိလျှင် အလွန်ဝမ်းသာလျက် ခြေဆေးရေကိုင်လျက် ထွက်လာသည်ကို မြင်၍ ရှက်ကြောက်သောကြောင့် ပြန်မည်ကြံသေသော် "ခရီးတွင်ဖြစ်သော အမှုကို မိဘအား ငါမပြော, မပြန်သေနှင့်"ဟု လက်ဖြင့် ခြေကိုကိုင်၍ ဆေးလျက်သင်ရောက်သောအကြောင်းကိုဝမ်းမြောက်စွာ မိဘတို့အားပြော၏။

သူဌေး လင်မယားလည်း သမက်ရောက်သည်ကို အလွန်ဝမ်းမြောက်လျက် ရှေ့သို့ခေါ်ပြီးသော် အထူးထူးသော အချိုအရသာနှင့် ထမင်းဟင်းကျွေးမွေးတည်ခင်း၍ ကာလအရှည်နေကြလေ၏။

တစ်နေ့သောနေ့၌ သူဌေးသားသည် မိမိတို့ အကျင့်ကိုမဖျောက်နိုင်သည်ဖြစ်၍ ပစ္စည်းဥစ္စာများစွာတို့ကို ခိုး၍ ပြေးပြန်လေသတည်း။

''ဤသို့ ပြုကျင့်လေသော ထုံးစံများကို ထောက်လျှင် ယောကျ်ားတို့ မတော်ဖြောင့်သည် မဟုတ်တုံလော''ဟုကျေး မဆိုသောစကားကို ဆက်ရက်ဖိုကြားသော်''မိန်းမတို့သဘော သာ မကောင်းသည်, မကောင်းဟန်ကား-''

ရှေးသောအခါ ကွမ်းသီးဥယျာဉ်သည် မယားသည်သူ တစ်ပါးနှင့် အပျက်အစီးရှိ၍ အိမ်သို့မတက်ဝံ့သောကြောင့် ဥယျာဉ်ထဲမှာ ပုန်း၍နေသည်ကို ခိုးသူတို့ခိုးမည်လာသည်တွင် မြင်၍လုံ့နှင့်သူခိုးတို့က တစ်ချက်ထိုးမိသည့် အသံကို ထိုမိန်းမ သိ၍အဆောတလျင် အနောက်ပေါက်က သက်ပြီးသော် လုံ ထိုးမိသောဖျက်သောယောကျ်ားခံတွင်းမှာ နှာခေါင်းအပ်၍ အသံမကြားအောင် ငိုစဉ်တွင် အသက်ပျောက်သောအခါ ခံ တွင်း စေ့မိလေ၍ မိန်းမနှာခေါင်းပြတ်လျက် ယောကျ်ား ခံ တွင်းထဲ၌ ရှိလေသော် မင်းသို့သွား၍''အရှင်မင်းကြီး အပြစ် မရှိဘဲအကျွန်ုပ်လင်သည် နှာခေါင်းကို လှီးခဲ့သည်''ဟုဆိုလေ သော်မင်းသည် မစုံစမ်းဘဲ ထိုယောကျ်ားကို အပြစ်ပေးမည် ပြုလျှင် ခိုးသူတို့ထွက်၍ အလုံးစုံ ပြောလျက်မိန်းမ နှာခေါင်း ဖျားကိုသူသေခံတွင်းမှ ထုတ်၍ပြလေမှ ထိုယောကျ်ားဘေးမှ လွတ်လေသည်။

''ဤသို့ အပြစ်မရှိဘဲလျက် လင်ကိုအပြစ်ပြုသည်လျှင်မိန်းမ မတော်မမှန်ကျင့်သည် မဟုတ်လော''ဟု ကျေးမငယ်နှင့်ဆက် ရက်ဖိုသည် မိန်းမ၏ မကောင်း, ယောကျ်ား၏ မကောင်း ခြင်းကိုထုံးသက်သေ ညွှန်ပြကြသည်။

ထိုယောကျ်ားနှင့် ထိုမိန်းမတွင် အသူလျှင် အပျက်လွန်သနည်း။

ထိုသူနှစ်ယောက်တို့တွင် ယောကျ်ားကား ခိုးတတ်သူသာဖြစ်သည်။ မိန်းမလျှင် အပျက်လွန်သည်။

* * *

အသက်အသေခံသူ, အသက်ရှင်စေသူရှိရာ

ကျေးဇူးကြီးသူ

၄

ရှေးသောအခါ သူရဲအတတ်၌ အကုန်တတ်သော သူရဲတစ်ယောက်သည် မိမိ အရှင်ပေးသော ပစ္စည်းဖြင့်ဝမ်းမဝနိုင်သည်ဖြစ်၍ မယားသားနှင့်တကွ တစ်ပြည်သို့သွားလေပြီးသော် ထိုပြည့်ရှင်မင်းကို ဤသို့နားတော်လျှောက်၏–

"အရှင်မင်းကြီး ကျွန်ုပ်မှာ ဝမ်းမဝ နိုင်သောကြောင့် ခြေရင်းတော်သို့ ရောက်ပေါက် မလာသည်၊တစ်နေ့လျှင်သပြာနှစ်ရာပေးမှ သားမယားနှင့်တကွ ဝမ်းဝနိုင်မည်"ဟုလျှောက်သော် မင်းကြီးလည်း ထိုသူဆိုတိုင်းပေး၍ ....

ကာလရှည်စွာ နေပြီးသော် တစ်နေ့သောနေ့၌ ညဉ့်သန်းခေါင် အခါဝယ် မင်းကြီး မပြတ် ပူဇော်သကာပြုသော ပရမိဿရာ နတ်သမီးသည် တကျုံကျုံ ငိုသည်ကို "အဘယ်

ကြောင့် နတ်သမီး ငိုသနည်း မေးချေ"ဟု ထိုသူရဲကို လွှတ်လိုက်ပြီးသော် မင်းကြီးလည်း သန်လျက်ကိုင်၍ ထိုသူ မသိရအောင် နောက်က လိုက်လေသော် သူရဲကြီးလည်း နတ်သမီးကို မေး၏။

နတ်သမီးလည်း "ဟယ်ယောကျ်ား မင်းကြီးသည် ယနေ့ ညဉ့်မိုးမသောက်ခင် သေအံ့သည်ကို မြင်သောကြောင့်ငိုသည်"ဟု ဆိုသော် "ဤသို့ဖြစ်လျှင် မသေအံ့သော အကြောင်းကို စီရင်ပါ" ဟု တောင်းပန်သတည်း။

"မသေစေလိုသော် တစ်သက် အဖို့တွင် သားယောကျ်ား တစ်ယောက်သာ မွေးသူ၏သား လည်ကိုဖြတ်၍ သွေးကို ငါ သောက်ရမှ အသက်ရှင်အံ့"ဟု ဆိုသော် ထိုသူရဲကြီးလည်း 'ငါသည် မင်းတွင် ကျွန်ခံလာသည့် နေ့ကစ၍ အသပြာ နှစ်ရာ ပေးသော ကျေးဇူးကား ဆိုဖွယ်ရာမရှိ၊ ငါ၏သား လည်ကို ဖြတ်၍ နတ်သမီးအား သွေးပေးရစေ၊ မင်းကြီးသာ အသက်ရှင်ပါစေ'ဟု အဆောတလျင် သားကို ယူခဲ့ပြီးသော် လည်ကိုဖြတ်၍ နတ်သမီးအား သွေးပေးလေသည်။

ထိုသူ့မယားလည်း သားသေသည်ကို မြင်၍ မိမိလည်ကို မိမိလက်ဖြင့် ဖြတ်၍ သေလေသည်။

ထိုယောကျ်ားလည်း သားနှင့်မယား သေသည်ကို မြင်၍ မိမိလည်ကိုဖြတ်၍ သေလေသည်။

ထိုသူ သုံးယောက် သေသည်ကိုမြင်သော မင်းကြီးလည်း "အံ့ဘွယ်သရဲ ရှိစွတကား၊ သူ့ကျေးဇူးကို သိတတ်သောသူတို့

တွင် ဤယောကျာ်းနှင့် တူသောသူမရှိ၊ ဤသို့သော သူဖြတ်နှင့်အတူမနေရဘဲအသက်ရှင်သဖြင့်အဘယ်အကျိုး ရှိအံ့နည်း" ဟု မိမိကိုင်သော သန်လျက်ဖြင့် မိမိလည်ကို ဖြတ်အံ့ဟု ကြံသည်ကို....

နတ်သမီးလည်း "ဟယ်မင်းကြီး၊ မင်းကြီး အသက်ရှင်စေလိုသော် အလိုရှိသော ဆုကိုတောင်းလော့" ဆိုလျှင်....

မင်းကြီးလည်း "တစ်ပါးဆုကို မလိုပြီ၊ ထိုသူ သုံးယောက်ရှင်ပြန်ခြင်းကိုသာ အလိုရှိသည်" ဆိုပေသော် နတ်သမီးလည်း ဦးခေါင်းသုံးလုံးကို ဆက်၍ ရေသွန်းလေသော် ရှင်ပြန်လေသတည်း။

လည်ကိုဖြတ်၍ ကျေးဇူးပြုသော သူတည်း အကျိုးကြီးသလော၊ အသက်ကို ရှင်ပြန်စေသော သူတည်း အကျိုးကြီးသလော။

အသက် ရှင်ပြန်စေသော သူသာလျှင် အကျိုးကြီး၏။

* * *

## လင်နှင့်မောင် ခေါင်းကိုယ်အဆက်မှားရာ လင်ဖြစ်ထိုက်သူ

၅

ရှေးသောအခါ သူကြွယ် တစ်ယောက်သည် သမီးနှင့် သမက်ကို ခေါ်ချေဟု သားယောကျာ်းကို စေ၍ ခေါ်လျက်

လာရာ ခရီးအကြားတွင် ပရမိဿရာ နဘ်သမီး အိမ်ကို တွေ့၍ မောင်နှင့် လင်ကား နတ်အိမ်ထဲသို့ဝင်၍ ပူဇော်၏၊မိန်းမကား ရေကန်တွင် ရေချိုး၍ နေလေသတည်း။

မောင်နှင့် လင်ကား နတ်ကို အလွန် သဒ္ဓါသောကြောင့် မိမိတို့လည်ကို ဖြတ်၍ သွေးဖြင့် ပူဇော်ကြကုန်၏။

ထိုမိန်းမသည်လည်း လင်နှင့် မောင်ကိုမြင်၍ မိမိလည်ကို ဖြတ်အံ့ဟု ကြံသော် နတ်သမီးလည်း "နင် လည်ကို မဖြတ်လင့်၊ မောင်နှင့် လင်ကို ရှင်စေလိုသော် နင် ကိုယ်ကို ဆက်၍ ထားချေ၊ ငါရှင်စေအံ့" ဟုဆိုသော စကားကို ကြားသော် ဝမ်းမြောက်သောကြောင့် အဆောတလျှင်ထ၍ လင့်ဦးခေါင်းကို မောင့်ကိုယ်နှင့် ဆက်မိလေသည်၊ မောင့်ဦးခေါင်းကို လင့် ကိုယ်နှင့် ဆက်မိလေသည်။

ထိုသူ နှစ်ယောက်တွင် အဘယ်သူ မောင် ဖြစ်ကောင်း သနည်း၊ အဘယ်သူ လင် ဖြစ်ကောင်းသနည်း။

ဦးခေါင်းရှိသော သူသာလျှင် လင်ဖြစ်ကောင်းသည်။

* * *

## အစွမ်းသတ္တိတူသူ သုံးဦးရှိရာ
## သမီးရထိုက်သူ

### ၆

ရှေးသောအခါ သာကေတမည်သော ပြည်ကို တင်ကိမည်သော မင်းသည် စစ်ထိုးအံ့ဟု ဝန်းရံသည်ကို ထိုပြည်၌ရှိသော ရှောက်သာ အမည်ရှိ ပုဏ္ဏားဆိုသတည်း "စစ်ထိုး သွားတော်မူသော ကာလရှည်အောင် နေခဲ့လျှင် သူကသော်လည်း မခေါက်မအား ရှိတတ်၏၊ ငါတို့သော်လည်း အကြံမမြောက် ရှိတတ်၏"

သို့ဖြစ်သောကြောင့် တတ်သိ လိမ္မာသော မင်းစေ တစ်ယောက်ကိုလွှတ်၍ "အရှင်မင်းကြီး၏ ဗိုလ်ပါ ဆင်မြင်းသည် ကား များ၏၊ ငါတို့ဗိုလ်ပါ ဆင်မြင်းကား နည်း၏၊ နည်းငြားသော်လည်း ငါတို့မှာ မြို့နှင့်ဖြစ်၍ အဆောတလျင် မနိုပ်စက်နိုင်ရာ၊ ယခုလည်း မိုးလေကာလ ရောက်ပြီ ဖြစ်သောကြောင့် ပြည်တော်သို့ ပြန်တော်မူပါ၊ မိုးလေ စဲသည့်ကာလ ကြွတော်မူပါ"ဟု စေလိုက်၏။

ထိုစကားကိုကြားလျှင် တင်ကိမည်သော မင်းသည်"ယခုလည်း နိုင်မည်ပင်၊ နောင်လည်း နိုင်မည်ပင်"ဟု ပြန်သွားလေသတည်း။

တစ်ဘက်ရန်သူ သွားသောအခါ ပုရောဟိတ်ပုဏ္ဏားကို မင်းကြီးခေါ်၍ အမတ်ကြီး အရာ ပေးလေ၏။

ပုဏ္ဏားလည်း 'တန်ခုစ်ခန့်လျှင် ရန်သူကို ကွာရုံပြုကာနှင့် ကျေးဇူးကိုသိ၍ အမတ်ကြီးအရာကို ပေးသည်၊ ရန်သူ စစ် မထိုးရအောင် ကြံသည့်ရှိသော် ငါ့အား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း'ဟု မပြတ်အောက်မေ့၍ နေသတည်း။

ထိုပုဏ္ဏား၌လည်း သမီးတစ်ယောက်ရှိသည်၊ အခါတစ်ပါး သောနေ့၌ အမျိုးမြတ်သော လုလင်တစ်ယောက်သည် ပုဏ္ဏား သမီးကို စေဆိုလာသော်....

"ယောကျ်ား မည်ဆန်းကို ငါမပေးစား၊ ၁-ကောင်း သောသူကို ကောင်းအောင် ပြုနိုင်မည်, ၂-မကောင်းသော သူကိုလည်း ကောင်းအောင် ပြုနိုင်မည်, ၃-စစ်ထိုးခြင်း၌ လိမ္မာမည်- ဤသို့သော လက္ခဏာ သုံးပါးနှင့် ပြည့်စုံသော သူကိုသာ သမီးပေးစားအံ့"ဟု ဆိုပေ၏။

ထိုပုဏ္ဏားလုလင်သည်"သုံးပါးလုံးကို ငါ တတ်နိုင်၏"ဟု ဆိုပေ၏။

"ယင်းသို့တပြီးကားကောင်း၏"ဟု အာမခံလျှင် ထို လုလင်သွားလေ၍ မမြင့်ခင် ပုဏ္ဏားလုလင်တစ်ယောက်လာ၍ သမီးကို တောင်းပြန်၏။ ထိုသူကို ဆိုမြဲအတိုင်း ဆိုလျှင် လုလင်လည်း "သုံးပါးလုံးကို တတ်နိုင်၏"ဟု အာမခံသော် "ကောင်း၏"ဟု ခွင့်လွှတ်၍သွားလေလျှင် မမြင့်ခင်ပင်လုလင် တစ်ယောက် လာပြန်သည်ကိုလည်း ဆိုမြဲအတိုင်း ဆို၏။

အခါတစ်ပါးသောနေ့၌ "ငါသည် လုလင်သုံးယောက် လုံးကို သမီးပေးမည် ဆိုခဲ့လေပြီ၊ ယင်းသို့ဆိုသည် ဖြစ်ခြင်း

သော်လည်း လုလင်သုံးယောက်ကို စုံစမ်းရစေ'ဟု လုလင်တစ်ယောက်ကိုခေါ်၍ "ငါ့သမီးကိုလိုသော် ငါ၏ရန်သူဖြစ်သော မင်း၏ ဦးခေါင်းကိုဖြတ်၍ ယူချေ"ဟု စေလိုက်၏။ လုလင်သည်သွား၍ မိမိ အတတ်ပညာဖြင့်ထိုမင်း၏ဦးခေါင်းကို ဖြတ်၍ ယူခဲ့၏။

လုလင်တစ်ယောက်ကို ခေါ်၍ဆို၏။ "ငါ့သမီးကိုလိုသော် ခရီး၌ မပြတ်စောင့်၍ နေသော လူသား စားတတ်သော ဘီလူးလည်ကို ဖြတ်၍ ယူချေ"ဟု စေလိုက်၏။ ထိုလုလင်သည် မိမိအစွမ်းဖြင့် ဘီလူးလည်ကိုဖြတ်၍ ယူခဲ့၏။ လုလင်တစ်ယောက် ခေါ်ပြန်၍ "ငါ့သမီးလိုသော် ဤမည်သော အရပ်၌ အခိုးအလျှံလွှတ်လျက် လူတို့ကိုညှဉ်းဆဲတတ်သော နဂါး၏လည်ကို ဖြတ်၍ယူချေ"ဟု ဆို၏။ ထိုလုလင်သည်မိမိ၏ပညာအစွမ်းအားဖြင့် ထိုနဂါး၏လည်ကို ဖြတ်၍ယူခဲ့၏။

ထိုလုလင် သုံးယောက်တို့သည် တစ်နေ့တည်းရောက်လာကြသတည်း၊ ထိုပုဏ္ဏား သမီးကို မည်သူ ရထိုက်သနည်း။

အလျင်ရောက်သောသူလျှင် ရထိုက်သည်။

## သည်းခံတတ်သူ လေးဦးရှိရာ

## သည်းခံမှု လွန်သူ

## ၁

ရှေးသောအခါ သူကြွယ်တစ်ယောက်၌ အဆင်းလှသော သမီးတစ်ယောက် ရှိသတည်း။

ထိုသမီးသည် ၁၆-နှစ်မြောက်သောအခါ သားယောကျ်ား ကိုလွှတ်၍ သမီးဖို့ လင်ရှာစေသည့်တွင် ကုန်သည်ကြီးသား ကို ရ၍ အမြဲ အချက်ဆိုပြီးမှ ထိုယောကျ်ားနှင့် အမည်တူ သော လုလင်တစ်ယောက်လာ၍ သမီးကိုပေးပါ ဆိုလာ သော် သူကြွယ်လည်း "ငါက အပြီးဆိုခဲ့လေပြီ၊ ငါ့သမီးအလို ရှိက ရမည်"ဟု ဆိုလျှင် ထိုလုလင်သည် သတို့သမီးရှိရာသို့ သွား၍ လှည့်ပတ်လေလျှင် ထိုမိန်းမသည် "မိဘစကားကို မလွန်သာ၊ သစ္စာ စကား တစ်ခွန်း လုလင်ကို ငါဆိုမည်။ ထိမ်းမြားမင်္ဂလာပြုသည့်နေ့တွင် မောင်လုလင့်ရှိရာသို့ ငါလာ မည်"ဟု စကားမြဲစွာ ဆိုလိုက်၏။

အခါတစ်ပါးသောနေ့၌ ထိမ်းမြားပြီးသောအခါ ထို ညဉ့်အိပ်အံ့သောအချိန်တွင် လင်ကို ရိုသေမြတ်နိုးစွာရှိခိုးပြီး သော်"အရှင် ငါ၏မောင်နှင့် အမည်တူသောလုလင် တစ် ယောက်ကို ငါ မောင်ဟူ၍ သစ္စာပြုသည်ဖြစ်သောကြောင့် နှုတ်ဆက်ရုံခဏမျှ ခွင့်လွှတ်ပါ"ဟု တောင်းပန်ပြီးမှ အဝတ်

တန်ဆာဆင်လျက် ညဉ့်သန်းခေါင်အခါတွင် ထွက်သွားပြီး ခရီးအကြား၌ ခိုးသူတစ်ယောက်တွေ့၍ ဖမ်းလေသော်-

သတို့သမီးက "အရှင် အဝတ်တန်ဆာကို ချွတ်ဘိသည် ရှိသော် သူ့အိမ်သို့ မသွားရဘဲ ရှိအံ့သည်။ မသွားချေက ကလည်း ငါ ရှေး၌ ဆိုမိသောသစ္စာစကား ချွတ်ချဲ့ပေမည် ဖြစ်သောကြောင့် တစ်ခဏမျှ ငါ့ကိုသည်းခံပါ၊ ပြန်လာသော အခါမှ အဝတ်တန်ဆာ အလုံးစုံကို ယူပါ"ဟု ဆိုသော်-

ခိုးသူလည်း "ပြန်လာမည်ဖြစ်က သွားလေတော့" ဟု ခွင့်ပြုလိုက်၍ သွားလေလျှင်-

လူသားစားသော ဘီလူးတစ်ယောက်နှင့် တွေ့ပြန်၍ ထို ဘီလူးကိုလည်း ခိုးသူအား ဆိုသကဲ့သို့ ပြန်မှ စားပါဆို၍ ခွင့်လွှတ်လိုက်သောကြောင့်-

ထိုလုလင်အိမ်သို့ ရောက်လေ၍ အလုံးစုံသော အကြောင်း ကို ပြန်သော် "ကိုယ်၏ သစ္စာစကားမှန်ပေ၏၊ အကျင့်သာ မကောင်းသည်၊အဘယ်ကြောင့်နည်းဟူမူကား မိဘပေးစား၍ လင်ဟု ရှိပေလျက် ငါရှိရာ သစ္စာ ပြေမည်လာသည်ကို ဆို သည်၊ ယခုဒနေ့ကစ၍ ငါ့နှမရင်းမှန်၏။ လင်ရှိရာ သွားပေ" ဟု လွှတ်လိုက်၏။

သတို့သမီးသည် ပြန်လာ၍ ဘီလူးထံ ရောက်လာလေသော် ဘီလူးလည်း "မိန်းမငယ် အလွန် သစ္စာစကား စောင့်ပေ သည်၊ ငါမစားကောင်းချေ"ဟု လွှတ်လိုက်လေ၏။

ထိုမိန်းမလည်း သွား၍ သူခိုးရှိရာ ရောက်ပြန်လေသော် "သစ္စာစကား အလွန်မှန်ပေသည်" ဟု အာတ်အစားကို မယူဘဲ လွှတ်လိုက်၏။

ထို လေးယောက်သော သူတို့တွင် မည်သူသျှင် သည်းခံခြင်းနှင့် ပြည့်စုံသနည်း။

> သူ့ဥစ္စာကို ခိုးတတ်သူကား စိတ်မကောင်း၊ ခိုးရှိသာ အသက်မွေးသောသူ ဖြစ်သည်ကို များစွာသော အဝတ်တန်ဆာတို့ကို မြင်လျက် မယူဘဲ လွှတ်သော ခိုးသူသည်သာလျှင် သည်းခံခြင်းနှင့် ပြည့်စုံသောသူ မည်၏။

* * *

အနံ့အရောင် ထိ၍ မိန်းမော ရာ သိမ်မွေ့သူ

၈

ရှေးသောအခါ သုဘုက္ကာ မည်သော ပြည်၌ မမွှဥဇု မည်သော မင်းသည် မင်းပြုသတည်း။ ထိုမင်း၌ မိဖုရား သုံးယောက် ရှိသတည်း။

တစ်ခါတစ်ပါးသောနေ့၌ မင်းသည် မိဖုရားကြီးနှင့်တကွ နေစဉ် နားနှစ်ဘက်တွင် ကြာညို တစ်ဖက်တစ်ပွင့် ပန်

သတည်း။ ထိုပန်းအနံ့သည် မိဖုရား ကိုယ်၌ ထိလေလျှင် မိဖုရား မိန်းမောသတည်း။

မိဖုရားတစ်ယောက်ကား ကျောက်သလင်း အရောင်ထိ၍ ထို့အတူ မိန်းမောလျက် ရှိလေသတည်း။

မိဖုရားတစ်ယောက်ကား လရောင်ထိ၍ မိန်းမော ရှိလေသတည်း။

ထိုမိဖုရား သုံးယောက်တွင် မည်သည့် မိဖုရားက သိမ်မွေ့သနည်း။

ကြာညိုပန်းနံ့ထိ၍ မိန်းမောသော မိဖုရားသည် အလွန် သိမ်မွေ့၏။

* * *

## အမတ်ကြီး သေဆုံးရာ အပြစ်ရှိသူ

၉

ရှေးသောအခါ ရတနာပုရ ပြည်ကို အစိုးရသော မင်းသည် အမတ်ကြီးအား ပြည်ရွာကို ဆောင်နှင်းခဲ့၍ တစ်ပါးသော မင်း၏နိုင်ငံသို့ သွားလေ၍ အထူးထူးသော အစီအရင်ကို ကြည့်အံ့သောငှာ သုံးနှစ်ပတ်လုံး သည်၍ နေသတည်း။

ထိုအခိုက် ပြည်စောင့်ထားသော အမတ်ကြီးသည် ပြည်ရွာတို့ကို ဖျက်ဆီးခြင်း, မျိုးမတ်တို့ကို ဖျက်ဆီးခြင်း အစရှိသည်တို့ကို ပြုနှင့်သတည်း။

မင်းကြီး ပြန်လာလတ်သော် အပြစ်ကို အလွန်ကြောက်သည်ဖြစ်၍ မင်းအား ခွင့်တောင်းလျက် အမတ်ကြီးသည် သိန်းဃုဝိဠ်ကျွန်းသို့ သွားလေသော်ခရီးအကြား၌ သူဌေးကြီး တစ်ယောက်သည် ပရမိဿရာ နတ်သမီးကို ကောင်းမွန်စွာ ပူဇော်သက္ကာပြုသည်ကို မျက်ရည်ယိုလျက် ကြည့်၍နေ၏။

သူဌေးလည်း "အဘယ်ကြောင့် ငိုကြွေးသနည်း" မေးသော် "သင်ကဲ့သို့ ပူဇော်သက္ကာနတ်တို့အား ပြုပါသည်ကို ငါ့အား နတ်ကမမပါသောကြောင့် စိုးရိမ်ဗျာပါ များစွာ ရှိရသည်ကို ဝမ်းကွဲသောကြောင့် ငိုသည်"ဟု ဆို၏။

"ယခု အဘယ် အရပ်သို့ သွားအံ့နည်း"ဟု မေးလျှင်-

"သိန်းဃုဝိဠ်ကျွန်းသို့ သွားအံ့"ဟု ဆိုသော်-

"ငါလည်း ရှေ့ငါးရက် အင်္ဂါနေ့၌ သင်္ဘောစီး၍ သိန်းဃုဝိဠ်ကျွန်းသို့ သွားအံ့, ငါနှင့်အတူသွားရစေ"ဟု သွားကြလေသော် သမုဒ္ဒရာအလယ်၌ ကျွန်းတစ်ခုတွင် ရွှေပင် တစ်ပင်အောက် နတ်သမီးတစ်ယောက်ကို မြင်၍ ဖမ်းယူအံ့ဟု သက်လေသော် နတ်သမီးရေသို့ ဆင်းပြေးလေသည်။

လိုက်၍ ရှာသော် မရသောကြောင့် ထိုအမတ်ကြီး သိန်းဃုဝိဠ်သို့ ရောက်လသော်အထူးထူးအပြားပြားကိုမြင်ပြီးမှ သူဌေးကြီးအား "ရတနာပုရနေပြည်သို့ရောက်အောင်ပို့ပါ" ဟု များစွာ တောင်းပန်သောကြောင့် သင်္ဘောနှင့်ပို့၍ ရောက်ပြန်လေလျှင် ထိုပြည့်ရှင်မင်းလည်း "ကိုယ် အဘယ်အရပ်သို့ ရောက်ချေသနည်း၊ မည်သို့သော အထူးအပြားကို တွေ့မြင်ခဲ့သနည်း"ဟု မေးသော်-

"အရှင်မင်းကြီး အထူးမြင့်သည်ထက်ကျွန်းဘစ်ခုဘွင် ရွှေပင် တစ်ပင်အောက်၌ နတ်သမီးတစ်ယောက်ကို မြင်ခဲ့သည်ကား ထူ ၍ အလွန်လှ၏"ဟု အလုံးစုံကို လျှောက်လေသော်-

"ယင်းသို့ တပြီးကား ထိုအရပ်သို့ငါသွားအံ့"ဟု မင်းကြီး သင်္ဘောစီးလျက် လိုက်လေသော် ရှေးက မြင်ခဲ့သော ရွှေပင် တစ်ပင်အောက်တွင်နေသော နတ်သမီးကို မြင်ပြန်၍ ဖမ်းအံ့ဟု ကြံလေသော် ရေတွင်ငုပ်၍ နေလေလျှင် မင်းကြီးသည် လေး သန်လျက်ကိုင်လျက် နတ်သမီးငုပ်သော အရပ်တွင် ငုပ်လေ သော် နတ်သမီးလည်း၍ ကြည့်သည်တွင် မင်းကြီး နောက်က လိုက်သည်ကို မြင်၍-

"အဘယ်သူနည်း"ဟု မေးလေသော်-

"ငါကား လူမည်ဆန်းမဟုတ်၊ ရတနာပုရပြည်ကို အစိုးရ သောမင်း"ဟု ဆို၏။

"ယင်းသို့ တပြီးကား ငါနှင့်အတူနေလိုသော် ငါဆို သောစကားတစ်ခွန်းကို သည်းခံနိုင်မှ ငါနှင့်အတူနေရမည်" ဆိုသော်-

မင်းကြီးလည်း "အဘယ်စကားနည်း၊ ဆိုဘိလော့" ဟု ခွင့်ပေးလျှင်-

"လတိုင်း လတိုင်း လဆုတ် လေးရက် တစ်ခါစီ လိုရာ အရပ်သို့သွားရပါမည်ကို သည်းခံနိုင်မှသာ မင်းကြီးစကားကို လိုက်နာမည်" ဆိုသော်-

မင်းကြီးလည်း "ကောင်းပြီ"ဟု အာမခံလျက် သုံးလ ပတ်လုံး အတူနေသောအခါ၌ လဆုတ် လေးရက် တစ်ခါစီ မင်းအား ခွင့်တောင်းလျက် ပျောက်ခဲ့သတည်း။

အဆုံးသောနေ့၌ မင်းကြီး သန်လျက်ကိုင်၍ နောက်က အမှတ်မထင် လိုက်လေသော် နတ်သမီး အရှင်ကို ဘီလူးတစ် ယောက် မျိုလေသည်ကို မြင်လေသော် ဘီလူးလည်ကို လျင်စွာ ဖြတ်ပြီးသော် ဝမ်းကို ဖောက်၍ ကြည့်လျှင် မယားကို အရှင် ရ၍-

"အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်း" မေးသော်-

အရှင်မင်းကြီး သမုဒ္ဒရာထဲ၌ရှိသော ဘီလူးသည် လဆုတ် လေးရက် တစ်ခါစီ ညဥ့်ကမျိုပြီးမှ မိုးသောက်သောအခါ၌ ဖင်က အရှင်ကျစေသည်၊ ဤသို့ဘာဝ ၂နှစ်တိုင်အောင် ငရဲ ခံပြီးမှ ရတနာပုရမင်းသည် သင့်လင်ဖြစ်၍ ထိုမင်းသည် ထို ဘီလူးလည်ကို ဖြတ်ပြီးမှ ထိုငရဲကလွတ်၍ ငါရှိရာလာစေသ တည်းဟု ဘေးကြိမ်သောအကြိမ်ကျသောကြောင့် ငါ့ကိုဘီလူး မျိုသည်၊ ယခုနေလျှင် ကြိမ်သော အကြိမ် ပြည့်သောကြောင့် ငါသွားပါလေအံ့၊မင်းကြီးမူကား ဝဲခနောင်းထက်ဘင် ထိုင်မှ ရေခနောင်းတွင်ရှိသော သဘော်ာထက် ရောက်ပြန်လေအံ့" ဟု ဆိုပြီးမှ ခဏချင်း သေခဲ့၍ အဘနတ်မင်း အထံသို့ ရောက်လေ သတည်း။

မင်းကြီးလည်း ထိုနတ်သမီးဆိုဘိုင်း ရေခနောင်းထက်ဆိုင် ပြီးသော် သဘော်ာထက်သို့ တက်လေသတည်း။

မင်းကြီး သန်လျက် ကိုင်လျက်ပေါ်လာသည်ကို အမတ်ကြီး မြင်နှင့်သော် ဆေးစား၍ သေလေသတည်း။

ထိုအမတ် သေသော ရေသည် မှည်သူတွင် ရှိသနည်း။

အမတ်ကြီးသည် ရှေးကသည် ပြည်ရွာကို စွဲလမ်းမိသည်တစ်ကြောင်း, နတ်သမီးကို မရ ဘဲ လက်ချည်း ပေါ်လာ သည်ကို မြင်လျှင် တဏှာ လောဘအားကြီးသည်တစ်ကြောင်း, သေနှင့်သည်၊ ထိုရေသည် အမတ်ကြီးတွင်သာ ရှိလေသည်၊ မင်း၌ အပြစ်မရှိ။

※ ※ ※

## ပုဏ္ဏားအဆိပ်စား၍ သေရာ အပြစ်ရှိသူ

## ၁၁

ရှေးသောအခါ ကုသုမာမည်သောပြည်၌ ပုဏ္ဏားလင် မယားနှစ်ယောက်သည် အသွန်အဆင်းလှသောကြောင့် မိဘ နှစ်ပါးတို့သည် အကြံပြု၍ ရွာနှင့် မနီးသော ရေကန်နား၌ ပြာသာဒ်တစ်ခုလုပ်၍ ထားသတည်း။

အခါတစ်ပါးသော နေ့၌ ပုဏ္ဏားလုလင်ငယ်သည် ဈေးချိုး သွားလေသော် ကောင်းကင်ပြင်က ပြာသာဒ်ချင် စီး၍ သွား

သော နွတ်သားတစ်ယောက် မြင်၍ ပုဏ္ဏေးမယ်ကို သူခပ်သိမ်းတို့ မသိရအောင် ပြာသာဒ်ထက် တင်၍ ယူလေသတည်း။

ပုဏ္ဏားလုလင် ရေချိုး၍ ပြန်လာရာ မယားကို မမြင်သောကြောင့် လူးလျက် ငိုသည်ကို တစ်ယောက်သော သူမျှ မည်သူ ယူသွားသည်ကို မသိသောကြောင့် မိဘဆွေမျိုးတို့သည် များစွာဆိုငြားသော်လည်း မနေ၊ မယားကို ရှာမည်ဟု စော်ဂျီရှပ်ဆောင်လျက် ဖုန်းစားခွက်လက်စွဲလျက် ပြည်တိုင်းရွာတိုင်းကို လှည့်ပတ်၍ရှာများလသော် ပုဏ္ဏား တစ်ယောက်နှင့်တွေ့၍ ထိုစော်ဂျီညိုးပါးခြင်းကို မြင်သဖြင့် အလွန် သနားသောကြောင့် အိမ်သို့ခေါ်ပြီးလျှင် မိမိ စားဖို့သားသော ထမင်းကို စော်ဂျီဖုန်းစားခွက်တွင်ထည့်၍ လွှတ်လိုက်သတည်း။

ထိုစော်ဂျီလည်း ခေတ္တ အရပ်သို့သွား၍ အိုင်တစ်ခု အပါးတွင်ရှိသော သစ်ပင်အောက်၌ ထမင်းခွက်ကိုထား၍ ဦးခေါင်းဆေးမည်ဟု သက်စဉ်တွင် ကျီးနက် အစ်ခု ထမင်းကို စားမည်ကြံစဉ် သစ်ပင်ထက်၌ရှိသော မြွေဟောက် တခုသည် ခွပ်သတ်သတည်း။ ထိုမြွေဟောက်စားသော ပါးစောင် နှုတ်သက်မှ အဆိပ်ရောသော မြွေအညို့သည် ထမင်းခွက်ထက် ကျလေသတည်း။ ပုဏ္ဏားလုလင်သည် ဦးခေါင်းဆေးပြီး၍ ထမင်းကို စားသောကြောင့် သေလေသတည်း။

ထိုသူသေသော အပြစ်ကား မယားတွင် ရှိသလော၊ နွတ်သားတွင် ရှိသလော၊ ထမင်းပေးလိုက်သော ပုဏ္ဏားတွင် ရှိသလော၊ မြွေဟောက်တွင် ရှိသလော။

နတ်သားသည်ကား မယားကိုသာ ခိုးလေသတည်း။ သေစေလိုသော စိတ်မရှိ၊ ထမင်းပေးသော ပုဏ္ဏားလည်း မွတ်သိပ်သည်ကိုမြင်သောကြောင့်သာ ပေးသည်။ အဆိပ်ထည့်၍ပေးသည်မဟုတ်။ မြွေဟောက်လည်း ကျီးနက်ကိုသာ ခွပ်သည်။ ထမင်းထက် အဆိပ်ကျစေလိုသောစိတ်ရှိသည်မဟုတ်။ ကျီးနက်သေသည့်အကြောင်းကို မြင်လျက်-အဆင် အခြင်မရှိစားသောကြောင့် ထိုသူတွင်သာ အပြစ်ရှိသည်။

* * *

သူဌေးသမီး ခိုးသူကိုဖက်သေရာ

အပြစ်ရှိသူ

၁၁

ရှေးသောအခါ ရတနာပုရမည်သော ပြည်၌ ခိုးသူ တစ်ယောက်သည် မပြတ်ခိုးပြီးသော် မင်းကစသော တစ်ပြည်လုံး၌ရှိသောသူတို့၏ ရွှေ, ငွေ, အဝတ်တန်ဆာ, ကျွန် သမီးတို့ကိုခိုး၍ လူမနီးသော အရပ်၌ ရှာပြု၍ နေသတည်း။

ခိုးသူ စစ်သော် မရနိုင်သောကြောင့် မင်းအား ကြားပေသတည်း။ မင်းကြီးလည်း ငါရအောင်ကြံအံ့ဟု နှစ်ရာချ

လောက်သော သူရဲတို့ကို အချို့ကား ဇော်ဂျီအရုပ်, အချို့ကား သိလ္လရှိသော ဒိတင်းသည် အရုပ်, အချို့ကား ပုဏ္ဏား အရုပ်၊ ဤသို့ အထူးထူး အပြားပြား ပြုစေပြီးမှ မိမိကား သညာသီ(ရသေ့)အရုပ် ဆောင်ပြီးမှ တပြည်တစ်ရွာကလာ သော ပရဒေသီ အဟန်ပြု၍ နေ့ညမပြတ် လှည့်လည် နေသ တည်း။

မင်းကြီးသည်တစ်နေ့ကား ဇော်ဂျီ,တစ်နေ့ကားသညာသီ, တစ်နေ့ကား 'ပုဏ္ဏား–ဤသို့ချည်း အထူးထူး တန်ဆာဆင်၍ လာသူကို မြင်ဖန်များလျှင် ခိုးသူဖြစ်တန်သည်ဟု ကြံ၍ နှုတ် ဖြင့် "ကိုယ် အသူနည်း" ဟု မေးသော် ထိုခိုးသူသည် "အရှင် သညာသီငါကားလူမည်ဆန်းမဟုတ်၊ တစ်ပြည်ကို အစိုးရသော မင်းတည်း။ ငါ၏ပြည်ကိုလိုက်၍ ငါ့စည်းစိမ် ချမ်းသာကို ကြည့်ပါလေ" ဟု မင်းကြီးအား ခေါ်သွားပြီးသော် ထိုအရပ် ၌ မြေ့ရာ သလွန်ထက် အိပ်စေ၍ ရှေးကမင်းကြီး နန်းတော် ထဲတွင် ခိုး၍ ယူလာသော မိန်းမတစ်ယောက်ကို ခြေဆုပ် ယပ်ခပ်ဟု အပ်၏။

မင်းကြီးအသံကို ထိုမိန်းမသိ၍ "အရှင်မင်းကြီး ဤခိုးသူ အိမ်ကို အဘယ်ကြောင့် လာတော်မူသနည်း၊ ပြည်တော်တွင် ရှိသော အဝတ်တန်ဆာ ဥစ္စာရွှေငွေသည် ဤရွာတွင်သာ ရှိလေသည်၊ မိုးမသောက်ခင် ထွက်၍ သွားလေ" ဟု ဆို၏။

မင်းကြီးလည်း အဆောတလျင် သွားပြီးသော် မိမိအဖော် သူရဲတို့ကိုခေါ်၍ သူခိုးကို ဖမ်းပြီးလျှင် သူသတ် အမှုကိုတံကျင် လျှိုလေဟု အပ်လိုက်သတည်း။

ပြည်အလုံးတွင်ရှိသော သူကောင်း သူနှပ်တို့သည် သူခိုးကို တံကျင်လျှိုရာ အရပ်၌ သွား၍ ကြည့်ကြကုန်သောကြောင့် သူဌေးသမီးလည်း ကြည့်လေသော် ထိုမိန်းမကို ခိုးသူ မြင်သောအခါ ချစ်စေတတ်သော မန္တရားကိုရွတ်၍ ချစ်အောင် ကြံလေလျှင် မိန်းမငယ်သည် အဘခြေနှစ်ဘက်ကို ဦးခေါင်းဆိုက်လျက် "ဤသူခိုးကို လင်ပြုပါရစေ"ဟု တောင်းပန်၏။

သူဌေးလည်း သမီးချစ်သောကြောင့် မင်းသို့သွား၍ "အရှင်မင်းကြီး ခိုးသူကို အကျွန်ုပ်သမက် ပြုလိုပါသည်။ ထိုခိုးသူနှင့် ကိုယ်လေး ငွေကိုသော်လည်း ယူတော်မူပါ။ ရွှေကိုသော်လည်း ယူတော်မူပါ"ဟု တောင်းပန်သည်ကို မင်းကြီး အမျက်ဘော် ရှိသည်ကို သူဌေးသိ၍ အဆောတလျင် သွားလေပြီးသော် ခိုးသူကို တံကျင်လျှိုလေသတည်း။

မိန်းမငယ်လည်း ခိုးသူကိုဖက်၍ ငိုပြီးသော် သေခဲ့သတည်း။

မိန်းမငယ် သေရာ၌ မကောင်းမှုသည်ကား မင်းတွင် ရှိသလော၊ ခိုးသူတွင် ရှိသလော။

ထိုမင်းသည် ခိုးသူကိုသာ ကွပ်သည်၊ မိန်းမငယ်ကို သေစေလိုသော စိတ်မရှိ၊ ခိုးသူသည် မိန်းမငယ်ကို ချစ်စေအံ့သောငှာ မန္တရား စုတ်သောကြောင့် ခိုးသူတွင်သာ မကောင်းမှု ရှိသည်။

* * *

## ရှင်စေသော မန္တရားစုတ်ရာ မရှင်ခြင်းအကြောင်း

၁၂

ရှေးသောအခါ ဥဇ္ဇေနီ မည်သော ပြည်၌ ပုဏ္ဏား သူကြွယ်တစ်ယောက်နှင့် သားယောကျ်ား တစ်ယောက်သာ ရှိသတည်း။ ထိုသားအရွယ်သို့ ရောက်သောအခါ၌ ပုဏ္ဏားလင်မယားနှစ်ယောက် သေဆုံးခဲ့၍ ထိုဥစ္စာ အလုံးစုံကို ပုဏ္ဏားသားတစ်ယောက်တည်းသာ ရသည်။

အခါတစ်ပါးသော နေ့၌ ထိုဥစ္စာ အလုံးစုံကို ခိုးသူခိုး၍ ပုဏ္ဏားလုလင် စိုးရိမ်ကြောင့်ကြများသဖြင့် မိန်းမောလျက် ပုဏ္ဏားငယ် ဤသို့ ဆို၏။

"ငါ့ကို ဤအချပ်မှ မြစ်နားသို့ ဆောင်ယူပါ၊ ထိုမြစ်ရေကို ချိုးရမှ အသက်ရှင်အံ့"ဟု ဆိုသော် လူများတို့သည်း မြစ်နားသို့ ပို့ထားသော်လျှင် ထိုမြစ်နားတွင်ရှိသော ဧော်ဂျီ တစ်ယောက်သည် မြင်၍ ဤလူ၏ အဘ ငါ့တွင် ကျေးဇူးအများတင်ပေသည် ဖြစ်သောကြောင့် ရေထဲ၌နေ၍ ကြည့်သော် မြင်နိုင်သောအတတ်, သေသောသူကို ရှင်ပြန်စေတတ်သောအတတ်, အသက်ရှည်အံ့သောအတတ် မန္တရားကို သင်၏။

ထိုမန္တရားကို စုတ်၍ ရေထဲ၌ ကြည့်သော် အလုံးစုံကိုမြင်၍ ရေထဲသို့ ဝင်သေပြီးသော အသူရကာယ်ဓာ ဘဝ်ယောက်ကို မယားပြု၍ ကာလရှည်စွာ နေလေသတည်း။

အခါတစ်ပါးသောနေ့၌ ထိုအသူရကာယ်မကို နဂါးတစ်ခုခွပ်လာ၍ သေခဲ့သတည်း။ ထိုလုလင် မယားသေသည်ကို မြင်သော် စိုးရိမ်ခြင်းများစွာရှိသည်ဖြစ်၍ ထိုင်လျက် မျက်စိမှိတ်ရာတွင် ထိုမန္တရားပေးသော ဇော်ဂျီလာ၍ မန္တရားကိုလှတ်သော် မယား အသက်ရှင်မည် ဆိုလာသောကြောင့် သင်သော မန္တရားကို စုတ်၍ ရေဖျန်းသော် မယား အသက်ရှင်ပြန်လေသတည်း။

ထိုသူငယ် လင်မယားနှစ်ယောက်တို့သည် မြေပြင်ဘက်သို့ ရောက်သောအခါ မယားက နတ်သမီးဖြစ်သောကြောင့် ခဏချင်း ပျောက်သွားသည်း။ ထိုလုလင်သည် သူ့ကောင်တစ်ခုကိုမြင်၍ မန္တရား စုတ်မြဲ စုတ်သော် သူကောင်မရှင်ဘဲ ရှိသတည်း။

မန္တရား စုတ်လျှင် သေသောသူ ရှင်မြဲဖြစ်လျက် ထိုသူကောင်မရှင်၊ ဘယ့်ကြောင့် မရှင်သနည်း။

ထိုမန္တရားကို မန်းကာနှင့် သေသောသူ ဟူသမျှ ရှင်စေတတ်သည် မဟုတ်၊ ရှင်ထိုက်သော ကြမ္မာရှိသူသာ ရှင်သည်။

* * *

# ခိုးသူ၏သားကို မင်းမြှောက်ရာ ကျေးဇူးကြီးသူ

## ၁၃

ရှေးသောအခါ သူကြွယ်တစ်ယောက်သည် အဆင်းလှသော သမီးတစ်ယောက် ရှိသတည်း။

ထိုသူကြွယ် သေဆုံးသောအခါ၌ အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို သုံးစားပျောက်ပျက်ကုန်လျှင် သူကြွယ်မယားနှင့် သမီးသည် တောင်းစား ဖုန်းစားပြု၍ စားရလေရာတွင် မင်းက အမျက်ထွက်၍ တံကျင်လျှိုလေသော် တံကျင် တိုင်ဖျားထက် ပုဆိုးအထပ်များစွာ စုလျက် ထိုင်၍နေသောသူခိုး အပါးသို့ရောက်၍ အပါးတွင်စောင့်နေသော သူကို ထမင်းတောင်းအံ့ဟု ချဉ်းလေသော် သမီးငယ်ကို သူခိုးမြင်သောအခါ "အသပြာ ငါးရာပေးအံ့၊ သမီးကို ငါ့အားပေးပါ" ဆိုသော်-

"ကိုယ်ကား တံကျင်တိုင်မှာ နေရသည်ကို အသပြာ ငါးရာ ဘယ်မှာ ရှိအံ့နည်း။ ဤတံကျင်တိုင်ဖျားကအဘယ်ကာလ လွတ်ပါအံ့နည်း"ဟု မေးလေသော် ထိုသူခိုးလည်း များစွာသော လှည့်ပတ်ခြင်းတို့ဖြင့် ယုံအောင်ဆိုပြီးမှ မိုးသောက်သောအခါ တံကျင်တိုင်ဖျားမှ သက်လေ ပြီးသော် အသပြာ ငါးရာပေး၍ ထိုမိန်းမငယ်ကို မယား ပြုလေသတည်း။

အခါတစ်ပါး ထိုမိန်းမငယ်သည် ကိုယ်ဝန် တည်သော အခါ ခိုးသူသေခဲ့သတည်း။ မိန်းမငယ်လည်း ကိုယ်ဝန်ဖွား အံ့သော ကာလ မင်းရင်ပြင်သို့သွား၍ မဖွားနိုင်ဘဲ ရှိသော် ပုရောဟိတ် ပုဏ္ဏားလာလတ်သည်ကိုမြင်၍- "အရှင်ပုဏ္ဏား ကိုယ်ဝန် မဖွားနိုင်သည်ကို အဘယ်သို့ ပြုအံ့နည်း"ဟု မေးသော်-

"အထူးထူးသော နတ်တို့အားလည်း ပူဇော်လော့၊ ရတတ် သမျှကိုလည်း ယခုနေ့ ရေစက်ချ၍ ပုဏ္ဏား, ဇော်ဂျီ, တပသီ တို့အားလည်း လှူပါလေ"ဟု ဆိုသတည်း။

မိန်းမလည်းထိုပုဏ္ဏားဆိုသည့်အတိုင်း ပြုလေသော ခဏ၌ ဖွားလေသတည်း။ မင်းကြီးသည် အလုံးစုံကို နန်းတော်က မြင်၍ အဘယ်ကြောင့်နည်းဟု မေးစစ်၍ အကြောင်းကို သိ လေသော် ထိုဖွားသော သူငယ်ကို သားအဖြစ်ဖြင့်ယူ၍ မွေး စားလေသတည်း။

အခါတစ်ပါးသောနေ့၌ မင်းကြီး လွန်တော် မူခဲ့သော် တစ်ပါးသောသားမရှိသောကြောင့် ထိုသူငယ်ကိုမင်းမြှောက် လေသတည်း။

ထိုသူငယ်တွင်ခိုးသူသည် ကျေးဇူးကြီးသလော၊ ကိုယ်ဝန် ကို ဖွားအောင်ပြုသော ပုဏ္ဏားသည် ကျေးဇူးကြီးသလော၊ မင်းဖြစ်အောင်စီရင်သော သူတည်း ကျေးဇူးကြီးသလော၊ ဤသုံးယောက်တို့တွင် အသူ ကျေးဇူးလွန်သနည်း။

ပုဏ္ဏားကား ကိုယ်ဝန်ဖွားအောင် စီရင်ပေးသော ကြောင့် ဆေးသမားမည်သည်၊ မင်းကြီးကား မင်း

အဖြစ်သို့ ပေးသောကြောင့် စည်းစိမ်ချမ်းသာပေးသော ကျေးဇူးရှင် မည်ရာသည်၊ ခိုးသူကား အသက်သေငြားသော်လည်း ထိုသူငယ်အမိကို "အကြောင်းပြု၍ မရနိုင်ရာသော အသပြာ ငါးရာ ရှာကြံပေး၍ မယား ကိုယ်ဝန်ပြည့်ကို စုံမက်လျက်ပင် သေလေသည် ဖြစ်သောကြောင့် အဘဖြစ်သော သူသာ ကျေးဇူးကြီးခြင်း လွန်သည်။

* * *

## သတ်မည်ပြုစဉ် ရယ်ရာ ရယ်ခြင်းအကြောင်း

၁၄

ရှေးသောအခါ စိတ္တဂုတ္တမည်သော ပြည်၌ စန္ဒဂုတ္တမည်သောမင်းသည် သမင် ကစားလေရာတွင် မြင်းတစ်စီးနှင့် တစ်ယောက်တည်း တောလွန်၍ တောကြီးထဲတွင် အိုင်တစ်ခုကို တွေ့လေသော် ကျေးငှက်တိရစ္ဆာန်တို့ လည်းကောင်း၊ ရသေ့ဇော်ဂျီ တပသီတို့လည်းကောင်း မှီဝဲကုန်သတည်း။

ထိုအိုင်၌ မင်းကြီး ရေသောက်ပြီးသော် အနံ့ရှိသောပန်းတစ်ခုကိုမြင်လျှင် သွား၍ ကြည့်သောအခါ အဆင်းလှသော ရသေ့သမီးတစ်ယောက်ကိုမြင်၍ ပြောဟောစဉ်တွင် အဘဖြစ်သော ရသေ့ရောက်လာ၍ အတွေ့ခံပြီးလျှင် "ရှင်ရသေ့

သမီးကို ငါ့အားပေးပါ၊ ခပ်သိမ်းသော မောင်းမတို့ထက် မိဖုရား အရာထားအံ့''ဟု တောင်းပေလေသော် ရသေ့လည်း ''ကောင်း၏''ဟု မင်းအား ဆောင်နှင်းလိုက်၏။

သတို့သမီးကို မြင်းထက်၌တင်လျက် လာသောအခါခရီး အကြားတွင် မသွားနိုင်သောကြောင့် ညောင်ပင်အောက်၌ အိပ်လေသော် သန်းခေါင်အခါ ဘီလူးတစ်ယောက် လာ၍ ''ငါနေသော အရပ်သို့ကိုယ်တိုင် မြင်းနှင့်တကွ သုံးပါးစုံ ရောက်သောကြောင့် မြင်းကို အလျင်စားပြီးမှ ကိုယ်တို့ လင် မယားကို နောက်မှ စားအံ့''ဟု ဆိုလျှင်–

မင်းကြီးလည်း ပြင်းစွာ ကြောင့်ကြ ရောက်သည်ဖြစ်၍– ''ငါတို့ ကိုယ်စား သူတစ်ပါးကို ပေးအံ့''ဟု ဆိုသော်–

''ယင်းသို့ တပြီးကား လူမည်သာန်းကို ငါ မစားလို၊ တစ်သက်ဖို့တွင် သားယောကျ်ား တစ်ယောက်တည်းသာ မွေး သော သားနှင့် လင်မယားစုံကိုရပြီးမှ အဘကိုကား လက်နှစ် ချောင်းကို ကိုင်စေ၊ အမိကိုကား ခြေကို ကိုင်စေ၊ ထိုသို့ ပြီးမှ သားငယ်ကို မင်းကြီး သန်လျက်နှင့် ဦးခေါင်းကိုဖြတ်၍ သွေးကို ငါသောက်ရမှ မင်းကြီးကို ငါလွှတ်အံ့''ဟုဆိုသော်–

မင်းလည်းကောင်း၏ဟု အာမခံပြီးမှ အကျိန် ကြီးစွာဆို၍ ပြည်သို့ ရောက်သော် ခပ်သိမ်းသော သူတို့ကို မည့်ဦးဆဲတဲ– ''တရားသဖြင့် အသက်မွေးသော သူတို့တွင် တစ်သက်ဖို့၌ သားယောကျ်ားတစ်ယောက်တည်းသာ မွေးသော သူတို့သည် ကျိုးစွာ အသပြာတစ်ထောင်ယူ၍ သားကို ငါ့အား ရောင်း

ပါ''ဟု ဆင်ထက်တင်လျက် ကြေးမောင်း ခတ်စေသော် အသက်ကြီးသော မိဘနှစ်ပါးကို လုပ်ကျွေး၍နေသော ပုဏ္ဏား လုလင်တစ်ယောက်ကြား၍ ဤသို့ကြံ၏။

''ဤဥစ္စာဖြင့် ငါ့ဖ ငါ့မိ အသက် မွေးရခြင်းလည်း တစ်ပါး, ပြည့်ရှင်မင်း အသက်ရှင်ခြင်းလည်းတစ်ပါး, ဘီလူးသည် ငါ့အသားကိုစား၍ ရောင့်ရဲခြင်းလည်းတစ်ပါး ဤသို့ အကြောင်းသုံးပါးဖြင့် သေရခြင်းသည်သျှင် ရှင်သောထက် မြတ်၏''ဟု အမှတ်ရှိ၍–

''ငါလျှင် တစ်သက်ဖို့၌ သားယောကျ်ား တစ်ယောက် တည်းသောသား''ဟူ၍ ဥစ္စာ ထုပ်ကို ယူပြီးသော် မိဘတို့အား ပုဆစ်တုပ်၍ ဤသို့ဆို၏။

''ဤ ဥစ္စာကိုကား မိခင် ဖခင်တို့ မသေသရွေ့ အသက် မွေးပါကုန်၊ ငါကား မင်းကြီးကိုယ်စား သေလေအံ့''ဟုဆို၍ အဝတ်အစားလဲ၍ မင်းချင်းတို့နောက် လိုက်လေသတည်း။

မင်းကြီးလည်း ထိုသူ၏ အမိအဖတို့ကိုခေါ်၍ တောသို့ လိုက်လေပြီးသော် အဘကား လက်နှစ်ဖက်ကို ကိုင်စေ, အမိ ကား ဆံပင်ကို ကိုင်ပြီးမှ မင်းကြီးလက်နှင့် သန်လျက်မြဲစွာ ကိုင်ပြီးသော် ဤသို့ဆို၏။

''ဟယ် ပုဏ္ဏားလုလင် ငါကား ကိုယ့်သည်ကို ဖြတ်အံ့သည် မချွတ်ရာ၊ ကိုယ်သည် ရဘနာသုံးပါး, မိခင် ဖခင်တို့ကို ကိုး ကွယ်၍ အဖြောင့်ယူလေ''ဟု မင်းကြီးဆိုသော စကားကို ပုဏ္ဏားလုလင်ကြားသော် ဟက်ဟက်သည်းစွာ ရယ်သတည်း။

ထိုသို့ရယ်သည်ကို ဘီလူးကြားလေသော် "ပုဏ္ဏားလုလင်ကား လူမည်ဆန်း မဟုတ်ချေ၊ သူတော်ကောင်း ဖြစ်အံ့သည်၊ ငါကား သံသရာက မကောင်းမှုများစွာ ပြုခဲ့ဖူးသောကြောင့် ယခုဘီလူးဖြစ်သည်။ ဤပုဏ္ဏားလုလင်ကို ငါစားသော် အလွန်မကောင်းမှု ရှိချေအံ့သည် ဖြစ်သောကြောင့် ပုဏ္ဏားလုလင်ကိုလည်း ငါမစားပြီ"ဟု လွှတ်၏။

"မင်းကြီးကိုလည်း ငါလွှတ်၏"ဟု ဆိုသော စကားကို ကြားသော် မင်းကြီးဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ပြည်တွင်းသို့ ပြန်လေသတည်း။

ပုဏ္ဏား လင်မယားလည်း ဘီလူးကို ကောင်းချီးပေးလျက် သားကိုယူ၍ ဝမ်းမြောက်ဝမ်းသာ အိမ်သို့ပြန်လေ၏။

ထိုပုဏ္ဏား လုလင်သည် အဘယ်ကိုမြင်၍ ရယ်သနည်း။

ပုဏ္ဏားရယ်သည်ကား တစ်ပါး မဟုတ်၊
သတ္တဝါတို့၏သဘောသည်ကား သေအံ့သော
ဘေးရောက်လေသော် မိဘတို့ကို ကိုးကွယ်မြဲ၊
ယခုမှာ အမိလည်းဆံကိုကိုင်ပြီး, အဘသည်း
လက်ကိုကိုင်ပြီး, မိဘဖြစ်တုံလျက် သို့စင်ပြုကျင့်
သည်ဟု အရေးဆောင်ရမည်လည်းမင်းလည်း
သန်လျက်ကိုင်၍ သတ်မည် နေလာပြီ၊ ဘီလူး
လည်း သွေးကို သောက်မည်ဟု နေလာပြီ၊

ငါ ကိုးကွယ်စရာ တစ်ယောက်မျှ မရှိပြီဟု
ပုဏ္ဏား လုလင်စိတ်က မှတ်သဖြင့် ဟက်ဟက်
ရယ်သည်။

* * *

## သမီး တောင်းသူ နှစ်ဦးရှိရာ

## သမီး ရသိုက်သူ

## ၁၅

ရှေးသောအခါ ဟာဇလမည်သော ပြည့်ရှင်မင်း၏ သမီးကို အရှေ့ပြည်က နေသော မင်းသားတစ်ယောက်, အနောက်ပြည်က နေသော မင်းသားတစ်ယောက်- ထိုနှစ်ယောက်တို့သည် မင်း၏သမီးကို လိုသည်ဟု နံနက် ခစားလာကြပြီးသော် ညချမ်းအခါမှ နေ့တိုင်း ပြန်သွားကြလေသတည်း။

ထိုမင်းလည်း နှစ်ယောက်လုံးကိုပင် သမီးမပေးဘဲ ကာလမြင့်အောင်နေသတည်း။ မင်းသားနှစ်ယောက်ကား အရည်အသွေး အတတ်ပညာ အစွမ်းသတ္တိ အမျိုးအနွယ် အလုံးစုံတူကြ၏။

မည်သူလျှင် ထိုမယားကို ရသိုက်သနည်း။

မင်းသားနှစ်ယောက် မယား ရပါစေဟု
နေ့တိုင်း ခစားလာသောအခါ၌ ဆင်းရဲ

သော သူသည်လျှင် မယားကို ရထိုက်ကောင်း သေသည်၊ မည်သူ ဆင်းရဲသနည်း ဟူသော် အနောက်ပြည်က နေသောသူသည် နံနက်လာ သော အခါ၌လည်း နေနှင့် ရင်ဆိုင်, သွား သောအခါ၌လည်း နေနှင့်ရင်ဆိုင် သွားလာရ သဖြင့် ထိုသူလျှင် ဆင်းရဲသောကြောင့် မိန်းမ ကို ရကောင်း၏။

* * *

အနန္တသိသူ သုံးဦးရှိရာ

ထူးလွန်သူ

၁၆

ရှေးသောအခါ သုစိတ္တာမည်သော ပြည်၌ မဟောသရ မည်သောမင်းသည် မင်းပြု၏။ ထိုမင်း၌ နေသော လုလင် သုံးယောက်သည် တစ်ပြည်သို့ သွား၍ မင်း၌ ခစားလေသော် "ကိုယ်တို့ အဘယ်အတတ်ပညာကို တတ်သနည်း" ဟု မေး လျှင်....

တစ်ယောက်က "မိန်းမလက္ခဏာကို တတ်၏" ဟုဆို၏။

တစ်ယောက်က "အစားကို သိတတ်၏" ဟု ဆို၏။

တစ်ယောက်ကား "ကွမ်း၏လက္ခဏာကို သိတတ်၏"ဟု ဆို၏။

ထိုစကားကို မင်းကြီးကြားသော် အဆင်းလှသော ကျွန်မ တစ်ယောက်ကို ကောင်းမွန်စွာ အဝတ်တန်ဆာ ဆင်စေပြီးသော် မင်းကြီး စားတော်ခေါ်သော ဆန်နှင့် စားတော်ကွမ်းရွက်ကို ထိုမိန်းမလက်တွင် ထည့်လိုက်၏။ ထိုမိန်းမလည်း အမတ်ကြီးလက်တွင် ထည့်လိုက်ပြီးသော် ထိုသူသုံးယောက်တို့ကို ထမင်းချက်၍ ထည့်လေစေ၏။

သုံးယောက်သော သူတို့တွင် တစ်ယောက်သော သူကား "ဤထမင်းချက်သော ဆန်သည် စပါးပွင့်ကြွေ၍ ဟလျက်ရှိသောအခါ၌ စပါးပင်အပါး၌ သူကောင်ဖုတ်သောမီးခိုးသည် စပါးလုံးထဲသို့ ဝင်လေသောကြောင့် လူသား ကျက်စော်နံသည်၊ ဤဆန်ကို မင်းအိမ်က ထုတ်ခဲ့သလော"ဟုဆိုသတည်း။

တစ်ယောက်သော သူကား "ဤကွမ်းရွက်သည် ကွမ်းပင်အပါးတွင် အမျှား ရေချိုးအိမ်ရှိသောကြောင့် မစင်နံ့နံသည်၊ ထိုကွမ်းရွက် မင်းအိမ်က ထုတ်ခဲ့သလော"ဟု ဆိုသတည်း။

တစ်ယောက်သောသူကား "ဤထမင်းကိုချက်သော မိန်းမသည် ကိုယ်ဝန် ဖွားသောအခါ ခဏချင်း အမိသေသည်ဖြစ်သောကြောင့် အလွန်ဆင်းရဲသူဖြစ်၍ နို့မစို့ရတတ်၍ ဆိတ်နို့ကိုစို့သောကြောင့် ဤမိန်းမ အလုံးစုံသည် ဆိတ်နံ့နံသည်၊

ထိုသို့သော မိန်းမယုတ်ကို မင်းတွင် အသုံးပြုသလော” ဟု ဆို၏။

ထိုစကားကို မင်းကြီးကြားသောအခါ စပါးလုပ်သော ယောကျ်ားကို ခေါ်၍ မေးသော် ထိုယောကျ်ား ဆိုသော စကားနှင့် အဆိုညီ၏။

ကွမ်းရွက် ဆက်သောသူကိုခေါ်၍ မေးသော်လည်း ထို ယောကျ်ားဆိုသောစကားနှင့်အဆိုညီ၏။

မိန်းမ၏အဘကို ခေါ်၍ မေးသော်လည်း ထိုယောကျ်ား ဆိုသောစကားနှင့် အညီဆို၏။

မင်းကြီးကား ထိုသူသုံးယောက်ကို ပညာရှိဟု ပူဇော် သကာပြု၍ လွှတ်၏။

ထိုသူသုံးယောက်တို့တွင် မည်သူ ပညာ လွန်သနည်း။

ထမင်းအနံ့ကို သိတတ်သော သူလျှင်သိမ်မွေ့သောပညာရှိ၏။

*  *  *

သမင်အကြောင်းသိသူ လေးဦးရှိရာ

ထူးလွန်သူ

၁၇

ရှေးသောအခါ ဂန္ဓာလရာဇ်မည်သော ပြည်၌ နေသော မင်းသားတစ်ယောက်၊ အမတ်သားတစ်ယောက်၊ သူဌေးသားတစ်ယောက်၊ ပုဏ္ဏားသားတစ်ယောက်- ထိုလေးယောက်တို့သည် ဘက္ကသိုလ်ပြည်သို့ အတတ်ပညာ သင်အံ့ဟု သွားကြလေသော် ခရီးအကြား၌ မင်း၏သမင်ကို စောင့်သော သူတို့သည် သမင်ပျောက်၍ ရှာစဉ်တွင်-

မင်းသားသည် "ဤသမင်ကား သမင်ကြီးခြေရာတည်း" ဟု ဆို၏။

အမတ်သားကား "ဤသမင်ခြေရာသည် သမင်မခြေရာ" ဟု ဆို၏။

သူဌေးသားကား "ဤသမင်ခြေရာသည် ကိုယ်ဝန်ဆောင်သော သမင်ခြေ" ဟု ဆို၏။

ပုဏ္ဏားသားကား "ဤသမင်ခြေရာသည် လက်ျာမျက်စိကန်းသော သမင်ခြေရာ" ဟု ဆို၏။

ထိုသူ လေးယောက်တို့တွင် ဆိုသောစကားကို သမင်ရှာသောယောက်ျားတို့ ကြားသောအခါ ပျောက်သော မင်း၏

သမင်နှင့် ထိုသူတို့ ဆိုသောစကား ညီသောကြောင့် "ဤသူတို့သည် မင်း၏သမင်ကို ခိုးသည်"ဟုမင်းအားဆက်လေ၏။

မင်းကြီးလည်းထိုသူတို့ကို မေးစစ်သော် "သမင်ခိုးမဟုတ်၊ သမင်၏ခြေရာကိုမြင်လျှင် သိသောကြောင့် ငါတို့ဆိုသည်"ဟု လျှောက်လတ်သော် မင်းကြီးလည်း "အဘယ်အကြောင်းနှင့် သမင်ခြေရာကို သိသနည်း"ဟု မေးသော်-

မင်းသားက "သမင်ခြေရာကို မြင်သောကြောင့်သိသည်" ဟု လျှောက်၏။

အမတ်သားက "သမင်ခြေရာ မြေ၌ ဖရိုဖရဲ ရှိသည်ကို မြင်၍ သိသည်"ဟု ဆို၏။

သူဌေးသားကား "နောက်ခြေနှစ်ဘက်အရာသည် မြေ၌ ဝင်သည်ကို မြင်သောကြောင့် သိသည်"ဟု ဆို၏။

ပုဏ္ဏားသားကား "လက်ဝဲဘက်က မြက်ကိုသာ စားရာ ရှိသောကြောင့် သိသည်"ဟု ဆို၏။

ထိုသို့ ဆိုစဉ်တွင် ပျောက်သော သမင် ရကြောင်းကို လျှောက်လေ၏။ မင်းကြီးလည်း သက်သာခြင်း ပျောက်၍ ဤသူတို့ကို ပညာရှိပေ၏ဟု ပူဇော်သက္ကာပြု၍ လွှတ်လိုက်၏။

ထိုသူ လေးယောက်တို့တွင် မည်သူ ပညာလွန်သနည်း။

ကိုယ်ဝန်ရှိ၏ ဆိုသော သူသာလျှင် ပညာ လွန်သည်။

## မိန်းမော၍ လဲကြရာဌ် အကြောင်းရင်း

၁၈

ရှေးသောအခါ ပုရာမည်သော ပြည်၌ မုဋ္ဌရိမည်သော မင်းတွင် သမီးတစ်ယောက်ရှိ၏။ ထိုသမီးကို မင်းကြီး လင်မယားသည် အလွန်ချစ်၏။ မင်းသမီးကို အဘဖြစ်သော မင်းကြီးသည် မိမိတို့နှင့် အမျိုးအနွယ်တူသော မင်းသားကို မတွေ့နိုင်သည်ဖြစ်၍ အမတ်ကြီးသားနှင့် ပေးစားလေ၏။ ထိုသူ လင်မယား နှစ်ယောက်တို့သည် သူ ခပ်သိမ်းတို့ထက် လွန်၍ ချစ်ကြသတည်း။

အခါတစ်ပါးသောနေ့၌ လင်သည် မိဘအိမ်သို့ သွားသည် အခိုက် ပုဏ္ဏားလုလင် တစ်ယောက်လာ၍ မင်းသမီးကို ဘိသိက်မြှောက်၏။ မင်းသမီးနှင့် ပုဏ္ဏားသည် မျက်စိကြည့်လျက် မိန်းမော၍ နှစ်ယောက်စုံ လဲခဲ့၏။

လင်ဖြစ်သော အမတ်ကြီးသားသည် မိဘအိမ်က လာသောအခါ မြောက်သားတော် အလိုမိန်းမော၍ လဲခဲ့သည်ဟု ကျွန်မတို့ ဆီး၍လျှောက်လျှင် ခဏချင်း မိန်းမော၍ လဲပြန်လေသတည်း။

ထိုအခါ ပရမိဿရာ နတ်သမီးမြင်၍ အဆောတလျင် လာလျက် ရေဖျန်းကာမှ ထိုသုံးယောက် အသက် ရှင်ပြန် လေသတည်း။

ထိုသူ သုံးယောက်တို့ အဘယ်ကြောင့် လဲကြသနည်း။

ထိုသူ သုံးယောက်တို့တွင် မင်းသမီးနှင့် ပုဏ္ဏား ကား ရာဂဟူသော မီးသည် ကိုယ်အလုံးစုံ လောင် သောကြောင့် နူးညံ့သော သစ်ညွန့်သည် မီးအရှိန် သင့်သောခဏ၌ ညှိုးခြင်း ရှိသကဲ့သို့ မိန်းမောခြင်း ရှိကြကုန်သည်။ လင်ဖြစ်သော အမတ်ကြီးသားကား ချစ်ခြင်း တဏှာကြောင့် လဲလေသည်။

* * *

## ပုဏ္ဏား လေးဦး သေဆုံးရာ အပြစ်ရှိ မရှိ

## ၁၉

ရှေးသောအခါ မဓုရာ ပြည်၌ ပုဏ္ဏားဆင်းရဲ တစ်ယောက် တွင် သားယောကျ်ားလေးယောက် ရှိသတည်း။ ထို သားတို့ သည် ဖုန်းစား ဘောင်းစားပြု၍ မိဘကို မွေးလေသော် မိဘ တို့လည်း ဝမ်းမဝနိုင်၊ ထိုသူတို့လည်း ဝမ်းမဝနိုင် ဖြစ်သော ကြောင့် အခါတစ်ပါးသောနေ့၌ ထိုသား လေးယောက်တို့ သည် စုဝေး၍ အဘပုဏ္ဏားအား "ငါတို့ နောင် အသက် ရှည်စွာ အသက်မွေးရအောင် အကြံပေးပါ-"ဟု ဆိုကြကုန် သော် ပုဏ္ဏားကား "ပစ္စည်းဥစ္စာ မရှိသောကြောင့် အကြံ ပေးအံ့ငှာ မတတ်နိုင်"ဟု ဆိုသတည်း။

"ယင်းသို့ဘပြီးကား ပစ္စည်းဥစ္စာရအောင် အကြံပေးပါ" ဟု ဆိုပြန်လေသော် ပုဏ္ဏားလည်း သားတို့ကို ဤသို့ဆို၏။

"သစ်ပင်ရိပ်ကို မှီခိုကလည်း ကြီးစွာသော သစ်ပင်ရိပ်ကို မှီခိုလေ၊ တောင်ကို မှီခိုကလည်း ကြီးစွာသောတောင်ကို မှီခိုလေ၊ လူကို မှီခိုကလည်း ပညာရှိသောသူကို မှီခိုလေ" ဟု အကြံသုံးပါး သားတို့ကို ပေးပြီးမှ ကာလမပြင့်ခင် အမိနှင့် အဖ သေခဲ့သတည်း။

ပုဏ္ဏား ညီအစ်ကို လေးယောက်တို့သည် ဆင်းရဲသောကြောင့် တစ်ယောက်ကို တစ်ယောက် မချစ်ကြဘဲ အရပ်လေးမျက်နှာသို့ သွား၍ တောင်းစား ဖွန်းစားလျက် စားကြလေသော် ထိုသူ လေးယောက်တို့တွင်–

တစ်ယောက်သော သားကား အဘစကားကို အောက်မေ့၍ ညောင်ပင်ကြီး တစ်ပင်အောက်၌ အလှူခံ၍ ရသမျှသော ခဲဖွယ် စားဖွယ်တို့ကို ချက်ပြုတ်ပြီးသော် ညောင်ပင်ကြီးကို အဦးတင်ပြီးမှ မိမိ စား၏။ တတ်အားသမျှလည်း တောင်းပန်၏။ ပန်းနှင့်လည်း အပင်ရင်းက ပူဇော်၏။ သွားသော်လည်းကောင်း ရောက်သော်လည်းကောင်း လက်ဆယ်ချောင်းတို့ဖြင့် ပူဇော်၍ နေသတည်း။

အခါတစ်ပါးသော နေ့၌ ညောင်ပင်စောင့်သော နတ်သည် ကိုယ်တိုင်ပြ၍ "ဟယ်ပုဏ္ဏား အဘယ်ကြောင့် ဤသို့ဝင်ပြုသနည်း" ဟု မေးသော်–

"ဥစ္စာကို လိုသောကြောင့် ပြုပါသည်"ဟု ဆိုသော်-

"ယင်းသို့တပြီးကား အလိုရှိသောအခါ ဤမန္တရားကို စုတ်၍ မြေတစ်ဆုပ်ကို ကိုင်လျက် မန်းသော် ရွှေဖြစ်၏" ဟု မန္တရားကို သင်ပေးသတည်း။

တစ်ယောက်ကား အဘမှာတိုင်း တောင်ကြီးတစ်ခုတွင် နေ၍ အလှူခံရာက ရတတ်သမျှကို ကောင်းမွန်စွာ ချက်ပြီး ဘော် စားဦးသောက်ဦးနှင့် တောင်ကို ပူဇော်၍ ရတတ်သမျှ ကြည်းပန်း ရေပန်းတို့ကို တောင်ခြေရင်း၌ ပူဇော်လျက် သွားသော်လည်းကောင်း, ရောက်သော်သည်းကောင်း လက် ဆယ်ချောင်းဖြင့် တောင်ကို ပူဇော်လျက် နေသတည်း။

အခါတစ်ပါးသောနေ့၌ တောင်စောင့်နတ် ကိုယ်တိုင်ပြု လျက် "အဘယ်ကြောင့် ဤသို့ ပူဇော်သနည်း" မေးသော် "ဥစ္စာကို လိုသောကြောင့် ပူဇော်သည်" ဆိုပေ၏။

"ယင်းသို့ တပြီးကား ဤမန္တရားကို စုတ်၍ လက်ဖျစ်တီး လျက် ကြီးစွာသော တောင်ကိုခေါ်သော်လည်း ပုဏ္ဏားရှိရာ သို့ ရောက်လာရအံ့"ဟု မန္တရားကို ပေး၍ လွှတ်လိုက်၏။

တစ်ယောက်သော ပုဏ္ဏားကား အဘမှာတိုင်း ပညာရှိ တစ်ယောက်ကို မပြတ် လေးစား၏။ အခါတစ်ပါးသောနေ့၌ "အဘယ် အလိုရှိ၍ ခစားသနည်း" မေးသော်-

"ဥစ္စာကိုလိုသောကြောင့် ခစားပါသည်" ဆိုသော်-

"ယင်းသို့ တပြီးကား ဥစ္စာ ငါ့တွင် မရှိသောကြောင့် မပေးနိုင်၊ ဤမန္တရားကို စုတ်၍ လောင်းလျှင် အတတ်ဟူသမျှ ရှုံးအံ့သည်" ဟု မန္တရားကို ပေး၍ လွှတ်လိုက်သတည်း။

တစ်ယောက်သော ပုဏ္ဏားကား အဘဆိုတိုင်း ပညာရှိ ဇော်ဂျီ တစ်ယောက်ထံတွင် ကာလရှည်စွာ ခစား၍ နေလေသော် "အဘယ်ကို အလိုရှိ၍ ခစားသနည်း" မေးလျှင်–

"ဥစ္စာကို လို၍ ခစားပါသည်"ဆိုသော်–

"ဥစ္စာကိုကား ငါမပေးနိုင်၊ ဤမန္တရားကို မန်း၍ ရေကို ဖျန်းက သေသောသူ ရှင်ပြန်သည်"ဟု မန္တရားကို ပေး၍လွှတ်လိုက်၏။

ထိုပုဏ္ဏားလေးယောက်တို့သည် တစ်ဖန်လာပြန်၍ ရှေးက နေသောအိမ်ရာတွင် အိမ်ဆောက်ကြ၍ နေပြီးသော် ပုဏ္ဏား တစ်ယောက်သည် ဆရာဆိုတိုင်း မန္တရားကို စုတ်လျက် မြေတ ဆုပ်ကို ကိုင်လေသော်ရွှေဖြစ်၏။ ထိုရွှေဖြင့် စားသောက်ကြ၍ နေကြလေသော်–

အခါတစ်ပါးသောနေ့၌ "တစ်ယောက် အတတ်ကိုကား ငါတို့သိရပြီ၊ ငါတို့တတ်သမျှအတတ်ကို ယခုပြကြရသော် မကောင်းလော"ဟု တိုင်ပင်၍ "ပြကြရကောင်း၏"ဟု ဆိုသော်–

အစ်ကိုကြီးထွက်၍ "ငါ၏ မန္တရား အာနုဘော်ကို ညီသုံး ယောက်ကြည့်ကြ"ဟု လက်ဖျစ်တီးလျက် မန္တရားစုတ်သော–

အခါ ဝေးလှစွာသော အရပ်၌ရှိသော တောင်တစ်ခုသည် တရွေ့တရွေ့ အပါးသို့ ရောက်လာသသည်း။

ထိုတောင်၌ရှိသော ချေဆတ်သမင် အစရှိသည်တို့သည် ဆင်း၍ ပြေးခဲ့ကုန်ရာတွင် ကျားတစ်ကောင် ဦးခေါင်းကွဲ၍ သေခဲ့သတည်း။

ထိုပဏ္ဍားညီအစ်ကို လေးယောက်တို့သည် ထိုတောင်ကို လှည့်၍ကြည့်ကြကုန်သော် ကျားသေကိုမြင်၍ "နှစ်ယောက်သော ပညာရှိတို့ကား မြင်ရပြီ၊ ကြွင်းသော သူတို့ပညာကို မြင်လိုသည်"ဟု ညီလတ်ဆိုသော စကားကို ညီထွေးကြားသော်-

"ငါ၏ မန္တရား အာနုဘော်ကို ကြည့်ကြကုန်"ဟု မန္တရားကို စုတ်၍ရေဖျန်းသော် ကျားရှင်ပြန်၍ ထိုသူ ညီအစ်ကို လေးယောက်ကိုကိုက်၍ သတ်လေသတည်း။

ထိုသူလေးယောက်တို့တွင် မည်သူ့ အပြစ်ကြောင့် လေးယောက်စုံသေသနည်း။

ထိုသူလေးယောက်တို့တွင် တစ်ယောက်ကား အတတ်ကို မြင်လိုသောကြောင့်သာ ရှေးဦးစွာ ဆိုမိသည်၊ သေစေလိုသောစိတ်မရှိ၊ တောင်ကို လာစေလိုသော သူသည် မိမိ မန္တရားအာနုဘော်ကို မြင်စေလိုသောကြောင့်သာ ပြုသည်။ သေစေလိုသော စိတ်မရှိ။ ကျားကို ရှင်ပြန်စေသော သူလည်း မန္တရားအာနုဘော်

ကို မြင်စေလိုသောကြောင့်သာ ပြသည်။ သေစေလိုသော စိတ်မရှိ။ ထိုသို့ မရှိသောကြောင့် ငရဲ မခံရ၊ အပြစ်သော်ကား ရှိကြလေ၏။

※ ※ ※

## မင်းနှင့်အမတ် သေကြရာ အကျိုးရှိသော သေခြင်း

### ၂၁

ရှေးသောအခါ ပဉ္စာလရာဇ် အမည်ရှိသော ပြည့်၌ပဉ္စာလ အမည်ရှိသော မင်းသည် မယားသေခဲ့၍သုံးလပတ်လုံးမယား မရှိဘဲ နေခဲ့၏။အခါတစ်ပါးသောနေ့၌ ပြည်သူ လူ ရဟန်း အပေါင်းတို့ တိုင်ပင်ကြ၍ "မင်းကြီးသည် မိဖုရားမရှိဘဲနေရခြင်းသည်ကား မတင့်တယ် စကား၊ ပြည်ထောင်ချင်းမင်းတို့ကြားလေသော်လည်း အပြစ်ဆိုလေအံ့သည်တကား၊ နှလုံးတော်တွင် အမှတ်ရှိသော မင်းသမီးကစ်ယောက်ကိုယူ၍မိဖုရားမြှောက်တော်မူပါ" ဟု တောင်းပန်ကုန်၏။

ထိုစကားကို ကြားသော် မင်းကြီးကား-"ထိုသို့ ဆိုသော စကားသည် ဟုတ်လှပေ၏။ ငါ့နှလုံးနှင့် မညီသောမယားကို မိဖုရား ပြုသဖြင့် အဘယ်အကျိုးရှိတုံ အံ့နည်း"ဟု ဆိုသော စကားကို အမတ်တို့ ကြားလေသော်-

ဤမင်းကြီးကား မင်းသမီးများစွာ ရှိတုံလျက်မကြိုက်ဟူသည်အဆင်း မလှသောကြောင့် ဖြစ်တန်သည်-ဟု အမှတ်ရှိသည်ဖြစ်၍ "အရှင်မင်းကြီး ဤမည်သော ကုန်သည်ကြီးသမီးသည် အလွန်အဆင်းလှ၏။ ထိုမိန်းမကို မင်းကြီးမယားပြုလေကလျှင် အများတကာ ရှိခိုးထိုက်၏။ မိန်းမတို့ သဘောသည်အကျင့်မြတ်သည့် ယူတော်မူပါ"-ဆိုကြကုန်သော်-

"ယင်းသို့တပြီးကား ကောင်း၏"-ဟု အာမခံပြီးသော်လက္ခဏာကြည့်သော ပုဏ္ဏားတစ်ယောက်ကို ခေါ်၍- "ကုန်သည် သမီးအဘယ်သို့ လက္ခဏာရှိသည်ကြည့်ချေ"-ဟု စေ၍-

ပုဏ္ဏားလည်း ကြည့်လေသော် "အံ့ဖွယ်သရဲရှိ၏။ ထိုမိန်းမကို မင်းကြီး မယားပြုသော် ထိုမိန်းမနှင့်သာ ပျော်ပါး၍ပြည်သူတို့မှိုခိုရာ မရရှိလတ္တံ့သည် မချွတ်ရာ"-ဟု ကြံ၍ မင်းရှေ့သို့ သွားလျက်-"အရှင်မင်းကြီး ထိုမိန်းမအဆင်းလှသည်ကား ဇမ္ဗူဒီပါကျွန်းအလုံး၌ ရှာသော်သည်းမရရာ၊ လက္ခဏာသော်ကားဇမ္ဗူဒီပါကျွန်းလုံး၌ ရှာသော်လည်း ဤမိန်းမကဲ့တူ၍ ယုတ်သောသူ မရှိ"-ဟု ဖျက်၍ဆိုပေသော် မင်းကြီးတိတ်တိတ်နေ၍ မယူမူ အမတ်ကြီးယူ၍ မယားပြုလေသည်။

အခါတစ်ပါးသောနေ့၌ မင်းကြီး ပြည်လည်လတ်သော်ဆင်သံ, မြင်းသံ, ရထားသံစသည်တို့ကို ထိုမိန်းမကြား၍ 'ငါသို့သောသဘောရှိသော မိန်းမကို စင်လျက် မင်းကြီးမလိုသည်ဖြစ်သောကြောင့် မျက်နှာပြုရစေ"-ဟု အကြံရှိသဖြင့်လေသွန်ပေါက်တံခါးကို တစ်ဘက်လှစ်၍မျက်နှာပြလေသော်

မင်းကြီးသည်း ထိုမိန်းမကို တပြက်မြင်သော ခဏ၌ ဆင်နောက်ကပါသောအမတ်ကိုခေါ်၍ပြပြီးသော် နန်းတော်သို့ အဆောတလျင်ပြန်၍ မအိပ်တတ်, မစားတတ်, ထိုမိန်းမကိုသာ အောက်မေ့၍နေသတည်း။

မိုးသောက်သောအခါ၌ ဆင်နောက်ကပါသောအမတ်ကို ခေါ်ပြန်၍- "မှိုလည်သည်ကာလ မြင်ခဲ့သော မိန်းမကို ရအောင် အဘယ်သို့ ကြံပါမည်နည်း၊ ထိုမိန်းမကို ငါမရသော် သေအံ့သည်မချွတ်ရာ"-ဟု ဆိုလျှင်-

"အရှင်မင်းကြီး အဘယ်ကြောင့် စိုးရိမ်တော်မူသနည်း၊ လင်ကိုသတ်၍ ယူကလည်း ရကောင်းအံ့သည်၊ မသတ်ဘဲ ယူသော်လည်း ရတော်မူအံ့သည် မချွတ်ရာ"-ဟု နားတော် လျှောက်လေသော်-

မင်းကြီးကား-"ဟယ်ယောကျ်ား၊ငါသို့သော မင်းသည် အကျင့်သီလနှင့် ပြည့်စုံလျက် ရှေးက မလိုဟု ငါဆိုသော မိန်းမကို သူ့မယား ဖြစ်လေပြီးမှ ယခု ယူပြန်ချေသော် ပညာရှိတို့ မကဲ့ရဲ့သည်လော၊ ပြည်ထောင်ချင်းမင်းတို့ကြား လတ်သော်လည်း မိန်းမ တစ်ယောက်ကိုပင် မရတတ်၍ သူ့မယားကို ယူလေသည်ဟု မကဲ့ရဲ့တုံလော၊ ကမ္ဘာကြေသော် ဥဒါန်းစကားမကျေမရှိပြီလော"-ဟု နှလုံးထဲက အလွန်ဘပ်သော စိတ်ရှိသော်လည်း လောဘကို အလွန်ချုပ်၍ ဆိုသတည်း။

"ယင်းသို့တပြီးကား အကျွန်ုပ် ကြံပါရစေ"-ဟု ဆိုခဲ့ပြီးမှ ထိုမိန်းမ အိမ်သို့သွား၍ လင်ကိုဆို၏။

"ကိုယ့်မယားကို မင်းကြီး အလွန် စိတ်တပ်လေပြီးသည်ဖြစ်သောကြောင့် ကိုယ်၏အသက် သေအံ့သည် မချွတ်ရာ၊ မင်းကြီးကို အလျင် မယားကို ဆက်ဘိလော"ဟု ဆိုသော်-

ထိုမိန်းမ၏လင် အမတ်ကြီးသည် အဆောတလျင် မင်းရှေ့သို့သွား၍-"အရှင်မင်းကြီး အမိဝမ်း၌ ပဋိသန္ဓေနေသောအခါ တစ်စုံတစ်ခုသော ဆေးဝါးမန္တရားဖြင့် အပိ သတ်သည်ရှိသော်သေ၏။ အခါစေ့၍ ဖွားပြီးမှသော်ကား အရှင်သာ အသက်ကို ပိုင်သည်ဖြစ်သောကြောင့် အကျွန်ုပ်တွင်ရှိသော ပစ္စည်းနှင့် အကျွန်ုပ်ဆင်သော ရွှေငွေ စသည်တို့ကို အလိုတော်ရှိသမျှ ယူတော်မူပါ"ဟု လျှောက်လေသော်-

"ကိုယ်တွင် တစ်စုံတစ်ခုမျှ အပြစ်မရှိဘဲလျက် အဘယ်အကြောင်းကြောင့် သို့စင် လျှောက်လာသနည်း။ ငါအလိုမရှိ"-ဟု မင်းကြီး ဆို၏။

"အရှင်မင်းကြီး ဤသို့ အလုံးစုံသော ပစ္စည်းကို အလိုမရှိသော်လည်း တပ်ခြင်းဟူသော လောဘငြိမ်းရုံမျှ အကျွန်ုပ်အိမ်သို့ ကြွတော်မူပါ"ဟု လျှောက်သော် ဟိရိ ဩတ္တပ္ပနှင့်အလွန်ပြည့်စုံသည့်မင်းဖြစ်၍- 'ငါမလာလို'ဟု ဆိုပေသတည်း။

ထိုသို့ဆိုသည်နှင့် ရာဂတဏှာတည်းဟူသောမီးသည် ကိုယ်တွင်း၌လောင်ဖန်များသဖြင့်ကာလမမြင့်ခင်သေသေသတည်း။

ထိုမိန်းမ၏ လင်အမတ်ကြီးသည်လည်း-"ဤသို့ သဘောရှိသော ရှက်ခြင်းနှင့်ပြည့်စုံသော မကောင်းမှု၌အလွန် ကြောက်

တတ်သော အကျင့်သီလနှင့် ပြည့်စုံသောအရှင်နှင့် ကင်း၍ အသက် ရှင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း” ဟု ဆေးစား၍ သေလေသတည်း။

ထိုမင်းနှင့်အမတ်နှစ်ယောက်တို့တွင် မည်သူ၏ သေခြင်းသည် မြတ်သော သေခြင်းနည်း။

ထိုအမတ်သေခြင်းကား အရှင်ကို ချစ်ခြင်း လက္ခဏာမည်သည် တစ်စုံတစ်ခုသော အကျိုးမရှိ၊ မင်းသေခြင်းကား မကောင်းမှုကိုကြောက်သဖြင့် လောဘကိုချုပ်၍ သေလေသည် ဖြစ်သောကြောင့် အကျိုးနှင့်တကွ သေခြင်းတည်း။

* * *

## လင်နှစ်ဦးနှင့်သားရေ

အာ ဘ ဖြူဗ်တိုက်သူ

၂၁

ရှေးသောအခါ ခေမာ မည်သောပြည်၌ ဇေယျကေတု မည်သော မင်းသည် မိဖုရားနှင့် သမီးကို ဆင်ထက် တင်၍ ကဆုန်လ ရေကစားအံ့သောငှာ ရေကန်တစ်ခုသို့ သွားလေသတည်း။

မင်းသမီးသည် ထိုရေကန်၌ ရေချိုးလေသော် ပုဏ္ဏား လုလင်တစ်ယောက်ကိုမြင်၍ အလွန်တပ်သော စိတ်ရှိသတည်း။

ပုဏ္ဏားလည်း မင်းသမီးကိုမြင်၍ တပ်သော စိတ် ရှိသည် ဖြစ်၍ ပုဏ္ဏားအိုတစ်ယောက်ကို တပ်သော အကြောင်းကို ဆိုသော် ထိုပုဏ္ဏားလည်း မန္တရားဆေး တတ်သော ယောကျ်ား တစ်ယောက်ကို မြင်၍ ညွှန်ပေ၏။

ပုဏ္ဏားငယ်လည်း မန္တရားတတ်သော ယောကျ်ားကိုခစား လေ၏။

ထိုမန္တရားဆေးတတ်သော ယောကျ်ားလည်း ပုဏ္ဏား လုလင်ကို အလိုရှိသောအခါ ယောကျ်ားဖြစ်အောင်, အနေ ခပ်သိမ်းသော်ကားမိန်းမဖြစ်အံ့သော မန္တရားကို သင်ပြီးသော် မင်းကြီးရှေ့သို့ သွား၍- "အကျွန်ုပ်မှုကား ပုဏ္ဏားဘာသာ ခေါင်းဆေးအံ့သောငှာ ဂင်္ဂါမြစ်သို့သွားအံ့၊ အကျွန်ုပ် တို့ မရောက်မီ အကြား အကျွန်ုပ် ချွေးမငယ်သည် သမီးတော် နှင့်အတူ နေပါစေ"ဟု ဆောင်နှင်းခဲ့၍ သွားလေကုန်သော်-

ထိုပုဏ္ဏား လုလင်ငယ်နှင့်မင်းသမီး အတူ နေကြစဉ်မှာပင် အခါတစ်ပါးသောနေ့၌ မင်းသမီးမှာ ကိုယ်ဝန် တည်လေ သတည်း။

ထိုအကြောင်းကို မင်းကြီးသိ၍ စစ်ဆေးလက်သော် ပုဏ္ဏား လုလင်ငယ်သည် ဆေးမန္တရားနှင့်နေသောသူ ဖြစ်ကြောင်းကို သိကြလေသည်ဖြစ်၍ မင်းကြီးသည် အလွန်ရှက်သောကြောင့် ဥဇ္ဇေနီမည်သော ပြည်သို့သွား၍ နေလေသော် ဥစ္စာများစွာ

ရှိသော ပုရောဟိတ် ပုဏ္ဏားကို သမီးနှင့်ပေးစားလေသတည်း။
ရှေးကလုလင်ငယ်သည် ယောကျ်ား ပြုပြန်လေသတည်း။

ထိုမင်းသမီးတွင် မြင်သော သားကား ဘယ်သူ၏ သား နည်း။

မိဘ ဆောင်နှင်းသော လင်၏သာလျှင် သား မည် သင့်၏။

* * *

ပုဂ္ဂိုလ်ထူး လေးဦးရှိရာ
သမီးရထိုက်သူ

၂၂

ရှေးသောအခါ ဒက္ခိဏာဂိရိမည်သောပြည်၌ လက်ရုံးအား ဖြင့် မင်း အဖြစ်ရသူသည် သူရဗာဟု အမည်ကို ခံ၏။

ထိုမင်းသည် သားမရှိသောကြောင့် စန္ဒီ ပရမိဿာ နတ် တို့ကို ပူဇော်သကာ ပြု၍ ကိုးကွယ်လေသော် ပရမိဿာနတ် သမီးထွက်၍ "မင်းကြီး နောင်သောအခါ သားယောကျ်ား တစ်ယောက်၊ သမီး မိန်းမတစ်ယောက် ရလတ္တံ့သည်" ဆို သတည်း။

"နတ်ဆိုတိုင်းဖြစ်လျှင် သားယောကျ်ားကိုအိမ်ရှေ့အရာ ထား၍ သမီးမိန်းမကိုကား ငါနှင့်အရှိ အထူးထူးသောဘုန်း

ပညာရှိသောသူကို ငါ သမက်ပြုအံ့”ဟု ဆိုသောစကားကို ပြည်အလုံး ကြားသောကြောင့်-

တစ်ယောက်သည်ကား သေသော သူကို ရှင်စေတတ်၏။

တစ်ယောက်သောသူကား ဥစ္စာများ၏။ ဥစ္စာလိုသမျှ သောသူကို ပေးနိုင်၏။

တစ်ယောက်သော သူကား သူရဲကောင်း၏။

တစ်ယောက်သော သူကား ကျမ်းဂန် အသွန် တက်၏။

ထိုသူ လေးယောက်တို့တွင် မည်သူသည် ထိုမင်းသမီးကို ရထိုက်လေသနည်း။

သူရဲကောင်းသော သူသာလျှင် ရထိုက်၏။

* * *

## ဝက်ရုပ်သတ်၍ သေရာ

## မည်သူ့ကြောင့်သေသည်

## ၂၄

ရှေးသော အခါ ကစ္စနမည်သော ပြည်၌ ဇေယျာတိ မည်သော မင်းသည် မင်းပြု၏။ ထိုအခါ မင်းသား တစ်ယောက်, အမတ်သားတစ်ယောက်, ပုဏ္ဏားသားတစ်ယောက်, သူဌေး

သား တစ်ယောက်- ထိုလေးယောက်တို့သည် မပြတ် ခစား လေသတည်း။

အခါတစ်ပါးသောနေ့၌ ထိုသူ လေးယောက်တို့သည် မြင်းစီး၍ တောကစားလေရာတွင် ချေ၊ ဆတ်၊ သမင် မြင်သမျှကိုရအောင်လိုက်၍ သတ်ကြကုန်၏။

ထိုအခါ ဝက်ထီးတစ်ခုသည် ဝက်တကာတို့ထက် ထူးကဲ၍ အစွမ်း ခွန်အားရှိ၏။ ထိုသူတို့ကို ရှေ့ကသီ၍ ရန်ပြုနေ့ သတည်း။

ထိုသူတို့လည်း ကြောက်သောကြောင့် ရှေ့ရှုရာ မြင်းကို နှင်၍ ပြေးကြလေကုန်သော်ဘောလွန်၍ မိုးချုပ်သောအခါ မြင်းကို ချီလျက် ထိုလေးယောက်တို့ အိပ်မည်ပြုသောအခါ တစ်ယောက်တပါးကိုရဲစိ စောင့်ရမည်ဟု တိုင်ပင်ကြ၍ သူဌေး သား အလျင် စောင့်နေသတည်း။

ထိုအခါ အိပ်ပျော်မည်စိုး၍ သစ်သားတစ်ခုကို ကိုင်သော သန်လျက်နှင့် နေ့ကတွေ့သော ဝက်အရုပ်လုပ်၍ နေသတည်း။

ထိုသူ အလှည့်ကုန်၍ ပုဏ္ဏားသားအလှည့် သင့်သောအခါ ထိုဝက်ရုပ်ကို သန်လျက်နှင့် လှအောင် ထုပြုန်လေသတည်း။

ထိုသူ အလှည့်ကုန်၍ အမတ်သားအစောင့် လှည့်တွင်လည်း ဝက်ရုပ်ကိုလှအောင် ပြုပြင်ပြန်၏။

ထိုသူ အလှည့်ကုန်၍ မင်းသားအလှည့်အကျတွင် ထိုဝက် ရုပ်ကို ဖုတ်သွင်း၍ ရှင်စေသောအခါ ဝက်ရုပ်သည်း လေး ယောက်စလုံးကို သတ်၍ သေကြလေကုန်၏။

ထိုလေးယောက်တို့သည် မည်သူ၏ အကြောင်းကြောင့်သေကြလေကုန်သနည်း။

သုံးယောက်သော သူတို့သည်ကား အောက်မြေခြင်းသို့ရောက်၍ မအိပ်ခြင်းငှာသာပြုသည်။ အသက်ကိုရှင်အောင်ပြုသော မင်းသားကြောင့်သာ သေကြလေသည်။

* * *

## သားနှင့် အဘနှစ်ယောက်တွင် မိတ္တာစာရကျံထိုက်သူ

### ၂၄

ရှေးသောအခါ အတုလမည်သောပြည်၌ စန္ဒရကေတုမင်း၏မယား ပဒုမဝတီမည်သော မိဖုရား ရှိသတည်း။ထိုမင်းကြီးတောကစားရာတွင် ကျားစား၍သေလေသော သတင်းစကားကို မိဖုရားကြီး ကြားလေသော် "ဤသို့ အကျင့် သီလနှင့်ပြည့်စုံသောသင်နှင့် ကင်း၍ အသက်ရှင်သဖြင့် အဘယ် အကျိုးရှိအံ့နည်း"ဟု အထိန်းဘော် တစ်ယောက်ကို လက်ဝင်လျက်နန်းထက်က သက်ပြီးလျှင် တစ်တောဝင်ဝင် တပြင်ထွက်သွက်သွားသောအခါ-သတော်ာပျက်၍ သခင်ာသူကြီး သားအဖနှစ်ယောက် သမုဒ္ဒရာနားသို့ရောက်၍ လာသောအခါ မိဖုရား၏ အထိန်းကို တွေ့လေ၏။

သတော်သူကြီးလည်း ကိုယ်ကြီးသော အထိန်းဖြစ်သော မိန်းမကိုသာ အခ‌ေ၀းက မြင်သဖြင့် စိတ်မှတ်ခလေ၏။

အခါတပါး ခရီးစဉ်အဘိုင်း သွားသေခသော် ကိုယ်ငယ်သော မိန်းမကို တွေ့မြင်ပြန်၍ သွားက စိတ်မှတ်လေ၏။

အစဉ်အတိုင်း သွားကြလေသော် ကိုယ်ငယ်သော မိန်းမကို အဘမ္ဘားသောကြောင့် ခရီးအကြားတွင် ကိုယ်ဝန် တည်လေ၏။

ထိုသတော်သူကြီးသားအဖနှစ်ယောက် မည်သူလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်မည်နည်း။

အဘသည် ကိုယ်ကြီးသော မိန်းမကို အဝေးက မှတ်လေသည်။ ကိုယ်ငယ်သော မိန်းမကို သွားက မှတ်လေသည်။ ကိုယ်ငယ်သော မိန်းမသည် သား၏မယားမည်ကောင်းသောကြောင့် အဘသာလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်ကောင်း၏။

* * *



## ၈-လက်ဝဲသုန္ဒရ ဖြတ်ထုံး

မြန်မာ သက္ကရာဇ် ၁၁၆၁-ခုနှစ်တွင် မှင်းလက်ဝဲ သုန္ဒရ အမတ်ကြီး စီရင်သော ဝိနိစ္ဆယ ပကာသနီ ဓမ္မသတ် လင်္ကာမှ ထုတ်နုတ်သော ညီအစ်ကိုနှစ်ယောက် မယားလုခန်း ဖြတ်ထုံး ဖြစ်၏။ လက်ဝဲသုန္ဒရသည် ဤဖြတ်ထုံးကို ကြမ္မာ ဒိုက်မင်းကြီး ဖြတ်ထုံးမှ ယူရန်ရှိသည်။ ကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံး အမှတ် ၅-လင်နှင့် မောင်ခေါင်းကိုယ် အဆက်မှားရာ လင်ဖြစ်ထိုက်သူ ဖြတ်ထုံးနှင့် တိုက်ဆိုင် ကြည့်ပါဘိ။

ထိုတွင် ကြမ္မာဒိုက်မင်းကြီး ဆုံးဖြတ်သည်မှာ "ဦးခေါင်း ရှိသော သူသာလျှင် လင်ဖြစ်ကောင်းသည်" ဟူသတည်း၊ ဤတွင် လက်ဝဲသုန္ဒရ အမတ်ကြီးက "ကာမ မြူးခုန် မေထုန်

မှီဝဲ မှတ်စွဲအနေ သန္ဓေပေးရာ ကိုယ်ကသာ”ဟု ဆုံးဖြတ်၏။ ကိုယ်ပိုင်းကသာ သန္ဓေပေးနိုင်၍ လင်၏ကိုယ်ပိုင်းရှိသူက ထို မိန်းမကို ရထိုက်၏ဟု ဆုံးဖြတ်ခြင်းဖြစ်၏။

သက္ကတ, ဟိန္ဒီဘာသာတို့တွင်ရှိသော ဝေတာလ ပုံဝတ္ထု မှာကား ဇာတ်လိုက်မှာ ညီအစ်ကို နှစ်ယောက် မဟုတ်ချေ၊ သူငယ်ချင်းနှစ်ယောက်ဖြစ်၏။ ထိုသို့ပင် ကိုယ်နှင့်ခေါင်း အဆက်မှားရာတွင် ပြဿနာဖြစ်၍ ဝိက္ကြမာဒိတျ မင်းကြီး ဆုံးဖြတ်ပေး၏။ သူ၏ အဆုံးအဖြတ်မှာ “သစ်ပင်တို့တွင် ပဒေသာ ပင်သည် မြတ်၏။ လူ၏ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့တွင် ဦး ခေါင်းပိုင်းသည် မြတ်၏။ ထို့ကြောင့် လင်၏ဦးခေါင်းပိုင်း ရှိသူသာ လင်ဖြစ်ထိုက်၏”ဟူသတည်း။

လက်ဝဲသုန္ဒရ အမတ်ကြီး၏ ဤဖြတ်ထုံးမှာ ကြမ္မာဒိုက်မင်း ကြီး၏ ဖြတ်ထုံးနှင့် ခပ်ဆင်ဆင် တူပါသော်လည်း ဆုံးဖြတ်ပုံ ထူးခြား၍လည်းကောင်း၊ လင်္ကာဖြစ်၍လည်းကောင်း ဤတွင် ကဗ္ဗာတစ်ခု အနေဖြင့် ကောက်နုတ် ဖော်ပြလိုက်ခြင်း ဖြစ်ပါ သည်။

စာရှုသူတို့သည် စကားပြေ ဖြတ်ထုံးတို့ကို အများအပြား ဖတ်ရှုလေ့လာ၍ လာခဲ့ပြီး ဖြစ်၏။ ဤတွင် အပြောင်းအလဲ အနေဖြင့် လင်္ကာ ဖြတ်ထုံးကို ဖတ်ရှုကြရန် ဖြစ်၏။ ရှေးလူတို့ သည် ဓမ္မသတ်ကို အာဘယ်မျှ ဝါသနာ ထုံကြသနည်း။ ဓမ္မ သတ် ဖြတ်ထုံးကို လင်္ကာဖြစ် စီကုံး ဖွဲ့ဆိုထား၏။ လင်္ကာ ရေးစပ်ခြင်း၌ အဘယ်မျှ ကျွမ်းကျင်သနည်း။ သေချာစွာ ဖတ်သွားပါလျှင် လင်္ကာ၏အလှကိုကောင်းစွာ တွေ့ရမည်။

ပထမတစ်ခေါက် စိတ်နှင့် ဖတ်ပြီးနောက် အသံထွက်နှင့် ပြန်ဖတ်ကြည့်ပါ၊ တဖန်သူ၏ကာရန်တို့ကို စစ်ဆေး ကြည့်ပါဦး၊ သတ်စပ် ညီ ကာရန်တို့ဖြင့် ပိုင်နိုင်စွာ ဖွဲ့ဆိုသွားသည်ကို တွေ့ရမည် ဖြစ်၏။

## လင်ကိုယ် ခေါင်းမတ်

၁

ဗာရာဏသီ၊ ပြည် ပုရိန္ဒိုက်၊ မှန်စီရွှေတောင်၊ နန်းမြင့်ခေါင်ထက်၊ တန်းဆောင်စိုက်ထူ၊ နေတစ်ဆူသို့၊ ရိပ်မြူရှစ်စင်း၊ ဝိုးဝိုးဝင်းနှင့်၊ စိုးမင်းဗြဟ္မဒတ်၊ လွှ ပတ်တန်ခိုး၊ ခေါင်ချာမိုး၍၊ အုပ်စိုးသော့ခါ၊ ကျေးလက်ရွာတွင်၊ တမ်အူချာဖွား၊ တောင်သူ သားတို့၊ နှစ်ပါးမိဘ၊ ကွယ်လွန်ကြသော်၊ လောကစဉ်လာ၊ နောင်ကြီးမှာလျှင်၊ ကြင်ရာဇနီး၊ ကြံဆောင်မှီးလျက် မရီးရွှေလှော်၊ နောင့်မျက်ဖျော်လည်း၊ ပေါက်ဖော် အနည်း၊ တစ်ယောက်တည်းကို၊လက်သည်းဆိပ်လျှင်၊ လက်ထိပ်ကျင်သို့၊ငါ့လင်ညီစစ်၊ ငါမတ်ဖြစ်ဟု၊ ကြင်ချစ်ကြည်ညို၊ မတ်လုပျိုလည်း၊ မှီခိုကိုးကွယ်၊ မွေး၍လွယ်သည်၊မွေးမယ်မရှိ၊ ငါ့မွေးမိပင်၊ မရိ့အထံ၊ သည်စိတ်ကြံနှင့်၊ ရှင်စံဝမ်းမြောက်၊ ချစ်ကြောက်ရိုသာတူစားနေ၏၊ ချောင်းရေဆည်သွင်း၊ လယ်တစ်သင်းကို၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်နှင့်၊ မျိုးစိုက်ရအောင်၊ ကြံလုပ်ဆောင်၍၊ ညီနောင် ချမ်းမြေ့၊ တောပျော်မွေ့ရှင့်၊ တစ်နေ့ခါမူ၊ မျိုးပဲယူဟု၊ တစ်

အူချာမွေး၊ ချစ်မြတ်လေးသည်၊ ညီထွေးသက်ဝေ၊ သွားရလေ၍၊ အိမ်နေပျော်မှီး၊ မရှိးရှိုရာ၊ ရပ်ရွာသို့ ကျ၊ မိုးလရာသီ၊ ဝါဆိုဆီဝယ်၊ ကြွယ်နီဖျော့ကဆိပ်၊ ထွန်းလျ ရိပ်ဟူ၊ ဆီးချိပ်နှိုင်းရာ၊ စိတ်ခိုင်မာလည်း၊ ကိလေသာမိး၊ အရှိန်ညီးသော်၊ မရီးနှင့်မတ်၊ အား နာတတ်၍၊ နှင်းဖတ်ဖတ်စို၊ မြိုင်ညိုညိုဝယ်၊ အစ်ကိုနောင်ရင်း၊ ဝေးလေခြင်းကြောင့်၊ မွှားယှင်းယှက် တင်၊ ဖြစ်ခဲ့လျှင်မူ၊ ပူပင်လန့်ထိတ်၊နောင်တစိတ်ဖြင့်၊ ဖိတ်ဖိတ်ကဲ့ပြို၊ ရှုတဆိုလျက်၊ အစ်ကိုရှိုရာ၊ ပြန်ခဲ့လာ သော်၊ သွယ်ဖြာဒီးဒီး၊ မျက်ရည်စီး၍၊ နောင်ကြီး ပက်ပါ၊ တွေ့ချိန်ခါလျှင်၊ မျက်နှာရှုံ့ရှုံ့၊ ကြည့်ဝံ့ ပြီးပဲ၊ ပူဆာသဲ၍၊ တောထဲခရီး၊ မြိုင်ညိုကြီးတွင်၊ လည်လီး၍သေ၊ ဆုံးရှုံးလေသည်၊ ကွဲကြေနှမြိန်နှမြော တည်း။

၂

မိဘနှစ်ပါး၊ ကွယ်လွန်သွားသော်၊ သက်ထား လည်လှည့်၊ မှုန်ရိပ်ကြည့်သို့၊ သားညော့ပုံနည်း၊ ချစ်ခင် သည်း၍၊ညီလည်းမှတ်ထင်၊ ဆွတ်ဆွတ်ကြင်မျှ၊ တော ခွင်မြိုင်ထဲ၊ ရွှေလည်ဆွဲကို၊ မခွဲပါချင်၊ ပူပင်စိုးနှောင့်၊ လွမ်းသောကြောင့်လျှင်၊ သန်းခေါင့်အလွန်၊ ကြက်ဦး တွန်ကို၊ လယ်ထွန်အမီ၊ နောင်ကြီးဆီသို့၊ထိုညီလာမည်၊ မှာခဲ့သည်ကို၊ပြန်လည်မရောက်၊မိုးသောက်လင်းရောင်၊ နေမြင့်အောင်လျှင်၊ တန်းဆောင်ရွှေခဲ၊ မရောက်ဘဲဟု၊

ဝမ်းထဲမပြေ၊ဆီးကြိုလေသော်၊ မြေတွင်ဝပ်လျောင်း။ မြင့်မကောင်းအောင်၊ ခေါင်းလည်းတခြား၊ ကိုယ်ထား တစ်တည်၊ တွေ့မြင်သည့်ကြောင့်၊ မူးလည်ပျောင်းခွေ့၊ လွမ်းရှိန်ငွေ့လျက်၊ အောက်မေ့တရူ၊ ညီသည်းအူနှင့်၊ အတူစဉ်စိုက်၊ နှောင်ကြိုးလိုက်၍၊ ဖက်ပိုက်ရွေလည်၊ သေတော့မည်ဟု၊ မျက်ရည်သက်ဆင်း၊ သူ့လည်ပင်းကို၊ ချက်ချင်းထိုတွင်၊ သူ့ကိုယ်ပင်တည့်၊ အရှင်လတ်လတ်၊ ပိုင်းပိုင်းဖြတ်၍၊ မတ်တတ်လည်းလေ၊ထန်းသီးကြွေသို့၊အနေယှဉ်ပြိုင်၊နှစ်ယောက်ဆိုင်လျက်၊ ဂနိုင်တစ်ကြော၊ တစ်တောတစ်မြေ၊ အတူသေ၍၊ ထားနေသွယ်မြောင်၊ ထိုသူကောင်သည်၊ ဦးစောင်လည်ငဲ့ မနှောတည်း။ ။

၃

မိန်းမအိမ်ရှင်၊ သက်လုံးကြင်လည်း၊ လင်ကိုစိတ်မှတ်၊ မတ်ကိုစိတ်ထား၊ တောဝေးသွားတို့၊ စကားခြင်းရာ၊ မကြားလှာဟု၊ မြှိုင်သာမြေခြား၊ စူးစမ်းသွားသော်၊ စုံပြားစေးပျစ်၊ ပတ်ရစ်ခွေလိမ်၊ နွယ်ကြိမ်ဖုံးအုပ်၊ ထွေးရှုပ်ယှက်တင်၊ မြေအပြင်၌၊ လင်လည်းခေါင်းပြတ်၊ မတ်လည်းထို့သွင်၊ ရုတ်ခြည်းမြင်သော်၊ ကောင်းကင်မှိုင်းဝေ၊ လေလည်းပြန်တုံ့၊ မိုးလည်းအုံ့၍၊ စလုံ့စလဲ၊ ဝမ်းထဲပူပင်၊ သည်ကာလင်မူ၊ငယ်ကြင်ငယ်ပေါင်း၊ ချစ်ဟောင်းရှည်ကြူး၊ကျေးဇူးသခင်၊ သက်ဆုံးကြင်တည့်၊ ပျိုလွင်ဖတ်ဖတ်၊သည်က

မတ်မူ၊ မတာတ်စသာ၊ ချစ်အားနာ၍၊ သံသရာကြွေး၊ ခေတ္တပေးသည်၊ မြတ်လေးဖွယ်ကြင်၊ ဖြစ်သည်ပင်ဟု၊ ကြင်ကြောင့်မိန်းမော၊ မပြောရှာတတ်၊ မတ်ကြောင့် သမ်းညှိုး၊ တောတရိုးဝယ်၊ မှိုကိုးစရာ၊ နတ်ပေါင်း လာ၍၊ မ ပါစေလို၊ နှုတ်သံချိုဖြင့်၊ ပန်ဆို ခိုက် တွင်၊ ကံစီရင်၍၊ အထင်အရှား၊ မုတ်နား မုတ်ဆိတ်၊ ရှည်သွယ်မြိတ်နှင့်၊ တောဝိဇ္ဇာဓိုရ်၊ မြှိုင်ညိုညိုကြ၊ တစ်ကိုယ်တည်းသာ၊ တွေ့ကြုံခါလျှင်၊ ခြင်းရာမေးမှ၊ သိလေရသော်၊ ကောလျှင်ကြောင်း၊ တစ်ယောက်ခေါင်း ကို၊ ပြောင်း၍ယူကောက်၊ တစ်ယောက် ကိုယ်တွင်၊ ထားတင်ကြုပ်ကြပ်၊ လဲလှယ်တပ်လော့၊ လိမ်းသပ်စရာ၊ မကြာမနေ့း၊ ငါကပေးမည့်၊ ငါ့ဆေးငါ့ဝါး၊ ငါနှင့် ညားက၊ သင်သားသော်မူ၊ ထောင်၍ထ၏၊ ကြိမ်းပ ဆိုတိုင်း၊ မဆိုင်းသင့်ရာ၊ ထားသော့ခါ၌၊ ဘယ်ညာ ရစ်သန်း၊ ဆေးဝါးဖျန်း၍၊ ချည်မန်း ထားတင်၊ လန်းလန်းရှင်မှ၊ လင်သည်မတ်တတ်၊ မတ်လည်းတူကွ၊ ယှဉ်ပြိုင်ထ၍၊ မြင်ကြမကောင်း၊ ကိုယ်နှင့်ခေါင်းကို၊ လဲပြောင်းရပ်သွင်၊ ဖြစ်အောင်ပင်တည့်၊ ထားတင်ဖုံး ပိတ်၊ သူ့ဆေးအိတ်နှင့်၊ သည်ဝိဇ္ဇာဓိုရ်၊ ညီအစ်ကိုကို၊ ရယ်လိုသမှု၊ ကျီစယ်ပြုလို့၊ မရှုစံ့အောင်၊ ကြံရွက် ဆောင်သည်၊ ထိုတောင်ထိုရပ် ထိုတောတည်း။ ။

***